www.burmeseclassic.com



www.burmeseclassic.com

ဉ်သူ - မောင်တင်ရွှေ
က်နှာဖုံးပန်းချီ - သဲဇာ
ပ်ရေ - ၅၀၀
န်ဖိုး - ၅၀၀ ကျပ်
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၀၅

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနေနှင့်အောက်ပါ အား
ဦးထိပ်ထားသျှက် ......

# ရွှေဟင်္သာ
## စာပေ



မောင်တင်ရွှေ
(ရွှေဟင်္သာ)

[illegible] သုခုမ္မီလမ်း ကျောက်မြောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

မှတ် -၁၄၀၂/၂၀၀၄ (၁၂)

ျက်အမှတ် -၅၀၀၀၆၇၀၅၀၁

ုဂ္ဂို -ဦးတင့်လွင်
(သော်ကစာပေ)
အမှတ် (၆၀၅)၊
သုမင်္ဂလာလမ်း၊
မြောက်ဥက္ကလာပမြို့၊

ဖုံးရိုက် -ဦးတင်မောင်ဝင်း
(၀၅၉၄၆)
သင်းလှဲ့ဝင်းပုံနှိပ်တိုက်
အမှတ် (၁)၊
ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

# ဘုန်းကြွယ်

---

## မိ စ္ဆာ ကျွန်း မှ အ လှ ရ တ နာ

(နှစ်ဆုစ်တွဲဆိုင်းစာစဉ်)

(ပ ထ မ ပိုင်း)

(ရွှေထည်စာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC

လေပြင်းက မာန်ဖီအာ တရကြမ်း တိုက်ခတ်နေသည်။

မိုးကလည်း သဲသဲမဲမဲရွာလျက်ရှိသည်။

မဝီလယ်ရေမြှင်မှာလည်း လှိုင်းတံပိုးများ ရိုက်ချနေသည့်အတွက်ကြောင့် ကြောက်မက်ဖွယ်အတိ ဖြစ်နေသည်။ လေထန်သည့် မိုးလေသဲသဲထဲတွင် သစ်ဖောင်တစ်ခုက ပင်လယ်ထဲတွင် လွင့်မျောနေပေသည်။

လှိုင်းလုံးများ၏ ပင့်တင်မှုကို ခံရသည့်အတွက်ကြောင့် တောင်တန်းထက်သို့ ရောက်ရှိနေသလို ဖြစ်သည့်နည်းအတိုင်း လှိုင်းများအောက်သို့ လျှောကျသွားလျှင်လည်း နက်ရှိုင်းသည့်ချောက်ထဲသို့ ကျသွားသည့်နှယ်ဖြစ်သည်။

သစ်ဖောင်မှာ သိပ်မကြီးလှ။

အလျား ၆-၁၀၊ အနံ ၂-ပေသာသာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ဖောင်လေးမှာ အပြေခကျယ်လှသော ပင်လယ်ရေပြင်တွင် လေသင့်ရာ လွင့်မျောနေသော သစ်ရွက်ယ်လေး တစ်ခုမျှသာဖြစ်နေသည်။ ဤသစ်ဖောင်ကလေးမှာ မာန်ပြင်းလှသော ပင်လယ်ရေပြင်တွင် အန်တုရှ၍ ရနိုင်စရာ အကြောင်းမရှိ။

အလွန်မိုက်မဲ၍ အသက်ကို မနှမြောသောသူသာလျှင် ဤသို့သစ်ဖောင်လေးဖြင့် လေထန် လှိုင်းလုံးကြီးနေသော ပင်လယ်ရေပြင်တွင် ကျော်ဖြတ်မည်ဖြစ်သည်။

မှန်ပေ၏။

သစ်ဖောင်ပေါ်တွင် လူတစ်ယောက်ပါရှိလာသည်။

ထိုဖောင်ပေါ်တွင် ရပ်၍လည်းမနေ၊ ထိုင်၍လည်းမရှိ။ သစ်ဖောင်ပေါ်မှာ လှဲအိပ်လျက်သာ ပါရှိလာသည်။ ထိုလူ၏ အသွင်သဏ္ဌာန်သည် သစ်ဖောင်ပေါ်၌ လိုက်ချင်၍ လိုက်လာခဲ့ရသည်မဟုတ်ကြောင်း သိသာနိုင်ပါသည်။

မိမိသဘောမိမိဆောင်၍ လှုပ်ရှားနေနိုင်ခြင်း မရှိပေ။ ထိုလူမှာ သစ်ဖောင်ပေါ်တွင် ခြေကားရား လက်ကားရားနှင့် ရှိနေပြီး ခြေအစုံနှင့်လက်နှစ်ဖက်တို့ ခိုင်မြဲစွာ ကြိုးဖြင့် တုပ်နှောင်ထားသည်။

ကြိုးဖြင့် တုပ်နှောင်ခံထားရသူသည် လှိုင်းလုံးများ ရိုက်ခတ်မှုကြောင့် သစ်ဖောင်ကလေးသည် အနိမ့်အမြင့် လှုပ်ရှားနေသော်လည်း ထိုလူမှာ ရေထဲသို့ လွင့်စဉ် ပြုတ်ကျသွားခြင်းမရှိပေ။ သို့ရာတွင် ဤအခြေအနေအတိုင်းသာဆိုပါက လှိုင်းလေ ငြိမ်သက်သွားသည့်တိုင် ထိုလူအမို့



အသက်ရှင်နိုင်ဖွယ်မရှိ။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင် ဝယ်လွင့်မျောရင်း အစာငတ်ရေငတ်ဖြစ်ကာ အသက် သေဆုံးရနိုင်သာ ရှိသည်။

အကယ်၍ ကံကောင်းထောက်မပြီး ကမ်းခြေတစ်ခုခုသို့ ရောက်သည့်တိုင် ထိုလူမှာ ကမ်းခြေပေါ်သို့ တက်နိုင်စွမ်း ရှိမည် မဟုတ်။

ကယ်တင်ရှင်တစ်ဦးဦးနှင့် တွေ့ကြုံရမှသာ အသက် ဆက်ရှင်မည်။

သစ်ဖောင်ပေါ်ပါလာသူမှာ အသက်သိပ်မကြီးသေး။ ၂၅-နှစ်ခန့်သာရှိသည်။ လူလင်ပျိုတစ်ယောက် ဖြစ်သည်။ အရပ်မြင့်မားကာ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းသည်။

မျက်နှာမှာ ပင်ကိုက ရည်မွန်ချောမောတန် ရှိသော်လည်း ယခုအခါတွင်မူ အရိုက်အနှက် ခံထားရဟန်ဖြင့် အညိုအမည်း ဒဏ်ရာဒဏ်ချက်များထင်၍နေသည်။ သိမ်ကြည့်၍မကောင်း။

လူလင်ပျိုအဖို့ ဤပုံစံဖြင့် ပင်လယ်ပြင်ဝယ် လွင့်မျောနေသည်မှာ ယနေ့ပါဆိုလျှင် ၃-ရက်တိုင်တိုင်ရှိခဲ့ပြီ။ နေအပူ ဒဏ်တို့ ခံခဲ့ရသည့်အတွက် လူလင်ပျို၏အသွင်မှာ ရုပ်ပင် မပေါ်တော့ချေ။

အစာငတ် ရေငတ် ဖြစ်ခဲ့ရသောကြောင့်လည်း အင်အားကုန်ခန်းကာ မောဟိုက်နေသည်။ ယခုလို မိုးသက်လေပြင်းကျရောက်သောအခါတွင်မူ ပို၍ဆိုးပေတော့သည်။ လှိုင်းလုံးများကြားဝယ် ခလောက်ဆန်တာ နိမ့်မြင့် လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားနေသောကြောင့် လုလင်ပျိုမှာ မူးမူးနောက်နောက် ဖြစ်လာသည်။ နောက်ဆုံးတွင် မည်သို့မျှမတတ်နိုင်တော့ဘဲ သတိလစ် မေ့မြောသွားလေတော့သည်။

* * *

သူ၏မျက်နှာပြင်ပေါ်သို့ ရေစက်ရေပေါက်များ ထိ၍ လာသည်။

ပင်လယ်ပြင်ဝယ် လွင့်မျောနေခဲ့ရသူအဖို့ ဤအဖြစ်မျိုးမှာ မဆန်း။ သစ်ဖောင်ကို လှိုင်းက ပုတ်လိုက်သည့်အခါတိုင်း ဤသို့ဤနှယ်ပင် ရေစက်ရေပေါက်များ မျက်နှာကို ထိမှန်မြဲဖြစ်သည်။ ပင်လယ်ဆားငန်ရေများ ဖြစ်သောကြောင့် ထိတွေ့ရသည်မှာ မသက်သာ။ အတော် အခံရဆိုးသည်။

ယခုမူ တစ်မျိုးဖြစ်နေသည်။ မျက်နှာကို ရေစက်ရေပေါက်များထိလာသော်လည်း အခံရမဆိုး။ လုလင်ပျိုမှာ သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေသော်လည်း လူ့သဘာဝအလျောက် ပါးစပ်ကို အလိုလိုဟကာ မျက်နှာကို လာထိနေသော ရေစက် ရေပေါက်များကို အငမ်းမရ သောက်နေမိသည်။



ဘာမျှ မသိတတ်သေးသော မွေးခါစ ကလေး တစ်ယောက်က မိခင် နို့ရည်ကို အငမ်းမရ စို့သောက်ခြင်း သဘောမျိုးပင် ဖြစ်သည်။

အစာရေစာ ငတ်ပြတ်နေသော လုလင်ပျိုအဖို့ ရေချိုလေး တစ်စက်တစ်ပေါက် သောက်လိုက်ရသည်မို့ နတ်သုဒ္ဓါကို စားရသလို ဖြစ်နေသည်။ အလွန်အရသာရှိသည်။ အလွန်ချိုမြိန်သည်။

ရေသောက်လိုက်ရ၍ အတော်ပင် အားပြည့်လာသည်။ မျက်နှာကို အေးမြ သန့်စင်သော ရေစက်ရေပေါက်များ ပက်ဖျန်းမိသောကြောင့်လည်း သတိပြန်ရလာသည်။

“ဟား…ဟား…ဟား၊ မင်းက မသေသေးဘဲကိုး—ဟီး—ဟီး…ဟီး”

လုလင်ပျို၏ နားထဲဝယ် တစ်စုံတစ်ယောက်၏ ပြောလိုက်သံကို ကြားရသည်။

လုလင်ပျို မျက်လုံးဖွင့်ကြည့်သည်။

လုလင်ပျို၏မျက်လုံးထဲဝယ် လူတစ်ယောက်၏ရုပ်သွင်ကို မြင်ရသည်။ ပထမတွင် မြင်ကွင်းက မသဲကွဲ၊ ဝိုးတဝါး ဖြစ်နေသည်၊ လုလင်က မျက်တောင် သုံးလေးချက် ခတ်လိုက်သည်။

ဝိုးတဝါးမြင်ကွင်းက ပီပြင်လာသည်။

တစ်ဖက်လူ၏ မျက်နှာသွင်ပြင်ကို ထင်ထင်ရှားရှား မြင်လိုက်ရသည့်တွင် လုလင်ပျိုမှာ အလွန် ထိတ်လန့်သွား

www.burmeseclassic.com



သည်။ မိစ္ဆာသရဲ တစ်ကောင်ကောင်နှင့် ဆားတွေ့ နေရသည်လားဟူ၍လည်း သံသယဖြစ်မိသည်။

သူ မြင်လိုက်ရသည်မှာ အလွန်ကြောက်စရာ ကောင်းသော မျက်နှာကြီးတစ်ခု ဖြစ်သည်။

အသားမရှိဘဲ အရိုးပေါ် အရေတင်နေသောကြောင့် အရိုးခေါင်း တစ်ခုနှင့်ပင် မခြားတော့ပေ။ အကြောများ အပြိုင်းပြိုင်း ပေါ်နေသည့် အတွက် အရိုးပေါ်နေသည့်အတွက် အရိုးခေါင်းကို မြင်ရသည့်အလား ကြောက်စရာကောင်းသည်။

လုလင်ပျို၏ ဆံထိုင်ရန်ကြိုးစားသည်။ မရ။

လက်နှင့်ခြေတို့တွင် ကြိုးများဖြင့် တုပ်နှောင် ထားဆဲမို့ လှုပ်ရှား၍မရ။ ထထိုင်၍မရ။

သေးပတ်ဖန်းကျင်ကို မျက်လုံးကစားကြည့်သည်၊ ပင်လယ်ရေမြင်ကို မတွေ့ရတော့။ ဖြူဖွေးသော သဲသောင်ပြင်ကိုသာမြင်ရသည်။

“ဗျာင်....ဘယ်လိုဖြစ်တာလဲ၊ ငါမသေသေးပါလား”

လုလင်ပျို၏ ဖောင်သည် သဲသောင်ပြင်ပေါ်တွင် လာတင်နေသည်။

“ကြည့်ရတာ ပင်လယ်ထဲမှာ ရှိတဲ့ ကျွန်းတစ်ကျွန်းပေါ် ရောက်နေတာနဲ့တူတယ်”

လုလင်ပျို၏ စိတ်ထဲဝယ် တွေးတောမိသည်။ မိမိတွေ့မြင်နေရသောလူနှင့် ပတ်သက်၍ လုလင်ပျိုမှာအတောမသင် အတွေးရခက်နေသည်။



ထိုလူမှာအသက်ကြီးရင့်နေသော အဘိုးအိုတစ်ယောက်ဖြစ်သည်။ အသက် မည်မျှရှိမည်ကို ခန့်မှန်းရခက်၏။ အဘိုးအိုမှာ ပိန်လှီလွန်း၏။ အရိုးပေါ် အရေတင် ဖြစ်ကာ အရိုးစုအသွင်ပေါက်နေသည်။

အဘိုးအိုမှာ စုတ်ပြဲနေသော ဘောင်းဘီကို တစ်ထည်သာဝတ်ဆင်ထား၏၊ အဘိုးအို၏ ခါးတွင်မူ ဓားမြှောင်တစ်လက်ရှိနေ၏။ ဓားကတော့ တကယ့်ဓားကောင်းဖြစ်၏။ နေရောင်အောက်တွင် ဓားရောင် တဝင်းဝင်း လက်နေသည်။

“ဘယ်နှယ်လဲ၊ ရေသောက်လို့ ဝပြီလား”

အဘိုးအိုက မေးသည်။

ဤအခါတွင်မှ အဘိုးအို၏လက်တွင် သစ်သားရေပုံး တစ်ခုကိုင်ထားသည်ကို လုလင်ပျို သတိပြုမိသည်။ သစ်သားရေပုံးထဲဝယ် ရေတစ်ဝက်ခန့်ရှိနေသည်။

“ကျွတ်ကဲ့....ဝပါပြီ၊ ကျေးဇူး....တင်ပါတယ်”

လုလင်ပျိုက ပြောသည်။ စကားသံမှာ ခပ်တိုးတိုးသာ ဖြစ်သည်။

အဘိုးအိုက သစ်သား ရေပုံးကို ဖောင်ပေါ် ချထားလိုက်သည်။ ထို့နောက် သစ်ဖောင်ကို ဆွဲယူသည်။

အဘိုးအိုမှာ ပိန်လှီပြီး အင်အား သန်စွမ်းခြင်းရှိ၍ သစ်ဖောင်ငယ်မှာတဖြည်းဖြည်းသာရွေ့နေ၏၊ ပုဆိုးဆိုတ် တစ်ကောင်က ထမင်းလုံးကြီးတစ်ခုကို အတင်းဆွဲဖျာသည့် အသောမျိုးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေခန့်ဆွဲယူပြီးနောက် အဘိုးအိုမှာ အလွန်မောဟိုက်သွားတာ ခေတ္တနားနေရသည်။

"ဒီအဘိုးကြီး လုပ်ပုံက အဆန်းပဲ၊ သူ့ခါးမြောင်နဲ့ ခေါက်ကိုတုပ်နှောင်ထားတဲ့ ကြိုးတွေကို ဖြတ်လိုက်ရင်ပြီးနေတာပဲ၊ သူပင်ပင်ပန်းပန်း ဆွဲနေစရာမလိုဘူး၊ ငါဘာသာ ငါ ကုန်းပေါ်တက်လျှောက်သွားရုံပေါ့"

လုလင်ပျို၏ စိတ်ထဲဝယ် စဉ်းစားတွေးတော နေမိ၏။ အဘိုးအိုကမူ အမောပြေပြီးသည်နှင့်သစ်ဖောင်ငယ်ကိုဆက်၍ပင်ပင်ပန်းပန်း ဆွဲတင်ပြန်သည်၊ နားလိုက် ဆွဲလိုက်နှင့် သစ်ဖောင်မှာ ဆယ်ပေခန့် ရွေ့လျားလာခဲ့သည်။

"အဘ၊ဘာကြောင့် ဒီလောက် အပင်ပန်းခံပြီး ဆွဲနေတာလဲ၊ ကြိုးတွေဖြတ်ပေးရင်ကျွန်တော်ဘာသာ လျှောက်သွားနိုင်ပါတယ်"

လုလင်ပျိုမှာ မမျိုသိပ်နိုင်တော့ဘဲ ထုတ်ပြောလိုက်လေသည်။

အဘိုးအိုက လုလင်ပျိုကို တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် ဘာမျှမပြောဘဲ သစ်ဖောင်ကြိုးကိုဆက်၍ကြိုးစားပမ်းစား ဆွဲတင်ပြန်သည်။

မိမိအကြံပေးသည်ကို အဘိုးအိုလက်မခံနိုင်မှန်းသိသည်အတွက် လုလင်ပျိုကလည်း ဘာမျှ ထပ်မပြောတော့ပေ။ ခဲရာခဲဆစ်အပန်းတကြီး ဆွဲယူလာခဲ့ရာ နောက်ဆုံးတွင်သစ်ဖောင်ငယ်မှာ ကျွန်းကမ်းခြေနှင့် အလွန် ကွာလှမ်းသောနေရာသို့ ရောက်လာသည်။



ထိုနေရာဝယ် မီးပုံတစ်ခုရှိသည်။ မီးပုံရှိမီးများမှာသိပ်အရှိန်မကောင်းတော့။ ခပ်ငွေ့ငွေ့သာရှိတော့သည်။

အဘိုးအိုတမီးပုံရှိရာသို့ ပြေးသွားပြီးသစ်ကိုင်းခြောက်များထည့်လိုက်သည်။ မကြာမီ မီးအရှိန် ပြန်ကောင်းလာသည်။

"အဘ၊ ကျွန်တော့်ခြေနဲ့လက်မှာချည်ထားတဲ့ ကြိုးတွေဖြတ်ပေးပါလားဗျာ"

လုလင်ပျိုက အဘိုးအိုကို လှမ်းပြောသည်။

"ဟိတ် ကောင်လေး၊ မင်းနာမည် ဘယ်လိုခေါ်လဲပြောစမ်း"

အဘိုးအိုက ခပ်စွေစွေကြည့်ပြီး မေးခွန်း ထုတ်သည်။

"ကိုနီလွှလို့ ခေါ်ပါတယ်"

"ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်လာတာလဲ"

"ဒီကိစ္စက ဇာတ်လမ်းရှည်ပါတယ်၊ အေးအေး ဆေးဆေး ပြောမှဖြစ်မယ်"...

"အာ...ဇာတ်လမ်းရှည်တယ် ဟုတ်လား၊ မင်းဘယ်လို ဖြစ်လာတယ်ဆိုတာ ငါ မှန်းဆ နိုင်ပါတယ်၊ မင်း မကောင်းမှုတွေလုပ်ခဲ့လို့ အပြစ်ပေးခံရတာ မဟုတ်လား"

"အာဘာလဲ မဟုတ်တာဗျာ"

"ဘာ မဟုတ်ရမှာလဲ၊မင်းသာ လူကောင်းလူကောင်းဆိုရင် ဘယ်သူက မင်းကိုဒီလိုမျိုး လုပ်မှာလဲ"

"ကျွန်တော် ရှင်းပြပါရစေဦး"

www.burmeseclassic.com

www.burmeseclassic.com



“ရှင်းပြမနေပါနဲ့၊ မင်းလူကောင်းပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ် ငါ့အဖို့ မထူးပါဘူး”

“ဟာ...အဘက ကျွန်တော့်ကို သတ်စားမလို့လား”

အဘိုးအို ဘာကို ဆိုလိုကြောင်း တွေးမိသည့်အတွက် ကိုနီလွှမှာ ကြက်သီးဖင်ထသွားရသည်။

“ဟုတ်တယ်၊ ဒီကျွန်းပေါ်မှာ လူသားဆိုလို့ ငါတစ်ယောက်တည်းပဲ၊ ကျေးငှက်နဲ့ တိရစ္ဆာန်တွေလဲ မရှိဘူး၊ ငါ့အဖို့ ဟင်းသီးဟင်းရွက်တွေပဲ နေ့တိုင်းစားနေရတယ်၊ ဒီကျွန်းအနီးပတ်ဝန်းကျင်မှာတော့ ငါးတွေပုစွန်တွေ ပေါပါရဲ့၊ ဒါပေမယ့် ငါက ရေကောင်းကောင်း မကူးတတ်တာမို့ ဒီကောင်တွေကို မဖမ်းနိုင်ဘူး၊ ငါ့အစားကောင်းကောင်း မစားရဘဲ ငတ်ပြတ်နေတာ ကြာပြီ၊ အခုတော့ မင်းကိုပဲ သတ်စားရတော့မှာပဲ၊ မတတ်နိုင်ဘူး...

“ဒီမယ်...ကိုနီလွှ၊ မင်းနဲ့ငါဟာ ရန်သူတွေမဟုတ်ပါဘူး၊ ငါမှာ ငတ်ပြတ်လို့သာ မင်းကို သတ်စားရတာပါ၊ ဒီတော့ မင်းကို ဝေဒနာရှည်ရှည် မခံစားရဘဲ တစ်ချက်တည်းနဲ့ အသက်ထွက်သွားအောင် ငါလုပ်ပေးပါမယ်”

အဘိုးအိုက ဤသို့ပြောကာ ဓားမြှောင်ကို ပင့်မြှောက်၍ ကိုနီလွှ၏နှလုံးသားတည့်တည့်ကို ချိန်ရွယ်လိုက်သည်။

ဓားဖြင့်ရွယ်လိုက်သော်လည်း တော်တော်နှင့်ထိုးစိုက်၍ မချနိုင်သေးဘဲ ရှိနေသည်။

ဓားကိုင်ထားသော အဘိုးအို၏ညာလက်မှာ တဆတ်ဆတ် တုန်ယင်နေသည်။



“အဘ... ဒီကျွန်းပေါ် ရောက်နေတာ ဘယ်လောက်ကြာပြီလဲ”

ကိုနီလွှက မေးလိုက်သည်။

အဘိုးအိုက ပြန်ပြောသည်။

“ငါးနှစ်...ငါးနှစ် ရှိနေပြီ”

“အဘ အစားကောင်းစားရဖို့ ကျွန်တော်စီစဉ်ရှာပေးနိုင်ပါတယ်၊ ကျွန်တော် ရေတော်တော်ကောင်းကောင်းကူးတတ်ပါတယ်၊ ရေလဲ ငုပ်တတ်ပါတယ်၊ ဒီတော့ ကျွန်တော့်ကို လွှတ်ပေးရင် အဘအတွက် ပိုအကျိုးရှိပါလိမ့်မယ်၊ အဘစားလို့သောက်လို့ မကုန်နိုင်အောင် ငါးတွေ ပုစွန်တွေကို ဖမ်းပေးပါမယ်”

ကိုနီလွှက ပြောလိုက်သည်။

အဘိုးအို၏မျက်နှာဝယ် ထူးခြားသော အမူအရာများပေါ်လာသည်။ တစ်စုံတစ်ရာကို ဝေခွဲမရဘဲ အပြင်းအထန်စဉ်းစားတွေးတောနေသည့် အသွင်မျိုးဖြစ်သည်။

“ဟာ...မလိုချင်ဘူး၊ ဘာမှမလိုချင်ဘူး၊ မင်းကိုပဲသတ်စားမယ်၊ ဒါပဲ”

အဘိုးအိုက အော်ဟစ်ပြောဆိုပြီးကိုနီလွှကိုဓားမြှောင်နှင့် တအားထိုးချလိုက်သည်။

ကိုနီလွှက မျက်စိကို စုံမှိတ်ထားလိုက်သည်။

“ဒုတ်”

ဓားထိုးစိုက်မိသံ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေ့၏ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ သို့ရာတွင် မည်သည့် နာကျင်မှုဝေဒနာကိုမှ မခံစားရသောကြောင့် ကိန်လေ့ အံ့ဩမိသည်။

မျက်စိကိုဖွင့်ကြည့်ရာ အဘိုးအိုမှာ အလွန်စိတ်လှုပ်ရှားဟန်ဖြင့် မျက်နှာကိုဆက်ဖြင့်အုပ်ထား ထိုင်နေသည်ကို တွေ့ရသည်။

ဓားမြှောင်ကတော့ သစ်ဖောင်မှ သစ်လုံးတစ်လုံးတွင် ထိုးစိုက်မိလျက်သား ရှိနေသည်။ အဘိုးအို၏ စိတ်ထဲ၀ယ် မည်သို့ရှိနေကြောင်း ကိန်လေ့ နားလည်သဘောပေါက်မိသည်။

ယခု အဘိုးအိုလည်း ဤအဖြစ်မျိုး ကြုံနေရကြောင်း ကိန်လေ့ သဘောပေါက်မိသည်။

အဘိုးအိုမှာ မဝရေစာ စားနေသာတ်ကာ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေသောကြောင့် အသားတုံးမြိန်မြိန်တစ်တုံး စားချင်သည်။ စားစရာမရသည့်အဆုံး ကိန်လေ့ကိုစားရန် ကြံခဲ့သည်။ သို့ရာတွင် အသိစိတ်ဓာတ်က ဤသို့ မလုပ်သင့်ကြောင်း သတိပေးနေသည်။

အဘိုး၏ ခေါင်းထဲ၀ယ် စိတ်ကောင်းနှင့် စိတ်မိုက် လွန်ဆွဲအားပြိုင်နေခြင်း ဖြစ်သည်။

အဘိုးအိုက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အတန်ကြာအောင် ငြိမ်နေပြီးနောက် သစ်ဖောင်ဝယ် ထိုးစိုက်နေသော ဓားမြှောင်ကို ဆွဲနုတ်လိုက်သည်။

ကိန်လေ့ကိုသတ်စားရန် ကြံနေသေးသည့် သဘောပင်။



"ဟိတ်ကောင်လေး — မှန် မှန် ပြော စမ်း၊ မင်းဟာ မကောင်းမှုမျိုးစုံ လုပ်နေတဲ့ လူမိုက် လေး တစ် ယောက် မဟုတ်လား"

အဘိုးအိုက မေးပြန်သည်။

"မဟုတ်ဘူးဗျ၊ ကျွန်တော် လူကောင်းပါ၊ လူလိမ္မာလေးပါ"

"မလိမ်နဲ့၊ မင်းဟာ လူဆိုးလေးဖြစ်ရမယ်၊ ဒါကြောင့် အစ်ဖောင်မှာ ကြိုးတုပ်ပြီး မျှောချခံလိုက်ရတာပေါ့"

"ကျွန်တော့်ကို သတ်စားမယ်ဆိုရင်လဲ သတ်လိုက်ပါ၊ ဒီလိုအကြောင်းမရှိ အကြောင်းရှာမနေပါနဲ့ဗျ"

ကိန်လေ့က လေအေးအေးဖြင့် ပြောလိုက်သည်။

"ခွေးကောင်လေး၊ ငါ့ကို ဘာအောက်မေ့လဲ၊ ငါ သတ်ချက်ကြောင့် အသတ်နဲ့ခန္ဓာကိုယ် ထိုးစားကွဲ ကုန်တာ နည်းတော့ဘူး၊ မင်းကိုသတ်ဖို့ ဘာမှ စဉ်းစားနေစရာ မလိုဘူးကွ"

အဘိုးအို၏ စကားကြောင့် ကိန်လေ့မှာ ရင်ထဲ၀ယ် ထိတ်ခနဲ ဖြစ်သွားရသည်။ ဤလို ကြုံးဝါး ပြောဆိုသည့် စကားအသုံးအနှုန်းမှာ သိုင်းသမားများပြောလေ့ရှိသော စကားရပ်များ ဖြစ်သည်။

ဤအဘိုးအိုမှာ သာမန် အရပ်သားမဟုတ်ဘဲ သိုင်းသမားတစ်ဦး ဖြစ်နေလေမည်လားဟုလည်း စဉ်းစားမိသည်။

"အဘရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်လေး၊ ငါ့ကို မေးခွန်းပြန်ထုတ်မနေနဲ့"

"ကျွန်တော် တစ်ခုပြောပါရစေ၊ ကျွန်တော့်ကို သတ်ချင်သတ် မသတ်ချင်နေ အဘသဘောပါပဲ၊ ဒါပေမယ့် အခုလောလောဆယ်တော့ ကျွန်တော့် လက်နဲ့ ခြေတွေကို တုပ်ထားတဲ့ ကြိုးတွေကို ဖြတ်ပေးပါလား၊ နေရထိုင်ရ ခက်လွန်းလို့ပါ"

"မင်းကို ကြိုးဖြတ်ပေးလို့မဖြစ်ဘူး၊ မင်းက အသက်ငယ်ပြီး အားသန်တယ်၊ ငါက အစာမဝတဝစားထားရတဲ့ လူဆိုတော့ မင်းကို မယှဉ်နိုင်ဘူး"

"အဘက ကျွန်တော့်ကိုကယ်ထားတဲ့ ကျေးဇူးရှင်ပဲ၊ အဘကို ဘာကြောင့် ပြန်တိုက်ရမှာလဲ"

အဘိုးအိုက ငေးငိုင်ကာ တွေဝေ၍ စဉ်းစားနေသည်။ အတန်ကြာမှ စကားဆိုသည်။

"မင်း ရေကောင်းကောင်း ငုပ်တတ်တယ်နော်"

"ဟုတ်ကဲ့"

"ဟောဒီကျွန်းရဲ့ ကမ်းခြေတစ်ဝိုက်က ရေအောက်မှာ ပုစွန်တုပ်ကြီးတွေ သိမ်ပေါတယ်၊ အဲဒီကောင်တွေကို မင်း ရေငုပ်ပြီး ဖမ်းနိုင်မလား"

"ဟာ_ဖမ်းနိုင်တာပေါ့"

"မင်းဖမ်းလို့ရတဲ့ ပုစွန်တုပ်တွေထဲက ငါ့ကိုအမြဲတမ်း တစ်ဝက်တစ်ဝက် ခွဲပေးနိုင်ပါ့မလား"

"ဒီကျွန်းပေါ်မှာ ကျွန်တော်ရယ်အဘရယ် နှစ်ယောက်တည်း ရှိနေတာပဲ၊ ရတာကို ခွဲစားကြရမှာပေါ့"



"အေး...ဟုတ်ပြီ၊ နောက်တစ်ခုရှိသေးတယ်၊ ဒီကျွန်းက အလျားတစ်မိုင်၊ အနံမိုင်ဝက်လောက်ပဲ ကျယ်တယ်၊ ဒီနေရာက ကျွန်းရဲ့အနောက်ဘက်ပိုင်းပဲ၊ မင်းက ဟောဒီ အနောက်ဘက်ပိုင်းမှာ နေရမယ်၊ ငါကတော့ အရှေ့ဘက်ပိုင်းမှာ၊ မင်းရှိတဲ့အနောက်ပိုင်းကို ငါလာချင်လာမယ်၊ ဒါပေမယ့် ငါ့ရဲ့ အရှေ့ဘက်ပိုင်းကိုတော့ မင်း ခြေဦးတောင် မလှည့်ရဘူး၊ ဘယ့်နှယ်လဲ"

"ဘာကြောင့် ဒီလိုကန့်သတ်ထားရတာလဲ"

"ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွ၊ မင်းသိစရာမလိုဘူး၊ ငါပြောတဲ့အတိုင်း လိုက်နာနိုင်မယ်၊ မလိုက်နာနိုင်ဘူး ဆိုတာသာ ပြော"

ကျွန်း၏ အရှေ့ဘက်ပိုင်းတွင်လျှို့ဝှက်ချက်တစ်စုံတစ်ရာ ရှိမည်ဟု ကိုန်လေ့တွေးမိသည်။ ယခုလောလောတွင် မိမိအသက်ရှင်နိုင်ရေးမှာ အရေးအကြီးဆုံးမို့ အဘိုးအို၏ တောင်းဆိုချက်ကို ကိုန်လေ့ သဘောတူ လိုက်လျောလိုက်သည်။

"ဟုတ်ကဲ့၊ အဘပြောတဲ့အတိုင်း သဘောတူပါတယ်"

အဘိုးအိုက ကြိုးများကို ဓားမြှောင်ဖြင့် ဖြတ်ပေး၏။ ဓားမြှောင်မှာ ထက်မြလှသည့် ဓားကောင်းတစ်လက်ဖြစ်သောကြောင့် ကြိုးများ အလွယ်ဝင်ပြတ်သွားသည်။

ကြိုးများပြတ်သွားသော်လည်း ကိုန်လေ့မှာ သစ်ဖောင်ပေါ်မှ မထသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်လုံးလုံး ကြိုးတုပ်ခံထားရင်း မလှုပ်မရှားဘဲ ပက်လက်အနေအထားဖြင့် နေလာခဲ့ရသည်မို့ ကိုန်လေ့၏ ခြေထောက်နှင့်လက်များမှာ ထုံကျဉ်နေသည်။ ချက်ချင်း လှုပ်ရှား၍မရပေ။

ပထမဦးဆုံး ကိုန်လေ့က လက်ချောင်းလေးများကို ဆုပ်လိုက်ဖြန့်လိုက်လုပ်ကြည့်သည်။ ဤသို့လုပ်ရင်းမှ အသက်ကို ပြင်းပြင်းရှူကာ အတွင်းအားကို စုစည်း၍ ကိုယ်ခန္ဓာအနှံ့လည်ပတ်စေသည့် လေ့ကျင့်မှုလုပ်သည်။

မကြာမီ ကိုန်လေ့၏ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှု ပုံမှန်ပြန်ဖြစ်လာ၏။

ထိုအခါမှ ကိုန်လေ့က မျက်လုံးဖြည်းဖြည်းချင်းဖွင့်သည်။

အဘိုးအိုကလည်း မားမြှူခင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ကိုန်လေ့နှင့် ၁၀-၁၅ပေအကွာသို့ဆုတ်ရပ်၍ စောင့်ကြည့်နေသည်။

ကိုန်လေ့ အလစ်ဖမ်း၍ တိုက်ခိုက်ခြင်း မပြုနိုင်အောင် ကြိုတင်အကာအကွယ်ယူထားသည့်သဘောဖြစ်သည်။

“ဒီကျွန်းက ဘာကျွန်းလို့ခေါ်သလဲ”

မှတ်တတ် ရပ်နိုင်သည့်အခါ ကိုန်လေ့က မေးလိုက်သည်။

“မိစ္ဆာကျွန်း”

“မိစ္ဆာကျွန်း....ဟုတ်လား၊ ဘာကြောင့် မိစ္ဆာကျွန်းလို့ ခေါ်တာလဲ”



“ဒီကျွန်းပေါ်မှာ လူမနေနိုင်ဘူး၊ မိစ္ဆာကောင်တွေ၊ ကောင်းဆိုးဝါးတွေပဲနေတယ်၊ ဒါကြောင့် မိစ္ဆာကျွန်းလို့ ခေါ်တာပဲ”

“ဒါဖြင့် ဒီကျွန်းပေါ်ကို လူသူအရောက်အပေါက် မရှိဘူးပေါ့”

“ရှိတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတော့ ငါရောက်လာတယ်၊ အခု မင်းရောက်လာပြန်ပြီ၊ ဒီတော့ ဒီကျွန်းပေါ်မှာနေတဲ့လူနှစ်ယောက် ရှိသွားပြီပေါ့”

“ငါးဖမ်းသင်္ဘောတွေ ဘာတွေကော ဒီကျွန်းနားကို အရောက်အပေါက်မရှိဘူးလား”

“ဒီကျွန်းရဲ့ အနီးအနားကတော့ ဖြတ်သွားဖြတ်လာသုံးကြတယ်၊ ဒါပေမယ့် ကျွန်းနားကိုတော့ ဘယ်သင်္ဘောမှ မကပ်ဝံ့ကြဘူး”

“ဘာဖြစ်လို့ မကပ်ဝံ့တာလဲ”

“မိစ္ဆာကျွန်းပါလို့ဆိုနေမှ ဘယ်သူလာဝံ့မှာလဲ”

“ဒီကျွန်းပေါ်မှာ မကောင်းဆိုးဝါးရှိလို့လား”

“မရှိပါဘူး”

“ဒါဖြင့် ဘာကြောင့် မိစ္ဆာကျွန်းလို့ခေါ်ရတာလဲ”

“ဒီကျွန်းပေါ်မှာ အစာရေစာရှားပါးတယ်၊ လူနေဖို့ မသင့်ဘူး၊ ဒါကြောင့် နှစ်ပေါင်းများစွာကပဲ လူမဲ့ကျွန်းဖြစ်နေတယ်၊ နာမည်တောင်မှမရှိခဲ့ဘူး၊ လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်ခကျော်လောက်က ဒီကျွန်းဟာ ပင်လယ်ဓားပြတစ်စုရဲ့ အခြေစိုက်စခန်းဖြစ်ခဲ့တယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဓားပြတွေဟာ ဝေစုမတည့်တဲ့ အချင်းချင်းသတ်ကြဖြတ်ကြပြီး အကုန်နဲ့သေကုန်ကြတယ်လို့ပြောကြတယ်၊ အဲဒီဓားပြတွေ သေကုန်ပြီး မိစ္ဆာအဖြစ်နဲ့ ဒီကျွန်းမှာ သွားလာကျက်စားနေတယ်လို့ပဲ ယုံတမ်းစကားရှိတယ်၊ ဒီလိုနဲ့ပဲ ဒီကျွန်းဟာ မိစ္ဆာကျွန်းရယ်လို့ နာမည်ကြီးတာပဲ၊ ဘယ်သူမှလဲဒီကျွန်းကိုမလာရဲကြဘူး၊ ဘယ်သူမှလဲ ဒီကျွန်းမှာ မနေရဲကြဘူး”

“အဘက ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်လာတာလဲ”

အဘိုးအိုက မဖြေ။

“အဘနာမည်ကို ပြောပါဦး”

အဘိုးအိုက နှုတ်ဆိတ်မြဲနှုတ်ဆိတ်နေသည်။

“အဘကိုကြည့်ရတာ သိုင်းသမားတစ်ယောက်နဲ့ တူတယ်”

အဘိုးအိုထံမှ စကားပြန်မရ။

ကိုန်လေ့က ဆက်လက်၍ မေးခွန်း လေးငါးခု ဆက်မေးပြန်သည်။

“ဟေ့ကောင်၊ ငါ့အကြောင်းကို မင်းသိစရာမလိုဘူး၊ ဘာမှ မမေးနဲ့”

နောက်ဆုံးတွင် အဘိုးအိုက ခပ်ပြတ်ပြတ်ပြောသည်။

“ကောင်းပါပြီဗျာ၊ မမေးနဲ့ဆိုရင်လဲ မမေးပါဘူး။ အဘလဲ ဒီကျွန်းမှာ ငါးနှစ်ကျော်ကျော် သောင်တင်နေပြီး ဒီက ခွာသွားနိုင်ဖို့ နည်းလမ်းလဲမရှိတော့တဲ့နောက် ဘာကြောင့်များ လျှို့လျှို့ဝှက်ဝှက်လုပ်ချင်နေရတာလဲ”



ကိန်လေ့က မပြုံးတပြုံးနှင့်ပြောသည်။

အဘိုးအိုမှာ မျက်နှာ ‘ကွက်’ခနဲ တစ်ချက် ပျက်သွားသည်။

“ငါ့ဆီမှာ ဘာလျှို့ဝှက်ချက်မှမရှိဘူးကွ”

အဘိုးအိုက ဒေါသတကြီး အော်ပြောသည်။

“လျှို့ဝှက်ချက်မရှိဘူးဆိုရင် ဘာကြောင့် ကျွန်တော် မေးတာတွေကိုမဖြေတာလဲ”

“ဖြေစရာ မလိုဘူးထင်လို့ မဖြေတာပေါ့ကွ”

ကိန်လေ့သည်းအဘိုးအိုကို ထပ်မံမေးမြန်းမနေတော့ဘဲ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လိုက်သည်။ စင်္ကြံလေးငါးခေါက်မျှ လျှောက်ပြီးသည်တွင် ပို၍ နေလို့ထိုင်လို့ကောင်းလာသည်။

စိတ်ကြည်လင်လာ လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

ကိန်လေ့က စင်္ကြံလျှောက်နေရာမှ ရပ်လိုက်သည်။ ထို့နောက် သိုင်းကွက်ခင်းကာ လက်နှစ်ဖက်ကိုခွေ့ယမ်းလျက် လက်ဝါးသိုင်းကွက်များ လေ့ကျင့်သည်။

သိုင်းကွက် လေ့ကျင့်ကစားသည့်အတွက် အတွင်းအားလည်ပတ်လာပြီး ပို၍ လန်းဆန်းလာသည်။ အားပြည့်လာသည်။

“လက်စသတ်တော့ မင်းကရှောင်လင်ဂိုဏ်းသားကိုး”

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေ့လက်ဝါးသိုင်း လေ့ကျင့်ကစားသည်ကို အကဲခတ် ကြည့်ရှုရင်း အဘိုးအိုက မှတ်ချက်ချသည်။

"ဟာ...အဘထင်တာ လွဲနေပြီ၊ ကျွန်တော်ဟာ ရှောင်လင်ဂိုဏ်းသား မဟုတ်ပါဘူးဗျ"

"ဘာ မဟုတ်ပါဘူးလဲ၊ မင်းက ငါ့ကို ဘာမှ နားမလည်တဲ့ကောင် မှတ်လို့လား၊ အခုနမင်းလေ့ကျင့်ကစားသွားတာ ရှောင်လင်ဂိုဏ်းရဲ့ လေလှိုင်းလက်ဝါး သိုင်းကွက်မဟုတ်လား၊ ငါကောင်းကောင်းသိပါတယ်ကွ"

"ရှောင်လင်ဂိုဏ်းရဲ့ လေလှိုင်းလက်ဝါး သိုင်းကွက်ကို သိထားတယ်ဆိုတော့ အဘဟာ သိုင်းလောကနဲ့ ပတ်သက်ပြီး ဗဟုသုတရှိတဲ့ သိုင်းအကျော်အမော် တစ်ယောက် ဖြစ်ရမယ်၊ ဘယ့်နှယ့်လဲ ကျွန်တော်တွေးတာ မှန်သလား"

"ရှောင်လင်ဂိုဏ်းရဲ့ သိုင်းကွက်တွေက ဘာများထူးခြားလို့လဲ၊လွန်ခဲ့တဲ့အချိန်ကာလတွေ တုန်းကတော့ ရှောင်လင်ဂိုဏ်းဟာ သိုင်းလောကရဲ့ ဦးစီးဦးဆောင် နေရာမှာ ရှိခဲ့ပါတယ်၊ ဒါပေမယ့် နှစ်ငါးဆယ်လောက် အတွင်း အနယ်နယ် အရပ်ရပ်က ထူးချွန်တဲ့ သိုင်းပညာရှင်တွေ အများကြီး ထွန်းထွန်း ပေါက်ပေါက် ပေါ်ခဲ့တာပဲ၊ ဒီတော့ ရှောင်လင်သိုင်းပညာဟာ သိပ်မထူးဆန်းတော့ပါဘူး၊ ပြီးတော့ မင်းရဲ့လက်ဝါးရိုက်ချက်တွေကလဲ သိပ်ပြီး ရိုးစင်းလွန်းပါတယ်"



အဘိုးအိုက ကိန်လေ့ပြောသည့် စကားကို မတုံ့ပြန်ဘဲ သူ့ဘာသာသူ ဆက်လက်၍ ထင်မြင်ချက်များ ပြောနေသည်။

"အခုဟာက အကြောအခြင်ပြေရုံ သက်သက်လောက် ကစားတာပါ၊ တကယ်တမ်း တိုက်ခိုက်မယ် ဆိုရင်တော့ ဒီသိုင်းကွက်မျိုးကို ကျွန်တော်မသုံးပါဘူး"

"ဟင်...မင်းဆီမှာ ဒီထက်ပိုထက်မြက်တဲ့ သိုင်းကွက်တွေ ရှိနေသေးလို့လား"

ဤအဘိုးအို၏ သိုင်းပညာ ဗဟုသုတမှာ အတော်ပင် နက်နဲကျယ်ဝန်းကြောင်း ကိန်လေ့ အကဲခတ်မိနေပြီ ဖြစ်သည်။ အဘိုးအိုမှာ ထူးဆန်းသော သိုင်းသမားကြီးတစ်ယောက်ယောက် ဖြစ်မည်ဟုလည်း အသေအချာ တွက်ဆမိသည်။

အဘိုးအို၏ အရည်အချင်းနှင့်အစွမ်းအစကို ဆက်လက်စူးစမ်းလိုသောကြောင့် ကိန်လေ့က တခြားသိုင်းကွက်တစ်မျိုးကို လေ့ကျင့်ကစားပြလိုက်ပြန်သည်။

လက်ဝါးသိုင်းကွက်တစ်ခုပင် ဖြစ်သည်။

သို့သော် စောစောက ရှောင်လင်ဂိုဏ်း၏ လေလှိုင်းလက်ဝါးသိုင်းကွက်နှင့် မတူ၊ တစ်မူထူးဆန်းသည်။

လေလှိုင်းလက်ဝါး သိုင်းကွက်က ခက်ထန်မာကျောကာ အားပြင်းထန်စွာ ရိုက်နှက်မှုကို အဓိက ထားသည်။ သိုင်းကွက်များမှာ အကွက်ကျဲပြီး လေးလေးမှန်မှန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကိန်းလွှ ထပ်မံလေ့ကျင့်ကစားပြသည့် လက်ဝါးသိုင်းကွက်အသစ်မှာမူ အလွန်အကွက်စိပ်သည်။ ပေါ့ပါးဖျတ်လတ်စွာ လှုပ်ရှား တိုက်ခိုက်မှုကို အဓိက ထားသည်။ ဦးတည် တိုက်လိုက်သည့် လမ်းကြောင်း များမှာလည်း များပြားလှသည်။

လက်ဝါးနှစ်ဖက် လှုပ်ရှားရိုက်နှက်နေသည်မှာမြန်ဆန်လွန်းသောကြောင့် အရိပ်များပင် ထပ်နေသလိုဖြစ်လျက်ရှိသည်။

"ဟား...ဟား...ဟား၊ အဲဒါ အနောက်ပိုင်းဒေသက နတ်ဂိုဏ်းရဲ့ လေပွေလက်ဝါးသိုင်းကွက်ပါကွာ၊ အားလုံး ခြောက်ကွက်ရှိပြီးတစ်ကွက်စီမှာ အပြောင်းအလဲ သုံးဆယ့်ခြောက်မျိုး ရှိတယ်"

အဘိုးအိုက ကိန်းလွှ လေ့ကျင့်ကစားပြသော သိုင်းကွက်အမည်ကို ဖက်ခနဲမှန်အောင် ပြောပြလိုက်သည်။

"ကောင်းပြီ၊ နောက်တစ်မျိုးထပ်ကြည့်ပါဦး"

ကိန်းလွှက ရယ်မောပြောဆိုပြီး နောက်ထပ်သိုင်းကွက်တစ်မျိုး လှုပ်ရှားကစားပြပြန်သည်။

သိုင်းကွက်လှုပ်ရှားဟန်က သိုင်းလောကတွင် လူသိများလှသည့် အခြေခံသိုင်းပညာရပ် တစ်ခုဖြစ်သော မျောက်သိုင်းနှင့် အတော်ဆင်တူသည်။

"အဲဒါမျောက်၊ ဟာ.... မဟုတ်သေးဘူးဟ၊ နေဦး.... နေဦး"



အဘိုးအိုက မျောက်သိုင်းဟု ထုတ်ဖော်ပြောမည်ပြုပြီးမှ ကိန်းလွှ၏ သိုင်းကွက် လှုပ်ရှားဟန်မှ ထူးခြားဆန်းပြားသော အကွက်များ ရောယှက် ပါဝင်နေကြောင်း တွေ့မြင်သည့်အတွက် ချက်ချင်း စကားကိုရပ်လိုက်သည်။

ကိန်းလွှ သိုင်းကွက်လှုပ်ရှား ကစားနေသည်ကို သေသေချာချာ ကြည့်သည်။ ကြည့်နေရင်း အဘိုးအို၏မျက်နှာ ကွက်ခနဲ တစ်ချက် ပျက်သွားသည်။ ထိတ်လန့်အံ့ဩသည့် အသွင်သဏ္ဍာန်လည်း ပေါ်လာသည်။

"အဲဒါ မြောက်ပိုင်းဒေသက တာ့စိန်ဂိုဏ်းရဲ့ 'ရွှေလူမိ' ဆယ့်ရှစ်ကွက်ပါလား၊ မင်းက အတော့်ကို သိုင်းပညာစွမ်းတာပဲကိုး"

အဘိုးအိုက ပြောသည်။ ပြောရင်း ကိန်းလွှကိုလည်း ချီးမွမ်းစကား ဆိုလိုက်သည်။

အရှိန်ရလာပြီမို့ ကိန်းလွှက အကိုင်းအခက်များမရှိဘဲ တုတ်သဖွယ်ဖြစ်နေသည့် သစ်ကိုင်းခြောက်တစ်ခုကိုကောက်ကာ ဓားရှည်သဘောမျိုး အသုံးပြုကိုင်ဆောင်၍ သိုင်းကစားပြပြန်သည်။

ဓားသဖွယ် အသုံးပြုထားသော သစ်ကိုင်း၏လှုပ်ရှားပုံမှာ နဂါးသစ်ကောင် ကနေသည့်နှယ် နိမ့်လိုက်မြင့်လိုက် ဝေ့လိုက်ဝိုက်လိုက် ဖြစ်နေသည်။

ဓားကွက်များမှာ အလွန်ပင် ဆန်းပြားသည်။ သွက်လက်မှုရှိသလို ပြင်းထန်မှုလည်း ပါရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ အူဒန်ဂိုဏ်းရဲ့ 'နဂါးပျံ ဓားသိုင်း' ပါလား။ ဒီဓားသိုင်းက ပျံနေတဲ့နဂါးကိုတောင် ခုတ်ချနိုင်တယ်လို့ အမွှမ်းတင် ပြောနေကြရတယ်၊ မင်းဘယ်လိုလုပ်ပြီး တတ်ထားတာလဲ"

ကိန်လွှေက ရှောင်လင်၊ ခုံတုံ၊ တာ့စိန်နှင့် အူဒန် ဟူသော ထိပ်သီးသိုင်းဂိုဏ်းများ၏ အစွမ်းထက်မြက်သော သိုင်းပညာရပ်လေးမျိုးကို ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ကစား ပြသွားသည့်အတွက် အဘိုးအိုမှာ အလွန်ပင် အံ့သြနေမိသည်။

"ကဲ... ကျွန်တော်လဲ နေသာထိုင်သာ ရှိသွားပါပြီ။ အစ်းလဲ အတော်ပြည့်လာပြီ၊ ပုစွန်သွားဖမ်းကြစို့"

ကိန်လွှေက ဓားရှည်သဖွယ်အသုံးပြုနေသည့် သစ်ကိုင်းခြောက်ကို မြေကြီးပေါ် ပစ်ချပြီး ပြောလိုက်သည်။

"နေပါဦးကွ... နေပါဦး၊ အခု မင်းအသက် ဘယ်လောက် ရှိပြီလဲ"

အဘိုးအိုက ကမန်းကတန်း မေးလိုက်သည်။

"နှစ်ဆယ့်လေးနှစ်ပါ"

"အသက်ဘယ်လောက်က စပြီးသိုင်းပညာသင်တာလဲ"

"ဆယ့်နှစ်နှစ်အရွယ်က စသင်ခဲ့တာပဲ"

"ဆယ့်နှစ်နှစ် အချိန်အတွင်းမှာ မင်းက ဂိုဏ်းလေးဂိုဏ်းရဲ့ သိုင်းပညာလေးမျိုးကို ပိုင်နိုင်အောင် လေ့ကျင့်နိုင်ခဲ့တယ်ဆိုတော့ တော်တယ်လို့ ဆိုရမှာပဲ"



"အခုနပြခဲ့တဲ့ သိုင်းပညာတွေအပြင် စုချွမ်းပြည်နယ်ကကျွမ်းသိုင်းမျိုးဆက်တွေရဲ့ အဝေးပစ်လက်နက်ကိုလဲ တတ်သေးတယ်ဗျ"

"ဟာ...မဖြစ်နိုင်တာကွာ၊ ဆယ့်နှစ်နှစ်လောက် လေ့ကျင့်ရုံနဲ့ ဂိုဏ်းငါးဂိုဏ်းရဲ့ သိုင်းပညာတွေကို မတတ်နိုင်ပါဘူး"

"အဘ ကိုယ်တွေ့မျက်မြင်ပဲ မဟုတ်လား၊ မယုံချင်ရင် နေပါလေ"

"အေးကွ... ငါမျက်မြင်ပဲ၊ ယုံကြည်စရာ မရှိပေမယ့် ယုံရမှာပဲ၊ မင်းက ဘယ်လိုလုပ်ပြီး ဒီလောက်များတဲ့ သိုင်းပညာတွေ လေ့ကျင့်နိုင်တာလဲ"

"ကျွန်တော်က ဖြတ်ထိုးဉာဏ်ကောင်းပြီး ဇွဲနဲ့ ဝီရိယရှိလို့ ဆိုရမှာပေါ့"

"မင်းက ဘယ်ပုံဘယ်နည်းနဲ့ သိုင်းပညာ ငါးမျိုးကို သင်ယူခဲ့တာလဲ"

"ကျွန်တော်က ဂိုဏ်းတစ်ခုထဲမှာ နှစ်နှစ်လောက်နေပြီး သင်ယူခဲ့တာပဲ"

"ဟေ...တစ်ဂိုဏ်းထဲမှာ နှစ်နှစ်ပဲနေတယ် ဟုတ်လား။ ဒီလိုဂိုဏ်းသားမျိုးကို သူတို့က လက်ခံကြလို့လားကွ"

အဘိုးအိုက တအံ့တသြ မေးပြန်သည်။

"အတိအလင်း ပြောရရင်တော့ ဘယ်လက်ခံမလဲဗျာ၊ ဒီလိုပဲ အကြံအဖန်လုပ်ပြီး သင်ရတာပေါ့"

"ဘာလဲ၊ မင်းက လှည့်စားပြီး ခိုးသင်ခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကိန်းလွှကဘာမျှပြန်မပြော။ပြုံးစိစိသာလုပ်နေသည်။

''မင်းတော်တော်ဆိုးတဲ့ကောင်လေးပဲ၊ သိုင်းလောကရဲ့ ထုံးတမ်းစဉ်လာ စည်းကမ်းကို့ဘောင် ချိုးဖောက်ရဲတယ်၊ မင်းအကြောင်းကို သိမသွားဘူးလား၊ မင်းကို ဝိုင်းအရေးမယူကြဘူးလား''

''ဟာ.... ဘယ်နေ့လိမ့်မလဲ၊ ကျွန်တော်တို့အကြောင်းတို့ သိသွားကြပြီး ဂိုဏ်းငါးဂိုဏ်းစလုံးက ကျွန်တော့်ကိုလိုက်ရှာနေကြတယ်၊ ဖမ်းမိရင်တော့ ကျွန်တော်သင်ထားတဲ့ သူတို့ဂိုဏ်းရဲ့ သိုင်းပညာတွေကို မသုံးနိုင်အောင် ဖျက်ဆီးပစ်ကြမှာဗျ''

''ဩော်....ဩော်၊ ဒါကြောင့် မင်းကိုသစ်ဖောင်မှာချည်ပြီး ပင်လယ်ထဲ မျှောလိုက်ကြတာကိုး''

''ကျွန်တော့်ကို အခုလိုလုပ်တာက သူတို့မဟုတ်ပါဘူး၊ သူတို့ကသာ ကျွန်တော့်ကို အမိဖမ်းနိုင်ကြရင် ကျွန်တော့်မှာ သိုင်းပညာအစွမ်းအစ ဘယ်ရှိနိုင်တော့မှာလဲ''

''ဒါဆိုရင် မင်းကို သစ်ဖောင်နဲ့မျှောလိုက်တာ ဘယ်သူတွေလဲ''

''ဒီအကြောင်းပြောရရင် ရှည်တယ်ဗျ၊ အခုလောလောဆယ် ကျွန်တော်လဲ ဗိုက်တော်တော် ဆာနေတယ်၊ ဒီတော့ ပုစွန်အရင်ဖမ်းလိုက်ဦးမယ်၊ ပုစွန်ကင်စားရင်းနဲ့ ပြောကြတာပေါ့''

''ကောင်းပြီ၊ ဟိုဘောင်ပြင်ကနေ ဆင်းသွားရင် ပုစွန်တုပ်တွေရှိတဲ့ ကမ်းခြေကိုရောက်တယ်၊မင်းအရင်သွားနှင့်''



အဘိုးအိုက ကျွန်းကမ်းစပ်တစ်နေရာကို လက်ညှိုးထိုးပြပြီး ပြောသည်။

''အဘကော မလိုက်ဘူးလား''

''မင်းရှေ့က သွားနှင့်ပါ၊ ငါနောက်ကနေ လိုက်လာခဲ့ပါ့မယ်''

မိမိအား အလစ်ဖမ်းကာတိုက်ခိုက်မည်စိုးသောကြောင့် ရှေ့မှ သွားခိုင်းခြင်းဖြစ်ကြောင်း ကိန်လွှ ရိပ်မိသည်။

ကိန်လွှလည်း တစ်ချက်ပြုံးကာ ရှေ့မှ လျှောက်လှမ်းလာသည်။

ကမ်းစပ်သို့ ရောက်သောအခါ ကိန်လွှက ရေထဲသို့ ဆင်းသွားသည်။ အဘိုးအိုမှာမူ ကမ်းစပ်တွင်သာရပ်လျက် ကျန်နေခဲ့သည်။

ရေနက်ပိုင်းသို့ ရောက်လာသည်နှင့် ကိန်လွှက ရေအောက်သို့ ငုပ်လိုက်သည်။

အဘိုးအိုပြောသည့်စကား မှန်သည်။ ထိုနေရာတစ်ဝိုက် ပုစွန်တုပ်များ ပေါများလှသည်။

ရေအောက် ကြမ်းပြင်ရှိ ကျောက်ဆောင်များကြား ပုစွန်တုပ်များကို အများအပြား တွေ့ရသည်။ ထွေထွေထူးထူး လိုက်ရှာနေစရာ မလို။

ကိန်လွှ ပုစွန်တုပ်ကြီးကြီး လေးကောင်ကို အလွယ် ဖမ်းယူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တုပ်ကြီး လေးကောင်ကိုင်လျက် ကမ်းပေါ် ပြန်တက်လာသော ကိန္နရီလွင်ကိုတွေ့ရသောအခါ အဘိုးအိုမှာ အထူးပျော်ရွှင်သွားသည်။

ပုစွန်တုပ်များကို မီးဖုတ်ကာ တစ်ယောက်နှစ်ကောင်စီ ဝေမျှစားသောက်ကြသည်။

နှစ်ယောက်သား ဆာဆာနှင့် အားရပါးရ စားပစ်လိုက်ကြရာ ပုစွန်တုပ်ကင်များမှာ တစ်ခဏအတွင်းမှာ တက်တက်ပြောင်သွားသည်။

အဘိုးအိုမှာ အလွန်တောင့်တနေသော အာဟာရကို စားသောက်ရပြီမို့ အတော်ပင် ကျေနပ်သွား၏။ ကိန္နရီလွင်အပေါ် ရန်လိုသည့် စိတ်သားများလည်း မရှိတော့ပေ။

"ကိုင်း...ချာတိတ်၊ မင်းပြောမယ့် ဇာတ်ကြောင်းကို စ ပြောပေတော့"

ပုစွန်တုပ်များကို အားရပါးရ စားသောက်ပြီးသောအခါ အဘိုးအိုက မေးလိုက်၏။

"ဘာဇာတ်ကြောင်းလဲဗျ"

"မင်းကို ဖောင်မှာကြိုးနဲ့ချည်ပြီး ပင်လယ်ထဲ မျှောလိုက်တဲ့ ဇာတ်ကြောင်းလေကွာ"

"အင်း...ဘယ်က စ ပြောရမှန်းတောင် မသိပါဘူးဗျာ၊ ဩော်...ဟုတ်ပြီ၊ ဟုတ်ပြီ၊ နဂါးတစ်ကောင် ကျားညီနောင်၊ ကျားသစ်သုံးမျိုး၊ လူဘွင်ကျွယ်လေးဖော်၊ ဟာသီမယ်ငါးယောက်၊ သိုင်းလူသင်ခြောက်ဦး၊ နတ်သူဇာခုနစ်ပါးဆိုတာ ကြားဖူးသလား"



"ဟာ...မကြားဖူးပါဘူး၊ ဝါက ဒီကျွန်းပေါ်မှာ ငါးနှစ်လောက် သောင်တင်နေတာဆိုတော့ သိုင်းလောကနဲ့ အဆက်ပြတ်သလိုဖြစ်နေပါပြီ"

"ဟုတ်ပါလိမ့်မယ်၊ အဲဒီ လူနှစ်ဆယ့်ရှစ်ယောက် သိုင်းလောကမှာ ရေပန်းစားပြီး ကျော်ကြားလာတာ သုံးလေးနှစ်လောက်ပဲရှိဦးမယ်၊ အဘလဲ ဘယ်ကြားဖူးမှာလဲ၊ အဲဒီလူ နှစ်ဆယ့်ရှစ်ယောက်စလုံးဟာ အသက်ငယ်တဲ့ လူငယ်ပိုင်းတွေချည်း ဖြစ်ပါတယ်၊ နဂါးတစ်ကောင်၊ ကျားညီနောင်၊ ကျားသစ်သုံးမျိုး၊ လူဘွင်ကျွယ်လေးဖော်နဲ့ သိုင်းလူသင်ခြောက်ဦးတို့ဟာ အမျိုးသားတွေဖြစ်ပြီး ဟာသီမယ်ငါးယောက်နဲ့ နတ်သူဇာခုနစ်ပါးကတော့ အမျိုးသမီးတွေပါ၊ သူတို့တစ်တွေဟာ ထူးခြားထက်မြက်တဲ့ သိုင်းပညာတစ်မျိုးစီ တတ်ကျွမ်းထားတာကြောင့် ငယ်ရွယ်ကြပြီး ပေါ်ပေါက်လာတာ မကြာသေးပေမယ့် မျက်မှောက် သိုင်းလောကမှာ အတော်ကို နာမည်ကြီး ထင်ရှားနေကြပါတယ်"

"အဲဒီ နှစ်ဆယ့်ရှစ်ယောက်က သိုင်းသမားကောင်းလား၊ သိုင်းသမားဆိုးတွေလား"

"အားလုံး သိုင်းသမားကောင်းတွေချည်းပါပဲ"

"အဲဒီ နှစ်ဆယ့်ရှစ်ယောက်က တစ်ဂိုဏ်းတည်းသားတွေလား"

"မဟုတ်ပါဘူး၊ ထင်ပေါ်ကျော်ကြားတဲ့ အမူအကျင့်တွေချင်း တူကြပေမယ့် သူတို့ဟာ သီးသန့် လှုပ်ရှားကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေပါ၊ သူတို့အားလုံးဟာ စိတ်ထားမြင့်မြတ်ကြတယ်၊ မကောင်းသူပယ်ပြီးကောင်းသူကယ်တယ်၊ အများကောင်းကျိုးကို ဆောင်ရွက်တယ်”

“တယ်ဟုတ်တဲ့လူတွေပါလား၊ အဲဒီနှစ်ဆယ့်ရှစ်ယောက်ထဲမှာ နဂါးဆိုတဲ့လူက သိုင်းပညာ အကောင်းဆုံးဖြစ်မှာပဲလို့ ငါထင်တယ်”

“အဘထင်သလိုတော့ မဟုတ်သေးဘူး၊ သူတို့အထဲက ဘယ်သူက သိုင်းပညာအကောင်းဆုံးဆိုတာကတော့ ပြောဖို့ ခပ်ခက်ခက်ပဲ”

“အဲဒီလူနှစ်ဆယ့်ရှစ်ယောက်နဲ့ မင်း ဖောင်နဲ့အမျှောခံရတဲ့ ဇာတ်ကြောင်းက ဘယ်လိုများပတ်သက်နေလို့လဲကွ”

“ဟုတ်ကဲ့၊ ကျွန်တော်ပြောတာကို သေသေချာချာနားထောင်ပါ၊ ဘယ်လို ပတ်သက်သလဲဆိုတာ သိရပါလိမ့်မယ်၊ နဂါးတစ်ကောင်ဆိုတဲ့လူရဲ့ နာမည်အပြည့်အစုံက နဂါးလေး စမ်းကွမ်းယဲ့တဲ့၊ ကျားညိုနောင်ကျော့တော့ ကျားပြူး ရှန်အိုင်နဲ့ ကျားနက်ရှန်ကျင့်၊ ကျားသစ် သုံးမျိုးကတော့ စိန်ကျားသစ် ချူးကျင့်ဒွေး၊ ရွှေကျားသစ် ဝမ်ဟန်နီ၊ ငွေကျားသစ် ဝေချီးဖင်းတို့ ဖြစ်ပါတယ်၊ လူတွင်ကျယ်လေးဖော်ဆိုတာက မြားနတ်ရှင်ရန်ကျူး၊ ရွှေလှံရှင် ဟန်လုံ၊ ကြယ်ပျံယူဟွန်၊ ယက္ခတုတ်လိုဖိန်လို့ ခေါ်ကြပါတယ်၊ ဟင်္သာငယ် ငါးယောက်ကတော့ ဟင်္သာစိမ်း လျှံစမ်း၊ ဟင်္သာဝါကွမ်းချူး၊ ဟင်္သာဖြူပိုင်ရန်နဲ့ ဟင်္သာနက် မင်းကျူးတို့ဖြစ်ကြပါတယ်”



“တော်ပြီကွာ…တော်ပြီ၊ မင်းက နာမည်တွေ တသီကြီး လျှောက်ရွတ်ပြနေတာ ငါနားရှုပ်လာပြီ၊ မှတ်လဲ မှတ်မထားနိုင်တော့ဘူး၊ နာမည်တွေ ဘေးဖယ်ထားပြီး မင်းရဲ့ဇာတ်ကြောင်းကိုသာ ပြောစမ်းပါ”

အဘိုးအိုက စိတ်မရှည်တော့သလိုဖြတ်ပြော၏။ ကိန်လွှေက တစ်ချက်ပြုံးလိုက်၏။

“အဲဒီ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ဟာ မတရားမှုကို ဆန့်ကျင်တိုက်ဖျက်ရင်း နာမည်ကြီး သိုင်းသမားတွေကို တစ်ယောက်ပြီးတစ်ယောက် ဖြိုခွင်းနှိမ်နင်းနိုင်ခဲ့ကြပါတယ်၊ ဒါကြောင့် သူတို့သိုင်းလောကထဲရောက်လာတာ သုံးလေးနှစ်လောက် ရှိသေးပေမယ့် အမည်သတင်းကတော့ ဟိုးဟိုးကျော်ကြပါတယ်၊ တစ်နေ့ကျတော့ အဲဒီ နဂါးလေးစမ်းကွမ်းယဲ့က ကျန်တဲ့ လူငယ်သိုင်းသမားနှစ်ဆယ့်ခုနစ်ယောက်ဆီကို မိတ်ဆက်ဖိတ်စာ တစ်စောင်ဆီ ပို့ပေးခဲ့တယ်၊ အဲဒီ မိတ်ဆက်ဖိတ်စာမှာ လူငယ်သိုင်းသမားတွေရဲ့ အများအကျိုးဆောင်မှုကို လေးစားကြောင်း၊ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံ မိတ်ဆက်နိုင်ကြဖို့ ရှစ်လပိုင်းလပြည့်နေ့ညမှာ ခုံမင်းကျွန်း ခုံမင်းမြို့က ဟိုင်လျို ပျော်ပွဲစားရုံကို လာကြဖို့အကြောင်း ရေးသားထားတယ်”

“ခုံမင်းကျွန်းဆိုတာ သိပ်ချောင်ကျတဲ့နေရာပဲ၊ ဘာမှလဲ စည်စည်ကားကား မရှိဘူး၊ ဘာကြောင့် အဲဒီလို နေရာမျိုးမှာ ဆုံစည်းကြဖို့ ဖိတ်ရတာလဲ”

www.burmeseclassic.com



“နဂါးလေးစမ်းကွမ်းယဲ့ဟာ ခုံမင်းကျွန်းဇာတိ ဖြစ်တယ်၊ မိတ်ဆုံပွဲကို သူ့ဇာတိရပ်ရွာမှာလုပ်ချင်တယ်လို့ မိတ်ဆက်ဖိတ်ကြားစာမှာ ရေးထားပါတယ်”

“ဒါနဲ့ ဗီနွေက ဘာနေ့လဲကွ”

“ရှစ်လပိုင်း ဆယ့်ခုနစ်ရက်နေ့ပါ”

“ဒါဆို ချိန်းထားတဲ့ရက် ကျော်နေပြီပေါ့”

“ဟုတ်ပါတယ်”

“မင်းက အဖိတ်ခံရတဲ့လူထဲမှာ ပါလို့လား”

“ဟုတ်ကဲ့...ကျွန်တော်က သိုင်းလုသင် ခြောက်ဦးထဲက တစ်ယောက်ပါ၊ ကျွန်တော့်ကို ချစ်လုသင် ကိန်လွှေလို့လဲ ခေါ်ကြပါတယ်”

“ဪ...အခုမှမင်းအကြောင်းကရောက်လာတာကိုး၊ ကောင်းပြီ ဆက်ပြော”

“ကျွန်တော်လဲ ဖိတ်စာရပြီး ခုံမင်းကျွန်းဘက်ကို ခရီးထွက်လာခဲ့တာ ရှစ်လပိုင်း ဆယ့်လေးရက်ကျတော့ ဟိုင်မိန်ဆိပ်ကမ်းကိုရောက်ပါတယ်၊ အဲဒီဆိပ်ကမ်းကနေ လှေနဲ့သွားရင် ခုံမင်းကျွန်းကို တစ်နေ့ခရီးပဲ ရှိပါတယ်၊ ကျွန်တော်လဲ ငါးဖမ်းလှေလေးတစ်စီးနဲ့ ခုံမင်းကျွန်း ဘက်ကို ထွက်လာခဲ့တယ်....

“လှေပိုင်ရှင်က တံငါသည် အဘိုးအိုတစ်ယောက်ပဲ၊ သူ့မှာဆယ့်ရှစ်နှစ်လောက်ရှိတဲ့ သမီးပျိုလေးတစ်ယောက်လဲရှိတယ်၊ အဲဒီ မိန်းကလေးလဲ လှေပေါ်မှာ ပါလာတယ်—



“မိန်းကလေးက သိပ်ချော သိပ်လှတာပဲဗျာ၊ ဒါကြောင့် အဲဒီမိန်းကလေးက စားသောက်ဖွယ်ရာတွေတည်ခင်း ကျွေးမွေးတဲ့အခါမှာ ကျွန်တော်လဲ သတိမမူဘဲစားသောက်မိတာပေါ့”

“ဟား...ဟား...ဟား၊ မင်းတို့လို ကောင်လေးတွေက အဲဒါတွေခက်တာပေါ့၊ ငါဆိုရင် ဘယ်တော့မှ ဒီလို အငိုက်မခံဘူးကွ”

“အဘ နားမလည်တာ တစ်ခုရှိနေပါသေးတယ်”

“ဘာများလဲကွ”

“အလှအပကို မြတ်နိုးတတ်မှုပါ၊ အဲဒါကို အချစ်လို့ခေါ်နိုင်ပါတယ်”

“အံမာလေး...လာလာချေသေးရဲ့၊ ယောကျ်ားနဲ့မိန်းမ တွေ့ကြပြီးတော့ ညားသွားကြတာကိုများ အထူးအဆန်းလုပ်လို့”

“အဘမှားသွားပြီ၊ ကျွန်တော်သေသေချာချာ ပြောခဲ့တာကိုနားမလည်လို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော် ပြောခဲ့တဲ့ အချစ်ဆိုတာက အလှအပကို မြတ်နိုးမှုပါ၊ အဲဒီလို အချစ်မျိုးသာ မရှိဘူးဆိုရင် နေ့ခင်းမှာ နေမင်းထွက်ပြီး ညဘက်မှာ လမင်းပျောက်နေတဲ့အဖြစ်မျိုး ကြုံကြရလိမ့်မယ်၊ ဟောဒီ လောကကြီးမှာ ပျင်းစရာအတိ ဖြစ်သွားလိမ့်မယ်”

www.burmeseclassic.com

"ဟေ့ကောင်၊ ဘာကြောင့် ဒါတွေလျှောက်ပြောနေတာလဲ၊ ဒီအကြောင်းတွေက မှင်းပြောမယ့်ဇာတ်ကြောင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ်၊ ကျွန်တော်က အလှအပကို မြတ်နိုးချစ်ခင်တဲ့လူဆိုတော့ လှပချောမောတဲ့ မိန်းကလေးတစ်ယောက်ကျွေးတဲ့ အစားအစာတွေထဲမှာ အဆိပ်ခတ်ထားတယ်ဆိုရင်တောင် စားမှာပဲဗျ"

"ဩော်...ဩော်... ဒါကြောင့် မင်းကို ချစ်လှသင်ကိုန်လွှလို့ ခေါ်တာကိုး"

"ဟုတ်ပါတယ်"

"အဲဒီကောင်မလေးက အစားအသောက်တွေထဲအဆိပ်ခတ်ပြီး မင်းကို ကျွေးလိုက်တာပေါ့...ဟုတ်စ"

"အဆိပ်တော့ မဟုတ်ပါဘူး၊ မေ့ဆေးပဲ ခတ်တာပါ။ သူကျွေးတဲ့ အစားအသောက်တွေ စားသောက်ပြီးတာနဲ့ ကျွန်တော် ဘာမှန်းမသိတော့ဘဲ သတိလစ်သွားတော့တာပါပဲ"

"အင်း...အင်း...ဖြစ်ရမယ်၊ ဒီလိုပဲဖြစ်ရမှာပေါ့"

"ကျွန်တော် သတိပြန်ရလာတဲ့အခါကျတော့ သစ်ဖောင်ပေါ်ရောက်နေပါပြီ၊ လက်တွေခြေတွေကိုလဲ ကြိုးနဲ့ မလှုပ်နိုင်အောင် အတုပ်ခံထားရတယ်၊ ပင်လယ်ထဲမှာ သုံးရက်မျောပါခဲ့ပြီး ဒီမိစ္ဆာကျွန်းကို ရောက်လာခဲ့တာပါပဲ"

"သူတို့က ဘာကြောင့် ဒီလိုလုပ်လိုက်ကြတာလဲ"



"အဲဒါကျတော့ ကျွန်တော်လဲမသိဘူး၊ ဒီလိုလုပ်တာဟာ နဂါးလေးစမ်းကွမ်းယွဲ့ရဲ့ မိတ်ဆုံပွဲကို မသွားနိုင်အောင် ဟန့်တားလိုက်တဲ့သဘော ဖြစ်မယ်လို့ ထင်ရတာပဲ"

"သူတို့က ဘာကြောင့် ဟန့်တားရတာလဲ"

"ဒါတော့ ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး၊ ဒါနဲ့ ဒီကျွန်းက ခုံမင်းကျွန်းနဲ့ ဘယ်လောက်ဝေးသလဲ"

"မိုင်တစ်ရာလောက် ဝေးတယ်"

"ဒါဆို ဒီကျွန်းက ခုံမင်းကျွန်းထက်ပိုပြီး ပြည်မကုန်းမြေနဲ့ ဝေးတာပေါ့နော်"

"ဟုတ်တယ်"

"ဒီကနေ ဖောင်နဲ့မျောသွားရင် ခုံမင်းကျွန်းကိုရောက်နိုင်မလား"

"မရောက်နိုင်ဘူး"

"ဘာကြောင့်လဲဗျ"

"ဒီကျွန်းကနေ ဖြတ်စီးနေတဲ့ရေစီးကြောင်းက ခုံမင်းကျွန်းဘက်ကို မသွားဘူး၊ ပြီးတော့ ဒီနေရာတစ်ဝိုက်မှာက လှိုင်းအခတ်ကြမ်းတယ်၊ ဖောင်ကို ထိန်းပြီးသွားဖို့ မလွယ်ဘူး၊ ပင်လယ်ကူးလှေကြီးဖြစ်ဖြစ်၊ သင်္ဘောလေးဖြစ်ဖြစ် တစ်ခုခုရှိမှ သွားလို့ရနိုင်မယ်"

"အဘက လက်တွေ့စမ်းကြည့်ပြီးပြီမို့လား"

www.burmeseclassic.com



"ဟေ့ - လက်တွေ့စမ်းစရာ မလိုဘူး၊ ငါသိပါတယ်ကွာ၊ သင်္ဘောဖြစ်ဖြစ်၊ ပင်လယ်ကူးလှေကြီးဖြစ်ဖြစ် တစ်ခုခုမရှိရင် ဒီကျွန်းကနေ ထွက်သွားဖို့မလွယ်ဘူး"

"ကိုင်း...ကျွန်တော့်အကြောင်းကိုတော့ ပြောပြီးပြီ။ ဒီတစ်ခါ အဘအလှည့်ပဲ"

"ငါ့အကြောင်း ဘာမှပြောပြစရာမရှိဘူး၊ ကိုင်း...ငါ ကျွန်းအရှေ့ဘက်ပိုင်းကိုပြန်သွားပြီး အနားယူတော့မယ်။ ငါ့စကားကို မင်းမြဲမြဲမှတ်ထားနော်၊ ငါရှိနေတဲ့ ကျွန်းအရှေ့ဘက်ပိုင်းကို ခြေဦးတောင် မလှည့်ရဘူး"

ဤသို့ ပြောပြီးသည်နှင့် အဘိုးအိုသည် ထိုင်ရာမှ လျင်မြန်စွာ ထွက်သွားသည်။

အဘိုးအို၏ လှုပ်ရှားသွားလာပုံမှာ လျင်မြန်လှသည့်အပြင် အလွန်ထူးဆန်းသည်။ ခြေထောက်ရော လက်ပါ အသုံးပြုကာထောက်၍ သွားသောကြောင့် လူတစ်ယောက် လျှောက်လှမ်းသွားသည်နှင့်မတူ။ ပင့်ကူတစ်ကောင် ပြေးလွှားနေသည့် သဏ္ဌာန်မျိုးဖြစ်နေသည်။

အဘိုးအိုမှာ တစ်ခဏအတွင်းမှာပင် ကျောက်ဆောင်များ၏နောက်ကွယ်တွင် ပျောက်ကွယ်သွားတော့သည်။

ကိန်လေ့မှာ ပဟေဠိဆန်သော အဘိုးအိုအကြောင်းကို တွေးတောရင်း ကျန်နေခဲ့၏။

ဤအဘိုးအိုမှာ ဘယ်လိုလူစားနည်း။



အကယ်၍ မိမိအနေဖြင့် ကျွန်းအရှေ့ဘက်ပိုင်းကို သွားရောက်ကြည့်ရှုကာစုံစမ်းလျှင် ဤကိစ္စအတွက် အဖြေ တစ်စုံတစ်ရာ ရရှိနိုင်ကြောင်း ကိန်လေ့စဉ်းစားမိသည်။

သို့သော် လောလောဆယ် အခြေအနေတွင်မူ ဤထူးဆန်းသော အဘိုးအိုအကြောင်း စုံစမ်းကြည့်ရန် သူစိတ်မကူးသေးပေ။

ဤကျွန်းမှ ထွက်ခွာနိုင်ရန်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း ကိန်လေ့နားလည်၏။ ထို့ကြောင့် ဤကျွန်းမှ ထွက်ခွာသွားနိုင်မည့် နည်းလမ်းများကိုသာ အလေးပေး၍ ကြံစည် စဉ်းစားနေမိသည်။

ထိုစဉ် သူ အတော်ဝမ်းသာသွား၏။

ထို့ပြင် သင်္ဘောသည် ကျွန်းရှိရာသို့ ဦးတည်လာနေသည်ကိုတွေ့ရ၍ သူ ပို၍အားတက်သွားသည်။

သင်္ဘောသည် ကျွန်းနှင့် ၂-မိုင်ခန့်အကွာသို့ ရောက်သည်တွင် လမ်းကြောင်းကိုပြောင်းလိုက်သည်။ ကျွန်းဆီသို့ ဆက်မလာတော့ဘဲ နောက်ကြောင်းပြန်လှည့်ထွက်သွားသည်။

သင်္ဘော၏လမ်းကြောင်း အပြောင်းအလဲ မြန်လှပုံကို ကြည့်ရင်း ကိန်လေ့ အလွန်အံ့သြနေမိသည်။

ဘာကြောင့် ဤကျွန်းကို ဦးတည်လာနေပြီးမှ နောက်ကြောင်း ပြန်လှည့်သွားရသနည်း။

ဤကျွန်းသို့ မလာဝံ့သောကြောင့်လော။

www.burmeseclassic.com

www.burmeseclassic.com



ကိုန်လွေသည် စိတ်ပျက်အားလျော့စွာပင် ပင်လယ်ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်ချလိုက်၏။

အဆုံးအစမမြင်နိုင်လောက်အောင် ကျယ်ပြောသော ပင်လယ်ရေပြင်ကြီးကို အဓိပ္ပာယ်မရှိ ငေးမောကြည့်နေမိသည်။

အချိန်တွေ တရွေ့ရွေ့ကုန်သွား၏။

ရုတ်တရက် ပင်လယ်ရေပြင်ထက်ဝယ်မြုပ်ချည်ပေါ်ချည်နှင့် တလှုပ်လှုပ်ဖြစ်နေသော အရာတစ်ခုကို သူတွေ့လိုက်ရသည်။

အတော်ပင် အလှမ်းဝေးနေသောကြောင့် ထိုအရာမှာ မည်သည့်အရာဝတ္ထုဖြစ်မှန်း ကိုန်လွေမသိ။

သို့သော် ထိုအရာကို စိတ်ဝင်စားမိသောကြောင့် မျက်ခြည်အပြတ်မခံဘဲ ဆက်လက်၍ အကဲခတ်ကြည့်နေမိသည်။

ထိုအရာသည် ကျွန်းရှိရာသို့ တဖြည်းဖြည်း နီးကပ်လာသည်။

နောက်ဆုံးတွင် ထိုအရာကို ကောင်းစွာ မြင်နိုင်လာသည်။

ကိုန်လွေ အတော်အံ့သြသွားရသည်။ ထိုအရာမှာ သစ်ဖောင်ဘစ်ခုဖြစ်ပြီး သစ်ဖောင်ပေါ်ဝယ် လူတစ်ယောက်ပါရှိလာ၏။ ထိုလူမှာ သစ်ဖောင်ထက်တွင် ပက်လက်လဲလျောင်းလျက်ပါလာ၏။ သစ်ဖောင်မှာ လှိုင်းလုံးများကြားဝယ် လှုပ်ရှားယိမ်းယိုင်နေသော်လည်း သစ်ဖောင်ပေါ်မှလူသည် အောက်သို့ လျှောကျခြင်းမရှိ။



ကိုန်လွေသည် ရေထဲသို့ ချက်ချင်းဆင်းလာခဲ့သည်။ သစ်ဖောင်ရှိရာသို့ ရေကူးလာခဲ့သည်။

သစ်ဖောင်အနီးသို့ ရောက်သောအခါ သစ်ဖောင်ပေါ်ပါလာသူမှာ မိန်းကလေးတစ်ဦး ဖြစ်ပြီး ခြေထောက်နှင့် လက်များကို ကြိုးဖြင့် တုပ်နှောင်ထားကြောင်း ကိုန်လွေ တွေ့လိုက်ရသည်။

မိမိကြုံခဲ့ရသော ကံကြမ္မာနှင့် ထပ်တူထပ်မျှဖြစ်နေသောကြောင့် ကိုန်လွေအတော် အံ့သြသွားရသည်။

မိန်းကလေးမှာ လှုပ်ရှားခြင်းမရှိ။ ငြိမ်သက်နေသည်။ မျက်စိအစုံမှာလည်း မှိတ်လျက်ရှိသည်။

သေနေပြီလား။ အသက်ရှင်နေသေးသလား။ ကိုန်လွေ၏မိန်းကလေး အသက်ရှိနေပါစေဟုကား ကိုန်လွေ ဆုတောင်းမိသည်။

ကိုန်လွေက သစ်ဖောင်ကိုဆွဲကာ ကျွန်းဘက်သို့ပြန်လာခဲ့သည်။

တမ်းစပ်သို့ ရောက်သောအခါ ကိုန်လွေက သစ်ဖောင်ကို ကမ်းစပ်သောင်ပြင်ပေါ်သို့ ဆွဲတင်သာခဲ့သည်။ ထို့နောက် မိန်းကလေးကို တုပ်နှောင်ထားသည့် ကြိုးများကို ဖြေပေးသည်။

ကြိုးများမှာ ပင်လယ်ရေ ထိကာ ပွနေသောကြောင့် အတော်ပင် အဖြေရခက်သည်။ ကြိုးကြိုးစားစား ဖြေမှ ကြိုးများပြေသွားသည်။

www.burmeseclassic.com



ကိုန်လွှ၏ ဆုတောင်း ပြည့်သည်ဟု ဆိုရမည်။ မိန်းကလေးမှာ အသက်မသေသေးပေ။ သတိလစ်နေခြင်းသာ ဖြစ်သည်။

အသက်ပြင်းမြင်း ရှူနေသောကြောင့် မိန်းကလေး၏ မို့ဝန်းသောရင်များမှာ ပင်လယ်လှိုင်းလုံးများနှယ်နိမ့်မြင့် လှုပ်ရှားနေသည်။

ကိုန်လွှက မေ့မြောနေသော မိန်းကလေးကို မီးပုံရှိရာသို့ ပွေ့ယူလာခဲ့သည်။ မီးပုံအနီးဝယ် မိန်းကလေးကို အသာအယာ ချထားသည်။

အတိုးအို ချထားခဲ့သော ဆစ်သားရေပုံးထဲဝယ် ရေ တစ်ဝက်ကျော်ကျော် ရှိနေသေးသည်ကို ကိုန်လွှ သတိရမိသည်။

ကိုန်လွှက သစ်သားရေပုံးကို ကောက်ယူကာ မိန်းကလေး၏ မျက်နှာကို ဖြည်းဖြည်းလောင်းချသည်။ ပါးစပ်ထဲသို့လည်း ရေများထည့်ပေးသည်။

မိန်းကလေး၏ သွေ့ခြောက်နေသော ပါးစပ် အလိုအလျောက်ဟလာကာ ရေကိုအငမ်းမရသောက်သည်။

မိန်းကလေး၏ အသွင်မှာ နွမ်းလျ နေသော်လည်း အတော်ပင် ချောမော လှပသည်။ ပန်းနုရောင် ဝတ်စုံကို ဝတ်ထားပြီး အနီရောင်အပေါ်ဝတ် အင်္ကျီရှည်ကြီး ဝတ်ထားသည်။



ရေကို အားရပါးရသောက်ပြီးနောက်ခဏအကြာဝယ် မေ့မြောနေသော မိန်းကလေးမှာ သတိပြန်လည်လာဟန် မျက်လုံးများ ပွင့်လာသည်။

''အို....ရှင်ဘယ်သူလဲ''

မျက်စိအမြင်မှာတ် ကြည်လင်လာပြီးကိုန်လွှကိုမြင်တွေ့လိုက်ရသောအခါ မိန်းကလေးက မေးသည်။ လေသံမှာ အားမရှိ၊ တိုးညင်းသည်။ သို့သော် အလွန်သာယာသည်။

''ကျွန်တော့်နာမည် ကိုန်လွှပါ''

''ဩော်... သိုင်းလုလင် ခြောက်ဦးထဲက ချစ်လှလင်ကိုန်လွှလား''

''ဟုတ်ပါတယ်၊ မင်းဘယ်သူလဲ ဆိုတာကိုလဲ ကျုပ်မှန်းဆနိုင်ပါတယ်''

''ကောင်း....ဒါဖြင့်ပြောစမ်း၊ ကျွန်မဘယ်သူလဲ''

ကိုန်လွှဘစ်ချက် စဉ်းစားလိုက်သည်။

မိမိကို ချစ်လုလင်ကိုန်လွှဟု ဤမိန်းကလေးက သိနေသည်၊ ထို့ပြင် ဤမိန်းကလေးမှာ မိမိလိုပင် သစ်ဖောင်ဝယ် ကြိုးချည်ကာ ပင်လယ်ပြင်၌ မျှောပါလာခဲ့ရသည်။

သည်တော့ ဤမိန်းကလေးသည် လူငယ် သိုင်းသမား (၂၀)ဦးထဲမှ တစ်ဦးဦးဖြစ်ရမည်။

လူငယ်သိုင်းသမားများတွင် ဟသ်ာမယ် ငါးဖော်နှတ်သူဇာ ခုနစ်ပါးတို့သာ မိန်းကလေးများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာမယ် ငါးဖော်မှာ အဆောင်တစ်ဆောင်တည်းဖြစ်သောအဝတ်အစားများကို ဝတ်တတ်သည်။ ထို့ကြောင့်ဤမိန်းကလေးမှာ နတ်သုဇာ ခုနစ်ပါးအနက်မှဘယ်ယောက်ဖြစ်ရမည်ဟူ၍ ကိန်လွှေကောက်ချက်ချလိုက်သည်။

"မင်းဟာ နတ်သုဇာ ခုနစ်ပါးထဲက တစ်ယောက်ယောက်ဖြစ်လိမ့်မယ်"

"ရှင် မှန်းဆတာမှန်ပါတယ်၊ ကျွန်မနာမည်ကို မှန်းကြည့်ပါဦး"

"မင်းရဲ့မျက်လုံးတွေက ဝိုင်းစက်ပြီးသိပ်လှတယ်၊ နတ်သုဇာ ခုနစ်ပါးထဲက ဂန္ဓမာသုဇာ လင်ယုယုမှာ ဝိုင်းစက်လှပတဲ့ မျက်လုံးတွေရှိတယ်လို့ ပြောသံ ကြားဖူးပါတယ်"

"ရှင် မှန်းတာ ဒီတစ်ခါလဲ မှန်သွားပြန်ပြီ"

လင်ယုယုက ပြုံး၍ပြန်ပြောသည်။

"မင်း ဒီမှာ အေးအေးဆေးဆေး နေရစ်ခဲ့ဦး၊ မင်းကြည့်ရတာ အတော်ဆာနေပုံရတယ်၊ မင်းစားဖို့ ပုစွန်တုပ် သွားဖမ်းလိုက်ဦးမယ်"

ကိန်လွှေ ဤသို့ပြောပြီး ကမ်းစပ်ရှိရာသို့ လျှောက်လာခဲ့သည်။ လင်ယုယုအဖို့လောလောဆယ်တွင်အစာအာဟာရ စားသောက်ရန် အရေးအကြီးဆုံး ဖြစ်ကြောင်း ကိန်လွှေ သိထားသည်။

မကြာမီမှာပင် ကိန်လွှေသည် ပုစွန်တုပ်ကြီး နှစ်ကောင် ဖမ်းဆီးကာ လင်ယုယု ရှိနေသောနေရာသို့ ပြန်လာခဲ့သည်။



ကိန်လွှေက မီးဖိုမှမီးကို ပိုအရှိန်ကောင်းလာအောင် ထင်းများထပ်ဖြည့်ပေးပြီးနောက် ပုစွန်တုပ်ကို မီးကင်သည်။

လင်ယုယုက မီးပုံဘေးနားဝယ် အသာလဲလျောင်းနေရင်း ကိန်လွှေ၏လုပ်ဆောင်နေပုံများကို သေသေချာချာ ကြည့်နေသည်။

"ရှင်ဟာ ချစ်လုလင် ကိန်လွှေအစစ်ပဲနော်"

လင်ယုယုက မေးလိုက်သည်။

"ဘာလဲ၊ မင်းက တို့ပြောတာကို မယုံလို့လား"

"ချစ်လုလင် ကိန်လွှေဟာ မကောင်းမှုကိုဖယ်ပြီး အများကောင်းကျိုး ဆောင်ရွက်နေတဲ့ သိုင်းလုလင် တစ်ယောက်ဆိုတာ ကျွန်မ သိထားတယ်၊ သားသားနားနား ဝတ်စား နေထိုင်တတ်တယ်၊ သူ့ရဲ့ လက်စွဲတော် ကျင်းခိုးညီနောင် ဓားတို့နှစ်လက်နဲ့ ရန်သူအပေါင်းကို အရှုံးမရှိ အောင်ပွဲဆင်နိုင်ခဲ့တယ်လို့ ကျွန်မ ကြားဖူးထားတယ်။ အခုဘယ်လိုဖြစ်ပြီး ဒီကျွန်းပေါ် ရောက်နေတာလဲ"

"ဟား...ဟား...ဟား...ဂန္ဓမာသုဇာ လင်ယုယုဟာ သိုင်းစွမ်းပြီး ရုပ်ရည်သိပ်ချောတဲ့ သိုင်းလောကရဲ့ ပန်းတစ်ပွင့်ပဲ၊ သူတော့ ဘာကြောင့် ဒီကျွန်းပေါ် ရောက်နေတာလဲ"

ကိန်လွှေက ပညာသားပါပါဖြင့် ပြန်မေးလိုက်သည်။

"ရှင်လဲ ကျွန်မလိုပဲ သစ်ဖောင်မှာ ကြိုးနဲ့တုပ်ပြီး အမျှောခံလိုက်ရတာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ တို့ဟာ ရှစ်လပိုင်း ဆယ့်လေးရက်နေ့က ဟိုင်မိန် ဆိပ်ကမ်းကနေပြီး ခုံမင်ကျွန်းကိုသွားဖို့ ငါးဖမ်းလှေတစ်စီးနဲ့ ထွက်ခဲ့ပါတယ်၊ လမ်းမှာပဲ မေ့ဆေးပါတဲ့အစားအသောက်တွေ စားမိလို့ သတိလစ်သွားပြီး မင်းကြုံရတဲ့အဖြစ်မျိုးနဲ့ ကြုံခဲ့ရလို့ဆိုပါတော့၊ မင်းကကော ဘယ်လိုဖြစ်ပြီး ဒီအဖြစ်မျိုး ရောက်လာရတာလဲ"

"ကျွန်မလဲ ရှင့်လိုပါပဲ၊ ရှစ်လပိုင်း ဆယ့်လေးရက်နေ့ နေ့သယ်ပိုင်းလောက်မှာ ဟိုင်မိန်ဆိပ်ကမ်းက လှေတစ်စီးငှားပြီး ထွက်လာခဲ့တယ်၊ လှေဦးပိုင်ရှင် ကျွေးခဲ့တဲ့ လက်ဖက်ရည်ကြမ်းသောက်မိပြီး သတိလစ်သွားခဲ့တယ်၊ ပြန်သတိရလာတော့ ကျွန်မဟာ သစ်မောင်ပေါ်ရောက်နေတာ သိခဲ့ရတော့တာပါပဲ"

"တစ်ယောက်ယောက်ကတို့ကို ခုံမင်ကျွန်းမှာ ချိန်းဆိုထားတဲ့ မိတ်ဆုံစားသောက်ပွဲကို မသွားစေချင်လို့ တန့်တားတာပဲလို့ တို့ထင်တယ်၊ မင်းကော ဘယ်လိုတွေးမိသလဲ"

"ကျွန်မတော့ ဘာမှမတွေးတတ်ပါဘူးရှင်၊ ကျွန်မကိုယ်ကျွန်မ အိပ်မက်ဆိုးကြီး မက်နေတယ်လို့ပဲ ထင်မိတယ်"

ထိုသို့ စကားပြောနေဆဲဝယ် ပုစွန်တုပ်များ ကျက်လာပြီမို့ ကိန်လွှေက အသင့်စားနိုင်ရန် အခွံများကို ခွာ၍ လင်ယုယုကို တမ်းပေးလိုက်သည်။



"ရော့….စားလိုက်ဦး၊ ဗိုက်ပြည့်အောင် စားပြီးမှ စကားဆက်ပြောတာပေါ့"

"ရှင် ဒီကျွန်းပေါ်ရောက်နေတာ ကြာပြီလား"

လင်ယုယုက ပုစွန်တစ်ကောင်ကို မြိန်ရေရှက်ရေစားရင်း မေးသည်။

"မင်းထက် တစ်နာရီကျော်ကျော်လောက်ပဲ ပိုစောပါတယ်"

"ဒီကျွန်းက ဘာကျွန်းလို့ခေါ်လဲ"

"မိစ္ဆာကျွန်းတဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်လောက်ကတော့ ဒီကျွန်းဟာ ပင်လယ်ဓားပြဘတ်စုရဲ့ အခြေစိုက်စခန်းတစ်ခုဖြစ်တယ်၊ အကုန်သကုန်ကြဘယ်လို့ ပြောသံကြားတာပဲ၊ အခုချိန်မှာတော့ ဒီကျွန်းပေါ်မှာ သောင်တင်နေတဲ့ အဘိုးအိုဘစ်ယောက် ရှိနေဘယ်၊ ဒီကျွန်းပေါ်ရောက်နေတာ ငါးနှစ်ကျော်ပြီတဲ့"

ကိန်လွှေက ဆက်လက်၍ မိစ္ဆာကျွန်းအကြောင်းကို ရှင်းပြသည်။ ကိန်လွှေ အကြောင်းစုံရှင်းပြပြီးချိန်ဝယ် လင်ယုယုမှာလဲ ပုစွန်မီးကင်များကို ကုန်စင်အောင် စားသောက်ပြီးနေပေပြီ။

"ဒီကျွန်းကနေ ထွက်သွားနိုင်တဲ့ နည်းလမ်းလေးဘာလေး မရှိဘူးလား"

"တို့လဲ ဒီကျွန်းက ထွက်သွားနိုင်မယ့်နည်းလမ်းကို စဉ်းစားနေတာပဲ၊ အခုထက်ထိတော့ ဘယ်သို့မှ အကြံမရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ခုံမင်းကျွန်း မိတ်ဆုံစားသောက်ပွဲကို တက်ရောက်ဖို့ အဖိတ်ခံရတာဟာ လူငယ်သိုင်းသမား နှစ်ဆယ့်ခုနစ်ယောက်စလုံးပဲ။ တကယ်လို့ ဒီမိတ်ဆုံစားသောက်ပွဲကို ဖျက်အောင်ဖျက်ချင်တဲ့လူတစ်စုရှိနေတယ်ဆိုရင် ကျွန်မတို့ နှစ်ယောက်တည်းကို ကွက်ပြီး ဟန့်တားမှာ မဟုတ်ဘူး။ အဲဒါကို ရှင်စဉ်းစားမိရဲ့လား''

လင်ယုယုက စကားလမ်းပြောင်း၍ ပြောသည်။

''မင်း ဘာကိုဆိုလိုတာလဲ''

''ဒီလိုပါ၊ ခုံမင်းကျွန်းကိုသွားမယ်ဆိုရင် အများအားဖြင့် ဟိုင်မိန်ဆိပ်ကမ်းကနေ တစ်ဆင့် သွားလေ့ရှိတယ် မဟုတ်လား၊ ကျွန်မရယ် ရှင်ရယ်က ဆယ့်လေးရက်နေ့မှာ ဟိုင်မိန်ဆိပ်ကမ်းကနေ ထွက်လာခဲ့ပြီး ဟောဒီကျွန်းပေါ်ကို ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြတယ်၊ တကယ်လို့ ကျွန်မတို့နဲ့ တစ်နေ့ထဲ ဟိုင်မိန်ဆိပ်ကမ်းကနေ ထွက်လာတဲ့ တခြားလူငယ် သိုင်းသမားတွေရှိရင် သူတို့လဲ ကျွန်မတို့ ကြုံရတဲ့ အဖြစ်မျိုးကြုံပြီး ဒီကျွန်းဘက်ကို မျောလာနိုင်မယ် လို့ ကျွန်မ စဉ်းစားမိတယ်''

''ဟုတ်တယ်၊ မင်းပြောတာ ဖြစ်နိုင်တယ်''

''ဒီလိုဆိုရင် ဒီကျွန်းကိုမျောလာတဲ့ တခြားလူတွေ လိုတွေ့ပြီး ကမ်းခြေမှာ လိုက်ကြည့်ရအောင်လား''

''ကြည့်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ခုန ပြောတဲ့ အဘိုးကြီးက ကျွန်း အရှေ့ဘက်ပိုင်းကို လုံး ခြေဦးမလှည့်ရဘူးလို့ တားမြစ်ထားတယ်''



''ဒီလိုဆိုရင်လဲ ကျွန်းအနောက်ဘက်ပိုင်းက ကမ်းခြေမှာပဲ သွားကြည့်ပေါ့၊ ပင်လယ်ထဲမျောလာတဲ့ သစ်ဖောင်တွေ ရှိနေသေးရင် ဒီကျွန်းရဲ့အနောက်ဘက်ကမ်းခြေမှာပဲ လာတင်မှာပါ''

''ကောင်းပြီ၊ တို့သွားကြည့်လိုက်မယ်''

ကိန်လွေက ဤသို့ပြောဆိုကာ ကမ်းခြေဘက်သို့ ထွက်လာခဲ့သည်။

သူ၏စိတ်ထဲတွင် စောစောပိုင်းကလို မဟုတ်တော့ဘဲ အတော်လေး ပေါ့ပေါ့ရွှင်ရွှင် ရှိနေသည်။

လင်ယုယုလို မိန်းမချောလေးတစ်ယောက် ရှိနေသောကြောင့် ဤကျွန်းမှထွက်မသွားနိုင်ဘဲ သောင်တင်နေလျှင်လည်း အခြေအနေသိပ်မဆိုးလှဟု ကိန်လွေ တွေးမိသည်။

နတ်မိမယ်တမျှ ချောမောလှသော ဂန္ဓမာသူဇာ လင်ယုယုနှင့်သာ အတူနေရပါက ဤလိုကျွန်းမျိုးတွင် မဆိုထားဘိ ငရဲပြည်တွင်ပင်ဖြစ်စေ ပျော်စရာကောင်းမည်ဟု ကိန်လွေ ထင်မိသည်။

မိစ္ဆာကျွန်းမှာ သိပ်မကျယ်လှပေ။ အချိန်အနည်းငယ် အတွင်းမှာ ကမ်းခြေတစ်လျှောက် ရှာကြည့်ပြီးသွားသည်။

ကိန်လွေက ကမ်းခြေဝယ် လေးငါးခေါက်မျှ လျှောက်လှမ်းကာ လိုက်လံကြည့်သေးသည်။ ကမ်းခြေတွင်သာမက ဝင်လယ်ပြင်ထဲသို့လည်း လှမ်းမျှော်ကာ ကြည့်သေးသည်။

မည်သည့်သစ်ဖောင်မျှ မျောလာသည်ကို မတွေ့ရ။

www.burmeseclassic.com

ကိန်လွေသည် ကျွန်းကမ်းခြေဝယ် နာရီဝက်ခန့် အချိန်ဖြုန်းပြီးနောက် လင်ယုယုရှိနေသော မီးပုံနားသို့ ပြန်လာခဲ့သည်။

မီးပုံရှိရာသို့ ရောက်သောအခါ လင်ယုယုကို မတွေ့ရသည့်အတွက် ကိန်လွေ၏ရင်ထဲဝယ် ဒိန်းခနဲဖြစ်သွားသည်။

''ကျွန်မ ဒီမှာပါ''

ကိန်လွေက အနီးဝန်းကျင်ကို လိုက်ရှာမည်အပြု လင်ယုယု၏ စကားသံကို ကြားလိုက်ရသည်။

အသံလာရာဘက်သို့ ကိန်လွေ လှည့်ကြည့်လိုက်သည်။ ကျောက်ဆောင်တစ်ခု၏ နောက်ကွယ်မှ မပြုံးတပြုံးအမူအရာနှင့် ထွက်လာသော လင်ယုယုကို တွေ့ရသည်။

ကိန်လွေ ကမ်းခြေဘက်သို့ သွားနေဆဲဝယ် လင်ယုယုက ရေစိုနေသော အဝတ်အစားများကို ခြောက်သွေ့အောင် မီးပုံဝယ်လှန်းပြီး သေသေသပ်သပ် ပြန်ဝတ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် ပြေလျော့နေသော ဆံကေသာများကိုလည်း ပြန်လည်ထုံးဖွဲ့ထားသည်။

အတော်လေးပင် လှလှပပဖြစ်နေသည်။

''ဘယ့်နှယ်လဲ''

လင်ယုယုက မေးသည်။

''အတော်လှလာပါပြီ''

ကိန်လွေက ဤသို့ပြန်ပြောလိုက်ရာ လင်ယုယု၏မျက်နှာကလေး ရဲခနဲဖြစ်သွားသည်။



''ကမ်းခြေမှာ မျောလာတဲ့လူတွေ့သလားလို့ မေးတာပါရှင်''

''ဩော် အဲဒါလား၊ ဘာမှ မတွေ့ရဘူး၊ ဒီဘက်ကိုကိုနှစ်ယောက်ပဲ မျောလာကြတာနဲ့တူတယ်''

လင်ယုယုက မီးပုံရှိရာသို့ လျှောက်လှမ်းလာပြီး မီးပုံအားဝယ် ဒူးပုဆစ်တုပ်ကာ ပိပိရိရိထိုင်ချသည်။

''ဂန္ဓမာသူဇာ လင်ယုယုနဲ့ ပတ်သက်ပြီး တို့ကြားဖူးခဲ့ထူးခြားတဲ့အကြောင်းတစ်ခု ရှိသေးတယ်''

''ဘာအကြောင်းများလဲ''

''ဂန္ဓမာသူဇာ လင်ယုယုရဲ့ ကိုယ်သင်းနံ့တာ ဂန္ဓမာပန်းနံ့လိုပဲ သိပ်မွှေးပျံ့တယ်ဆိုပဲ''

''ခစ်...ခစ်...ခစ်... ဟိုတုန်းကတော့ ဟုတ်ပါတယ်၊ အခုတော့ ပင်လယ်ထဲမှာ မျောနေခဲ့ရလို့ ကိုယ်သင်းနံ့ပျောက်ပြီး ပုပ်စော်နံနေမလား မပြောတတ်ဘူး''

လင်ယုယုက ပြုံးရယ်၍ ပြန်ပြောသည်။

''ပုပ်စော်မနံဘူးဆိုတာတော့ သေချာပါတယ်''

''ကဲ... ရှင်ကိုယ်တိုင် သိသွားအောင် နမ်းကြည့်ပါလား''

လင်ယုယုက ဤသို့ပြောပြီး ညာလက်ကို ဆန့်တန်းပေးလိုက်သည်။ ကိန်လွေသည်း ဝမ်းသာသွားကာ ဖြူဖွေးနေသော လက်ဖမိုးလေးကို အသာငုံ့နမ်းလိုက်သည်။

www.burmeseclassic.com



“ဟာ…ဟုတ်တယ်… ဟုတ်တယ်၊ ဂန္ဓမာပန်းနံ့ မွှေးတယ်”

“ရှင်ဟာ ကိုယ်သင်းနံ့ကို သေသေချာချာ နမ်းခွင့်ရတဲ့ ပထမဆုံးလူပဲ၊ ဘာကြောင့် ဒီလိုအခွင့်အရေးပေးရတာလဲဆိုတာ ရှင်သိရဲ့လား”

“ဘာကြောင့်လဲဆိုတာ ပြောပြစမ်းပါဦး”

“အဓိကအကြောင်း နှစ်ချက်ရှိတယ်၊ ပထမအချက်က ကျွန်မအသက်ကို ကယ်ခဲ့တဲ့ အတွက်ပါ၊ ဒုတိယအချက်ကတော့ အလှအပကိုမြတ်နိုးချစ်ခင်တတ်တဲ့ချစ်လှလင်ကိုနီလွှ ဖြစ်နေလို့ပါပဲ”

“အခုရှိကြားရတာ ဝမ်းသာပါတယ်၊ ဂုဏ်လဲ ယူပါတယ်”

“ရှင်က လှစေတဲ့ မိန်းကလေးတိုင်းကို မြတ်မြတ်နိုးနိုး ရှိတာပဲလား”

“ဟာ… ဒီလိုလဲ မဟုတ်ပါဘူး၊ မိန်းကလေးတွေမှ မဟုတ်ပါဘူး၊ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် လှပတဲ့ အရာအားလုံးကို ကျွန်တော်က မြတ်နိုးပါတယ်၊ ချစ်ခင်ပါတယ်”

“ဒီလိုဆိုရင် ချစ်လှလင်အစား မေတ္တာလှလင်လို့တောင် ခေါ်ဖို့ကောင်းတယ်”

“ဒါတွေ ထားလိုက်ပါဦး၊ အခု ဘာဆက်လုပ်ရင် ကောင်းမလဲ”



“ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာ အခုလောလောဆယ် မပြောချင်သေးဘူး၊ ကျွန်မ အတော်ပန်းပြီး အားနည်းနေတယ်၊ ဒီတော့ လေးငါးရက်လောက် အနားယူလိုက်ဦးမယ်၊ ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြတာပေါ့”

“ဟုတ်တယ်၊ မင်းပြောတာ ကောင်းတယ်”

“ဒီတော့ ညအိပ်နိုင်ဖို့ လိုဏ်ဂူဘာစ်ခုခု အရင်ရှာရမယ်၊ ဒီကျွန်းပေါ်မှာ လိုဏ်ဂူတွေဘာတွေရှိသလား”

“မပြောတတ်ဘူး၊ ရှိရင်လဲ ရှိလိမ့်မယ်၊ လိုက်ရှာကြည့်တာပေါ့”

ဤသို့ဖြင့် ကိန်လွှနှင့် လင်ယုယု နှစ်ယောက်သည် ကျွန်းတွင် အိပ်စက်နေထိုင်နိုင်မည့်လိုဏ်ဂူကို လိုက်ရှာကြသည်။

ကျွန်းအနောက်ဘက်ပိုင်းတစ်ခုလုံးသာ နှံ့သွားသည်။ လိုဏ်ဂူလေး တစ်ခုတလေမျှပင် ရှာ၍ မတွေ့ပေ။

“ကိုင်း…အနောက်ဘက်ပိုင်းမှာတော့ လိုဏ်ဂူဘာစ်ခုမှ ရှာလို့မတွေ့ဘူး၊ ကျွန်းအရှေ့ဘက်ပိုင်းကို သွားရှာကြည့်ရအောင်”

“ဟာ…သွားလို့မဖြစ်ဘူး၊ အဘိုးကြီးက ကျွန်းအရှေ့ဘက်ပိုင်းကို မလာဖို့ တင်းတင်းကျပ်ကျပ် တားမြစ်ထားတာ မင်းမေ့နေပြီထင်တယ်”

“အဲဒီ အဘိုးကြီးရဲ့ သိုင်းပညာ အတော်အစွမ်းထက်လား”

www.burmeseclassic.com



"သူ့ကြည့်ရတာ သိုင်းပညာ အတော်ကောင်းပုံရ တယ်၊ အတွေ့အကြုံ ရင့်ကျက်တဲ့ ဝါရင့်သိုင်းသမားကြီး တစ်ယောက်နဲ့တူတယ်၊ ပြီးတော့ သူ့ဆီမှာ ဓားကောင်း တစ်လက်လဲရှိတယ်၊ ဒါပေမယ့် သူက ငါးနှစ်ကျော်ကျော် ဝတ်တစ်လှည့်ပြတ်တစ်လှည့် နေခဲ့ရတာဆိုတော့ အားအင် အတော် ဆုတ်ယုတ် ကုန်ခန်းနေပါပြီ၊ တကယ်တမ်း အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင်တော့ တို့အနေ နဲ့ သူ့ကို အနိုင်ရနိုင်ပါတယ်"

"ဒီလိုဆို ဘာများ ကြောက်စရာရှိလို့လဲ"

"ကြောက်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ သူက တို့ကို အသက်ကယ်ထားတာဆိုတော့ သူ့ကို ကလန် ကဆန် မလုပ်ချင်ဘူး"

"သူ့ကို ကလန်ကဆန်လုပ်တာတော့ မဟုတ်ပါဘူး။ ရှင်ပြောခဲ့တဲ့စကားတွေအရဆိုရင် အဘိုးကြီးဟာ စိတ် မှန်ပုံမရဘူး၊ ဒီတော့ သူ တားမြစ်တာကို အရေးထားမနေ ပါနဲ့"

"ဒီလိုဆိုရင်လဲ မင်းသဘောပါပဲ၊ ဒါပေမယ့် တကယ် လို့ မလွဲသာမရှောင်သာပဲ အဘိုးကြီးနဲ့ တိုက်ခိုက်ရမယ် ဆိုရင်တော့ ဆက်သတ်ညှာညှာလုပ်ပါ၊ သူ့ကို ဒဏ်ရာ အနာတရ မဖြစ်စေချင်ဘူး"

"စိတ်ချပါရှင်၊ ကျွန်မက လူတကာကို အသေအကျေ တိုက်ခိုက်တတ်တဲ့အစား မဟုတ်ပါဘူးရှင့်"



ထို့နောက် ကိန်လေ့နှင့် လင်ယုယုတို့ ကျွန်း၏ အရှေ့ ဘက်ပိုင်းသို့ ထွက်လာခဲ့ကြသည်။

* * *

ကိန်လေ့နှင့် လင်ယုယုတို့ ကျွန်းအရှေ့ဘက်ပိုင်းသို့ ရောက်လာကြသည်။

ကျွန်းအရှေ့ဘက်ပိုင်း၏ ပတ်ဝန်းကျင် အနေအထား မှာ ကျွန်းအနောက်ဘက်ပိုင်း၏ အခြေအနေနှင့် လွန်စွာ ကွာခြားသည်။

ကျွန်းအနောက်ဘက်ပိုင်းတွင် သစ်ပင်ဟူ၍ အနည်း အကျဉ်းသာရှိသည်။ ကျောက်တုံး ကျောက်ဆောင်များ ထူထပ်သည်။

ကျွန်းအရှေ့ဘက်ပိုင်းတွင်တော့ သစ်ပင်များ စိမ်းစိမ်း စိုစိုရှိနေသည်။

"ကျွန်းအရှေ့ဘက်ပိုင်းက အတော့်ကို စိမ်းစိမ်းစိုစို ရှိပါလား၊ အဘိုးကြီးက နေရာကောင်းကို သူ့အတွက် ယူထားတာကိုး၊ ဒီဘက်ပိုင်းမှာ တခြားထူးခြားချက်တွေ လဲ ရှိရဦးမယ်"

လင်ယုယုက ပြောသည်။ ထို့နောက် နှစ်ယောက်သား သစ်ပင်အုပ်လေး တစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။

www.burmeseclassic.com



သစ်ပင်များမှာ မြင့်မားသော ပင်စောက်ပင်ကြီးများ ဖြစ်ပြီး ကိန်လေွ စိတ်ထင်ခန့်မှန်းချက်အရ အပင် တစ်ထောင် နီးပါးရှိသည်။

သစ်ပင်အုပ်ကို ကျော်ဖြတ်မိသောအခါ ကျွန်း၏အရှေ့ဘက် ကမ်းခြေအနီးသို့ ရောက်လာကြသည်။

အဘိုးကြီးပြောသည့်အတိုင်းပင် ကျွန်းလေးမှာ သိပ်မကျယ်လှပေ။

ကိန်လေွနှင့် လင်ယုယုတို့ ကမ်းခြေသို့ ရွေးရှုလျှောက်လာကြစဉ်ဝယ် ကျောက်ဆောင်တစ်ခု၏ နောက်ကွယ်မှ အဘိုးအို ပြေးထွက်လာသည်။

အဘိုးအို၏ လက်ထဲဝယ် ပုဆိန်တစ်လက်ကို ကိုင်ဆောင်ထားသည်။ အဘိုးအိုက ဘာမပြောညာမပြောနှင့် ကိန်လေွကို ပုဆိန်ဖြင့် အတင်းဝင်ခုတ်သည်။

ကိန်လေွမှာ သတိဖြင့်နေသောကြောင့် ဘေးသို့ တိမ်းရှောင်လိုက်ရာ ပုဆိန်ချက်က ကပ်၍ လွဲသွားသည်။ တိမ်းရှောင်ပြီးသည်နှင့် ကိန်လေွက ချက်ချင်းပင် ညာခြေဖြင့် ခတ်ထုတ်လိုက်သည်။

“ဘုတ်”

အဘိုးအို၏ လက်မှ ပုဆိန်လွင့်ထွက်သွားသည်။

အဘိုးအိုက မလျှော့သေး။ ကိန်လေွကို ညာလက်ဝါးဖြင့် လှမ်းရိုက်ပြန်သည်။ ကိန်လေွနောက်သို့ တစ်ကွက်ခုန်ကာ တိမ်းရှောင်လိုက်ပြန်သည်။ အဘိုးအိုက ဘယ်လက်ဝါးဖြင့် ထပ်ဆင့်ကာ ရိုက်ပြန်သည်။



ဤတွင် ကိန်လေွက ညာလက်ဖြင့် အဘိုးအို၏ ဘယ်လက် လက်ကောက်ဝတ်ကို ‘ဆတ်’ခနဲ ပုတ်ထုတ်လိုက်၏။

နှစ်ရှည်လများ အငတ်ငတ် အပြတ်ပြတ် ဖြစ်ကာ အားအင်ချည့်နဲ့နေသောကြောင့် အဘိုးအိုမှာ ဟန်ချက်ကို မထိန်းနိုင်ဘဲ ယိမ်းယိုင်သွားသည်။ ကိန်လေွက အဘိုးအို၏ နောက်ကျောကို ဘယ်လက်ဝါးဖြင့် အသာတွန်းထုတ်လိုက်ပြန်သည်။

အဘိုးအိုမဟန်နိုင်တော့၊ မြေကြီးပေါ်သို့လဲကျသွား၏။

“ရှင်ပြောတာ ဒီအဘိုးကြီးလား”

လင်ယုယုက ကိန်လေွကို မေးလိုက်သည်။

“ဟုတ်တယ်....သူပဲ”

ကိန်လေွက ပြန်ဖြေသည်။ လင်ယုယုကလည်း မြေကြီးပေါ်လဲကျနေသော အဘိုးအိုကို သေသေချာချာအကဲခတ်ကြည့်လိုက်သည်။

အတော်ပင် အသက် ကြီးရင့်သည်။ ပိန်လှီလှသည့်အတွက် အဘိုးအို၏အသက် မည်မျှရှိမည်ကို မှန်းဆရန်ခက်လှသည်။

အရိုးပေါ်အရေဘင်ဖြစ်နေကာ အရိုးပေါ်သော တစ်ခုကို တွေ့မြင်ရသည့်အလား ထင်ရသည်။ အဘိုးအို၏ ညာမျက်ခုံးအောက်တွင် မှဲ့နက်တစ်ခုရှိသည်။

ညာဘက်ရင်ဘတ်နှင့် ဘယ်လက်မောင်းတွင် အတော်ကြီးသော အမာရွတ်များရှိသည်။ တစ်ချိန်သော အခါက အကျရာပြင်းပြင်းထန်ထန်ရခဲ့ဖူးတန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ အချိန်အတော်ကြာသည့် အထိ မြေကြီးပေါ်မှ ပြန်ထမလာနိုင်သေး သောကြောင့် ကိန်လွှေမှာ ကြည့်မနေသာတော့ဘဲ ဖေးမ ထူပေးလိုက်ရ လေသည်။

''အဘ ဘာမှ မဖြစ်ပါဘူးနော်''

ဤသို့ ပြောရင်း အဘိုးအို၏ ကိုယ်ခန္ဓာကို စမ်းသပ် စစ်ဆေး ကြည့်သည်။ မည်သည့် ဒဏ်ရာဒဏ်ချက်မျှ မရှိ။ အားစိုက်ခွန်စိုက် လှုပ်ရှား တိုက်ခိုက်လိုက်ရသောကြောင့် အားပြတ်ကာ ရုတ်တရက် ပြန်မထ နိုင်ခြင်းသာ ဖြစ်လေသည်။

''မင်းကို ဒီအရှေ့ဘက်ခြမ်းမလာရဘူးလို့ ပြောထားတယ်မဟုတ်လား''

ပြန်ထထိုင်နိုင်သည်တွင် အဘိုးအိုက မကျေမချမ်းနှင့် ပြောလိုက်သည်။

''တမင်သက်သက် လာတာ မဟုတ်ပါဘူး၊ ဟောဒီမိန်းကလေးလဲ ကျွန်တော့်လိုပဲ သစ်ဖောင်တစ်ခုနဲ့ မျောလာပြီး ကျွန်းရဲ့အနောက်ဘက်ကမ်းခြေမှာ လာတင်တယ်ဗျ၊ သူ့အတွက် နေရာထိုင်ခင်း လိုက်ရှာတာ ကျွန်းအနောက်ဘက်ခြမ်းမှာ တစ်ခုမှ မတွေ့ရဘူး၊ ဒါကြောင့် အရှေ့ဘက်ခြမ်းမှာ နေရာ ထိုင်ခင်းလေး ဘာလေး ရှိမလားလို့ လာကြည့်တာပါ''

ကိန်လွှေက ဆင်ခြေပေးလိုက်သည်။

''ဒါတွေ လာပြောမနေနဲ့၊ ဒီကိစ္စ ငါနဲ့ဘာမှမဆိုင်ဘူး။ မင်းဘာသာမင်း ဒီကောင်မလေးကို ကယ်ထားချင်တယ်



ဆိုရင် မင်းရဲ့အနောက်ဘက်ပိုင်းမှာပဲ ထားပါ၊ ဝါ့ဘက်ကို ကျူးကျော်မလာပါနဲ့''

''ကျွန်မတို့အနေနဲ့ အဘကို ဘယ်လိုမှအနှောင့်အယှက် မပေးပါဘူး၊ ဒါကိုစိတ်ချပါ၊ ဒီကျွန်းကနေ ဘယ်လိုလုပ်ပြီး ထွက်သွားနိုင်မယ်ဆိုတာ ကျွန်မတို့ တိုင်ပင်ပြီး ကြံဆနေပါတယ်''

လင်ယုယုက ဝင်ပြောသည်။

''မင်းတို့ ကြိုက်သလိုလုပ်ကြ၊ ငါနဲ့မဆိုင်ဘူး၊ ငါ့အဖို့ကတော့ ဟောဒီအရှေ့ဘက်ပိုင်းကို မင်းတို့မလာရင် ပြီးတာပဲ''

''ဒီလိုလဲ ဘယ်ဟုတ်မလဲလေ၊ အဘခရာ ကျွန်မတို့ရောက်ကြမှာဖန်တီးလို့ ဒီကျွန်းပေါ်မှာ လာသောင်တင်နေကြတယ်မဟုတ်လား၊ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံး လုပ်ကြမှ ဖြစ်မှာပေါ့၊ စုပေါင်းကြံဆ လုပ်ကိုင်မှ ဒီကျွန်းကထွက်သွားနိုင်မှာပေါ့၊ အဘတော ဒီကျွန်းက မခွာချင်ဘူးလား''

''ငါ ဒီကျွန်းက ထွက်မသွားချင်ပါဘူး၊ ကဲ…ကဲ မင်းတို့နဲ့ငါ စကားဆက်မပြောချင်တော့ဘူး၊ မင်းတို့ဘာသာ မင်းတို့ အနောက်ဘက်ပိုင်းကို ပြန်ကြပါတော့''

''ဘာကြောင့် ဒီလောက်တောင် နှင်နေရတာလဲအဘရဲ့၊ ဒီကျွန်းအရှေ့ဘက်ပိုင်းမှာ တာလျှို့ဝှက်ချက်တွေရှိလို့လဲ၊ ကော်ဖီ ရတနာသိုက်တစ်ခုခုများ ရှိနေလို့လား''

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွှေက မပြုံးတပြုံး အမူအရာဖြင့် ဝင်ပြောလိုက်သည်။

''ဟိတ်ခကောင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ဒီကျွန်းမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူးကွ၊ ဘာ ရတနာ သိုက်မှလဲ မရှိဘူး''

''ဒါဖြင့် ဘာကြောင့် ကျွန်းအရှေ့ဘက်ပိုင်းကို မလာရဘူးလို့ အတင်းအကျပ် တားမြစ် နေရတာလဲ''

''ဒီနေရာ တစ်ဝိုက်ဟာ ငါ့ရဲ့ အိုးအိမ်လို့ ဖြစ်နေတယ်ကွ၊ ဒီနေရာကို လူစိမ်းတွေလာတာ ငါမကြိုက်ဘူး''

''တိုင်း....ဒီလိုဆိုရင်လဲ ကျွန်မတို့ သစ်လုံးလေးငါးလုံးလောက်နဲ့ ဓနိခက်တွေတော့ ခုတ်ယူသွားချင်တယ်၊ ကျွန်းအနောက်ဘက်ခြမ်းမှာ ကောင်းကောင်းမွန်မွန် နေနိုင်တဲ့ နေရာ မရှိဘူး၊ ဒီတော့ ယာယီတဲလေး ဖြစ်ဖြစ် ထိုးနေရမယ်''

လင်ယုယုက ကျွန်းကမ်းစပ်နားရှိ ဓနိတောလေးကို လက်ညှိုးထိုးပြပြီး ပြော၏။

''ဟာ...အဲဒီဓနိတွေက အိမ်မိုးဖို့ မသင့်လျော်ပါဘူး၊ ခုတ်သွားလဲ ပိုနေမှာပဲ''

အဘိုးအိုက ထိတ်ထိတ်ပျာပျာပြော၏။ ဓနိပင် ခုတ်ယူမည်ဆိုခြင်းကို ရှေဆယ်ပိဿာ ဆုံးရှုံးတော့မည့်အသွင်မျိုး ဖြစ်နေသည်။

''ကိန်လွှေရေ၊ ကျွန်မအကြံကို ဘယ်လိုသဘောရလဲ''

လင်ယုယုက ကိန်လွှေကို လှမ်းမေး၏။



''ကောင်းပါတယ်၊ နေစရာထိုင်စရာ ကောင်းကောင်း မရှိဘူးဆိုတော့ ယာယီတဲလေးထိုးနေမှဖြစ်မှာပေါ့''

''ဒီလိုဆိုရင် သူ့ပုဆိန်ကိုပဲ ခဏသုံးရမှာပဲ၊ ကဲ...ဓနိ လက်တွေ အရင်ခုတ်ရအောင်''

လင်ယုယုက ဤသို့ပြောပြီး မြေကြီးပေါ်ကျနေသော ပုဆိန်ကို ကောက်ယူလိုက်၏။ ထို့နောက် ကိန်လွှေနှင့် လင်ယုယုတို့သည် ဓနိတောလေးရှိရာသို့ လျှောက်လာခဲ့သည်။

အဘိုးအိုမှာမူ မြေကြီးပေါ် ထိုင်နေရာမှ မထသေးဘဲ ကိန်လွှေတို့ကို အမျိုးမျိုး ဆဲဆိုကြိမ်းမောင်းရင်း ကျန်နေခဲ့သည်။

''ယုယုရေ၊ အဘိုးကြီး အတော်ဒေါပွနေပြီထင်တယ်''

ကိန်လွှေက လင်ယုယုကို တီးတိုးပြောလိုက်သည်။

''ပွချင်သလောက် ပွပါစေ၊ ဓနိခက် နည်းနည်းပါးပါးခုတ်တာလောက်နဲ့ သူ့ကို ဘယ်လိုမှ မထိခိုက်နိုင်ပါဘူး''

''အင်းလေ၊ ဒါလဲဟုတ်တာပဲ''

နှစ်ယောက်သား ဆက်လက်လျှောက်လာကြရာ ခဏအကြာဝယ် ဓနိတောလေးထဲသို့ ရောက်လာကြသည်။

ဓနိတောလေးထဲသို့ရောက်သည်နှင့် ထူးခြားသော မြင်ကွင်းတစ်ခုကိုတွေ့ရသောကြောင့် နှစ်ယောက်သား အလွန်အံ့အားသင့်သွားကြ၏။

သူတို့မြင်လိုက်ကြရသည့်မြင်ကွင်းမှာ ဆောက်လုပ်ပြီးစီးလုနေသော လှေကြီးတစ်စင်း။

www.burmeseclassic.com



လှေမှာ ပင်လယ်ကူးလှေကြီးဖြစ်ပြီး အနံ ပေ ၂၀၊ အလျား ပေ ၅၀-ခန့်ရှိ၏။

လှေဝမ်းအောက်ခြေကို သစ်တုံးအချို့နှင့် တုံးခုထားသည်။ လှေကြီး၏ အနောက်ဘက်တွင် ကမ်းစပ် ရေပြင်အရောက် အသင့်လှော်ချနိုင်သည့် ဆင်ခြေလျှောလမ်းလေး တစ်ခုလည်း ရှိနေသည်။

အနီးအနားတစ်ဝိုက်တွင် ရွှေပေါ်စာများနှင့် သစ်သား အဘိုအစများပြန့်ကျဲနေသည်။ အသစ်နှင့်အဟောင်း အဆွေးများ ရောနှောနေသည့်အတွက် ဤလှေကြီး တည်ဆောက်နေသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ကြောင်း ခန့်မှန်း သိရှိနိုင်သည်။

''ဒီအဘိုးကြီးက တယ်တစ်ကိုယ်ကောင်းဆန်ပါလား၊ သူက ဒီကျွန်းကနေ တစ်ယောက်တည်း ထွက်သွားဖို့ ကြံထားတာကိုး''

လင်ယုယုက မကျေနပ်သည့်အသွင်ဖြင့်ပြောသည်။

''ဒီလိုလဲ မပြောပါနဲ့လေ၊ တခြား အရေးကြီးတဲ့ လျှို့ဝှက်ချက်တွေ ရှိချင်ရှိဦးမှာပေါ့၊ နေရာအနှံ့ လိုက်ကြည့်ကြရအောင်''

ကိန်လေ့က ပြော၏။

သူတို့နှစ်ယောက် ဆက်လက်ရှာဖွေကြပြန်ရာ မနီးဝေးအလွန်ရှိ ကုန်းမြင့်လေးပေါ်တွင် သင်္ချိုင်းဂူလေးခုကို တွေ့ကြရပြန်သည်။



သင်္ချိုင်းဂူများတွင် ကမ္ပည်းရေးထိုးထားခြင်း မရှိပေ။

''ဒီအတိုင်းဆိုရင် အရင်ကတည်းက ဒီကျွန်းပေါ်မှာ လူငါးယောက်ရှိရမယ်၊ ကျွန်တဲ့လေးယောက် သေဆုံးသွားပြီး အဘိုးကြီးတစ်ယောက်တည်း ကျန်နေခဲ့တာ ဖြစ်လိမ့်မယ်''

သင်္ချိုင်းဂူလေးခုကို တွေ့ရသည်တွင် ကိန်လေ့ မှတ်ချက်ချသည်။

''ဟောဒီလူလေးယောက်ဟာ အဘိုးကြီးရဲ့လက်ချက်နဲ့ သေကုန်ကြတဲ့လူတွေဖြစ်လိမ့်မယ်လို့ ကျွန်မထင်တယ်''

လင်ယုယုက မိမိ၏ယူဆချက်ကိုပြောသည်။

''မင်းက ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ''

ကိန်လေ့က အံ့ဩဟန်မေးလိုက်သည်။

''ရှင်ပဲ စဉ်းစားကြည့်လေ၊ တကယ်လို့ ရှင်သာ ဟောဒီကျွန်းပေါ်မှာ မိတ်ဆွေလေးယောက်နဲ့အတူတူ သောင်တင်နေပြီး သူတို့လေးယောက်လုံး အကြောင်းတစ်ခုခုကြောင့် သေသွားရင် ကျန်ရစ်ခဲ့တဲ့ ရုပ်အလောင်းတွေကို ဘယ်လိုစီစဉ်မလဲ''

''သူတို့ရဲ့အလောင်းတွေကို ကျကျနနမြေမြှုပ်ပေးရမှာပေါ့''

''ဒါတင်ပဲလား၊ ပြီးတော့ကော__''

''မြေမြှုပ်ပေးရုံအပြင် ဘာလုပ်နိုင်ဦးမှာမို့လဲ၊ သရုပ်ဝင်တွေ ဘာတွေတင်ပေးရအောင် ဒီကျွန်းမှာ ဘုန်းကြီးမှမရှိတာ''

www.burmeseclassic.com

www.burmeseclassic.com



"သရက္ခာကုံဘင်ပေးဖို့ ပြောတာ မဟုတ်ပါဘူး၊ သူတို့ကို အမှတ်ရတဲ့အနေနဲ့ ဆံချိုင်းမြေပုံမှာ သူတို့ရဲ့ နာမည်တွေနဲ့ ကွယ်လွန်တဲ့နေ့စွဲတွေကို ရေးမထားသင့်ဘူးလား"

"အင်း...ဟုတ်တယ်၊ အဲဒါတော့ လုပ်ပေးသင့်တယ်"

"အဘိုးကြီးကတော့ အလောင်းတွေကို မြေမြှုပ်ပေးပေမယ့် နာမည်တွေ ရေးထိုးမပေးခဲ့ဘူး၊ ဒါကြောင့် ဒီလူလေးယောက်ဟာ သူ့ရဲ့မိတ်ဆွေတွေဖြစ်ပေမယ့် သူ့လက်ချက်နဲ့ သေသွားကြရတာ ဖြစ်ရမယ်"

"အင်း...မင်း စဉ်းစားတာဖြစ်နိုင်တယ်၊ သူက ဒီလူလေးယောက်ကို ဘာကြောင့် သတ်ပစ်ရတာလဲ"

"သူက ပင်လယ်ကူးလှေကြီးကိုတိတ်တိတ်လေးဆောက်နေတယ်၊ အဲဒီလို လှေကြီးဆောက်နေတာကို သိပ်ပြီး လျှို့ဝှက်ထားချင်တယ်၊ ကျွန်မတို့ သိမှာစိုးတဲ့အတွက် ရှင့်ကို အသေသတ်ဖို့တောင် ကြံသေးတယ် မဟုတ်လား၊ ဒါတွေကို ဆက်စပ်စဉ်းစားကြည့်ရင် အဖြေပေါ်လာပါလိမ့်မယ်"

ကိန်လေ့ စဉ်းစားကြည့်သည်။ သိသလိုလိုတော့ရှိ၏။ တိတိကျကျအဖြေရှာ၍မရ။

"ဘယ့်နှယ်လဲ၊ စဉ်းစားလို့ရပြီလား"

လင်ယုယုက ငေးငိုင်စဉ်းစားနေသော ကိန်လေ့ကို မေးသည်။

"ဟင့်အင်း"



"ဒီကျွန်းပေါ်မှာ အဲဒီအဘိုးကြီးက လျှို့ဝှက်ရတနာသိုက် တစ်ခုခုကို တွေ့ထားတာ ဖြစ်မှာပေါ့"

"မှာ...ဟုတ်ပါ့မလား၊ ဒီလိုနေရာမျိုးမှာ လျှို့ဝှက်ရတနာသိုက်တွေ ဘာတွေရှိနိုင်မှာလဲ"

"ရှိမရှိ သေသေချာချာသိရအောင် လိုက်ရှာကြည့်ကြတာပေါ့၊ ကျွန်မက ကျိန်းသေ ရှိကိုရှိရမယ်လို့ထင်တယ်၊ လောင်းတောင် လောင်းရဲသေးတယ်"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဘာကြေးလောင်းမှာလဲ"

"ရှင်ပြောလေ"

"ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း လျှို့ဝှက်ရတနာသိုက်ကို ရှာလို့မတွေ့ဘူးဆိုရင် မင်းရဲ့လက်ကို နောက်ထပ်သုံးကြိမ်သုံးခါ နမ်းခွင့်ပေးရမယ်"

"သဘောတူတယ်၊ တကယ်လို့ လျှို့ဝှက်ရတနာသိုက်ကို ရှာတွေ့ရင်တော့ အခုအချိန်ကစပြီး နောက်ခြောက်လအတောအတွင်းမှာ ရှင်က ကျွန်မအမိန့်ကိုနာခံပြီး ကျွန်မခိုင်းတာ အားလုံးကို တစ်သဝေမတိမ်း လုပ်ပေးရမယ်"

"ဟား...ဟား...တား...စိန်လိုက်လေ"

ထို့နောက် ကိန်လေ့နှင့် လင်ယုယုတို့ ခနိတောလေးအတိုက်တွင် လိုက်ရှာကြည့်ကြသည်။ ဘာမျှမတွေ့ရ။

သစ်ပင်အုပ်လေးထဲဝယ် လိုက်ရှာကြည့်ကြပြန်သည်။ ဘာထူးခြားချက်မျှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်း၏ အရှေ့တက်တမ်းခြေတစ်ဝိုက်ကို လိုက်ကြည့်ကြပြန်သည်။ ထိုနေရာတစ်ဝိုက်တွင်မူ ကျောက်ဆောင်များ ထူထပ်သည်။

အချိန်အတော်ကြာ လှည့်လည် ရှာဖွေကြရာ နောက်ဆုံးတွင် လှို့ဝှက်လိုဏ်ဂူတစ်ခုကို သွားတွေ့ကြသည်။

လိုဏ်ဂူဝမှာ သိပ်မကျယ်ပေ။ လှို့ဝှက်တံခါးတစ်ခုဖြင့် လိုဏ်ဂူကိုပိတ်ထားသည်။ တံခါးမှာ ရိုးရိုးကျောက်ပြား တံခါးတစ်ခုသာဖြစ်ပြီး မည်သည့်လှို့ဝှက်ခလုတ်မျှ တပ်ဆင်မထားပေ။ တံခါးကို သစ်ပင်များဖြင့် ဖုံးအုပ်ကာ မျက်ကွယ်ပြုထားခြင်းရှိသည်။

ထို့ကြောင့် ကိန်လွေအနေဖြင့် တံခါးကို အလွယ်တကူ ဖွင့်နိုင်သည်။

တံခါးပွင့်သွားပြီးနောက် နှစ်ယောက်သား လိုဏ်ဂူထဲ အသာဝင်ရောက်လာခဲ့ကြသည်။

* * *

သူဌေး စမ်းကွမ်းရိုလင်၏ နေအိမ်ကို အလွယ်ပင် ရှာတွေ့သည်။

အိမ်ကြီးမှာ လွန်စွာ ခမ်းနားထည်ဝါသည်။ ခြံဝင်းကြီးကလည်း ကျယ်ဝန်းသည်။ ခြံဝင်းတံခါးမှာ စေ့စေ့ပိတ်လျက် ရှိသည်။



ကိန်လွေက တံခါးရွက်ဝယ် တပ်ဆင်ထားသော ကြေးညှင်းကို လှုပ်ခါ၍ အသံပြုလိုက်သည်။

တံခါးစောင့် ဖြစ်ဟန်တူသော အဘိုးအိုတစ်ယောက် ထွက်လာသည်။ အဘိုးအိုက တံခါးကို တစ်ပေသာသာခန့် ဖွင့်ကာ ကိန်လွေတို့ကို အကဲခတ်ကြည့်ပြီး မေးသည်။

"ဘာကိစ္စရှိလို့လဲ"

"နဂါးလေးစမ်းကွမ်းယဲ့နဲ့ တွေ့ချင်လို့ပါ"

"သူအခု အိမ်မှာမရှိဘူး"

အဘိုးအိုက ဤသို့ပြောပြီး တံခါးကို ပြန်ပိတ်လိုက်၏။ ကိန်လွေက တံခါးအပိတ်မခံဘဲ ကမန်းကတန်း စကားဆိုလိုက်သည်။

"နေပါဦး၊ တံခါးမပိတ်ပါနဲ့ဦး၊ ကျွန်တော်တို့ဟာ နဂါးလေး စမ်းကွမ်းယဲ့ရဲ့ သူငယ်ချင်းတွေပါဗျ"

"သူ အခုအိမ်မှာမရှိဘူးလို့ ပြောပြီးပြီပဲ၊ ဘာရှည်နေတာလဲ"

"သူ ဘယ်သွားနေသလဲ"

"မသိဘူး"

ကိန်လွေက လင်ယုယုကို မျက်ရိပ်ပြကာ တံခါးကို တွန်းဆွဲဖွင့်ပြီး ခြံဝင်းထဲ ဝင်လိုက်သည်။

"ဟော့....ဟော့ ဒါဘာလုပ်တာလဲ၊ မင်းတို့တွေ့ချင်တဲ့ နဂါးလေးမရှိပါဘူးလို့ ပြောပြီးပြီမဟုတ်လား"

"တွတ်ကဲ့၊ ကျွန်တော်တို့က သူဌေးမင်း စမ်းကွမ်းလင်နဲ့ သွားတွေ့မလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



“သခင်ကြီးက ဘယ်ဒေသသည်ကိုမှ အတွေ့မခံဘူး”

“ဘာဖြစ်လို့ အတွေ့မခံတာလဲ”

“ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွ၊ အတွေ့မခံဘူးလို့ ဆိုရင် အတွေ့မခံဘူးပေါ့”

“ကျွန်တော်တို့ဟာ သူ့သားရဲ့မိတ်ဆွေတွေ၊ သူငယ်ချင်းတွေဆိုတာသိရင် အတွေ့ခံမှာပါဗျာ”

ကိန်လွှေက ရယ်ကျဲကျဲပြောရင်း ရှေ့သို့ဆက်လျှောက် လှမ်းလာခဲ့သည်။ လင်ယုယုလည်း ဘေးမှလိုက်လာခဲ့သည်။

“ဟော့ကောင်တွေ၊ မင်းတို့ ရိုင်းလှချည်လားကွ၊ ခွင့် မပေးဘဲ ဘာကြောင့် သူများခြံဝင်းထဲ အတင်းအဓမ္မ ဝင်ကြရတာလဲ”

ခြံစောင့်အဘိုးအိုက ဆဲဆိုအော်ဟစ်ရင်း နောက်မှ လိုက်လာသည်။ ကိန်လွှေတို့က ကိုယ်ဖော့ပညာသုံးကာ ခြေ လှမ်းသွက်သွက်ဖြင့် လျှောက်လှမ်း လာခဲ့ကြသည်ဖြစ်သော ကြောင့် ခြံစောင့်အဘိုးအိုမှာ နောက်တွင် ပြတ်ကျန်ခဲ့ သည်။

အိမ်ကြီး၏ ရှေ့နားဆီသို့ ကိန်လွှေနှင့် လင်ယုယု ရောက်လာကြသည်။

ထိုအခိုက် အိမ်ထဲမှ လူတစ်ယောက်ထွက်လာသည်။

ထိုလူနှင့် ကိန်လွှေတို့မှာ အိမ်ရှေ့နားဝယ်မျက်နှာချင်း ဆိုင်မိကြသည်။ ထိုလူ၏ခြေလှမ်းများ တုံ့ရပ်သွားသည်။ ကိန်လွှေတို့ကလည်း ခြေလှမ်းရပ်လိုက်သည်။



“မိတ်ဆွေတို့က ဘာကြောင့် ရေးကြီးသုတ်ပျာ ဖြစ်နေကြရတာလဲ”

အိမ်ထဲမှထွက်လာသူက ပြောသည်။ ထိုလူမှာ အသက် ငါးဆယ်ခန့်ရှိသည်။ စာပေသမားတစ်ယောက်၏ အသွင် မျိုးဖြစ်ကာ စကားပြောပုံဆိုပုံ ဟန်ပန်အမူအရာ အတော် ပင် ယဉ်ယဉ်ကျေးကျေး ရှိသည်။

“ကျွန်တော့်နာမည် ကိန်လွှေပါ၊ ဟောဒါက ကျွန် တော့်သူငယ်ချင်း လင်ယုယု၊ ကျွန်တော်တို့ နဂါးလေး စမ်းကွမ်းယဲ့နဲ့ တွေ့ချင်လို့ လာခဲ့ကြတာပါ”

“ညီလေး အိမ်မှာမရှိဘူး၊ လွန်ခဲ့တဲ့လကပဲ သူ့မိတ်ဆွေ တွေနဲ့ ပြည်မကုန်းမြေဘက်ကို ကူးသွားကြတယ်”

“လက်စသတ်တော့ နောင်ကြီးက နဂါးလေးစမ်းကွမ်း ယဲ့ရဲ့ အစ်ကိုကိုး၊ နာမည်လေး သိပါရစေ”

“သိရပါတယ်၊ ကျုပ်နာမည် စမ်းကွမ်းထန်းပါ”

“ကျွန်တော်တို့မှာ နဂါးလေး စမ်းကွမ်းယဲ့နဲ့တွေ့မှ ဖြစ်မယ့် ကိစ္စအရေးတစ်ခုရှိနေပါတယ်၊ သူ ဘယ်ကိုသွားမယ်ဆို တာကိုတော့ နောင်ကြီး ပြောနိုင်မလား”

“ညီလေးက စိတ်ထင်တိုင်း သွားလာနေတာဆိုတော့ သူဘယ်ကိုသွားမယ်ဆိုတာ ပြောဖို့ခက်တယ်”

“ဒီလိုဆိုရင် နောင်ကြီးနဲ့ပဲ ပြောဆိုဆွေးနွေးပါရစေ”

“ရပါတယ်ဗျာ၊ အိမ်ထဲကြွကြွပါ”

ထိုအချိန်ဝယ် ခြံစောင့်အဘိုးအို သူတို့အနားသို့ရောက် လာသည်။ စမ်းကွမ်းထန်းကိုယ်တိုင် အိမ်ထဲသို့ ဖိတ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့ရသည့်အတွက် ဘာမျှမပြောတော့ဘဲ အသာရပ်ကြည့် နေလိုက်ရသည်။

"ကိုင်း....မိတ်ဆွေတို့ လာကြရတဲ့ အကြောင်းကိစ္စကို ပြောစမ်းပါဦး"

အိမ်ကြီး၏ ဧည့်ခန်းထဲဝယ် ထိုင်မိကြသောအခါ စမ်းကွမ်းထန်းက မေးလိုက်သည်။

"အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ နဂါးလေးစမ်းကွမ်းယဲ့ရဲ့ နာမည်ကိုသာကြားဖူးကြတာပါ၊ လူချင်းတော့ တစ်ခါမှ မဆုံကြဖူးပါဘူး"

"ဩော်....ဩော်"

စမ်းကွမ်းထန်းက အံ့ဩသည့်အသွင်ဖြင့် အာမေဍိတ်သံ ပြုသည်။

"နဂါးတစ်ကောင် ကျားညီနောင်၊ ကျားသစ်သုံးမျိုး စတဲ့ သူတွေ အကြောင်းကိုတော့ နောင်ကြီး သိထားမယ် ထင်ပါတယ်"

"ဝမ်းနည်းပါတယ်၊ ကျုပ်က ညီလေးလို မဟုတ်ဘူး။ လောကအကြောင်းကို လုံးဝမသိဘူး၊ ဒါပေမယ့် ရှစ်လပိုင်း လပြည့်နေ့ကတော့ ဟိုင်လိုပျော်ပွဲစားရုံမှာ ညီလေးက လူငယ်သိုင်းသမား နှစ်ဆယ့်ခုနစ်ယောက်ကို မိတ်ဆုံစားပွဲ တည်ခင်းဧည့်ခံတာကိုတော့ သိတယ်၊ ခင်ဗျားတို့ လူတွေဟာ အဲဒီလူငယ်သိုင်းသမား ဖြစ်မလားတော့ မပြောတတ်ဘူး"



"နောင်ကြီး ကြည့်ရတာ နဂါးလေး စမ်းကွမ်းယဲ့ရဲ့ လုပ်ငန်းကိုင်ကိုင်ငန်းတွေကိုလဲ သိပုံမရဘူး"

"မှန်ပါတယ်၊ ညီလေးဟာ ကျုပ်တို့မိသားစုထဲမှာ တစ်မျိုးတစ်ဘာသာလို ဖြစ်နေတယ်၊ သူလုပ်ကိုင်တာတွေကို ကျုပ်တို့က သိပ်သဘောမကျပါဘူး၊ ပြောမရလို့သာ လွှတ်ထားရတာ၊ ဒါကြောင့် သူ့ကိစ္စတွေမှာလဲ စိတ်မဝင်စားကြပါဘူး"

ဤအတိုင်းဆိုလျှင် စမ်းကွမ်းယဲ့၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ စမ်းကွမ်းထန်းထံမှ သတင်းအစအနရနိုင်မည်မဟုတ်သောကြောင့် ကိုနီလေ့ အတော်စိတ်ပျက်သွားမိသည်။

ကိုနီလေ့က လင်ယုယုအား အကူအညီတောင်းသည့် အကြည့်နှင့် လှမ်းကြည့်သည်။

"ကျွန်မတို့ သူဌေး စမ်းကွမ်းရိုဆင်နဲ့ တွေ့ချင်တယ်၊ တွေ့လို့ရနိုင်မလား"

လင်ယုယုက စမ်းကွမ်းထန်းကို လှမ်းပြောသည်။

"ဖေဖေဟာ နာမကျန်းဖြစ်ပြီး အိပ်ရာထဲ လဲနေပါတယ်၊ ဧည့်သည်တွေနဲ့အတွေ့မခံပါဘူး၊ ပြီးတော့ ရှင်းရှင်းပြောရရင် ညီလေး သိုင်းပညာသင်တာကို ဖေဖေက သဘောမကျဘူး၊ ညီလေးရဲ့အပေါင်းအသင်း သိုင်းသမားတွေကိုလဲ ဖေဖေက ကြည့်လို့မရဘူး၊ ဒီတော့ ခင်ဗျားတို့ နှစ်ယောက် ဖေဖေ့ကို သွားတွေ့ရင် ဘာမှအကျိုးထူးမှာ

www.burmeseclassic.com



မဟုတ်ဘူး၊ ခင်ဗျားတို့ပြောစရာအကြောင်းရှိရင် ကျုပ်ကို ပြောတာက ပိုအကျိုးရှိလိမ့်မယ်''

ကိန်လေ့နှင့် လင်ယုယုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဧည့်ခန်းထဲဝယ် ခေတ္တမျှတိတ်ဆိတ်သွားသည်။

ရုတ်တရက် လက်ပါးစေ လူငယ်လေးတစ်ဦး ဧည့်ခန်းထဲသို့အရေးတကြီးအမူအရာဖြင့် အပြေးအလွှားဝင်ရောက်လာကာ စမ်းကွမ်းထန်း၏ နားနားသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

စမ်းကွမ်းထန်း၏ အေးဆေးတည်ငြိမ်သော မျက်နှာမှာ သိသိသာသာ ပျက်သွားသည်ကို ကိန်လေ့တို့ တွေ့လိုက်ရသည်။

''ခင်ဗျားတို့နှစ်ယောက် ညီလေးကို တွေ့ချင်တယ်ဆို''

စမ်းကွမ်းထန်းက ကိန်လေ့တို့ကို လှမ်းပြောသည်။ အသံမှာမသိမသာ တုန်ယင်နေသည်။ စမ်းကွမ်းထန်း၏ အသွင်မှာ စိတ်ထိခိုက်နေသည့်သဘောရှိသည်။

ကိန်လေ့နှင့် လင်ယုယုတို့က ခေါင်းညိတ် ပြလိုက်ကြသည်၊

''တွေ့ချင်ရင် ကျုပ်နောက်ကိုလိုက်ခဲ့''

စမ်းကွမ်းထန်းက ပြောပြောဆိုဆိုထိုင်ရာမှထကာ ဧည့်ခန်းအပြင်သို့ ထွက်သွားသည်။

ကိန်လေ့တို့မှာ စမ်းကွမ်းထန်း၏ အပြုအမူကို နားမလည်နိုင်အောင်ပင် ဖြစ်သွားကြသည်။



စောစောကတော့ နဂါးလေးစမ်းကွမ်းယဲ့ဤနေအိမ်တွင်မရှိဟု ဆိုသည်၊ ယခုတော့ နဂါးလေးနှင့် တွေ့ခွင့်ပေးတော့မလိုလို ပြောလာပြန်သည်။

သို့သော် စဉ်းစား အဖြေရှာမနေတော့ဘဲ စမ်းကွမ်းထန်းနောက်သို့ ထလိုက်လာခဲ့ကြသည်။

စမ်းကွမ်းထန်းက အိမ်ထဲသို့ဝင်မသွား၊ အိမ်ပြင်သို့ထွက်လာသည်။ မြို့ဝင်းတံခါးပေါက်ရှိရာသို့ ဦးတည်လာခဲ့ကြသည်။

ကိန်လေ့နှင့် လင်ယုယုတို့မှာလည်း စမ်းကွမ်းထန်း၏ နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့ကြသည်။

နောက်ဆုံးတွင် မြို့ဝင်းအဝင်တံခါးပေါက်သို့ ရောက်ရှိလာကြသည်။

မြို့ဝင်းတံခါးဝမှာ ပွင့်နေသည်။ တံခါး၏ နားဝယ် ခေါင်းတစ်ခုချထားသည်။ ခေါင်းဘေးဝယ်အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် လူလေးယောက် ရပ်နေလေသည်။

အိမ်နီးနားချင်း ဖြစ်ဟန်တူသူ ဆယ်ဦးခန့် ရပ်ကြည့်နေကြသည်ကိုလည်း တွေ့ရသည်။

''ခေါင်းကို မြို့ဝင်းထဲသွင်းလာခဲ့ပါ၊ ပြီးတော့ မြို့ဝင်းတံခါးကိုပိတ်လိုက်ပါ၊ မဆိုင်သူတွေ မြို့ဝင်းထဲ မဝင်ပါစေနဲ့''

စမ်းကွမ်းထန်းက တံခါးစောင့်အဘိုးအိုကိုပြောလိုက်သည်။ ခေါင်းဘေးဝယ် ရပ်နေသူ လေးယောက်က

www.burmeseclassic.com



ခေါင်းကိုထမ်းကာ ခြံဝင်းထဲဝင်လာကြသည်။ ထိုသူများ ခြံဝင်းထဲရောက်သည်နှင့် တံခါးစောင့်အဘိုးအိုက ဝင်းတံခါးကို ပိတ်လိုက်သည်။

''အဲဒါ ဘယ်သူ့ခေါင်းလဲ''

ကိန်လွေက စမ်းကွမ်းထန်းကို မေးလိုက်သည်။

''ညီလေးရဲ့အလောင်း ထည့်ထားတဲ့ခေါင်းလို့ ပြောတာပဲ၊ ညီလေးဟာ ရှစ်လပိုင်း ဆယ့်သုံးရက်နေ့က သေဆုံးတယ်လို့လဲပြောတယ်၊ ရှစ်လပိုင်းလပြည့်နေ့က ညီလေးဟာ ဟိုင်လိုပျော်ပွဲစားရုံမှာ မိတ်ဆုံစားသောက်ပွဲကိုတည်ခင်းခဲ့သေးတာပဲ၊ ဘယ်ရှင်လုပ်ပြီး ဆယ့်သုံးရက် နေ့က ကွယ်လွန်နိုင်မှာလဲ၊ ဒီလူလေးယောက် ကျုပ်တို့ကို အရှက်ခွဲချင်လို့ သက်သက်မဲ့ ကလိမ်ဉာဏ်ဆင်တာ ဖြစ်ရမယ်''

စမ်းကွမ်းထန်းက ပြန်အဖြေပေးသည်။

''သူတို့ လုပ်ဇာတ်ထွင်တာ မဟုတ်ဘူး၊ ခေါင်းထဲက အလောင်းဟာ စမ်းကွမ်းယဲ့ရဲ့အလောင်းဖြစ်ရမယ်''

လင်ယုယုက ကြားဝင်ပြောသည်။

''ဟာ...မဖြစ်နိုင်တာ၊ ဆယ့်သုံးရက်နေ့မှာသေသွားတဲ့ ညီလေးက ဘယ်လိုလုပ်ပြီးလပြည့်နေ့မှာ သူ့မိတ်ဆွေတွေကို မိတ်ဆုံစားသောက်ပွဲ တည်ခင်း ဧည့်ခံနိုင်မှာလဲ''

စမ်းကွမ်းထန်းက လင်ယုယု၏ စကားကို လက်မခံနိုင် ဟန်ပြောသည်။



''လပြည့်နေ့ညက မိတ်ဆုံစားပွဲမှာ ဧည့်ခံတဲ့လူက စမ်းကွမ်းယဲ့ အစစ်မဟုတ်ဘူး၊ အယောင်ဆောင် ထားတဲ့ လူပဲ''

''ဟာ...မိန်းကလေးက ဘာကြောင့် ဒီလို ပြောနိုင်တာလဲ''

''လပြည့်နေ့ညက မိတ်ဆုံစားသောက်ပွဲကို တက်ခဲ့တဲ့ လူတွေထဲမှာ ကိန်လွေနဲ့ လင်ယုယုဆိုတာလဲပါတယ်၊ ဒါပေမယ့် အဲဒါ ကျွန်မတို့မဟုတ်ဘူး၊ ကျွန်မတို့နဲ့ တူအောင် ရုပ်ဖျက်ပြီး အယောင် ဆောင်ထားတဲ့ တခြားလူတွေသာ ဖြစ်တယ်''

''ဟင်...အဲဒါ ဘယ်လိုဖြစ်သွားကြတာလဲ''

''ဒီအကြောင်းကို ပြောရင် သိပ်ရှည်တယ်၊ ဒီနောက်မှအေးအေးဆေးဆေးပြောပြမယ်၊ အခုလောလော ဆယ်မှာတော့ အလောင်း လာပို့တဲ့ လူလေးယောက်ကို ကျွန်မစစ်မေးချင်တယ်''

''မေးပါ မေးပါ''

စမ်းကွမ်းထန်းက ရှောရှောရှူရှူ ခွင့်ပေး လိုက်သည်။ ဤတွင် လင်ယုယုလည်း ထိုလူလေးယောက်ဘက် လှည့်ကာ မေးခွန်းထုတ်လေတော့သည်။

''ရှင်တို့ ဒီအလောင်းကို ဘယ်ကနေ သယ်လာခဲ့ကြတာလဲ''

''ကျင့်ဟိုင်မြို့ကပါ''

''ဘာနဲ့ သယ်လာခဲ့ကြတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"သဘော်သန့်ပါ"

"အလောင်းကို ဒီနေရာ ရောက်အောင် ပို့ခိုင်း လိုက်တာက ဘယ်သူလဲ"

"ဝမ်စန့်လင်က အပို့ခိုင်းလိုက်တာပါ"

"ဓမ်စန့်လင်ဟုတ်လား၊ အဲဒါက ဘယ်သူလဲ"

"ကျင့်ဟိုင်မြို့က သူတော်စင် တစ်ယောက်ပါ၊ သူက ခေါင်းကိုရှာပေးတဲ့အပြင် လမ်းစရိတ်ငွေကိုလဲ ထုတ်ပေးလိုက်ပါသေးတယ်"

"ကွယ်လွန်သူရဲ့နေအိမ် ဒီမှာရှိတယ်ဆိုတာ သူကဘယ်လိုလုပ်သိတာလဲ"

"ကွယ်လွန်သူ ကိုယ်တိုင် အသက် မထွက်ခင်က ပြောသွားခဲ့တာပါ"

"သူက ဘယ်လိုဖြစ်ပြီး ကျင့်ဟိုင်မြို့မှာ ကွယ်လွန်ခဲ့ရတာလဲ"

"ဒီလူဟာ သစ်ဖောင်မှာ ကြိုးနဲ့ မလှုပ်နိုင်အောင် အတုပ်ခံရပြီး မျောနေရာက ကျင့်ဟိုင်မြို့ရဲ့ ဆိပ်ကမ်းမှာ သာတင်နေပါတယ်၊ အဲဒါကို တံငါသည် တစ်ယောက်က မြင်သွားပြီး သူ့ကိုကယ်ဖို့ ကြိုးစားပါတယ်၊ အဲဒီအချိန်မှာ သူဟာအသက်ယဲ့ယဲ့ပဲ ရှိပါတော့တယ်၊ သူ့နာမည် စမ်းကွမ်းယဲ့လို့ ခေါ်တယ် ဆိုတာရယ်၊ ခုံခင်းမြို့မှာနေ ဘယ်ဆိုတာရယ် ပြောပြီးတာနဲ့ ကွယ်လွန် သွားပါတယ်"



စမ်းကွမ်းယဲ့လည်း မိမိတို့ကြုံရသည့်ကံကြမ္မာမျိုးကြုံခဲ့ရခြင်း ဖြစ်မည်ဟု ကိန်လွှေနှင့် လင်ယုယုတို့ တွေးမိကြသည်။

ကိန်လွှေနှင့် လင်ယုယုတို့မှာ တံကောစင်းထောက်မကာ မိစ္ဆာကျွန်းသို့ ရောက်သွားပြီး သေဘေးမှလွတ်ခဲ့ကြသည်။ စမ်းကွမ်းယဲ့မှာမူ ကံမကောင်းဘဲ အသက် ဆုံးခဲ့ရလေသည်။

"ခေါင်းထဲမှာ ပါလာတဲ့ အလောင်းဟာ ညီလေးရဲ့ အလောင်း ဟုတ်မဟုတ် ကျုပ်ကြည့်ချင်တယ်၊ ခေါင်းကို ဖွင့်ပြပါ"

စမ်းကွမ်းထန်းက ပြောသည်။

"သူက ရှစ်လပိုင်း ဆယ့်သုံးရက်နေ့မှာ ကွယ်လွန်သွားခဲ့တာဆိုတော့ အခုဆိုရင် တစ်လကျော်နေပါပြီ၊ အလောင်းက ပုပ်ပွနေပြီဆိုတော့ ဖွင့်ကြည့်လဲ လူရုပ်ကို မှတ်မိနိုင်မှာ မဟုတ်ပါဘူး"

အလောင်းသယ်လာသူက ပြောသည်။

"ကျုပ်ညီရဲ့အလောင်းသာမှန်ရင်တော့ ဘယ်လောက် ပုပ်ပုပ် ကျုပ်ကောင်းကောင်း မှတ်မိပါတယ်၊ ခေါင်းကိုသာ ဖွင့်ပြပါ"

ဤတွင် အလောင်းလာပို့သူတစ်ယောက်က ဓါးမတို တစ်ချောင်းဖြင့် ခေါင်းအဖုံးကိုတန့်လန့်ကာ ဖွင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအဖုံးကို အသေပိတ်ထားသည် မဟုတ်သော ကြောင့် ဓားမဖြင့်ကန့်လန့်လိုက်သည်နှင့် ခေါင်းအဖုံး ပွင့်သွားသည်။ အပုပ်နံ့ကလည်း ထောင်းခနဲ ထလာသည်။

လင်ယုယုမှာ အပုပ်နံ့မခံနိုင်၍ နှာခေါင်းကို ပိတ်ကာ နောက်သို့ဆုတ်လာခဲ့သည်။ ကိန်လွှသာ အပုပ်နံ့ကိုအားတင်း ရှူရင်း ခေါင်းထဲသို့ ကြည့်လိုက်သည်။

ခေါင်းထဲရှိလူသေလောင်းမှာ လူလုံးမပျက်သော်လည်း ပုပ်ပွ၍ နေပြီ။

ကိန်လွှမှာ နဂါးလေးစမ်းကွမ်းယဲ့ကို ယခင်က တွေ့ဖူးသူ မဟုတ်၊ ထို့ကြောင့် အလောင်းကို ကြည့်နေသော်လည်း နဂါးလေးစမ်းကွမ်းယဲ့၏အလောင်း ဟုတ်မဟုတ်ကိုတော့ မသိပေ။

သို့ဖြစ်ရာ စမ်းကွမ်းထန်း၏အရိပ်အခြည်ကိုသာ ကြည့်၍ အကဲခတ်နေရသည်။

စမ်းကွမ်းထန်းမှာ မျက်ရည်တွေတွေ ကျဆင်းလာ ခေါင်းထဲရှိ ရုပ်အလောင်းကို စေးစိုက်ကြည့်နေသည်။

သေချာပြီ။

ခေါင်းထဲရှိအလောင်းမှာ နဂါးလေး စမ်းကွမ်းယဲ့၏ အလောင်းပင်ဖြစ်သည်။

ကိန်လွှသည် လင်ယုယုအို လှမ်းကြည့်ကာ ခေါင်းတစ်ချက် မသိမသာ ဆတ်ပြလိုက်သည်။

နဂါးလေး စမ်းကွမ်းယဲ့မှာ ကွယ်လွန်သွားခဲ့လေပြီ။



ကျန်လူငယ် သိုင်းသမား(၂၅)ဦးတို့၏ ကံကြမ္မာ မည်သို့ ရှိမည်နည်း၊ ဤကိစ္စများ၏ လက်သည် တရားခံက မည်သူနည်း။

ကိန်လွှတို့အဖို့မှူ လက်သည်တရားခံကို ဖော်ထုတ်ရန်နှင့် ကျန်လူငယ် သိုင်းသမား(၂၅)ယောက် နဂါးလေး စမ်းကွမ်းယဲ့လို အဖြစ်ဆိုးမျိုးမကြုံစေရန် အချိန်မီ ကာကွယ်တားဆီးပေးရမည့် တာဝန်ရှိလာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကိန်လေ့နှင့် လင်ယုယုတို့ ခုံမင်းကျွန်းမှ ချက်ချင်း ထွက်ခွာလာကြ၏။

ပြည်မကုန်းမြေသို့ရောက်သည်နှင့် မြင်းနှစ်ကောင် ဝယ်ကာ တစ်ယောက် တစ်ကောင်စီ စီးနင်း၍ ခရီးဆန့်ခဲ့သည်။

နဂါးလေးစမ်းကွမ်းယဲ့ အယောင်ဆောင်ထားသူ လှည့်ဖြား စည်းရုံးခေါ်ဆောင်သွားသည့် လူငယ်သိုင်းသမား ၂၅-ဦးကို စုံစမ်းရှာဖွေကြသည်။

၅-ရက်ခန့်ခရီးနှင်ရင်း စုံစမ်းခဲ့ကြသော်လည်း လူငယ်သိုင်းသမားများနှင့်ပတ်သက်၍ သတင်းအစအနပင် မရှိပေ။



''ဘယ်လိုလဲ ယုယု၊ ဟိုလူတွေအကြောင်း သတင်း အစအနတောင် မရပါလား''

ခရီးတစ်ထောက်နားရင်း ကိန်လေ့က လင်ယုယုကိုမေး လိုက်သည်။

''ဟုတ်တယ်၊ သူတို့လူစုဟာ ဘယ်နေရာကိုသွားသွား လူတကာက သတိထားမိကြမှာ အမှန်ပဲ၊ သူတို့သာ ဒီလမ်းအတိုင်းသွားတာမှန်ရင် တစ်နေရာမဟုတ် တစ်နေရာမှာ သူတို့အကြောင်းကို ကြားရမှာပဲ''

''သူတို့ ၂၈-ယောက်စလုံး တစုတဝေးတည်း သွားကြပါ့မလား''

''၂၈-ယောက်စလုံး တစုတဝေးတည်း မသွားတောင် ၃-ဖွဲ့ထက် ပိုခွဲပြီး မသွားနိုင်ဘူး၊ နဂါးလေးစမ်းကွမ်းယဲ့အတုရယ်၊ ရှင်နဲ့ကျွန်မလို အယောင်ဆောင်ထားတဲ့ လူနှစ်ယောက်ရယ်က အုပ်စုတစ်စုစီကို ဦးဆောင်လိမ့်မယ်''

''ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ''

''အခု ကျွန်မတို့က မြောက်ဘက်ဆီ ဦးတည်သွားနေကြတယ် မဟုတ်လား''

''ဟုတ်တယ်လေ''

''ဒီတော့ ကျွန်မတို့ အခု ကမ်းရိုးတန်းဘက်ကို ပြန်လှည့်ပြီး သွားကြမယ်''

''သူတို့တစ်တွေ ကမ်းရိုးတန်းဘက်ကို သွားကြမယ်လို့ မင်းက ထင်နေသလား''

www.burmeseclassic.com



"တိတိကျကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက်လုံး ပင်လယ်ပြင်မှာ အဖမ်းခံကြရတယ် မှတ်တယ်လား၊ နဂါးလေးစမ်းကွမ်းယဲ အစစ်ဟာလဲပင်လယ် ပြင်မှာပဲ အသက်ပျောက်ခဲ့တယ်၊ ဒါကြောင့် နဂါးလေး စမ်းကွမ်းယဲ့အတုဟာ ကမ်းရိုးတန်းနဲ့ ပင်လယ်ပိုင်းဒေသ တွေမှာ ဩဇာညောင်းတဲ့လူဖြစ်ရမယ်၊ ဒါကြောင့် လူငယ် သိုင်းသမားတွေကိုလဲ ပင်လယ်ကမ်းရိုးတန်းဘက် ခေါ် သွားဖို့များတယ်"

ကိုန်လေ့နှင့်လင်ယုယုတို့သည် ကမ်းရိုးတန်းဘက်သို့ ရိုး မြန်လှည့်ခဲ့ကြ၏။

၁၀-ရက်ခန့်ကြာသောအခါ အူရှင်းမြို့သို့ ရောက်လာ ကြသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင်ဝင်ကာ စားသောက်ဖွယ် ရာများ မှာယူ စားသောက်ကြသည်။ ကိုန်လေ့တို့ စား သောက်နေကြဆဲဝယ် စားသောက်ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာသည်။

ထိုလူနှစ်ယောက်သည် ကိုန်လေ့တို့၏စားပွဲနှင့် မလှမ်း မကမ်းတွင်ရှိသော စားပွဲတွင်ဝင်ထိုင်ကာ အရက်တစ်အိုး နှင့် အမဲကြော်တစ်ပွဲ မှာလိုက်သည်။

ကိုန်လေ့ ထိုလူနှစ်ယောက်ကို မသိမသာ အကဲခတ် ကြည့်လိုက်သည်။ တစ်ယောက်မှာ အသက် ၆၀-ခန့်ရှိ အဘိုးကြီးဖြစ်ပြီး ကျန်တစ်ယောက်မှာ အသက် ၃၈-ခန့်



ရှိလူရွယ်တစ်ယောက်ဖြစ်သည်။ ဝတ်စားပုံမှာ သိုင်းသမား များ ဝတ်လေ့ရှိသော အဝတ်အစားများဖြစ်သည်။

"မင်းတွေ့ခဲ့တာ အားလုံး ၂၈-ယောက်နော်"

အဘိုးကြီး၏ပြောသံကို ကြားရသည်တွင် ကိုန်လေ့နှင့် လင်ယုယုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက် ကြသည်။

"ဟုတ်တယ်၊ ယောက်ျားပျို ၁၆-ယောက်နဲ့ မိန်းမပျို ၁၂-ယောက်ပါ"

"ဒါဆိုရင် နဂါးတစ်ကောင် ကျားညီနောင်၊ ကျား သစ် သုံးမျိုး၊ လူတွင်ကျယ်သေးယောက်၊ သိုင်းလူလင် ငါးဦး၊ ဟယ်ခြောက်ဖော်၊ နတ်သူဇာခုနစ်ပါးရယ်လို့ ကျော်ကြားနေတဲ့ လူငယ်သိုင်းသမား ၂၈-ယောက်ပဲ ဖြစ် ရမယ်၊ သူတို့က ဘာကြောင့် တစုတဝေးတည်း ရှိနေ ကြတာလဲ၊ သူတို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် ပတ်သက်ဘူး၊ တစ်ဦးချင်း လှုပ်ရှားကြတာပဲ၊ အခု အား လုံး တစုတဝေးကြီး ရှိနေကြပုံထောက်တော့ အရေး ခေါ် ကိစ္စတစ်ခုခုရှိရမယ်"

ဤတွင် လင်ယုယုက ကိုန်လေ့ကို မျက်ရိပ်ပြလိုက်၏။ ကိုန်လေ့သည် နေရာမှထကာ အဘိုးကြီးနှင့် လူရွယ်တို့၏ စားပွဲသို့ လျှောက်လှမ်းလာခဲ့သည်။

"ငါ်လာပါ အဘနဲ့နောင်ကြီးတို့၊ အခုလိုလာအနှောင့် အယှက်ပေးရတာကို ခွင့်လွှတ်ပါများ"

ကိုန်လေ့က ယဉ်ကျေးပျူငှာစွာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

အဘိုးကြီးက အံ့ဩသောအမူအရာနှင့် ကိန်လေ့ကို မော့ကြည့်ပြီး ပြောသည်။

"လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်အကြောင်း ပြောစပြောနေတာ ကြားမိလို့ လာမေးတာပါ၊ သူတို့လူစုကို ဘယ်နေရာမှာတွေ့မိတာလဲ"

"ဟာ...ခင်ဗျား...ခင်ဗျားလဲ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ထဲက တစ်ယောက်မဟုတ်လား"

လူရွယ်က ကိန်လေ့ကို သေသေချာချာ စိုက်ကြည့်ပြီး ပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ဟာ သိုင်းလူလင် ခြောက်ယောက်ထဲက တစ်ဦးပါ၊ ချင်လူလင် ကိန်လေ့လို့ခေါ်ပါတယ်၊ ဟိုမိန်းကလေးကတော့ နတ်သူဇာခြောက်ပါးထဲက ဂန္ဓမာသူဇာ လင်ယုယုဆိုတာပါပဲ"

ကိန်လေ့က လင်ယုယုကို ညွှန်ပြပြီး ပြောလိုက်သည်။

ဤတွင် လင်ယုယုကလည်း ထိုင်ရာမှထကာ ကိန်လေ့ဆီသို့ လျှောက်လှမ်းလာခဲ့သည်။

"ဟာ...ဟုတ်တယ်...ဟုတ်တယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံးကို သူတို့အထဲမှာ ကျွန်တော် တွေ့ခဲ့တာပဲ၊ မှတ်မိပြီ...မှတ်မိပြီ"

လူရွယ်က ပြောသည်။

"ရှင်တွေ့ခဲ့တာ ကျွန်မတို့နဲ့တူအောင် ရုပ်ဖျက်ပြီး အယောင်ဆောင်ထားတဲ့ အတုတွေပါ"



လင်ယုယုက မပြုံးတပြုံးနှင့် ပြောလိုက်သည်။

"ဘာ...အယောင်ဆောင်ထားတဲ့ အတုတွေ၊ ဟုတ်ရဲ့လား၊ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်ဗျာ၊ ခင်ဗျားတို့မှ ခင်ဗျားတို့အစစ်ပါ"

"သူတို့ရဲ့ရုပ်ရည်ပုံသဏ္ဌာန်က ကျွန်မတို့နဲ့ တထေရာသည်း တူရဲ့လားရှင့်"

"ဟာ...တူတယ်၊ သိပ်တူတယ်"

"သူတို့နှစ်ယောက်ကို ဘယ်မှာတွေ့ခဲ့တာလဲရှင့်"

"ကျားရှင်းမြို့မှာပါ"

"ကျားရှင်းမြို့ရဲ့ ဘယ်နေရာမှာလဲရှင်"

"ကျုံ့ရင် ပျော်ပွဲစားရုံမှာပါ"

"ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"မနေ့က နေ့ခင်းပိုင်းမှာပါ"

"သူတို့ အရင်ရောက်တာလား၊ ရှင်အရင်ရောက်နေတာလားရှင်"

"ကျွန်တော် အရင်ရောက်တာပါ"

"ဒါဖြင့် ဘယ်သူအရင် ထွက်ခွာခဲ့တာလဲ"

"ကျွန်တော် အရင်ထွက်ခွာခဲ့တာဗျ"

"ဩော်...ရှင် အဲဒီမှာ ဘယ်လောက်ကြာကြာနေခဲ့သလဲ"

"နာရီဝက်လောက် ကြာမယ်ထင်တယ်"

"ဒါဆို သူတို့ပြောတဲ့စကားတို့ ရှင်ကြားခဲ့မှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ဒါဆို သူတို့ဘာတွေပြောခဲ့သလဲ"

"အစားအသောက်နဲ့ပတ်သက်ပြီး အများဆုံး ဝေ... ပြောဆိုကြတာပဲ"

"တခြားကော ဘာတွေပြောသေးလဲရှင့်"

"ကျွန်တော် ကောင်းကောင်း မမှတ်မိဘူးဗျာ၊ အင်း...ဟုတ်ပြီ၊ သူတို့ထဲကတစ်ယောက်က မိုးကင်းတော... ဘယ်လောက်ဝေးသလဲလို့ မေးသံကြားပါတယ်၊ တခြား... တစ်ယောက်က နောက်နှစ်ရက်ခရီးဆက်သွားရင် ရောက်... ပြီလို့ ပြန်ဖြေသံကြားရတယ်"

"ဒါဖြင့် နောက်ပိုင်းကောဟင်"

ကိန်လေ့က ကြားဝင်မေးသည်။

"အင်း...နောက်ပိုင်းတော့ ကျွန်တော်လဲ အဝတ်... စားပြီးတာနဲ့ ပျော်ပွဲစားရုံက ဆင်းလာခဲ့ဘယ်ဗျာ"

ဆက်မေး၍ အကြောင်းမထူးမှန်း သိရှိသော လင်... ယုယုက ကိန်လေ့ကို မျက်စပစ်လိုက်၏။

"ကဲ...ကျေးဇူးပါပဲဗျာ၊ အခုလို နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ"

သို့ဖြင့် နှစ်ယောက်သား သူတို့စားပွဲရှိရာသို့ ပြန်လာ၍ တိတ်ဆိတ်စွာ ဆက်လက်စားသောက်ကြသည်။

မိုးကင်းတောင်သည် အူရှင်းမြို့နှင့် မိုင်ခြောက်ဆယ် ခန့် ဝေးသည်။



ကိန်လေ့နှင့် လင်ယုယုတို့ မိုးကင်းတောင်သို့ ရောက်ချိန်မှာ မှောင်ရီသန်းစပြုနေပြီ။ မိုးကင်းတောင်မှာ သိုင်းလောကတွင် အမည်ထင်ရှားသော နေရာတစ်ခု ဖြစ်သည်။ အလွန် အစွမ်းထက်သည့် ဓားမြှတ်တစ်စုံဖြစ်သော မိုးရှယ်ဓားနှင့် ထန်းကျုန်းဓားတို့ကို မိုးကင်းတောင်တွင် သွန်းလုပ်ခဲ့သည်ဟူသော ပုံပြင်စကားလည်း ရှိသည်။

မိုးကင်းတောင်တစ်ဝိုက်တွင် ရှေးဟောင်း အဆောက်အအုံ အပြိုအပျက်များစွာရှိသည်။ ဤမိုးကင်းတောင်နှင့် ပတ်သက်သည့် သတင်း စကားတို့ကို ကိန်လေ့နှင့် လင်ယုယုတို့ ကြားဖူးခဲ့ကြသော်လည်း ဤနေရာသို့ ယခုအခါတွင်မှ ပထမဆုံးအကြိမ် ရောက်လာကြခြင်းဖြစ်သည်။

တောင်ပေါ်သို့တက်သည့်လမ်းမှာ ကျောက်ခင်းလမ်း ဖြစ်သည်။

ကိန်လေ့နှင့် လင်ယုယုတို့ ကျောက်ခင်းလမ်းအတိုင်း တောင်ပေါ် တက်လာခဲ့ကြသည်။ လမ်းတွင် လူသွားလူလာ မရှိဖြစ်နေသည့်အတွက် ကိန်လေ့နှင့် လင်ယုယုတို့ အံ့ဩနေကြသည်။

"ဟိုလူစု ဒီနေရာကို ဘာကြောင့်လာကြတယ်လို့ ရှင်ထင်သလဲ"

တောင်ပေါ်သို့တက်လာရင်း လင်ယုယုက မေးသည်။

"အဲဒါကိုတော့ တို့လဲ မတွေးတတ်ဘူး"

"မိုးရှယ်၊ ထန်းကျုန်း ဓားမြှတ်နှစ်လက်နဲ့များ ပတ်သက်နေမလား"

www.burmeseclassic.com

www.burmeseclassic.com



''ဒီမားမြတ်နှစ်လက်က ရှေးဟောင်းပုံပြင်ထဲမှာ ပါခဲ့တာပါ၊ တကယ်ရှိမရှိ ဘယ်သူမှ တိတိကျကျမပြောနိုင်ပါဘူး''

''ဟို ရှေးဟောင်းပုံပြင်ထဲက မားမြတ်နှစ်လက်ဟာ အကြောင်းတစ်ခုခုကြောင့် ပြန်ပေါ်ရင် ပေါ်လာနိုင်တာပဲ''

''အင်းလေ....အဲဒီတော့ ဘာဖြစ်လဲ''

''ကျွန်မသာဆိုရင် မားမြတ်နှစ်လက် ပြန်ပေါ်လာပြီ ဆိုတဲ့သတင်း ကြားတာနဲ့ မိုးကင်းတောင်ထိ ချက်ချင်း ပြေးလာခဲ့မှာပဲ''

''ဟား....ဟား....ဟား....မင်းပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် တို့ဟာ နဂါးလေး စမ်းကွမ်းယဲ့အတုဖြစ်ရင် မားမြတ်နှစ်လက် ပြန်ပေါ်လာကြောင်း သတင်းကြားတာနဲ့ မိုးကင်းတောင်ကို တစ်ယောက်တည်း လာခဲ့မှာပဲ၊ လူငယ်သိုင်းသမားတွေကို ကြံဖန်စည်းရုံးပြီး ခေါ်မလာဘူး၊ လူများရင် စကားများပြီး လွယ်ကြမယ်မဟုတ်လား''

''ဟုတ်သားပဲ၊ ကျွန်မက မားမြတ်နှစ်လက်အကြောင်းနဲ့ ဆက်စပ်ပြီး တွေးမိတွေးရာ လျှောက်တွေးနေမိတာပါ''

''အဲဒီ မားမြတ်နှစ်လက်ကို သွန်းလုပ်ခဲ့တဲ့ ကျုံ့စီမားကန် အခုထိ မိုးကင်းတောင်မှာ ရှိနေသေးတယ်လို့ ပြောကြတာ ကြားဖူးတယ်၊ ဒါပေမယ့် ဘယ်နေရာမှာရှိမှန်းတော့ မသိဘူး''



''ဒါဖြင့် တစ်ယောက်ယောက်ကို မေးကြည့်ပါလား''

''ဒီမှာ လူရိပ်လူယောင်တောင် မတွေ့ရတဲ့ဥစ္စာ၊ ဘယ်သူ့ကို သွားမေးကြည့်ရမှာလဲ''

''ဟောဟို ဝါးရုံတောထဲက မီးရောင်တစ်ချက် တွေ့လိုက်မိတယ်၊ မီးရောင်ရှိတဲ့နေရာမှာ လူနေအိမ်ရှိမှာပဲ''

ကိန်လွေ လှမ်းကြည့်လိုက်သည်။ အတော်ဝေးဝေးတွင် မီးရောင် လက်လက်တွေ့ရသည်။

ကိန်လွေနှင့် လင်ယုယုတို့ မီးရောင်လက်လက်ထွက်ရာ နေရာသို့ ရှေးရှုလာခဲ့ကြသည်။

ဝါးရုံတောသို့ ကျော်ဖြတ်မိသည်နှင့် ဝါးဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရသည်။

မီးရောင်မှာ ထိုဝါးအိမ်လေးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

''အိမ်ရှင်တို့....အိမ်ရှင်တို့''

ကိန်လွေက အသံပြုလိုက်သည်။

ဝါးအိမ်ထဲမှ လူတစ်ယောက် ထွက်လာသည်။ ထိုလူမှာ အသက်(၃၅)နှစ်ခန့်ရှိပြီး စာပေသမားတစ်ယောက်အသွင်မျိုးဖြစ်သည်။

''မင်္ဂလာပါခင်ဗျား၊ အခုလို အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်စေချင်ပါတယ်''

ကိန်လွေက ဦးညွှတ်အရိုအသေပေးပြီး ပြောသည်။

''ကိစ္စမရှိပါဘူးဗျာ၊ မိတ်ဆွေတို့က ဘာကိစ္စရောက်လာကြတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ တောင်ပေါ်ကိုတက်လာကြရင်း မီးရောင်မြင်တာနဲ့ ရေလေးတာလေး တောင်းသောက်ရအောင် လာခဲ့တာပါ"

"ကြွပ်...ကြွပ်၊ ကဲ....အိမ်ထဲကို ကြွကြပါဗျာ"

အိမ်ရှင်က ဖော်ဖော်ရွေရွေ ဖိတ်ခေါ်သောကြောင့် ကိန်လွှေနှင့်လင်ယုယုတို့လည်း အိမ်ထဲသို့ ဝင်လာခဲ့ကြ၏။

အိမ်ထဲတွင်လည်း အတော် သပ်သပ်ရပ်ရပ်ရှိသည်။ အိမ်နံရံတွင် ဂဏ္ဍာများ ရေးသားထားသည့်ကားချပ်များ ချိတ်ဆွဲထားသည်။ ထို့ပြင် ဓားရှည်တစ်လက်လည်း ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဓားရှည်မှာ အမြင်အရပင် အတော် သားနားခန့်ထည်သည်။ ဓားကောင်းတစ်လက် ဖြစ်ကြောင်း သိသာနိုင်သည်။

စာအုပ်များ၊ ပေစာများ၊ ပုရပိုက်များလည်း သူ့နေရာနှင့်သူ သေသေသပ်သပ်ရှိနေသည်။

နေရာထိုင်ခင်းပေးပြီးနောက် အိမ်ရှင်က လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံသည်။ လက်ဖက်ရည်ကြမ်းမှာ အကောင်းစား လက်ဖက်ခြောက် ခတ်ထားသည့်အတွက် အလွန်သောက်၍ ကောင်းသည်။

"နောင်ကြီးရဲ့ နာမည်ကို သိပါရစေသားဗျာ"

လက်ဖက်ရည်ကြမ်း တစ်ကျိုက်သောက်ပြီးနောက် ကိန်လွှေက ပြောလိုက်သည်။

"အကြောင်းကံဆုံလို့ တစ်ဖြုတ် တွေ့ကြရတာပဲ၊ နာမည်တွေ ဘာတွေ သိစရာမလိုပါဘူးလေ၊ ရောက်တုန်း



ရောက်ခိုက် ကျုပ်ရဲ့ အိမ်မှာ အေးအေးဆေးဆေး နေကြပါ"

အိမ်ရှင် လူရွယ်က ယဉ်ကျေးစွာပြင်းပယ်လိုက်ရာ ကိန်လွှေမှာ ဆက်မမေးသာတော့ပေ။ လက်ဖက်ရည်ကြမ်းကိုသာ ငုံ့သောက်လိုက်ရသည်။

"ဟောဒီ တောင်ပေါ်ကို အမျိုးသား ဆယ့်ခြောက်ယောက်နဲ့ အမျိုးသမီး ဆယ့်နှစ်ယောက် ရောက်လာတာ တွေ့မိသေးလား"

အတန်ကြာ ငြိမ်သက်နေပြီးနောက် ကိန်လွှေက မေးလိုက်သည်။

"ဟာ...တွေ့မိတာပေါ့၊ မနေ့ညနေပိုင်းလောက်ကပဲ ရောက်လာကြပြီး ကျန်စီမာကန် ရှိတဲ့နေရာကို မေးလို့ ကျုပ်က လမ်းညွှန်လိုက်ရသေးတယ်"

"နောက်တော့ကော"

"သူတို့က ကျေးဇူးတင်စကားပြောပြီး ထွက်သွားကြတာပဲ၊ ဒီနောက် သူတို့ကို မတွေ့ရတော့ဘူး"

"ကျန်စီမာကန်က ဘယ်နေရာမှာ ရှိတာလဲ"

"ဒီကနေဆိုရင် နှစ်မိုင်လောက်သွားရမယ်၊ မောင်ရင်တို့က ကျန်စီမာကန်ကို သွားချင်ကြလို့လား"

"ဟုတ်ကဲ့"

"အခု မိုးချုပ်ပြီ၊ မှောင်မိုက်နေပြီဆိုတော့ လမ်းညွှန်ပေးလို့လဲ မောင်ရင်တို့ သွားတတ်ကြမှာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်ကိုယ်တိုင် လမ်းလိုက်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးပါပဲဗျာ''

အိမ်ရှင် လူရွယ်က ထိုင်ရာမှ ထကာ နံရံတွင် ချိတ်ဆွဲထားသော ဓားရှည်ကို လှမ်းယူ၍ ကျောတွင် လွယ်လိုက်သည်။

ဓားလွယ်ကို ယူပုံ၊ လွယ်ပိုးပုံတို့မှာ သွက်လက်မြန်ဆန်လှသည်။ အိမ်ရှင် လူရွယ်မှာ အဆင့်မြင့် ဓားသမားကောင်းတစ်ယောက် ဖြစ်ရမည်ဟု ကိန်လေ့နှင့်လင်ယုယုတို့ မှတ်ချက်ချမိသည်။

* * *

လမိုက်ညမို့ အမှောင်ထုက ကြီးစိုးနေသည်။

ကြယ်ရောင်လေးများကြောင့် ဝိုးတဝါးအလင်းရောင်သာရှိသည်။ လူရွယ်မှာ မိုးကင်းတောင်၏ လမ်းများကို ကျွမ်းကျင်နေပုံရသည်၊ ရှေ့မှ ခပ်သွက်သွက် ဦးဆောင်ကာလမ်းပြသွားသည်။

အချိန်အတော်ကြာကြာ လျှောက်လှမ်းလာခဲ့ပြီးနောက် ရေတံခွန်တစ်ခု ရှိရာသို့ရောက်လာသည်။

ရေတံခွန်၏ အောက်ခြေဝယ်ရေအိုင်ငယ်တစ်ခုရှိသည်။

ထိုရေအိုင်ငယ်မှတစ်ဖန် စမ်းချောင်းငယ်လေး အဖြစ် ရေများက ဆက်၍ စီးဆင်းလာသည်။



ဝိုးတဝါးအလင်းရောင်ဖြင့် မပီမသမြင်ရသည့်မြင်ကွင်းတပင် အတော်ဂိလှနေသည်။

''ဟောဒါ ကျွန်စီဓားကန်ပဲ၊ နာမည်ကျော် မို့ရှယ်နဲ့ ထန်းကျွန်းဓားမြတ် နှစ်လက်ကို ဒီနေရာမှာ သွန်းလုပ်ခဲ့တယ်လို့ စာဆိုရှိတယ်''

လူရွယ်က ပြောသည်။

ရှုမျှော်ခင်း သာယာသော်လည်း မည်သည့် ထူးခြားချက်ကိုမျှ မတွေ့ရသောကြောင့် ကိန်လေ့နှင့် လင်ယုယုတို့ အတော်ပင်စိတ်ပျက်သွားကြသည်။

''ဒီမှာ ဘာထူးခြားချက်မှလဲ မရှိပါလား၊ ဘယ်လို လုပ်ကြမလဲ''

ကိန်လေ့က လင်ယုယုကို လှမ်းမေးသည်။

''သေသေချာချာ ကြည့်ပါဦးလေ၊ ထူးခြားတာ တစ်ခုတော့ရှိပါတယ်''

လူရွယ်က ကြားဖြတ်ပြောသည်။ အသံမှာ အေးတိအေးစက်ဖြစ်နေသလို ကိန်လေ့ထင်မိသည်။

ကိန်လေ့နှင့် လင်ယုယုတို့ ပတ်ဝန်းကျင်ကိုမျက်စိကစားတာ ကြည့်လိုက်ကြပြန်သည်။ မည်သည့် ထူးခြားချက်မျှ မရှိ။

''ဘယ့်နှယ်လဲ၊ ထူးခြားတာကို တွေ့ပြီလား''

လူရွယ်က အေးစက်သော လေသံဖြင့် မေးပြန်သည်။

''မတွေ့ပါဘူး''

''ဘာမှ မတွေ့ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေ့နှင့် လင်ယုယုတို့က ဖြိုင်တူ ဖြေလိုက်ကြ လေသည်။

"ဟုတ်ပါ့မလား၊ ဒီနေရာမှာ မိစ္ဆာတစ်ကောင် ရှိနေတယ်လေ"

"မိစ္ဆာရှိတယ်ဟုတ်လား"

ကိန်လေ့က တအံ့တသြမေးလိုက်သည်။

"ဒီမှာလေ"

လူရွယ်က သူ့ကိုယ်သူလက်ညှိုးထိုးပြပြီး သဘောကျစွာရယ်မောနေ၏။

ကိန်လေ့နှင့်လင်ယုယုတို့မှာ အံ့သြတုန်လှုပ်သွားကြ၏။ သိုင်းလောက အမှောင်နယ်မှ ကြေးစားလူသတ်သမား သိုင်းသမားဆိုးများကို မိစ္ဆာဟု ခေါ်လေ့ရှိကြောင်းကိုလည်း သူတို့သတိရမိကြ၏။

ယခု မိမိတို့တွေ့နေရသူမှာ ကြေးစားလူသတ်သမားဆိုးတစ်ယောက် ဖြစ်မည်ဟုလည်း နားလည်လိုက်ကြသည်။

"ခင်ဗျားက ဘယ်လိုမိစ္ဆာမျိုးလဲ"

ကိန်လေ့က မေးလိုက်၏။

"ဟား... ဟား.... ဟား.... ကြေးအကြီးဆုံး မိစ္ဆာလေကွာ"

လူရွယ်က မထီဘရီရယ်မောရင်း ပြန်ပြောသည်။

"ကြေးအကြီးဆုံး မိစ္ဆာဟာ ကျူးယွှေးစာပေသမားတစ်ယောက်ပဲရှိတယ်"

လင်ယုယုက ကြားဝင်ပြော၏။



"မိန်းကလေးက ဗဟုသုတ ကြွယ်သားပဲ၊ တစ်ချက်တည်းမှန်အောင်ပြောနိုင်တယ်"

နာမည်ကျော် ကြေးစားလူသတ်သမားနှင့် ရင်ဆိုင်နေရသည်မို့ သူတို့နှစ်ယောက် ကျောချမ်းမိကြသည်။

ကျူးယွှေးစာပေသမား မည်မျှ ကြောက်စရာကောင်းသည်ကို သိုင်းသမားတိုင်းသိထားကြသည်။ ကျူးယွှေးစာပေသမားနှင့်တွေ့ရလျှင် သေမင်းတမန်နှင့် ရင်ဆိုင်တွေ့ရသည်ဟုပင် ပြောစမှတ်ပြုကြသည်။

ကျူးယွှေး စာပေသမားသည် စာပေပညာ နှံ့စပ်သလောက် ဓားသိုင်းလည်း အလွန်ကောင်းသည်ဟု ထင်ရှားနေ၏။ ထို့ပြင် ကြေးကောင်းကောင်းရမှ အလုပ်လုပ်သေ့ရှိကြောင်းလည်း ကိန်လေ့ သိရှိထားသည်။

ယခုတစ်စုံတစ်ယောက်က ကျူးယွှေးစာပေသမားကို ငွေပေးပြီး မိမိတို့ကို လုပ်ကြံ သတ်ဖြတ်ခိုင်းခြင်းဖြစ်မည်ဟုသည်း ကိန်လေ့တို့ တွက်ဆမိကြ၏။

"ကျွန်တော်တို့ကိုသုတ်သင်ဖို့ တစ်ယောက်ယောက်က ခင်ဗျားကို ငှားထားတာလား"

"ဟုတ်တယ်"

သူ၏အမေးစကားကို ကျူးယွှေးစာပေသမားက တိုးတိုးတိတိသာ ပြန်ဖြေပေး၏။

"ခင်ဗျားကို လာငှားတာ ဘယ်သူလဲ"

"မသိဘူး၊ ငါက ငါ့ရမယ့်ကြေးကိုပဲစိတ်ဝင်စားတယ်၊ အလုပ်လာအပ်တဲ့လူ ဘယ်သူဘယ်ဝါဆိုတာ ငါက ဂရု

www.burmeseclassic.com



မစိုက်ဘူး၊ ဒီနေ့နေ့လယ်ကပဲ လူတစ်ယောက် ငါ့ဆီကို ရောက်လာတယ်၊ မင်းတို့နှစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး မင်းတို့ကိုလုပ်ကြံသတ်ဖြတ်ပေးဖို့ ငွေငါးထောင် ပေးသွားတယ်၊ မင်းတို့နှစ်ယောက် ဒီညနေလောက်ကျရင် ရောက်လာလိမ့်မယ်လို့လဲ ပြောသွားတယ်''

''ဩော် ...အင်း...အင်း...အခုမှ ကျွန်တော်စဉ်းစား မိတယ်''

''ဘာလဲ၊ အဲဒီလူ ဘယ်သူလဲဆိုတာစဉ်းစားမိပြီလား''

''မဟုတ်ပါဘူး၊ ကျွန်တော်စဉ်းစားမိတာ တခြား ကိစ္စတစ်ခုပါ၊ အူရှင်းမြို့က စားသောက်ဆိုင်မှာ ဝင်စား နေကြရင်း လူငယ်သိုင်းသမားတွေ ဟောဒီမိုးကင်းတောင် ဘက်သွားတယ်လို့ လူရွယ်တစ်ယောက်က ပြောလိုက်တယ်။ အဲဒါကို အဟုတ်မှတ်ပြီး ကျွန်တော်တို့က လိုက်လာခဲ့ကြ တာ၊ အခုတော့ သက်သက်မဲ့ လှည့်စားလိုက်မှန်း နား လည်ပါပြီ''

''မင်းက စဉ်းစားဉာဏ်ကောင်းသားပဲ၊ ဟုတ်တယ်။ မင်းတို့ အလှည့်စားခံလိုက်ရတာပဲ၊ မင်းပြောတဲ့ လူငယ် သိုင်းသမားတွေ ဒီဘက်ကို လုံးဝမလာပါဘူး''

''ကျွန်တော်တို့ ဘယ်သူတွေလဲဆိုတာ ခင်ဗျား သိရဲ့ လား''

''မင်းတို့ ဘယ်သူတွေလဲဆိုတာ ငါမသိချင်ပါဘူး၊ ငါ့ မျက်စိထဲမှာတော့ မင်းတို့ဟာ ငါ့အတွက် ငွေငါးထောင် ရှာပေးတဲ့လူတွေပဲလို့ မြင်တယ်''



''ခင်ဗျား မသိချင်စေမယ့် ကျွန်တော်ကတော့ ပြောပြ ရဦးမယ်၊ ကျွန်တော်ဟာ သိုင်းလူလင် ခြေစကြဦးထဲက ချစ်လုလင်ကျိန်လွေဆိုတာပါ၊ သူကတော့ နတ်သူဇာခုနစ် ပါးထဲက ဂန္ဓမာဝသူဇာ လင်ယုယုတဲ့''

''ကဲကဲ...ပြောစရာရှိရင်မသေခင်ဝအောင်ပြောထား''

ကျူးလူး စာပေသမားက ခပ်လှောင်လှောင် ပြော လိုက်ချိန်တွင် လင်ယုယုက ကြားဖြတ်ကာ ဝင်ပြောသည်။

''ကျွန်မတို့က မတောရင်းသူဖယ်ပြီး တောင်းသူကယ်နေ ကြတာရှင့်၊ ရှင်က လူများအတွက် အန္တရာယ်ကောင်ဆို တော့ ရှင့်ကို ဖယ်ရှားပစ်ရမယ်''

''ဒီကိစ္စတို့တာဝန်ထားလိုက်ပါ ယုယု ၊မင်းက အသာ ဘေးက စောင့်ကြည့်နေ၊ တို့မနိုင်ဘူးဆိုတော့မှ ဝင်ကူပါ''

ကိန်လွေက ဤသို့ ပြောပြီး ခါးကြားမှ တစ်ပေခန့် ရှိသော ဓားတိုလေးနှစ်လက် ဆွဲထုတ်လိုက်သည်။

ကိန်လွေသည် ကျင်းခိုးညီနောင်ဟု အမည် မှည့်ထား သည့် ဓားတိုလေးတစ်စုံကို လက်နက်အဖြစ် အသုံးပြုကာ ထင်ပေါ် ကျော်ကြားလာခဲ့သူ ဖြစ်သည်။

ကျင်းခိုးညီနောင်မှာ အကောင်းစား သံမဏိဖြင့် ပြု လုပ်ထားသည့် အလွန်မာကျော ထက်မြက်သောဓား နှစ် လက်ဖြစ်သည်။

စင်လယ်ပြင်တွင် မေ့ဆေးအခတ်ခံရစဉ်က ကိန်လွေ၏ လက်စွဲတော် ကျင်းခိုးညီနောင်ဓားတို့နှစ်ချောင်းမှာလည်း ပျောက်ဆုံးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကိန်လေ့ကိုင်ဆောင်ထားသည်မှာ မူလ ကျင်းခိုး ညီနောင် ဓားတို့နှစ်လက်နှင့် ပုံစံချင်းတူအောင် ပြုလုပ်ထားသည့် ဓားများဖြစ်သည်။ ကျင်းခိုးညီနောင် အစစ်မဟုတ်ပေ။

''ဟား...ဟား...ဟား၊ မင်းက ချစ်လှချင် ကိန်လေ့ဆိုတော့ အဲဒီဓားတို့နှစ်လက်က ကျင်းခိုးညီနောင် ဆိုတဲ့ ဓားတွေပဲဖြစ်မှာပေါ့၊ ဟုတ်စ''

''ဟုတ်တယ်...ဒီဓားတွေကို သုံးပြီး သိုင်းသမား ဆိုးတွေကို နှိမ်နင်းအနိုင်ယူခဲ့တာ မနည်းတော့ဘူး''

''မင်းက ဘာကြောင့် အဲဒီဓားတွေကို ကျင်းခိုးညီနောင်လို့ နာမည်မှည့်ထားရတာလဲ''

''မကောင်းသူပယ်ပြီး ကောင်းသူကယ်ခဲ့တဲ့၊ လူစွမ်းကောင်းကြီးကျင်းခိုးကို ဂုဏ်ပြုပြီးမှည့်ခေါ်ထားတာပါ''

(ကျင်းခိုးဆိုသည်မှာ တရုတ်ရာဇဝင်တွင် ထင်ရှားခဲ့သည့် အများကောင်းကျိုးကို ဆောင်ရွက်ကာ မကောင်းမှုလုပ်ကိုင်နေသည့် သူများကို နှိမ်နင်းချေမှုန်း ခဲ့သည့် လူစွမ်းကောင်းတစ်ယောက် ဖြစ်သည်။ စကားချပ်)

ကျူးယူးစာပေသမားကလည်း ဓားလွယ်ထဲမှဓားရှည် ကို ဆွဲထုတ်လိုက်သည်။ ဝိုးတဝါးအလင်းရောင်အောက်တွင်ပင် ဓားရောင်တလက်လက်ဖြစ်နေသည်။

ကိန်လေ့နှင့် ကျူးယူး စာပေသမားတို့ မျက်နှာချင်းဆိုင်တာ ရပ်၍ တစ်ယောက်ကို တစ်ယောက် စူးစိုက်ကာ အကဲခတ်ကြည့်နေကြသည်။



ကျူးယူးစာပေသမား၏ အသွင်မှာ ခက်ထန် ကြမ်းကြုတ်ကာ မာန်ပြည့်လှသည်။ ဓားချက်ဘစ်ချက်တည်းနှင့်ပင် ကိန်လေ့ကိုအပိုင် ခုတ်ချနိုင်တော့မည့် အသွင်မျိုး။

ကိန်လေ့၏အမူအရာကမူ အေးအေးဆေးဆေးနှင့်တည်တည်ငြိမ်ငြိမ် ရှိလှသည်။

ကြေးစား လူသတ်သမား တစ်ယောက်နှင့် ရင်ဆိုင်ရတော့မည့် အသွင်မျိုးပင် မရှိ။ မိတ်ဆွေတစ်ယောက်နှင့်သိုင်းပညာချင်း ဖလှယ်ကာ ယှဉ်ပြိုင်သည့် အသွင်မျိုးပင်ရှိနေသည်။

ခေတ္တမျှ အကဲခတ် ကြည့်နေကြပြီးနောက် ကျူးယူးစာပေသမားက စတင်တိုက်ခိုက်သည်။

ဓားရှည်ကို ပင့်မြှောက်ကာ ကိန်လေ့ဘို့ စလွယ်သိုင်းခုတ်ပိုင်းချသည်။ ကျူးယူးစာပေသမား၏ ဓားရှည်မှာသုံးပေခန့်ရှိသည်။ ကိန်လေ့၏ ဓားတိုများမှာမူ တစ်ပေသာသာခန့်ရှည်သည်။

သို့သော် ကိန်လေ့က ကြောက်ရွံ့ဟန်မပြ။ ညာလက်ရှိဓားတိုဖြင့် ကျူးယူးစာပေသမား၏ ခုတ်ပိုင်းချက်ကို ခုခံချေဖျက်ပစ်လိုက်သည်။

ကျူးယူးစာပေသမားက ဆင့်ကဲဆင့်ကဲ ဓားချက်များဖြင့် မုန်တိုင်းတိုက်သည့်နှယ် တရကြမ်း ခုတ်ထစ် တိုက်ခိုက်သည်။

ကိန်လေ့ကလည်း တစ်ချက်ချင်း ခုခံတိုက်ခိုက် နေလေသည်။

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် ကျူးယွန်းစာပေသမားက ဓားချက်(၅၀)ခန့် ခုတ်ပိုင်းတိုက်ခိုက်ပြီး ဖြစ်သွားသည်။ ကိုန်လွှေကလည်း ထိုဓားချက်(၅၀)စလုံးကို ပိုင်ပိုင်နိုင်နိုင်ပင် ခုခံချေဖျက်ပစ်လိုက်နိုင်သည်။

ကိုန်လွှေသည် ဘယ်လက်ရှိ ဓားတိုကို လုံးဝမသုံးသေးဘဲ ညာလက်ရှိ ဓားတိုဖြင့်သာ ခုခံ တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ကျူးယွန်းစာပေသမား၏ ဓားချက်များကို ခုခံချေဖျက်နိုင်သော်လည်း ကိုန်လွှေမှာ တန်ပြန်တိုက်စစ်ဆင်နိုင်ခြင်းမရှိ။ ခံစစ်ကိုသာ လုံအောင်ပြုရင်း နောက်သို့ တဖြည်းဖြည်းချင်း ဆုတ်ပေးနေရသည်။

''ကိုန်လွှေ၊ ကျွန်မ ဝင်ကူပေးရမလား''

ကိုန်လွှေ နောက်ဆုတ်ပြီးရင်း ဆုတ်ပေး နေရသည်ကို တွေ့ရသည်တွင် အခြေ သိပ်မဟန်ကြောင်း ရိပ်မိသည့်အတွက် လင်ယုယုကလှမ်းမေးလိုက်သည်။

မေးမြန်းပြောဆိုရင်း ခါးတွင်စည်းထားသော အဖြူရောင် ဖဲကြိုးကိုဖြေချလိုက်သည်။

ထိုဖဲကြိုးအဖြူမှာ လင်ယုယု၏ နာမည်ကျော် တိမ်ဖြူဖဲကြိုးလက်နက်ပင်ဖြစ်သည်။

''ကိစ္စမရှိပါဘူး၊ ဒီလူ တို့ ကိုထိန်းနိုင်ပါသေးတယ်''

ကိုန်လွှေကပြောပြန်သည်။ ထိုသို့ ပြောနေဆဲတွင် ကျူးယွန်း စာပေသမား၏ ဓားချက်များ ဝင်လာသည့်အတွက် ကိုန်လွှေက နောက်သို့ ထပ်မံဆုတ်ပေးလိုက်ပြန်သည်။



သိုင်းကွက်၅၀-ကျော် တိုက်ခိုက်ပြီးသည့်တိုင် ကိုန်လွှေကို အသေမသတ်နိုင်သည့်အတွက် ကျူးယွန်းစာပေသမားမှာ အနေတော်ပင် ဒေါသထွက်လာသည်။

ထို့ကြောင့် သာမန် သုံးရိုးသုံးစဉ် သိုင်းကွက်များကို ဆက်သုံးမနေတော့ဘဲ သူ၏ အပိုင်နိုင်ဆုံး ဓားသိုင်းကွက်ဖြစ်သည့် ရင်ခွဲဓားသိုင်းကွက်ကို ထုတ်သုံးရလေတော့သည်။

''ဝှစ်''

ကျူးယွန်းစာပေသမားက ဓားရှည်ကို တစ်ချက်ဝှေ့ယမ်းကာ စလွယ်သိုင်းခုတ်ချသည်။ ဓားချက်မှာ အလွန်မြန်လှသည်။ အားအင်လည်း ပြင်းသည်။ ကြောက်စရာကောင်းလှသည်။

ကိုန်လွှေ ဓားတိုတစ်လက်တည်းဖြင့် မခံဝံ့။ ဘယ်ညာလက်နှစ်ဖက်ဝယ် ကိုင်ထားသော ဓားတိုနှစ်လက်ကို ကတ်ကြေးသဏ္ဌာန် ကြက်ခြေခတ်ကာ ဆီးကြို ခံဆောင်လိုက်ရလေသည်။

ကျူးယွန်း စာပေသမား၏ဓားရှည်မှာ ကန့်လန့်ဖြတ်ခံဆောင်ထားသော ဓားတိုနှစ်ချောင်းကြားသို့ တိုးဝင်သွားသည်။

ကိုန်လွှေက ဓားနှစ်လက်ကို ဆတ်ခနဲလှည့်ရွှာကာ ဓားရှည်ကို လှမ်းညှပ်ထားလိုက်သည်။ တစ်ပြိုင်နက်လိုလိုမှာ ကျူးယွန်း စာပေသမားကို ညာခြေဖြင့် လှမ်းကန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးယွှားစာပေသမားတလည်း လျင်သည်။ မြန်သည်။ ဓားတို့နှစ်လက်ဖြင့် မညှပ်မိခင်မှာပင် ဓားရှည်ကို လျင်မြန်စွာ ဆွဲယူ၍ ကိန်လွေ၏ရင်ဝကို လျှပ်ပြက်သည့်အလား မြန်ဆန်သွက်လက်စွာ ထိုးထည့်လိုက်သည်။

ကိန်လွေ၏ညာခြေက ကျူးယွှားစာပေသမားကို မကန်မိမီမှာပင် ဓားရှည်က ကိန်လွေ၏ရင်ဝသို့ တန်းဝင်လာခြင်းဖြစ်သည်။

ကိန်လွေက နောက်သို့ ကမန်းကတန်း ခုန်၍ရှောင်လိုက်သည်။

ထိုအချိန်တွင် ကိန်လွေမှာ ဘယ်ခြေတစ်ချောင်းတည်းဖြင့်ထောက်ကာ ရပ်နေရသည်ဖြစ်၍ ဟန်ချက်ကိုမထိန်းနိုင်ဘဲ ယိမ်းယိုင်ကာ လဲကျသွားသည်။ နောက်နားတွင် ရှိနေသော သစ်ပင်နှင့် နောက်ကျောကပ်မိသွားသည်။

ကျူးယွှားစာပေသမားက သိုင်းကွက်ကို ပြန်မရုပ်။ ဓားကို ဆက်၍ ဖိထိုးချလိုက်သည်။

လင်ယုယုက ကိန်လွေနှင့် ကျူးယူစာပေသမားတို့ အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို မျက်တောင်မခတ်တမ်း ကြည့်နေခဲ့သည်။

နောက်ဆုံး တိုက်ကွက်မှာ လျင်မြန်လွန်းသောကြောင့် လင်ယုယုမှာ မည်သို့မည်ပုံ လှုပ်ရှားတိုက်ခိုက်ကြမှန်း မသိနိုင် မမြင်နိုင်တော့။

ဓားရောင်များ ယက်ခနဲဖြစ်သွားသည်ကိုသာ တွေ့ရသည်။



ပြီးတော့ ကိန်လွေနောက်သို့ ယိမ်းယိုင်ကာ သစ်ပင်တွင် ကျောကပ်လျက် ဓားရှည်ကလည်း သစ်ပင်တွင် ထိုးစိုက်မိလျက်သား ရှိနေသည်ကိုလည်း မြင်လိုက်ရသည်။

"အား...အမယ်လေး"

ဤအဖြစ်ကိုတွေ့လိုက်ရသည်တွင် ဓားချက်က ကိန်လွေ၏ ခန္ဓာကိုယ်ကိုဖောက်ကာ သစ်ပင်တွင် စိုက်ဝင်နေပြီဟု ထင်မှတ်ကာ အလန့်တကြား အော်လိုက်မိသည်။

တိမ်ဖြူဖဲကြိုးကို ဝှေ့ယမ်းကာ ကျူးယွှားစာပေသမားကို ဝင်တိုက်ခိုက်ရန် ပြင်လိုက်သည်။

ထိုအခိုက်မှာပင် ကျူးယွှားစာပေသမားမှာ ဒယီးဒယိုင်ဖြစ်ကာ မြေကြီးပေါ် ပက်လက်လန်ကျသွားသည်ကို တွေ့ရသည့်အတွက် လင်ယုယုက ကိုယ်ရှိန်ကို သတ်လိုက်သည်။

ကျူးယွှားစာပေသမား၏ ရင်ဝတွင် ဓားတိုတစ်လက် စိုက်နေသည်ကို မြင်ရပြန်သည်တွင် လင်ယုယု အံ့အားသင့်သွားရပြန်သည်။

သစ်ပင်တွင် ဓားရှည်ဖြင့် ထိုးစိုက်မိနေသော ကိန်လွေကို လှမ်းကြည့်လိုက်ပြန်သည်။ ကိန်လွေမျက်နှာ ခပ်ပြုံးပြုံးဖြစ်နေသည်ကို တွေ့ရသည်။

"ကိန်လွေ၊ ရှင့်ကို ဓားထိမိသေးလား"

လင်ယုယုက လှမ်းမေးသည်။

"လူကိုတော့ မထိမိပါဘူး၊ ဒါပေမယ့် အင်္ကျီကတော့ စုတ်ရပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကိန့်လွှေက ဤသို့ပြောဆော သစ်ပင်ဝယ်ကျောကပ်လျက်ရှိရာမှ ရှေ့သို့ လျှောက်လှမ်းလာခဲ့သည်။

"ဗြို–"

ကိန့်လွှေ၏အင်္ကျီမှာ စုတ်ပြဲ ထွက်သွားသည်။ ကျူးယူးစာပေသမား ထိုးလိုက်သော ဓားချက်မှာ ကိန်လွှေ၏ ခန္ဓာကိုယ်နှင့် သီသီလေးကပ်လွဲကာ အင်္ကျီနှင့်အတူ သစ်ပင်ဝယ် ထိုးစိုက်မိနေခြင်း ဖြစ်သည်။

"ရှင်က အသက်စွန့်ပြီး တိုက်ခိုက်ဖို့ကြိုက်ရတာကိုး"

လင်ယုယုမှာ ခုမှပင် သက်ပြင်းချနိုင်တော့သည်။

"မင်း ဘယ်ဓားကို သုံးလိုက်တာလဲ"

မြေကြီးပေါ် လဲကျနေသော ကျူးယူးစာပေသမားက လှမ်းမေးသည်။

"ဘယ်ဘက်လက်က ဓားကိုပါ"

ကိန့်လွှေက ဘယ်ဘက်လက်ဝါးကို ဖြန့်ပြရင်း ပြန်ဖြေသည်။

"သြော်... အင်း.... အဲဒီအကွက်ကို ငါသတိလစ်သွားတယ်၊ မင်းဒီလိုသုံးနိုင်မယ် မထင်ဘူး"

အမှန်စင်စစ်အားဖြင့် ကျူးယူးစာပေသမား ဓားရေးထက်လှကြောင်းကို ကိန့်လွှေက ယခင်ကတည်းက ကြိုတင်သိရှိထားခဲ့သည်။

ထို့ကြောင့် အလစ်ဖမ်းကာ အမိုင်တိုက်ခိုက်ရန် ညာလက်ရှိ ဓားတိုကိုသာ သုံးပြီး အသေအလဲ ခုခံနေခဲ့သည်။



နောက်ဆုံး ကျူးယူးစာပေသမားက ရင်ခွဲဓားသိုင်းကွက်ကို သုံးကာ အမိုင် တိုက်လာချိန်ဝယ် ကန်ချက်ကို မထိန်းနိုင်ဘဲ ယိမ်းယိုင်သွားဟန်ပြုကာ ဓားချက်ကို တိမ်းရှောင်ရင်း ဘယ်လက်ရှိဓားတိုလေးဖြင့် ကျူးယူး စာပေသမားကို အလစ်ဖမ်းကာပစ်ပေါက်၍ အနိုင်ယူလိုက်ခြင်းဖြစ်သည်။

"ခင်ဗျား ဘာမှ နောက်ဆံတင်းမနေပါနဲ့၊ ခင်ဗျားဟာ ကြေးစား သိုင်းသမားဆိုး တစ်ယောက်ဖြစ်ပေမယ့် ခင်ဗျားရဲ့အလောင်းကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ် ပေးပါမယ်"

"ကျေးဇူးတင်ပါတယ်၊ ငါ့အလောင်းကို မြေမမြှုပ်ပါနဲ့၊ ငါ့အိမ်ထဲမှာထားပြီး အိမ်ကိုပါ မီးရှို့လိုက်ပါ"

"ကောင်းပါပြီ၊ ခင်ဗျားဆန္ဒအတိုင်းဖြစ်ရပါစေမယ်"

"မင်းတို့ကို သုတ်သင်ပေးဖို့ လာပြောတဲ့လူကို ငါ တကယ်မသိတာပါ၊ ဒါပေမယ့် သူ့ပုံပန်းသဏ္ဌာန်ကိုတော့ ပြောပြမယ်"

သေအံ့မူးမူးဖြစ်နေသော ကျူးယူး စာပေသမားက အားတင်းကာ ပြောနေသည်။

"သူ့ရဲ့မေးစေ့မှာ မှဲ့နက်တစ်ခုရှိတယ်၊ မှဲ့မှာ မွေးညင်း လေးငါးခုလောက် ပေါက်နေတယ်"

"အသက်ကကော"

"ငါးဆယ်"

"အသားမည်းလား ဖြူလား"

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွေက ဆက်မေးသော်လည်း ကျူးယွေးစာပေ ဆာမားထံမှ အဖြေစကား မကြားရတော့။ ခေါင်းငိုက်စိုက်ကျကာ အဆက်ပျောက်သွားခဲ့လေပြီ။

*　*　*

ကျူးယွေးစာပေသမား၏ အလောင်းကို သူနေထိုင်ရာ ဝါးအိမ်လေးထဲတွင်ထည့်ကာ မီးရှို့သဂြိုဟ်ပေးပြီးနောက် ကိန်လွေနှင့် လင်ယုယုတို့သည် ပင်လယ်ကမ်းရိုးတန်းဘက်သို့ ရှေးရှုကာ ဆက်၍ ခရီးနှင်လာခဲ့ကြသည်။

နောက်တစ်နေ့တွင် ခုံတိတ်မြို့သို့ ရောက်လာကြသည်။ ခုံတိတ်မြို့ရှိ တည်းခိုခန်းတစ်ခုဝယ် ခေတ္တဝင်ရောက်တည်းခိုကြသည်။ တည်းခိုရိပ်သာ၏ အမှုထမ်း တစ်ယောက်ထံတွင် ကိန်လွေက လူငယ်သိုင်းသမားများ အကြောင်း သတင်းစုံစမ်း မေးမြန်းကြည့်သည်။

''အခုရက်ပိုင်းအတွင်းမှာ ယောက်ျားပျို ဆယ့်ခြောက်ယောက်နဲ့ မိန်းမပျို ဆယ့်နှစ်ယောက် ဒီမြို့ကိုဖြတ်သွားတာ ခင်ဗျား တွေ့မိသလား''

''သူတို့အားလုံး အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြသေးတယ်မဟုတ်လား''

တည်းခိုရိပ်သာအမှုထမ်းက ပြန်ပြောသည်။

''ဟုတ်တယ်....ဟုတ်တယ်''



''မိန်းကလေးတွေကလဲ ချောရှမ်းလှတာပဲလေ''

''ဟုတ်ပြီ....ဟုတ်ပြီ၊ ခင်ဗျား တွေ့လိုက်မိသလား''

''ဟုတ်ကဲ့၊ သူတို့ဆိုရင်တော့ တွေ့လိုက်မိပါတယ်၊ ဟောဒီ တည်းခိုရိပ်သာမှာတောင် တစ်ညဝင်တည်းသွားကြသေးတယ်''

''သူတို့ ဘာတွေပြောကြဆိုကြသေးလဲ''

''အဲဒါကိုတော့ ကျွန်တော် သတိမထားလိုက်မိဘူး''

''သူတို့ ဘယ်ကို ဆက်ထွက်သွားကြသေးလဲ''

''ဟောဒီလမ်းအတိုင်း မြို့တံခါးဘက်ကို ထွက်သွားကြတာပဲ''

''အေးဗျာ....ကျေးဇူးပါပဲ၊ ရော့....ရော့၊ ခင်ဗျားအတွက်''

ကိန်လွေက အသပြာ ငါးကျပ်တန် ငွေဒင်္ဂါးတစ်ခုကို တည်းခိုရိပ်သာအမှုထမ်း၏ လက်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် တည်းခိုရိပ်သာတွင် ဆက်တည်းမနေတော့ဘဲ ငှားထားသော အခန်းများကို ပြန်အပ်ပြီး ကိန်လွေတို့ နှစ်ယောက် ချက်ချင်း ခရီးပြန်ထွက်လာခဲ့သည်။

သူတို့စီးလာသော မြင်းများမှာ ခြေကုန်လက်ပန်းကျနေပြီဖြစ်၍ မြင်းအသစ် နှစ်ကောင် လဲလှယ်ဝယ်ယူလိုက်ကြသည်။

တည်းခိုရိပ်သာ အမှုထမ်းပြောသည့် လမ်းအတိုင်း လိုက်ခဲ့ကြရာ မြို့၏တောင်ဘက်မြို့တံခါးသို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့တံခါးမှ ထွက်လိုက်သည်တွင် တောင်ဘက်အရပ်သို့ ဖြောင့်တန်းစွာ ဖောက်လုပ်ထားသော လမ်းမကြီးကို တွေ့ရသည်။

ကိန်လေ့တို့လည်း ထိုလမ်းမကြီးအတိုင်း တောင်ဘက်သို့ ရှေးရှုတာ ခရီးနှင်လာခဲ့ကြသည်။

လူငယ်သိုင်းသမားများ၏ သတင်းအစအနကို ရပြီ ဖြစ်သောကြောင့် ကိန်လေ့ အတော်ပင် အားတက် ရွှင်လန်းနေသည်။ ထိုလူများကို မကြာမီ ခြေရာခံမိတော့မည် ဟုလည်း တွက်ဆထားမိသည်။

သို့သော် ကိန်လေ့ ထင်သလို ဖြစ်မလာခဲ့ပေ။

တောင်ဘက်သို့ အတော် ခရီးပေါက်လာခဲ့သည်တွင် စတ်ဝန်းကျင် အခြေအနေမှာ ကြာလေ လူသူကင်းမဲ့ဆာ ခြောက်ကပ်လာလေလေ ဖြစ်နေသည်။

မကြာမီ မှောင်ရိသန်းလာသည်။

သူတို့၏ မြင်းများမှာလည်း ခြေကုန်နှင်ကာ ဒုန်းစိုင်း ပြေးလာရသောကြောင့် အတော်ပင် မောဟိုက်၍ နေ၏။

ထိုအချိန်တွင် လမ်းဘေးဝယ် ဖြစ်သလို ဆောက်လုပ်ထားသည့် စားသောက်ဆိုင်လေးတစ်ဆိုင်ကို တွေ့ရ၏။

''ယုယုရေ၊ မြင်းတွေကိုလဲ အနားပေးရင်း သတင်းလဲ စုံစမ်းရင်း အဲဒီဆိုင်မှာ တစ်ခုခု ဝင်စားကြရအောင်လား''

ကိန်လေ့က လင်ယုယုကို လှမ်းပြောသည်။

''အင်း...ကောင်းသားပဲ''



လင်ယုယုက သဘောတူသည့်အတွက် စားသောက်ဆိုင်ရှေ့ဝယ် မြင်းများကို ရပ်လိုက်ကြသည်။ နှစ်ယောက်သား မြင်းပေါ်မှဆင်း၍ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

''လာကြပါ...လာကြပါ၊ ဘာများ သုံးဆောင်ကြမလဲ''

ဆိုင်ရှင် ဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက်က ဆီးကြိုကာ စားပွဲဘစ်ခုဝယ် နေရာချပေးရင်း မေး၏။

ဆိုင်ထဲဝယ် စားပွဲငါးလုံးခန့် ရှိနေသော်လည်း စားသောက်သူဟူ၍ ကိန်လေ့နှင့် လင်ယုယုတို့သာ ရှိသည်။ ထို့ပြင် ဆီးကြိုနေရာချပေးသော အဘိုးကြီးမှလွဲ၍ တခြား ဆိုင်အမှုထမ်းလည်းမရှိ။

အဘိုးကြီးမှာ အသက် ငါးဆယ်ခန့်ရှိကာ ရုပ်ရည် အတော်ပင် ကြမ်းတမ်းသည်။ မေးစေ့ဝယ် မုတ်ဆိတ်အနား တစ်ဝိုက်ဝယ် မွေးညင်းရှည်လေး ငါးမျှင်ခန့် ပေါက်နေသည်။

''ဟောဒီ လမ်းမကြီးအတိုင်း တောင်ဘက်ကို ဆက်သွားရင် ဘယ်ရောက်မလဲ''

ကိန်လေ့က ဆိုင်ရှင်အဘိုးကြီးကို မေးလိုက်သည်။ လင်ယုယုကမူ နှုတ်ဆိတ်နေကာ အဘိုးကြီး၏ ရုပ်ရည်သွင်ပြင်ကို မသိမသာ အကဲခတ်ကြည့်နေသည်။

''ဟန်ချိုမြို့ကို ရောက်ပါတယ်''

''ဒီနေရာက ဟန်ချိုမြို့နဲ့ ဘယ်လောက်ဝေးသလဲ''

www.burmeseclassic.com



"မိုင်လေးဆယ်ပဲ ဝေးပါတယ်"

"ဒါနဲ့ အခုရက်ပိုင်းအတွင်း ယောကျ်ားပျို ဆယ့်ခြောက်ယောက်နဲ့ မိန်းကလေးဆယ့်နှစ်ယောက် ဒီနေရာက ဖြတ်ပြီး တောင်ဘက်ကို သွားကြတာ မြင်မိသလား"

"ဟင့်အင်း…မတွေ့မိပါဘူး၊ တဲ…မောင်ရင်လေးတို့ ဘာစားကြမလဲ"

"စားလို့ကောင်းမယ့်ဟင်းလျာတွေသာ စီမံပြီး ယူလာခဲ့ပါ၊ အရက်တစ်အိုးတော့ ပါပစေနော်"

"ကောင်းပါပြီ"

အဘိုးအိုသည် ဆိုင်နောက်ဘက်ခန်းထဲသို့ လျှောက်လှမ်းဝင်ရောက်သွားသည်။

"အင်း…အတော်ဆန်းတယ်၊ ခုံတိတ်မြို့ကနေ တောင်ဘက်ကို ထွက်ခဲ့ရင် ဟောဒီလမ်းတစ်လမ်းပဲရှိတယ်၊ သူတို့လူစု ဘယ်လိုလုပ် ခြေရာပျောက်သွားတာလဲ"

အဘိုးကြီး ထွက်သွားသောအခါ ကိန်လွှေက လင်ယုယုကို လှမ်းပြောသည်။ လင်ယုယုက ပြုံးရုံသာပြုံးနေသည်။ ဘာမျှ ပြန်မပြော။

"မင်းက ဘာပြုံးတာလဲ"

"ရှင်ဟာ တစ်ခါတလေ သိပ်ပြီး ရိုးလွန်း၊ အ,လွန်းတာပဲ"

လင်ယုယုက ဤသို့ပြောပြီး သူ့နားနားသို့ကပ်၍ တိုးတိုးဆက်ပြောသည်။



"ဟာ…ဟုတ်သားပဲ၊ ကြည့်စမ်း…ယုယု စဉ်းစားမိပေလို့ပေါ့၊ မဟုတ်ရင် အခက်ပဲ"

လင်ယုယု ပြောသမျှကို နားထောင်ပြီးနောက် သူက တီးတိုး ရေရွတ်သည်။

မကြာခင်မှာပင် ဆိုင်ရှင်အဘိုးကြီးက အရက်တစ်အိုး၊ အမဲကြော်တစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲနှင့် ဟင်းချို တစ်ပန်းကန် လာချပေးသည်။

"ဩော်…ဒါနဲ့ ဒီဆိုင်မှာ အဘ တစ်ယောက်တည်းလား၊ ကူဖော်လောင်ဖက်မရှိဘူးလား"

ကိန်လွှေက အဘိုးကြီးကို မေးလိုက်၏။

"ဟုတ်တယ်၊ ကျုပ်ရဲ့အဘွားကြီးဆုံးသွားတာ ကြာပြီလေ၊ အရင်ကတော့ စားပွဲထိုးကောင်မလေး ရှိခဲ့ရဲ့၊ အခုတော့ လင်နောက်လိုက်သွားလို့ ကျုပ်တစ်ယောက်တည်းပဲရှိတော့တယ်"

"ဒါဖြင့် ကျွန်တော်တို့ကို တစ်ခုလောက် ဆောင်ရွက်ပေးပါသလားဗျာ"

ကိန်လွှေကပြောပြီး အဘိုးကြီး၏လက်ထဲသို့ ငွေဒင်္ဂါး တစ်ပြား ထည့်ပေးလိုက်၏။

"ဘာလုပ်ပေးရမှာလဲ"

"ကျွန်တော်တို့ စီးလာတဲ့ မြင်းနှစ်ကောင်လဲ ဗိုက်အတော် ဆာနေမှာပဲ၊ ဒီတော့ မြက်နုနည်းနည်းပါးပါးလောက် သွားရိတ်ပြီး ကျွေးပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုနံလွှကာ ဤသို့ပြောရင်း အရက်အိုးထဲရှိ အရက်များကို ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။ လင်ယုယုကလည်း တူကိုင်၍ စားသောက်မည့်အသွင်ပြုလိုက်သည်။

"ကောင်းပါပြီ၊ ကျုပ် အခုပဲ မြက်သွားရိတ်ပြီး မြင်းတွေကို ကျွေးလိုက်ပါ့မယ်၊ မောင်ရင်လေးတို့ အားရပါးရသာ စားသောက်နေခဲ့ကြပါ"

"ကျေးဇူးပါပဲ အဘ"

အဘိုးကြီးက တံစဉ်တစ်လက်ကိုင်၍ အပြင်သို့ ထွက်လာခဲ့သည်။

* * *

အဘိုးကြီး ဆိုင်အပြင်သို့ထွက်လာခဲ့သည်။

ဆိုင်နှင့်မလှမ်းမကမ်းရှိ မြက်ပင်များကိုရိတ်သည်။ မြက်ရိတ်နေရင်းမှ ဆိုင်ဘက်သို့ မကြာခဏလှမ်းကြည့်နေသေးသည်။

မြက်အတော်များများ ရသောအခါ ရိတ်ထားသောမြက်များကိုပွေ့၍ ဆိုင်သို့ပြန်လာခဲ့သည်။ ဆိုင်ရှေ့ရှိ သစ်ပင်တွင်ချည်ထားသော မြင်းနှစ်ကောင်ရှေ့တွင် မြက်များကို ပုံထားပေးလိုက်သည်။

ထို့နောက် ခြေဖော့နင်း၍ ဆိုင်အနားသို့ တိုးကပ်လာခဲ့သည်။



ဆိုင်ထဲ၌ မည်သည့်အသံမျှမကြားရ။ အဘိုးအို၏ မျက်နှာတွင် ပဟေဠိဆန်သော အပြုံးတစ်ခုပေါ်လာသည်။

အဘိုးအိုက တံစဉ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ဆိုင်ထဲရှိ စားပွဲပေါ်တွင် ကိန်လွှနှင့်လင်ယုယုတို့ မှောက်လဲနေကြသည်ကို အဘိုးအိုတွေ့ရသည်။

အရက်အိုးထဲတွင် အရက်တစ်ဝက်ခန့်သာကျန်ရှိပြီး စားစရာ သောက်စရာမှာလည်း တစ်ဝက်တစ်ပျက်သာ ကျန်ရှိတော့သည်။

"မင်းတို့ကို သနားတော့သနားပါရဲ့ကွာ၊ ဒါပေမယ့် မင်းတို့ကို ရှင်းပစ်မှဖြစ်မယ်"

အဘိုးကြီးက ရေရွတ်ပြောဆိုကာ ကိန်လွှ၏လည်ပင်းကို တံစဉ်ဖြင့် လှမ်းပိုင်းလိုက်သည်။

အဘိုးကြီး၏ တံစဉ်ကကိန်လွှ၏လည်ပင်းကို မဖြတ်မိမီမှာပင် အဖြူရောင် လက်ခနဲ ဖြစ်ကာ ပျော့အိသောအရာတစ်ခုက အဘိုးကြီး၏လည်ပင်းကို လာရစ်ပတ်လိုက်သည်။

"ဟာ...ဘာလဲ"

အဘိုးကြီး အလန့်တကြား ရေရွတ်ဆဲမှာပင် စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်နှင့် ရှိနေသော ကိန်လွှက ရုတ်တရက်လှုပ်ရှားလာကာ အဘိုးကြီး၏လက်ထဲရှိ တံစဉ်ကို ဆတ်ခနဲလုယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လင်ယုယုကလည်းအဘိုးကြီး၏လည်ပင်းတွင်ရစ်ပတ်မိနေသော တိမ်ဖြူဖဲကြိုးကို ဆတ်ခနဲဆောင့်ဆွဲလိုက်၏။

ဤသို့ တုံ့ပြန်တိုက်ခိုက်ကြလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် အဘိုးကြီးမှာ လုံးဝအငိုက်မိသွား၏။ မည်သို့မျှ ခုခံတိမ်းရှောင်ခြင်း မပြုနိုင်တော့ဘဲ မြေကြီးပေါ်ဘိုင်းခနဲလဲကျသွားသည်။

ကိုန်လွှကအဘိုးကြီး ပြန်မထလာနိုင်အောင် အပိုင်အနိုင်ဖမ်းချုပ်ပြီး အဘိုးကြီး၏ ညာလက်မောင်းရင်းကို တံစဉ်ဖြင့် ဖမ်းချိတ်ထားလိုက်သည်။

''မလှုပ်နဲ့ခနော်၊ လှုပ်တာနဲ့ ညာလက်မောင်း ပြတ်ပြီသာမှတ်ပေတော့''

ကိုန်လွှ၏ ခြိမ်းခြောက်သံကြောင့် ရုန်းထွက်မည် ကြံနေသောအဘိုးကြီးမှာ အကြံကိုချက်ချင်း ဖျက်လိုက်ရလေသည်။

''ကဲ...ကိုန်လွှ၊ သူ့ကိုသေသေချာချာ စစ်ပေတော့၊ သူမှသားတစ်ခွန်းပြောတာနဲ့ သူ့လက်မောင်းကို ဖြတ်ဝစ်လိုက်''

လင်ယုယုက တိမ်ဖြူဖဲကြိုးကို ပြန်သိမ်းရင်းပြောလိုက်သည်။

''ဒါအမှန်အတိုင်းပြောလဲ မင်းတို့ကျေနပ်ကြမှာ မဟုတ်ဘူး''

အဘိုးကြီးက ဝင်ပြောသည်။



''ဘာဖြစ်လို့ ဒီလိုပြောရတာလဲ''

ကိုန်လွှက မေးလိုက်သည်။

''ငါက သူများရဲ့အမိန့်ကို နာခံပြီး လုပ်ရတဲ့ လူတစ်ယောက်ပါ၊ ဒီတော့ မင်းတို့ကို ဘာမှမည်မည်ရရ ပြောနိုင်မယ် မထင်ဘူး''

''ကောင်းပြီလေ၊ အဘသိထားသလောက်ပဲ ပြောပါ၊ အဘနာမည် ဘယ်လိုခေါ်သလဲ''

''မောင့်ပိုင်ချွမ်း''

''ကျွန်တော်တို့ကိုသုတ်သင်ဖို့ ကျူးယူးစာမေသမားကို ငွေငါးထောင်ပေးပြီးခိုင်းခဲ့တာ အဘပဲမဟုတ်လား''

''ဟုတ်ပါတယ်''

''အဘက ဘယ်သူ့အစီအမံကြောင့် အခုလိုလုပ်ရတာလဲ''

''နဂါးလေးစမ်းကွမ်းယဲ့ရဲ့ အစီအမံပါ''

''နဂါးလေး စမ်းကွမ်းယဲ့အစစ်က သေသွားပြီပဲ၊ ခင်ဗျားပြောတာ နဂါးလေးစမ်းကွမ်းယဲ့နဲ့တူအောင် ရုပ်ဖျက်ပြီး အယောင်ဆောင်ထားတဲ့လူ မဟုတ်လား''

''ဟုတ်ပါတယ်''

''နဂါးလေးစမ်းကွမ်းယဲ့အတုက ဘယ်သူလဲ''

''တောင်ပင်လယ်မြန်းဖြူကြီး ရိုတာဟိုင်ရဲ့သား ရိုလျှံချင်ပါ''

ဤတွင် ကိုန်လွှက လင်ယုယုဘက်လှည့်ကာ မေးလိုက်လေသည်။

www.burmeseclassic.com



"တောင်ပင်လယ်နဂါးဖြူကြီး ရိတာဟိုင်အကြောင်း မင်းကြားဖူးသလား"

"တာ...သိပ်ကြားဖူးတာပေါ့၊ သူက တောင်ပင်လယ် ဓားပြဂိုဏ်းခေါင်းဆောင် ဓားပြဗိုလ်ကြီးပဲ၊ တပည့်လက်သား သုံးထောင်ကျော်ရှိပြီး တောင်ပိုင်းပင်လယ်သာမက ဘူး အရှေ့ပိုင်း ပင်လယ်ကိုပါ သူ့အရှိန်အဝါ ကျယ်ပြန့်တယ်ဆိုပဲ၊ ယမိုင်းတစ်လျှောက်မှာ ကြောက်စရာအကောင်းဆုံး ပင်လယ်ဓားပြကြီးပေါ့"

"အဲဒီလူ သေသွားပြီလို့ ပြောသံကြားတယ်၊ အဲဒါ ဟုတ်သလား"

"ကျွန်မလဲ အဲဒီလိုပဲသတင်းကြားမိတာပဲ၊ တိတိကျကျတော့ မသိဘူး၊ ဘယ်လိုလုပ်ပြီး သေသွားမှန်းလဲမသိဘူး"

"ငမန်းဖြူကြီးကို သူ့လက်ထောက်ဗိုလ်တွေက တာပြန်တော်လှန်ပြီး လုပ်ကြံသတ်ဖြတ်လိုက်ကြတာပါ"

အဘိုးကြီး မောင့်ပိုင်ချွမ်းက ကြားဝင်ပြောသည်။

"အဘက ဘာ့ကြောင့် ဒီအကြောင်းကို သိရတာလဲ"

"ဝါက တောင်ပင်လယ်ဓားပြဂိုဏ်းက ဂိုဏ်းဝင်တစ်ယောက် ဖြစ်ခဲ့တာကိုး၊ သိတာပေါ့"

"ဒါဖြင့် ဘာကြောင့် သူ့လက်ထောက် ဗိုလ်တွေက တော်လှန်ပုန်ကန်ကြရတာလဲဆိုတာ ပြောပြစမ်းပါဦး"

"တောင်ပင်လယ် ငမန်းဖြူကြီး ရိတာဟိုင်ရဲ့ လက်အောက်မှာ လက်ထောက်ဓားပြဗိုလ် နှစ်ဆယ်ရှိတယ်၊ အဲဒီအထဲက ဆယ့်လေးယောက်က ပုန်ကန်ကြပြီး ငမန်းဖြူကြီး



ရိတာဟိုင်ကို လုပ်ကြံ သတ်ဖြတ်လိုက်ကြတယ်၊ အလောင်းကိုလဲ ပင်လယ်ထဲ ပစ်ချလိုက်ကြတယ်၊ ဘာ့အတွက်ကြောင့် ပုန်ကန်ကြတယ် ဆိုတာကိုတော့ ငါလဲ မသိဘူး၊ သူ့သား ငမန်းနက်လေး ရိလျှံကျင်ကတော့ သူတို့ပုန်ကန်ကြတာဟာ ငမန်းဖြူကြီးရိတာဟိုင်ရဲ့ ရတနာသိုက်ကို အပိုင်စီးချင်ကြလို့တဲ့"

"ငမန်းနက်လေး ရိလျှံကျင်က နဂါးလေးစမ်းကွမ်းယဲ့ယောင်ဆောင်ပြီး လူငယ်သိုင်းသမားတွေကို လှည့်စားစည်းရုံးတာက ဘာ့အတွက်ကြောင့်လဲ"

"သူ့အဖေကို ပုန်ကန်သတ်ဖြတ်သွားတဲ့ လက်ထောက်ဓားပြဗိုလ် ဆယ့်လေးယောက်ကို ပြန်တိုက်ခိုက်ပြီး သူ့အဖေရဲ့ ရတနာသိုက်ကို အရပြန်ယူချင်လို့ပါပဲ"

"အကြောင်းစုံကို ရှင်းစမ်းပါဦး"

"သူ့အဖေ လုပ်ကြံခံရပြီးချိန်ကစပြီး ငမန်းနက်လေး ရိလျှံကျင်ဟာ လက်ထောက်ဓားပြဗိုလ် ဆယ်လေးယောက်ရဲ့ သတင်းကို လိုက်စုံစမ်းခဲ့ပါတယ်၊ နှစ်ရှည်လများ စိတ်ရှည်လက်ရှည် လိုက်လံစုံစမ်းတာ နောက်ဆုံးတော့ အဲဒီလက်ထောက်ဗိုလ် ဆယ့်လေးယောက်ကို ခြေရာခံမိရောဆိုပါတော့၊ ငမန်းနက်လေး ရိလျှံကျင် အနေနဲ့ လက်ထောက် ဓားပြဗိုလ် ဆယ့်လေးယောက်ကို သူတစ်ယောက်တည်းနဲ့ ရင်ဆိုင်နိုင်တဲ့အခြေအနေ မရှိပါဘူး၊ ဒါကြောင့် အားကိုးရမယ့်လူ ရှာတဲ့အခါ ဓားပျံစုယုနဲ့ ကျော်ပွတ်နက်ရှုရန့်တို့ မောင်နှမနဲ့ ပူးပေါင်းမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ... အဲဒီဓားပျံစုယုနဲ့ ကျားပွတ်နက် စုရန့်တို့က ကျွန်တော်တို့အယောင် ဆောင်ခဲ့ကြတဲ့လူတွေ ဖြစ်မှာပေါ့ နော်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ... ဆက်ပြောစမ်းပါ"

"ဒီသုံးယောက်ရဲ့ အင်အားဟာလဲ နည်းသေးတယ်လို့ ငမန်းနက်လေးရိုလျှံကျင်က ယူဆပြီး နောက်ထပ်အင်အား စုစည်းနိုင်ဖို့ ကြိုးစားနေတုန်း နဂါးလေးစမ်းကွမ်းယဲ့က လူငယ်သိုင်းသမားတွေကို မိတ်ဆုံစားပွဲတည်ခင်းဧည့်ခံမယ့် သတင်းကို ကြားရပါတယ်၊ ဒါကြောင့် ရိုလျှံကျင်ရယ်၊ စုယု၊ စုရန့်တို့ မောင်နှမရယ်က နဂါးလေးစမ်းကွမ်းယဲ့၊ ချစ်လုလင်ကိန်လွေနဲ့ ဂန္ဓမာသူဇာ လင်ယုယုတို့အသွင် ရုပ်ဖျက် အယောင်ဆောင်ပြီး လူငယ်သိုင်းသမားတွေကို လှည့် စား စည်းရုံးခဲ့ကြတာပဲ"

"ဘယ်လိုနည်းနဲ့ လှည့်စားစည်းရုံးကြတာလဲ"

"အဲဒါကိုတော့ ငါလဲ အသေးစိတ်မသိဘူး၊ ရိုလျှံကျင်က နဂါးလေးစမ်းကွမ်းယဲ့ရယ်၊ မင်းတို့နှစ်ယောက်ရယ်ကို စိတ်ချရအောင် သုတ်သင်ပစ်ရမယ်လို့ပဲ ငါ့ကို တာဝန်ပေးထားတယ်"

"ရိုလျှံကျင်တို့က လူငယ်သိုင်းသမား နှစ်ဆယ့်ငါး ယောက်ကို ဘယ်နေရာအရောက် ခေါ်သွားကြမှာလဲ"

"ကွချန်းတောင်ကို ခေါ်သွားကြတာပါ"

"ကွချန်းတောင်ဆိုတာ ဘယ်မှာလဲ"



"အဲဒီတောင် ဘယ်မှာရှိတယ်ဆိုတာ ငါလဲ သေသေ ချာချာ မသိဘူး"

"ငမန်းဖြူကြီး ရိတာ့ဟိုင်ကို အခု ပုန်ကန်ခဲ့ကြတဲ့ လက်ထောက်ဗိုလ် ဆယ့်လေးယောက်က အဲဒီ ကွချန်း တောင့်မှာ ရောက်နေကြလို့လား"

"ဟုတ်ပါတယ်"

"ဘယ်လို...ယုယု၊ ဒီအဘိုးကြီးပြောတာတွေဟာ အမှန် ပဲလို့ မင်းထင်သလား"

အဘိုးကြီး မောင့်ပိုင်ချွမ်းကို စမ်းမေးရာမှ ကိန်လွေက လင်ယုယုကိုလှမ်း၍ သဘောထား တောင်းလိုက်သည်။

"ဒီအဘိုးကြီးပြောတာတွေအားလုံး မုသားတွေချည်း ပဲ၊ သူနဲ့ရိုလျှံကျင်နဲ့ ဒီလောက်ရင်းနှီးနေမှ လူငယ်သိုင်း သမားတွေကို ဘယ်လိုလှည့်စားပြီး စည်းရုံးတယ်ဆိုတာ သူသိရမယ်၊ ပြီးတော့ ရိုလျှံကျင်တို့ သွားမယ့်နေရာကိုလဲ သေသေချာချာ ပြောနိုင်ရမယ်၊ ကဲ...ကိန်လွေ၊ လေကုန်ခံ ပြီး ဆက်မေးမနေပါနဲ့တော့"

"ကောင်းပြီ"

ကိန်လွေက အဘိုးကြီး၏ လက်မောင်းသို့ တံစဉ်ဖြင့် ဖြတ်ပစ်ရန် ဟန်ပြင်လိုက်သည်။

"ဟာ...မလုပ်ပါနဲ့၊ ငါ အမှန်အတိုင်း ပြောပါမယ်"

အဘိုးကြီး မောင့်ပိုင်ချွမ်းက ကြောက်လန့်တကြား ပြောလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုက်ဖှူကျွမ်းရွာမှာ ပင်လယ်ကမ်းခြေရှိ တံငါရွာလေးတစ်ရွာ ဖြစ်သည်။

လူနေအိမ်ခြေ တစ်ရာခန့်သာရှိသည်။ ခေါင်ကျပြီး ဆမ်းပန်းဆက်သွယ်ရေး မကောင်းလှပေ။

ရပ်ဝေးမြေခြားမှ လူစိမ်းသည်သည်များဟူ၍ ဤရွာသို့ ရောက်ခဲ လာခဲလှသည်။

ယနေ့တွင်တော့—

သူစိမ်းဧည့်သည်ယောကျ်ားမျိုး (၁၆)ဦးနှင့် မိန်းမပျို (၁၂)ဦးတို့ ထိုက်ဖှူကျွမ်း တံငါရွာလေးသို့ ရောက်လာကြသည်။

မကြုံစဖူး ထူးကဲလှသောအဖြစ်တစ်ခုပင်။



ရောက်လာကြသူများမှာ လူငယ်ဆိုင်းသမား (၂၈) ယောက်တို့ပင် ဖြစ်ကြသည်။

နဂါးလေး စမ်းကွမ်းယွဲ့က ဦးဆောင်လာသည်။ ကျား ညီနောင်ဖြစ်သော ကျားဖြူရှန်အိုင်နှင့် ကျားနက်ရှန်ကျင့် တို့လည်း ပါလာကြသည်။

ကျားသစ်သုံးမျိုးဟူ၍ ကျော်ကြားနေသော စိန်ကျားသစ် ချူးကျင့်ဓွေး၊ ရွှေကျားသစ်ဓမ်ဟုန်နံ၊ ငွေကျားသစ် ဝေ့ချီမင်း၊ လူတွင်ကျယ် (၄)ဖော်ဆိုသည့် မြားနတ်ရှင် ရန့်ကျိုး၊ ရွှေလှံရှင်ဟန်လူ၊ ကြယ်ပျံယူဟု၊ ယက္ခတုတ် လီဖိန်။

ဟသာ (၅) ဖေ့စီဖြစ်ကြသည့် ဟသာစိမ်းလျံစိမ်း၊ တသာဝါကွမ်ချူး၊ ဟသာဖြူပိုင်ရန့်၊ ဟသာနက်မင်းကျူး၊ ဟသာနီစမ်ဇော။

သိုင်းလုလင် (၇)ဦးဟု အခည်တွင်သော ချစ်လုလင် တိန်လှေ၊ ပုလွေလုလင် ဝင်ထန်း၊ ပန်းလုလင်စီဖုံး၊ သန်းကြွယ်လုလင် ရောင်ပင်း၊ စာပေလုလင် စိန်ကျား၊ တေးလုလင် ပဲနန့်။

နတ်သူဇာ(၇)ပါးဆိုသည့် တိမ်လွှာသူဇာ ရွှေးရင်း၊ ရေလှိုင်းသူဇာ ကျန်းစမ့်၊ ဂန္ဓမာသူဇာ လင်ယုယု၊ ချမ်းသာသူဇာ ကျူးရုံ၊ ဓေါင်းသူဇာ ဟိုပိ၊ ခရေသူဇာ ချင်းမေ၊ ဆင်းရဲသူဇာ ရှောင်လု။

အားလုံး စုံစုံလင်လင် ပါရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းတိုင်ယ်စီစီးလျက် သားသားနားနား ဝတ်စားထားသူ (၂၈)ဦး ရွာထဲသို့ဝင်လာသည့်အတွက် တိုက်ဟူကျွမ်းတစ်ရွာလုံးမှာ သောသောရုတ်ရုတ် ဖြစ်ကုန်ကြသည်။

သိုင်းပြပွဲအဖွဲ့ ရောက်လာကြပြီဟု ထင်မှတ်ကာ ဝိုင်းအုံလာကြသည်။

"ကျွန်တော်တို့ သဘော်ဖြစ်ဖြစ်၊ ပင်လယ် ကူးနိုင်တဲ့ လှေဖြစ်ဖြစ် ငှားချင်ပါတယ်၊ ဘယ်မှာ ငှားလို့ ရနိုင်မှာလဲ"

ဦးဆောင်လာသူ နဂါးလေး စမ်းကွမ် ယဲ့က အသက်ကြီးကြီး အတိုးအိုတစ်ယောက်ကို မေးမြန်းလိုက်သည်။

"ဘာလုပ်မလို့လဲ"

အဘိုးကြီးက ပြန်မေးသည်။

"ပင်လယ်ထဲကို အပျော်ခရီး ထွက်သွားမလို့ပါ"

"ပင်လယ်ထဲမှာ ဘာများ ပျော်စရာရှိလို့လဲ၊ ပြီးတော့ ဒီရွာမှာသဘော်မရှိဘူး၊ ငါးဖမ်းလှေတွေပဲရှိတယ်၊ အဲဒီလှေတွေနဲ့ မင်းတို့လူစု နှစ်ဆယ့်ရှစ်ယောက်စလုံး စီးလို့မရနိုင်ဘူး"

"အားလုံးလှေတစ်စီးတည်းမှာစုပြီးစီးကြမှာမဟုတ်ပါဘူး၊ လှေလေးငါးစီးမှာ လူစုခွဲပြီးစီး လို့လဲ ဖြစ်ပါတယ်"

"မင်းတို့ ငါ့စကားကို နားထောင်စမ်းပါ၊ ဒီနေရာတစ်ဝိုက်က ပင်လယ်ပြင်ကို အပျော်ခရီးထွက်ဖို့ မကောင်းပါဘူး"



"ဘာလဲ၊ ပင်လယ်ဓားပြတွေ သောင်းကျန်း နေလို့လား"

နဂါးလေး စမ်းကွမ်းယဲ့က ခပ်ပေါ့ပေါ့ မေးလိုက်ခြင်းဖြစ်သော်လည်း အဘိုးကြီး၏ မျက်နှာ ကွက်ခနဲပျက်သွားသည်။

စကားပင်ဆက်မပြောတော့ဘဲ ခပ်သုတ်သုတ် လျှောက်လှမ်း ထွက်ခွာသွားသည်။

"ကဲ…ခင်ဗျားတို့ လှေငှားစရာရှိရင် ကျွန်တော်တို့ကို နှစ်ရက်လောက် ငှားကြပါ၊ လှေငှားခ တစ်စီးကို အသပြာ ငါးဆယ်ပေးပါမယ်"

နဂါးလေးစမ်းကွမ်းယဲ့က ဘေးနားဝယ် ဝိုင်းအုံနေကြသည့် တံငါသည်များကို လှည့်မေးလိုက်သည်။

ထိုခေတ်အခါက အသပြာ(၅၀)ဆိုသည်မှာ အတော်များသော ငွေကြေးပမာဏဖြစ်သည်၊ ထိုက်ဟူကျွမ်း ရွာသား တံငါသည်များ၏ တစ်နှစ်စာမျှရှိသည်။

သို့သော် ရွာသားတံငါသည် များက မက်မောဟန်မပြ။

ခေါင်းခါပြကာ တစ်ယောက်ပြီး တစ်ယောက် ထွက်သွားကြကုန်သည်။

နောက်ဆုံးတွင်ရွာသားတံငါသည် တစ်ဦးတစ်ယောက်မျှပင် မကျန်တော့ပေ။

ကျန်လူရယ် သိုင်းသမားများက ဦးစီးခေါင်းဆောင်ပြုသူ နဂါးဖေား စမ်းကွမ်းယဲ့အို လှမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဘာမှစိတ်မပျက်ကြနဲ့၊ဒီရွာက တစ်မိုင်လောက်အကွာမှာ ဇရပ်ကြီးတစ်ဆောင်ရှိတယ်၊ အဲဒီဇရပ်မှာသွားစခန်းချပြီး ရှေ့ဆက် လုပ်ရမယ့် အစီအစဉ်တွေကို တိုင်ပင်ကြတာပေါ့''

နဂါးလေးစမ်းကွမ်းယဲ့က ပြောလိုက်သည်။

ထို့နောက် သူတို့လူစုအားလုံး ထိုက်ဟူကျွမ်းရွာလေးမှထွက်ခွာလာခဲ့ကြသည်။ မကြာမီပင် ထိုက်ဟူကျွမ်း တံငါရွာလေးနှင့် တစ်မိုင်ခန့် ဝေးသောနေရာ ဇရပ်ကြီးသို့ရောက်လာကြသည်။

ဇရပ်ကြီးမှာ အိုမင်းကာ တချို့ အစိတ်အပိုင်းများတွင် ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။ သို့သော် ထုထည်ကြီးကာခိုင်သည်။

ကျယ်ကျယ်ဝန်းဝန်းလည်း ရှိသည်။ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဇရပ်ကြီး ပတ်ပတ်လည်တွင် ညီညာပြန့်ပြူးသောကွက်လပ်မြေပြင်ရှိသည်။

လူငယ် သိုင်းသမားများလည်း ဇရပ်ကြီးပေါ် တက်၍ဝိုင်းဖွဲ့ကာ ထိုင်လိုက်ကြ၏။

''လေ့ရှာမတွေ့ဘူးဆိုတော့ ဘယ်လိုလုပ်ပြီး ပင်လယ်ကိုဖြတ်ရမှာလဲ''

ဝိုင်းဖွဲ့ ထိုင်မိကြသည်တွင် ကျားဖြူရှန်အိုင်က စတင်မေးခွန်းထုတ်လိုက်သည်။



''လှေတွေ အများကြီး ရှိပါတယ်ဗျာ၊ ပူမနေစမ်းပါနဲ့''

နဂါးလေးစမ်းကွမ်းယဲ့က ဤသို့ ပြန်ဖြေ-လိုက်သည့်တွင် ဟယ်ာဝါကွမ်ချူးက ခစ်ခနဲရယ်လိုက်သည်။

''မင်းက ဘာရယ်တာလဲ''

ကျားဖြူရှန်အိုင်က မကျေနပ်သည့် အသွင်ဖြင့် ပြောသည်။

''ရယ်စရာကောင်းလို့ ရယ်တာပေါ့ရှင့်၊ရှင်ပဲ စဉ်းစားကြည့်ပါဦး၊ လှေတို့ သင်္ဘောတို့ ဆိုတာဟာ မြစ်ဆိပ်နဲ့ ပင်လယ်ကမ်းစပ်မှာပဲ ရှိမှာပေါ့၊ တောင်ပေါ်နဲ့ယယ်ကွင်းတွေမှာ ရှိပါ့မလားလို့၊ ခစ်...ခစ်...ခစ်''

ဟယ်ာဝါ ကွမ်းချူးက ရယ်ရယ်မောမော ပြော၏။

''ကဲ...စမ်းကွမ်းယဲ့၊ ခင်ဗျား ဘယ်လိုစီစဉ်ထားတယ်ဆိုတာသာ ရှင်းရှင်းပြောပါဗျာ''

ကျားနက် ရှန်ကျင့်က ကြားဝင်ကာပြောသည်။

''တောင်မင်လယ် ဓားပြဂိုဏ်းရဲ့ ဩဇာအာဏာဟာ ဒီနယ်တစ်ဝိုက်ကို အခုထိ လွှမ်းမိုးနေတုန်းပဲဗျ၊ ထိုက်ဟူကျွမ်းရွာသားတွေဟာ ကျွန်တော်တို့လို မျက်နှာစိမ်းတွေကို လှေငှားကြမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ကြိုတင်တွက်ထားပြီးသားပါ၊ ဒီအချက်ကို ခင်ဗျားတို့သိရအောင် ရွာထဲ တမင် လှေသွားငှားခဲ့တာပဲ''

''ဟုတ်တယ်...ဟုတ်တယ်၊ ခင်ဗျားက စင်လယ်ဓားပြတွေအကြောင်းလဲ ပြောလိုက်ရော ရွာသားတွေပါသည်။

www.burmeseclassic.com



တွေ အလန့်တကြားဖြစ်ကုန်ကြဘာ ကျွန်တော်တို့ မျက်မြင်ပဲ''

ချစ်လုလင် ကိန်လွှေက ဝင်ပြောသည်။

ထိုလူမှာ ကိန်လွှေအစစ်မဟုတ်ဘဲ အယောင်ဆောင်ထားသူဖြစ်သော်လည်း စကားပြောပုံဆိုပုံ ဟန်ပန် အမူအရာ အသံနေအသံထားမှာ ကိန်လွှေနှင့် ခွဲမရအောင် တူသည်။

''ဟောဒီ ဒေသတစ်ဝိုက်ဟာ တောင်ပင်လယ်ဓားပြဂိုဏ်း ကျက်စားခဲ့တဲ့ နေရာတွေပေါ့၊ တောင်ပင်လယ်ဓမန်းဖြူ ရိတာဟိုင် သေသွားပြီးတဲ့နောက် တောင်ပင်လယ်ဓားပြဂိုဏ်းလဲ ပြိုကွဲသွားပြီလို့ ကြားခဲ့ရတယ်ပဲ၊ အခုတော့ ဒီကောင်တွေပြန်ပြီး ခေါင်းထောင်လာကြပြန်ပြီထင်တယ်''

စိန်ကျားသစ် ချူးကျင့်ဖွေးက ဝင်ပြောသည်။

စိန်ကျားသစ် ချူးကျင့်ဖွေးမှာ အရုပ်ပုပုပျပ်ပျပ်ဖြစ်ကာ စကားပြောမြန်သည်။ စကားပြောမြန်သော်လည်း စိတ်ဆန္ဒစောကာ အလျင်စလို လုပ်တတ်သည့်အသွင်မရှိ။ ချင့်ချင့်ချိန်ချိန် လုပ်တတ်ဟန်ရှိသည်။

''ကဲ...ဒါတွေထား လိုက်ပါတော့၊ ငမန်းကျွန်းကို ရောက်အောင် ဘယ်လို သွားရမယ်ဆိုတာကိုသာ ဆွေးနွေးကြပါစို့''

လင်ယုယုအယောင်ဆောင်ထားသူက ပြောသည်။

''လှေစီးပြီး သွားကြတာပေါ့''



နဂါးလေး စမ်းကွမ်းယဲ့က ဖြေပြန်သည်။

''လှေမှငှားလို့မရတဲ့ဟာ၊ ဘယ်ကလှေ စီးသွားကြမှာလဲ''

ကျားဖြူ ရှန်အိုင်က ပြောသည်။

ကျားဖြူ ရှန်အိုင်မှာ ရိုးရိုးစင်းစင်းသာ တွေးဆပြောဆိုတတ်သည်။

''ထိုက်ဟူကျွမ်း တံငါရွာနားမှာ ငါးဖမ်းလှေအစင်းရှစ်ဆယ်လောက်ရှိတယ်၊ အဲဒီလှေတွေက ညဘက်ဆိုရင် ရွာနားက ပင်လယ်ကမ်းစပ်မှာ ကပ်ထားသေးရှိတယ်၊ လှေတစ်စီးကို လူလေးယောက်လောက် ကောင်းကောင်းစီးနိုင်တယ်၊ ညကျရင် လှေခုနစ်စင်းလောက် သွားဆွဲလိုက်ရင် ကိစ္စပြီးတာပဲ''

လူငယ် သိုင်းသမားများမှာ စိတ်ထားတည်ကြည်သူ၊ ဖြောင့်မတ်သူများ ဖြစ်ကြပေရာ လှေများခိုးယူမည့် အစီအစဉ်ကို သိပ်သဘောမကျကြပေ။ တချို့က ဖြောင့်ပင် ကန့်ကွက်စကားဆိုကြသည်။

''သူတို့ဆီက ကောင်းကောင်းမွန်မွန် ငှားတာမှ မရတာ၊ ဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ကျွန်တော်တို့ဟာ ခိုးချင်ဝှက်ချင်တဲ့စိတ်ရှိလို့မှမဟုတ်ဘဲ၊ လှေတွေကို ခဏယူသုံးပြီး ကိစ္စပြီးပြတ်တာနဲ့ ပိုင်ရှင်လက် ပြန်အပ်မယ်၊ လှေငှားခပေးလိုက်မယ်၊ ကျွန်တော်တို့ယူသုံးနေတုန်း ပျက်စီးသွားမယ်ဆိုရင်လဲ ထိုက်သင့်တဲ့ လျော်ကြေးပေးလိုက်မယ်ဗျာ''

www.burmeseclassic.com

နဂါးလေး စမ်းကွမ်းယဲ့တာ ဤသို့ရှင်းလင်းပြောပြ တော့မှပင် သူ၏အကြံကို သဘောတူလက်ခံကြသည်။

"ဒါနဲ့ နေကြပ ဦး၊ တောင်ပင်လယ်မြန်းဖြူကြီး ရိတာ့ဟိုင်ထို ပုန်ကန်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လက် ထောက်ဗိုလ် ဆယ့်လေးယောက်စလုံး မြန်းကျွန်းပေါ် မှာ ရှိနေကြတယ်ဆိုတာ သေချာရဲ့လား"

တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော ကြွယ်ပျံ့ယူဟွ ကမေးခွန်းထုတ်သည်။

"မှန်ပါတယ်၊ မြန်းကျွန်းဟာ တောင်ပင်လယ်မားပြ ဂိုဏ်းရဲ့ အခြေစိုက်စခန်းဖြစ်တဲ့အတွက် သူတို့ အဲဒီနေရာက နေပြီး တစ်စခန်းထူကြဖို့ စီစဉ်နေကြတာပါ"

နဂါးလေး စမ်းကွမ်းယဲ့က ပြန်အဖြေပေးလိုက်သည်။

"သူတို့က တောင်ပင်လယ်ဂိုဏ်းကို ပြန်ပြီး ထူထောင် ကြဖို့ ကြံစည်နေကြတယ်ဆိုတော့ အခုအချိန်ဟာ သူတို့ အတွက် သိပ်ကို အရေးကြီးတဲ့အချိန် ဖြစ်နေတယ်၊ ဒီလို အချိန်မျိုးမှာ သူတို့က ပြည်မ ကုန်းမြေပေါ် တက်ပြီး မိန်းမပျိုလေးတွေကို ဖမ်းသွားကြတယ်ဆိုတာ ဖြစ်နိုင် ပါ့မလား"

နဂါးလေး စမ်းကွမ်းယဲ့ အယောင်ဆောင်ထားသူက တောင်ပင်လယ် မားပြဂိုဏ်းမှ လက်ထောက်ဗိုလ် ဆယ့် လေးဦးတို့က မိန်းမပျိုလေးများကို အတင်းအဓမ္မ ဖမ်း ဆီးထားသည့်အတွက် သွားရောက်ကယ်တင်ရန် လိုအပ်



သည်ဟူ၍ အကြောင်းပြ ပြောဆိုကာ လူငယ်သိုင်းသမား များကို စည်းရုံးခဲ့ခြင်းဖြစ်သည်။

ယခု ကြွယ်ပျံ့ယူဟွက ထိုသို့ပြောဆိုချက်ကို သံသယဝင် မိသောကြောင့် မေးခွန်းထုတ်နေခြင်း ဖြစ်သည်။

"အဲဒီလူတွေက အပျော်ရမ္မက်ကြီးတဲ့ လူတွေချည်းပဲ၊ သူတို့ကိုပျော်ဖြေဖို့အတွက် မိန်းမပျိုလေးတွေကို ဖမ်းခေါ် ထားတာ ဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် ဒီလူတွေလက်ထဲမှာ ရှိနေတဲ့ မိန်းမပျိုလေးတွေကိုတော့ သွားကယ်ရမှာပဲ"

ကိန်လွေ့အတုက ကြားဝင်ပြောသည်။

"ယုဟုပြောတာ နည်းလမ်းကျတယ်လို့ ကျွန်တော် ထင်တယ်၊ သူတို့တစ်တွေက ပြန်ပြီးခေါင်းထောင်နိုင်ဖို့ အင်အားစုစည်းနေကြတဲ့အချိန်မှာ ဒီလိုတွေ ရမ်းရမ်း ကားကား လုပ်လိမ့်မယ် မထင်ဘူး၊ တောင်ပင်လယ် မားပြဂိုဏ်း ပြန်ခေါင်းထောင်နိုင်ပြီး အင်နဲ့အားနဲ့ လှုပ် ရှားနိုင်တဲ့အခါကျတော့ တစ်မျိုးပေါ့"

စိန်ကျားသစ် ချူးကျင့်မွေးက ဝင်ပြောသည်။

"မိန်းကလေးတွေကို ဖမ်းသွားတယ်ဆိုတဲ့ သတင်းက မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်မ သဘောပြောရ ရင် မြန်းကျွန်းပေါ်ကို တက်ကြည့်သင့်တယ်လို့၊ မိန်း ကလေးတွေကို ဖမ်းထားတာ မဟုတ်ဘူးဆိုရင်လဲ ဟိုဆ ဆယ့်လေးယောက်ကို နှိမ်နင်းကြတာပေါ့၊ တောင် ပင်လယ်မားပြဂိုဏ်းသာ တစ်ခန်းပြန်ထလာရင် ပင်လယ် ပိုင်းကလူတွေ ကောင်းကောင်း ဒုက္ခတွေ့လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထင်ယုယုအတုက ဝင်ပြောသည်။

တိန်လွှအယောင်ဆောင်ထားသူထလည်း မန်းကျွန်းသို့ ဝင်ရောက်စုံစမ်းသင့်ကြောင်း ဝင်၍ထောက်ခံ ပြောကြားပြန်သည်။

လူငယ်သိုင်းသမားများသည်း အမျိုးမျိုး ပြောဆိုကြသည်။ ထောက်ခံသူများရှိသလို ကန့်ကွက်သူများလည်း မနည်းပေ။

"တောင်ပင်လယ် ဓားပြဂိုဏ်းနဲ့ပတ်သက်တဲ့ သတင်းတွေ သိချင်ရင် ကျုပ်တို့ ပြောပြနိုင်ပါတယ်"

သူတို့လူစု အမျိုးမျိုးပြောဆိုနေကြဆဲဝယ် ဇရပ်အပြင်ဘက်မှ စကားသံတစ်ခု ပေါ်လာသည်။

"ဘယ်သူတွေလဲ၊ ဇရပ်ထဲကို ဝင်လာခဲ့ပါ"

နဂါးလေး စမ်းကွမ်းယဲ့အတုက လှမ်းပြောလိုက်သည်။

ခြေသံများ ကြားရပြီး ဇရပ်ထဲသို့ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ဝင်ရောက်လာသည်။

အမျိုးသားမှာ အသက်သုံးဆယ်ခန့် ရှိသည်။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများ ထူထပ်သည်။ သိုင်း ဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။

အမျိုးသမီးမှာလည်း အသက်သုံးဆယ်ခန့် ရှိသည်။ ရုပ်ရည်ချောမောသော်လည်း ထူလွန်းလှသောမျက်ခုံးကြောင့် အလှပျက်သလို ဖြစ်နေသည်။ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။



နှစ်ဦးစလုံး၏ နောက်ကျောတွင် ဓားရှည်တစ်လက်စီ လွယ်ထားကြသည်။

သူတို့နှစ်ယောက်မှာ လင်မယားဖြစ်ဟန် တူသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

နဂါးလေး စမ်းကွမ်းယဲ့အတုက မေးလိုက်သည်။

"ကျုပ်နာမည်က ကျစမ်းအူလို့ ခေါ်ပါတယ်၊ ဟောဒါက ကျုပ်ဇနီး ကူချိန်းပါ"

ပါးမြိုင်းမွေးနှင့်လူက ယဉ်ကျေး သိမ်မွေ့စွာ ပြောလိုက်သည်။

"ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

"တောင်ပင်လယ် ဓားပြဂိုဏ်းကို ချေမှုန်းချင်လို့ပါ"

"အကြောင်းစုံကို ပြောပြစမ်းပါဦး"

"ဒီလိုပါ၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ကျုပ်ရဲ့ အဖေနဲ့ ဦးလေးတာ ပင်လယ်ပြင်မှာ ကုန်ကူးဖို့ ရွက်လွှင့်သွားရင်း တောင်ပင်လယ်ဓားပြဂိုဏ်းရဲ့ တိုက်ခိုက်လုယက်ခြင်းကို ခံခဲ့ရပါတယ်၊ ကျုပ်ရဲ့ဖခင်နဲ့ ဦးလေးဟာ ပင်လယ် ဓားပြတွေရဲ့ လက်ချက်နဲ့ပဲ သေဆုံးခဲ့ကြရပါတယ်၊ ဒါကြောင့် ကျုပ်တို့လင်မယားက ကိုယ်တတ်နိုင်သလောက် အင်အားနဲ့ တောင်ပင်လယ်ဂိုဏ်းကို ချေမှုန်းဖို့ ကြံခဲ့ကြပါတယ်၊ နောက်တော့ ဒီ ပင် လယ် ဓားပြ ကောင် တွေ ဟာ အချင်းချင်းတိုက်ခိုက်ကြပြီး တောင်ပင်လယ်ဂိုဏ်း ပြိုကွဲသွားခဲ့ပါတယ်၊ အခု...ကျန်သေးတဲ့ဓားပြဂိုဏ်း ဆယ့်လေးယောက်က တောင်ပင်လယ်ဓားပြဂိုဏ်း ပြန်ထူထောင်ဖို့

www.burmeseclassic.com

မြန်းကျွန်းမှာ အခြေစိုက်ပြီး ကြိုးစားနေကြတယ် ဆိုတဲ့ သတင်းကြားလို့ ဒီနယ်ဘက်ကိုလာပြီး စုံစမ်းတာပါ။ ကျုပ်တို့လို့ပဲ ဒီကောင်တွေကို ချေမှုန်းဖို့ကြံနေတဲ့ ခင်ဗျား တို့ကို တွေ့ရတာနဲ့ ပူးပေါင်း ကူညီရအောင် ဝင်လာခဲ့ တာပါ''

''ကျွန်တော်တို့ ဘယ်သူတွေဆိုတာကိုရော ခင်ဗျားသိရဲ့ လား''

''အခုထားလော နဂမည်ထင်ရှားလာတဲ့ လူငယ် သိုင်း သမား နှစ်ဆယ့်ရှစ်ယောက် မဟုတ်လား''

''ခင်ဗျားက အကဲခတ်မဆိုးဘူး၊ ဒါပေမယ့် ခင်ဗျား တို့အကြောင်းကို ကျွန်တော်တို့က သေသေချာချာသိထား တာ မဟုတ်တော့ ခင်ဗျားတို့ရဲ့ပူးပေါင်းမှုကို လက်မခံနိုင် ဘူး''

''အာလဲ၊ ကျုပ်တို့ကို တောင်ပင်လယ်မားပြကိုက်အား လွှတ်လိုက်တဲ့ သူလျှိုတွေထင်နေလို့လား''

''ဒီလိုတော့လဲ မစွပ်စွဲချင်ပါဘူး၊ ဒါပေမယ့် ကျွန်တော် တို့ကတော့ အစစအရာရာ သတိလက်မလွှတ်ဘဲ စဉ်းစဉ်း စားစား လုပ်ဖို့လိုတယ်လေ၊ ဒီတော့ ခင်ဗျားတို့ ဟာ တကယ်ပဲ တောင်ပင်လယ်ဓားပြကိုက်အားကို ချေမှုန်းချင်တယ် ဆိုရင်တော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ ဆက်လုပ်ကြ ပေတော့''

နဂါးလေး စမ်းကွမ်းယဲ့အတူက အမြတ်ပင် ပြင်းပယ် နေသည်။



''ဒီမယ်၊ ရှင်ဟာနဂါးလေးစမ်းကွမ်းယဲ့ဆိုတာလား'' ကူချိန်းက ဝင်မေးသည်။

''ဟုတ်တယ်''

နဂါးလေး စမ်းကွမ်းယဲ့အတူက ခပ်တည်တည်ဖြင့်ပြန် ပြောသည်။

''ကျွန်မတို့လင်မယား ဒီနေရာတစ်ဝိုက်မှာ လှည့်လည် စုံစမ်းနေတာ အခု လေးလတောင်ရှိနေပြီ၊ မြန်းကျွန်းက အခြေအနေတွေကို ရှင်တို့ထက် ကျွန်မတို့က ပိုပြီးသိနေ တယ်၊ ဒါကြောင့် ကျွန်မတို့ရဲ့ ပူးပေါင်းမှုကို လက်ခံမယ် ဆိုရင် ရှင်တို့အတွက် အများကြီး အထောက်အကူ ရနိုင် တယ်''

''ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ခင်ဗျားတို့ရဲ့ပူးပေါင်း ကူညီမှုကို လက်မခံနိုင်ဘူးလို့ ပြောပြီးပြီပဲ''

နဂါးလေးစမ်းကွမ်းယဲ့က ပြင်းပယ်စကားဆိုလိုက်သည် နှင့် ကြယ်ပျံယူဟုံက ကြားဝင်ပြောသည်။

''သူတို့လင်မယား ကြည့်ရတာ ရိုးသားတယ်လို့ ကျွန် တော်စိတ် ထင်တယ်၊ သူတို့ကို ပူးပေါင်းခွင့်ပေးရင် ကောင်း လိမ့်မယ်''

''သတိဆိုတာ ပိုတယ်မရှိဘူး၊ သူစိမ်းတွေကို လက်ခံ လို့ ဘယ်ဖြစ်မှာလဲ''

ကိန်လွေအတူက ပြောသည်။

''ဒီတိုက်စွမှာ သဘောတူတဲ့လူရှိသလို ကန့်ကွက်တဲ့လူလဲ ရှိနေတယ်၊ ဒီတော့ ဆက်ညှိုးထောင်ပြီး မဲခွဲဆုံးဖြတ်ကြရ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ကန့်ကွက်တဲ့လူများရင်တော့ ကျုပ်တို့လင်မယား ဒီနေရာက ချက်ချင်းထွက်သွားပေးပါမယ်''

ကျစမ်းအူက အခွင့်ကောင်းယူကာ ပြောလိုက်သည်။

''ဟုတ်တယ်...သဘောတူတဲ့လူရှိရင် လက်ညှိုးထောင်ကြ...''

ကျားနက်ရှန်ကျင့်က အော်ဟစ်ပြောဆိုကာ ကိုယ်တိုင်လည်း လက်ညှိုးထောင်လိုက်သည်။

အခြားလူများကလည်း ဆက်၍ လက်ညှိုးထောင်ကြသည်။ သဘောတူသူ (၂၅)ဦးရှိသည်။

နဂါးလေးစမ်းကွမ်းယဲ့အတု၊ ကိန်းလွေ့အတုနှင့် လင်ယုံယုအတုတို့ သုံးဦးသာကန့်ကွက်သည်။

''သဘောတူတာ နှစ်ဆယ့်ငါးယောက်၊ ကန့်ကွက်တာ သုံးယောက်၊ သဘောတူတဲ့ဘက်က နိုင်တယ်၊ သူတို့ လင်မယားကို လက်ခံရမယ်''

ကျားနက်ရှန်ကျင့်က ပြောဆို ကြေညာလိုက်သည်။

''လက်ခံတာတော့ ဟုတ်ပါပြီ၊ သူတို့ရဲ့ သိုင်းပညာအစွမ်းအစကို စမ်းကြည့်ရဦးမယ်၊ သိုင်းပညာက မဖြစ်စလောက်ပဲဆိုရင် သူတို့ကို သေတွင်းထဲ တွန်းပို့သလို ဖြစ်နေမယ်''

နဂါးလေး စမ်းကွမ်းယဲ့က အလျှော့မပေးဘဲ ပြောလိုက်သည်။

''ခင်ဗျားပြောတာ မဆိုးဘူး၊ ဒီတော့သူတို့လင်မယားရဲ့ သိုင်းပညာအစွမ်းအစကို စမ်းကြည့်ကြစို့''



ရိုးသားသော ကျားသစ်နက်ရှန်ကျင့်မှာ နဂါးလေးစမ်းကွမ်းယဲ့၏ အကြံကို မရိပ်မိဘဲ ခေါင်းတညိတ်ညိတ်နှင့် ပြောသည်။

''ဘယ်လိုလဲ၊ ခင်ဗျား ကျွန်တော်တို့ကို သိုင်းပညာယှဉ်ဝံ့သလား''

''ကောင်းပြီ...ပညာချင်းဖလှယ်ကြတာပေါ့ဗျာ၊ ဒါပေမယ့် ပညာစမ်းရုံသာ တိုက်ကြမယ်နော်၊ တစ်ယောက်နဲ့တစ်ယောက် လက်လွန်ခြေလွန် ဖြစ်ကုန်ရင် မကောင်းဘူး''

ဤသို့ဖြင့် ကျစမ်းအူနှင့် ကိန်လွေ့တို့ နှစ်ယောက်သား သိုင်းပညာယှဉ်ပြိုင်ရန် ဇရပ် အရှေ့ဘက်ရှိ မြေကွက်လပ်ထဲသို့ ဆင်းလာကြသည်။

ကျန်လူများလည်း သိုင်းပညာ ယှဉ်ပြိုင်ပွဲကို ကြည့်ရှုအကဲခတ်ရန် ဇရပ်အောက်သို့ဆင်းလာခဲ့ကြသည်။

* * *

ကိန်လွေ့အတုနှင့် ကျစမ်းအူတို့ မျက်နှာချင်းဆိုင်ရပ်နေကြသည်။

ကျစမ်းအူ၏ လက်ထဲဝယ် ဓားရှည်တစ်လက်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေွအတု၏ လက်ထဲ၀ယ် တစ်ပေခန့် ရှည်သော ဓားတိုလေး နှစ်လက် ကိုင်ထားသည်။ ထိုဓားတိုနှစ်လက်မှာ ချစ်လုလင်ကိန်လေွ၏ လက်စွဲတော် ကျင်းခိုးညီနောင် ဓားတိုအစစ်များဖြစ်ကြသည်။

“ခင်ဗျားရဲ့ နာမည်ကိုလဲ မသိရသေးပါလား”

ကျစမ်းအူက ပြောလိုက်သည်။

“သိုင်းလုလင် ခြောက်ဦးထဲက ချစ်လုလင် ကိန်လေွဆိုတာ ကျွန်တော်ပါပဲ”

“ဪ...အင်း...ချစ်လုလင်ဆိုတော့ သက်ဆက်ညွှာညွာလေးလုပ်ပါဗျ နော်”

ကျစမ်းအူက ခပ်သောသောပြောသည်။

“ကိုင်း...လာပြီ၊ သတိထားပေတော့”

ကိန်လေွအတုက ပြောပြောဆိုဆို ဘယ်လက်ရှိ ဓားတိုဖြင့် တစ်ချက်အယောင်ပြကာ ညာလက်ရှိ ဓားတိုဖြင့် ကျစမ်းအူ၏ ရင်၀တည့်တည့်ထိုးစိုက်ချလိုက်သည်။

ဓားချက် ပီရိသလို လှုပ်ရှားပုံ ကလည်း အတော်ပင်မြန်သည်။ ကျစမ်းအူက ဘေးသို့တစ်ကွက်တိမ်းကာ ရှောင်လိုက်သည်။

ကိန်လေွအတု၏ ဓားချက်မှာ သိသိလေး ကပ်လွဲသွားသည်။

ကျစမ်းအူက ချက်ချင်းပင် တန်ပြန်တိုက်စစ်ဆင်လိုက်သည်။



ကိန်လေွအတုကလည်း ဓားတိုနှစ်လက်ကို သွက်လက်စွာ အကွက်ကျကျ အသုံးပြုကာခုခံတိုက်ခိုက်သည်။

နှစ်ယောက်သား ဘတစ်ပြန် ကျားတစ်ပြန် ဆိုသလို အပြန်အလှန်တိုက်ခိုက်နေကြသည်။

ကိန်လေွအတု၏ တိုက်ခိုက်ပုံနှင့် သိုင်းကွက် များမှာ တစ်စစ ပို၍ကြမ်းလာသည်။ ခက်ထန်လာသည်။ ရက်စက်လာသည်။

သိုင်းပညာချင်း ယှဉ်ပြိုင် နေသည်နှင့်ပင် မတူတော့။ ရန်သူကြီး တစ်ယောက်ကို ရင်ဆိုင် တိုက်ခိုက် နေရသည့် အလား အငြိုးကြီးစွာ သဲသဲမဲမဲ တိုက်ခိုက်သည်။

ကျစမ်းအူကတော့ အေးဆေးသည်။ တည်ငြိမ်သည်။ လေးလေးမှန်မှန်ပင် ကိန်လေွအတု၏ တိုက်စစ်ကို ခုခံနေသည်။ ဓားသိုင်းလေ့ကျင့်မှု ပြုလုပ်နေသည့်အလားပင် ထင်ရသည်။

“ကျစမ်းအူဆိုတဲ့လူရဲ့ သိုင်းပညာစွမ်းက မသေးလှဘူး၊ အတော်ထက်တယ်၊ ဒီလူရောက်လာတာ မသက်သာစရာပဲ၊ သူ့ကို သတိထားဖို့လိုတယ်”

ကိန်လေွအတုနှင့် ကျစမ်းအူတို့ရင်ဆိုင်တိုက်ခိုက်နေကြသည်ကို အကဲခတ်ကြည့်ရင်း နဂါးလေးစမ်းကွမ်းယဲ့အတုက ကျားဖြူရှန်အိုင်ကို တီးတိုးပြောလိုက်သည်။

“သူက သိုင်းပညာ အစွမ်းထက်ဘာတော့ အမှန်ပဲ ဒါပေမယ့် မကောင်းတဲ့ စိတ်ထားတော့ ရှိမယ်မထင်ဘူး၊ သူသာ မကောင်းကြံချင်တယ်ဆိုရင် ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခံစစ်ပဲသုံးနေမှလဲ၊ တရကြမ်း တိုက်စစ်ဆင်ပြီး တိုက်ခိုက်မှာပေါ့''

ကျားဖြူရှန်အိုင်က ပြောသည်။

''ဒီလူဟာ ပင်လယ်ဓားပြဂိုဏ်းက လွှတ်လိုက်တဲ့သူလျှိုပဲဖြစ်ရမယ်၊ ဒီတော့ ဒီလူကို အပြတ်ရှင်းပစ်လိုက်ရရင် မကောင်းဘူးလား၊ ဒါမှ အန္တရာယ်တစ်ခု လျော့သွားမယ်'

''ဟာ...ဒါကြီးတော့ ကျွန်တော် သဘောမတူနိုင်ဘူး၊ ကျစမ်းအူဟာ တောင်ပင်လယ် ဓားပြဂိုဏ်းဝင် ဖြစ်တယ်ဆိုတာ သက်သေ ခိုင်ခိုင်လုံလုံမှ မရှိဘဲ၊ ဒီလိုကိစ္စမျိုးဟာ ထင်ကြေးနဲ့ရမ်းလုပ်လို့ မဖြစ်ဘူး၊ မတော်တဆလူကောင်းထိ မှားပြီး သုတ်သင်မိရင် ခက်ကုန်မယ်''

ကျားဖြူရှန်အိုင်က သဘောမတူသောကြောင့် နဂါးလေးစမ်းကွမ်းယဲ့အတုလည်း ကျန်လူများကို ချဉ်းကပ်ကာ ကျစမ်းအူတို့လင်မယားကိုရှင်းပစ်ရန် သွေးဆောင် ပြောကြားပြန်သည်။

ကျန်လူများကလည်း ကျားဖြူရှန်အိုင် နည်းတူ ငြင်းပယ်ကြသည်။

သိုင်းပြိုင်ပွဲ၏အခြေအနေမှာလည်း ကိန်လေ့အဖို့ ကြာလေအရေးနိမ့်လာလေ ဖြစ်နေသည်။

ကျစမ်းအူက ကွန္နုဝဏ်ရရဖြင့် ဇင်ကွက်ချင်း တိုက်ခိုက်နေသည်။ ကိန်လေ့အတုမှာမူ ပျာယာခတ်နေပြီး ကိုယ့်



သိုင်းကွက်နှင့်ကိုယ် ပြန်၍ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေလေသသ

''ကဲ...တော်လောက်ပါပြီ၊ ပြိုင်ပွဲကို ရပ်လိုက်ကြပါတော့''

မိမိလူ မဟန်မှန်း ရိပ်မိသောကြောင့် နဂါးလေး စမ်းကွမ် ယဲ့အတုက ပွဲသိမ်းရန် လှမ်းအော် ပြောလိုက်လေသည်။

''အို...အရှုံးအနိုင်မှ မပေါ်သေးတာ၊ ဘာကြောင့်ပွဲရပ်ရမှာလဲ''

ကျစမ်းအူကို အနိုင်မတိုက်နိုင်သောကြောင့် အရှက်ကြီးရှက်နေသည့် ကိန်လေ့အတုက ပြန်ပြောသည်။

''တော်လောက်ပါပြီဗျာ၊ ကျစမ်းအူက တန်ပြန်တိုက်စစ်မဆင်နိုင်ပေမယ့် ခံစစ်ကိုတော့ ကောင်းကောင်း လုပ်နိုင်တယ်၊ ကျွန်တော်တို့နဲ့အတူတူ လိုက်နိုင်မယ့် အရည်အချင်းရှိတယ်ဆိုတာ သိရပါပြီ''

နဂါးလေး စမ်းကွမ်းယဲ့ အတုက လိမ္မာပါးနပ်စွာ စကားပရိယာယ်ကြွယ်ကြွယ်ဖြင့် ကျစမ်းအူ၏ သိုင်းပညာစွမ်းကို ကိန်လေ့အတုထက် နိမ့်သယောင်ယောင် ထင်ရအောင် ပြောလိုက်သည်။

ကိန်လေ့အတုသည်း မကျေမနပ်နှင့်မင် ဓားကိုပြန်သိမ်းကာ နေရာက်ဆုတ်လိုက်ရသည်။

''ကိုင်း...ကျူချိန်းရဲ့ သိုင်းပညာစွမ်းကို ကြည့်ရအောင် အမျိုးသမီး တစ်ယောက်ထွက်ခဲ့ပါ''

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးစမ်းကွမ်းယဲ့ အတုက ပြောလိုက်သည်။

"ကျွန်မ မြိုင်မယ်"

လင်ယုယုက သူများထက် ဦးအောင်ပြောပြီး ရှေ့သို့ ထွက်လာသည်။

လင်ယုယုအတုနှင့် ကူချိန်းတို့ ရင်ဆိုင်မိကြသည်။ လင်ယုယုအတုက ဟိတ်ဟန်ပြသည့်အနေဖြင့် ခါးတွင်စည်းထားသော ဖဲကြိုးအဖြူကို ဖြေချကာ ဖတ်ခနဲအသံမြည်အောင် ဝှေ့ယမ်းလိုက်သည်။

"ညီမက ဂန္ဓမာလင်ယုယု ထင်ပါရဲ့၊ ညီမရဲ့ တိမ်ဖြူဖဲကြိုးအကြောင်း ကြားဖူးထားတာ ကြာပါပြီ"

ကူချိန်းက ချီးမွမ်းစကား ဆိုပြီးနောက် ဓားရှည်ကို ဆွဲကာ အသင့်ပြင်လိုက်သည်။

လင်ယုယုအတုက ဘာမျှ ပြန်မပြောတော့ဘဲ တိမ်ဖြူဖဲကြိုးကို ဆတ်ခနဲရိုက်ထုတ်လိုက်သည်။ ဖဲကြိုးအဖျားက မြွေတစ်ကောင် ပါးပျဉ်းထောင်ကာ ပေါက်လိုက်သည့် အသွင်မျိုးဖြင့် ကူချိန်းရှိရာသို့ဝင်လာသည်။

ကူချိန်းက ဘယ်ခြေကိုဆန့်ထုတ်ကာ ရှေ့သို့ တစ်ကွက်တက်လိုက်သည်။ တိမ်ဖြူဖဲကြိုး၏ ရိုက်ချက်မှ လွတ်သွားသည်။ ဓားရှည်ကိုဆန့်ကာ ထိုးထည့်လိုက်သည်။

လင်ယုယုအတု ပျာယာခတ်သွားသည်။ နောက်သို့ လွှားခနဲခုန်ကာ ရှောင်လိုက်သည့်အတွက် ဓားချက်က သီသီကလေးကပ်ကာ လွတ်သွားသည်။



လင်ယုယု အတုက တိမ်ဖြူဖဲကြိုးကို ဝှေ့ယမ်းကာ အတင်းဝင် ရိုက်နှက်တိုက်ခိုက်သည်။ တိမ်ဖြူဖဲကြိုးမှာ နဂါးတစ်ကောင်ပမာ တွန့်လိမ်လှုပ်ရှားနေရာ အတော် ပင် ကြောက်စရာကောင်းလှသည်။ ရိုက်နှက်တိုက်ခိုက်သည့် အကွက်မှာလည်း အလွန် ဆန်းပြားရှုပ်ထွေးသည်။

ကူချိန်းကတော့ ဆန်းပြားရှုပ်ထွေးလှသည့် တိုက်ခိုက်မှု ကို အလွယ်တကူပင် ရှောင်ရှားကာ ဓားချက်များဖြင့် ဆင့်ကာ ခုတ်ပိုင်းတိုက်ခိုက်သည်။

လင်ယုယု အတုမှာ ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းပင် မရှိ တော့ဘဲ နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်ပေးလိုက် ရသည်။

နဂါးလေး စမ်းကွမ်းယဲ့ မျက်မှောင်ကြုတ်သွားသည်။ ကျွန်းလှူငယ်သိုင်းသမားများမှာလည်း တအံ့တသြဖြစ်ကုန် ကြရသည်။

ဂန္ဓမာသူဇာ လင်ယုယုမှာ သိုင်းပညာအတော်လေး အစွမ်းထက်သည်ဟု သူတို့ကြားဖူးထားကြသည်။ လင် ယုယု တိုက်ခိုက်သည်ကို ယခင်က ကိုယ်တွေ့မျက်မြင်မရှိခဲ့ကြ သော်လည်း အတော်ပင် အထင်ကြီးနေကြသည်။

ယခု ကူချိန်းတို့ မယှဉ်နိုင်ဘဲ မုံပျက်ပန်းပျက်ပင် ခုခံ ရှောင်တိမ်းနေရသည်ကို တွေ့ရသောအခါ အတော်ပင် အံ့တွေးရမက်နေကြသည်။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



လင်ယုယုအတုက ပါးစပ်မှ အော်ဟစ်ကြိမ်းဝါးကာ တိမ်ဖြူဖဲကြိုးကို တရစပ် ဝှေ့ယမ်းကာ ကူချိန်းအား အတင်း ဝင်တိုက်ပြန်သည်။

ကူချိန်းက အလွယ်ပင် တိမ်းရှောင်ကာ ဓားဖြင့် ဆီးပိုင်းလိုက်ရာ တိမ်ဖြူဖဲကြိုးကို ခုတ်ဖြတ်လိုက်မိလုလု ဖြစ်သွားသည်။

လင်ယုယု အတုက ကမန်းကတန်း ဆွဲယူကာ နောက်သို့ ခုန်ဆုတ်လိုက်သောကြောင့်သာ လွတ်သွားရသည်။

"တော်ကြပါတော့၊ ဒီလောက်ဆို လုံလောက်ပါပြီ"

နဂါးလေး စမ်းကွမ်းယဲ့အတုက မိမိလူ သိက္ခာ မပျက်မီ အချိန်တွင်း ဝင်ရောက် ထိန်းသိမ်းလိုက်သည်။

"အို...ရှင်ကလဲ၊ ကျွန်မက အခုမှ ပညာခန်းတွေပြဖို့ ကြံကာရှိသေးတယ်၊ ဘာကြောင့် ရပ်ခိုင်းရတာလဲ"

လင်ယုယုအတုကလည်း ဘာကြောင့် ပွဲရပ်ခိုင်းသည်ကို နားလည်သောကြောင့် အချက်ကျကျနှင့် အကွက်ဝင်အောင် စကားဆိုလိုက်သည်။

"သိုင်းပညာ ဖလှယ်တဲ့သဘောနဲ့ ယှဉ်ပြိုင်ကြတာပဲ၊ တစ်ကွက်နှစ်ကွက်လောက်ဆိုရင် ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာ သိလောက်ပါပြီ"

နဂါးလေး စမ်းကွမ်းယဲ့ကလည်း ပညာပါပါ ပြော လိုက်သည်။

"ဘယ်လိုလဲ၊ ကျွန်မတို့ လင်မယားရဲ့ သိုင်းပညာ အစွမ်းက ရှင်တို့နဲ့အတူ ပူးပေါင်းဖို့ အဆင့်မီရဲ့လား



ကူချိန်းက ဓားရှည်ကိုပြန်သိမ်းရင်း ပြောသည်။

"ဒါကတော့ အများရဲ့ဆန္ဒကို ရယူရမှာပဲ၊ ဘယ်လိုလဲ ရောင်းရင်းတို့"

နဂါးလေး စမ်းကွမ်းယဲ့အတုက အများ၏ သဘောထားကို တောင်းခံလိုက်သည်။

အယောင်ဆောင်ထားသူ သုံးယောက်မှ တစ်ပါး ကျန်လူငယ်သိုင်းသမား (၂၅)ဦးတို့က ကျစမ်းဆူနှင့် ကူချိန်းတို့၏ သိုင်းပညာ ထက်မြက်ထူးချွန်ကြောင်း တညီတညွတ်တည်း ပြောကြသည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ညသန်းခေါင်ယံအချိန်။

နဂါးလေး စမ်းကွမ်းယဲ့ ဦးဆောင်ကာ သူတို့လူစု (၃၁)ယောက်လုံး ဇရပ်ကြီးပေါ်မှဆင်းကာ ကမ်းခြေသို့ ထွက်လာခဲ့ကြသည်။

ကြေးမီပင် တံငါလှေအစင်း (၅၀)ခန့် ဆိုက်ကပ်ထားသည့် ပင်လယ်ကမ်းခြေတစ်နေရာသို့ ရောက်လာကြသည်။

ငါးဖမ်းလှေတချို့ လှေပေါ်ဝယ် မီးရောင်လက်လက် ရှိနေသည်ကို တွေ့ရသည်။ လူများရှိနေသည့် သဘောပင်။

''ကိန်လွေနဲ့လင်ယုယုက လှေပေါ်က တံငါသည်တွေကို အကြောပိတ်ပြီး လှေဆယ့်တစ်စီးလောက် ရအောင် ယူခဲ့ကြ''



နဂါးလေး စမ်းကွမ်းယဲ့အတုက စီမံ အမိန့်ပေးလိုက်သည်။ ကိန်လွေအတုနှင့် လင်ယုယုအတုတို့လည်း မှောင်ရိပ်ခိုတာ ခြေသံလုံလုံဖြင့် လျှောက်လှမ်း၍ လှေများ ဆိုက်ကပ်ထားရာသို့ ထွက်သွားကြသည်။

လှေများ ပေါ်တွင် ရှိနေသော တံငါသည်များမှာ စိတ်ချလက်ချ အိပ်မောကျနေကြသောကြောင့် ကိန်လွေအတုနှင့်လင်ယုယုအတုအနေဖြင့် အလွယ်တကူပင် အကြောပိတ်ကာ လှေ(၁၁)စီးကို အရယူနိုင်ခဲ့ကြသည်။

ထို့နောက် သူတို့ (၃၁)ယောက် လှေ(၁၁)စီးပေါ်ဝယ် လူစုခွဲကာတက်ကြပြီး ကမ်းခြေမှ ထွက်လာခဲ့ကြ၏။

ရှေ့ဆုံးမှလှေတွင် နဂါးလေး စမ်းကွမ်းယဲ့အတုနှင့် ငမွန်းနက်လေး ရိလျှံကျင်တို့နှစ်ဦး စီးသည်။

ဟသ်္သာ (၅)ဖော်နှင့် နတ်သူဇာ (၇)ပါးတို့က လှေ (၄)စီး၊ တစ်စီးလျှင် သုံးယောက်စီ စီးကြသည်။

ကျားညီနောင်၊ ကျားသစ်သုံးမျိုး၊ လူတွင်ကျယ်လေးဦးနှင့် သိုင်းလုံသင် ငါးယောက်တို့က လှေ (၅)စီးဝယ် မျှကာစီးကြသည်။

ကျစမ်းအူ၊ ကူချိန်းနှင့် ကိန်လွေအတုတို့က လှေတစ်စီးဝယ် အတူစီးသည်။ နဂါးလေး စမ်းကွမ်းယဲ့အတုက ကျစမ်းအူတို့လင်မယားကို စိတ်မချသောကြောင့် မိမိလူကို သူတို့နှင့် လှေတစ်စီးတည်း အတူထည့်ပေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com



ငမန်းနက်လေး ရိလျှံကျင်၏ လမ်းပြမှုအတိုင်း လှေများကို ပင်လယ်ပြင်ထဲဝယ် ရွက်လွှင့်ကာ လာခဲ့ကြသည်။

လေသင့်နေသောကြောင့် လှေများက ရေပြင်ပေါ်ဝယ် လျင်မြန်စွာ ပြေးနေသည်။

ငမန်းနက်ကလေး ရိလျှံကျင်က ကုန်းမြေနှင့် မျက်နှာချင်းဆိုင် ရှိနေသော ငမန်းကျွန်း၏ အရှေ့ဘက်ကမ်းခြေသို့ ဦးတည်မသွားနိုင်ဘဲ ငမန်းကျွန်းကိုကွေ့ပတ်ကျော်ဖြတ်ကာ အနောက်ဘက် ကမ်းခြေသို့အရောက် အသွားခိုင်းသည်။

ပင်လယ်ပြင်ထဲဝယ် အချိန် အတော်ကြာအောင် ရွက်လွှင့်လာခဲ့ကြပြီး နောက်ဆုံးတွင် ငမန်းကျွန်း၏ အနောက်ဘက် ကမ်းခြေအနီးသို့ ချဉ်းကပ်လာနိုင်ခဲ့ကြသည်။

မိုးလင်းတော့မည့် အချိန်သို့ ရောက်နေပြီ ဖြစ်သည်။ ရောင်နီဦးက မပေါ်သေးသောကြောင့် ပင်လယ်ပြင်ထဲဝယ် အမှောင်ထုက သိပ်သည်းစွာ ကြီးစိုးနေသည်။

လှေများ အုပ်စုမကွဲသွားစေရန် ခပ်မှိန်မှိန် ထွန်းညှိထားသော မီးရောင်များက ပိုးစုန်းကြူးလေးများအလား ရှိနေသည်။

ငမန်းကျွန်းကို မြင်ကြရပြီ။

ငမန်းကျွန်း တစ်ခုလုံးဝယ် မီးရောင်များ လုံးဝမရှိ။ ပင်လယ်ရေပြင်ထက်ဝယ် ပေါ်နေသော မိကျောင်းကြီး တစ်ကောင်အလားသာ ခပ်ရေးရေး တွေ့ကြရသည်။

''ဟောဟိုရှေ့ကဟာ ငမန်းကျွန်းပဲ''



ရိလျှံကျင်က ခပ်ပါးပါးမြင်နေရသော ငမန်းကျွန်းကို ညွှန်ပြရင်း နဂါးလေး စမ်းကွမ်းယဲ့အတုကို ပြောလိုက်သည်။

''ဟာ.... အခုတော်နီးနေပြီပဲ၊ ဘာကြောင့် အခုဆက်ထိ အစောင့်အကြပ်တွေနဲ့ မတွေ့ရသေးတာလဲ''

နဂါးလေး စမ်းကွမ်းယဲ့အတုက ပြန်မေးသည်။

''စိမ်းကိုးတို့လူစုက အခုမှ တောင်ပင်လယ်ဓားပြဂိုဏ်းကို ပြန်ထူထောင်ဖို့ကြံနေကြတာဆိုတော့ တိုက်သင်္ဘောတွေ တည်ဆောက်လို့ မပြီးကြသေးဘူး၊ အမြန်လှော်နိုင်တဲ့ လှေလျင် ဆယ်စီးကျော်ကျော်လောက်နဲ့ မလှအကြီးစား သုံးစီးလောက်ပဲ ရှိကြသေးတယ်၊ လှေလျင် အများစုက ကုန်းမြေနဲ့ မျက်နှာချင်းဆိုင်ရှိနေတဲ့ အရှေ့ဘက်ကမ်းခြေ တစ်ဝိုက်မှာ လှည့်သည် ကင်းစောင့်နေကြတယ်၊ ဟောဒီ အနောက်ဘက်ကမ်းခြေကတော့ ပင်လယ်ပြင်ကို မျက်နှာမူနေတာဆိုတော့ ရန်သူ ဝင်မလာနိုင်ဘူး လို့ တွက်ပြီး အစောင့် သိပ်မချထားပါဘူး၊ ဒါကြောင့်လဲ ကျွန်တော်က ဒီဘက်ကို လှည့်ခေါ်လာခဲ့တာပါ''

ငမန်းနက်လေး ရိလျှံကျင်က ထိုသို့ရှင်းပြနေဆဲမှာပင် မီးရောင်လက်လက်နှင့် လှေလျင်တစ်စီး အပြင်းလှော်ခတ်ဆောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလှေပေါ်ဝယ် ထွန်းထားသောမီးရောင်ကြောင့် လူနှစ်ဦး ပါရှိလာကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ဓားလွတ်ကိုင်ထား လှေဦးတွင်ရပ်နေပြီး ကျန်တစ်ယောက်က တက်ကိုင်ကာ အပြင်းလှော်လာ၏။ လှေမှာ ခပ်သေးသေးဖြစ်ပြီး ပေါ့ပါးသည်။ အမြန်လှော်ခတ်နေသည့်အတွက် စက္ကန့်အတွင်းမှာပင် နဂါးလေး စမ်းကွမ်းယဲ့ အတုတို့၏လှေနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာသည်။

"ဟိတ်...ရပ်လိုက်၊ ဘယ်သူတွေလဲ"

ဓားလွတ်ကိုင်ထားသူက လှမ်းအော်မေးသည်။

နဂါးလေး စမ်းကွမ်းယဲ့အတုမှာ ဘာမျှပြန်မဖြေနိုင်မီမှာပင် ငမန်းနက်လေးရီလျှံကျင်က ဓားပျံတစ်စက်ဖြင့် လှမ်းပေါက်လိုက်သည်။

ဓားလွတ်ကိုင်ထားသူမှာ ဓားပျံအထိခံရရာ ရေထဲသို့ ထိုးကျသွားသည်။ လှော်တက် ကိုင်ထားသူမှာ ခေတ္တမျှ ငေးကြောင်ကြည့်နေပြီး လှေကို နောက်ကြောင်းပြန်လှော် ပြေးရန် ကြိုးစားသည်။

ငမန်းနက်လေး ရီလျှံကျင်က အလွတ်မပေး။ ထိုလူကိုလည်း နောက်ထပ် ဓားပျံတစ်လက်ဖြင့် လှမ်းပစ်ပေါက်လိုက်သည်။

"မင်းက ဓားပေါက် အတော် ကောင်းတာကိုး ကွ၊ မင်းဒီလောက် အစွမ်းအစရှိမယ်လို့ ငါမထင်မိဘူး"

ဓားချက် နှစ်ချက်စလုံး မလွဲတမ်း ထိလိုက်နိုင်သည့်အတွက် နဂါးလေးစမ်းကွမ်းယဲ့အတုက ထုတ်ဖော်ချီးမွမ်းလိုက်သည်။



"ကျွန်တော့်အစွမ်းက ဒီလိုဓားပြပေါက်စလေးတွေကိုသာ အနိုင်ယူနိုင်တာပါ၊ စိမ်းကုံးတို့လူစုကိုတော့ မယှဉ်နိုင်ပါဘူး၊ သူတို့နဲ့ ရင်ဆိုင်ရတဲ့အခါကျရင် ခင်ဗျားတို့ကိုပဲ အားကိုးရမှာ"

နောက်ထပ် အနှောင့်အယှက်မတွေ့ရဘဲ ငမန်းကျွန်း၏ အနောက်ဘက် ကမ်းခြေသို့ အရောက် ချဉ်းကပ်နိုင်ခဲ့ကြသည်။

ကမ်းခြေစပ်ကျောက်ဆောင်များထူထပ်သောကြောင့် လှေများကို ခက်ခက်ခဲခဲ ကပ်ယူရသည်။

လှေအားလုံးကမ်းကပ်နိုင်ပြီးနောက် သူတို့လူစု ကျွန်းပေါ်သို့တက်လာခဲ့ကြသည်။

ကျွန်းပေါ်သို့ ရောက်သည်နှင့် သစ်ပင်များထူထပ်သောတောတစ်ခုကို တွေ့ရသည်။ ရီလျှံကျင်၏ လမ်းပြမှုဖြင့် တောအုပ်လေးထဲသို့ ဝင်လာခဲ့ကြသည်။

ထိုအချိန်တွင် ရောင်နီဦး ပေါ်ထွက်လာပြီ ဖြစ်သော်လည်း တောအုပ်လေးထဲတွင် အလင်းရောင် အားနည်းနေသေးသည်။

"ဟောဟိုရှေ့ဘက်နားက သစ်ပင်ပေါ်မှာ ကင်းပုန်းတစ်ယောက်ရှိနေတယ်၊ သူ့ကို အရင်ရှင်းပစ်ဖို့ လိုတယ်"

တောအုပ်လေးထဲသို့ ဝင်လာမိပြီး အတန်ကြာသော အခါ ရီလျှံကျင်က ရပ်တန့်ကြရန်အချက်ပြပြီး နဂါးလေး စမ်းကွမ်းယဲ့ အတုကို တီးတိုးပြောလိုက်သည်။

"ဘယ်မှာ ပုန်းနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးစမ်းကွမ်းယဲ့အတုက ပြန်မေးသည်။

"ဟောဟို သစ်ပင်ပေါ်မှာ သစ်ရွက်တွေနဲ့ မျက်ကွယ်ယူပြီး ကိုယ်ယောင် ဖျောက်ထားတာမို့ ကြည့်လို့မမြင်နိုင်ဘူး၊ အဲဒီကင်းသမားဆီမှာ အချက်ပေးပြောက်အိုးလဲ ရှိနေတာမို့ သူ့ကိုမရှင်းလို့မဖြစ်ဘူး"

"ကိုင်း...ယုဟုံရေ၊ မင်းရဲ့ပညာခန်းလေးပြဖို့ အချိန်ကျနေပြီ၊ ဟောဟိုသစ်ပင်ပေါ်မှာ ကင်းပုန်းတစ်ယောက်ရှိနေတယ်တဲ့၊ အဲဒါကို ကြည့်ပြီး ရှင်းပေးလိုက်ပါဗျာ"

နဂါးလေးစမ်းကွမ်းယဲ့အတုက ကြယ်ပျံယုဟုံကို လှမ်းပြောလိုက်သည်။

ကြယ်ပျံယုဟုံက သူ၏နာမည်ကျော် အဝေးပစ်လက်နက် ဖြစ်သော ကြယ်ပျံလက်နက်ကို ထုတ်ယူကာ သွက်လက် ပေါ့ပါးစွာ နဂါးလေး စမ်းကွမ်းယဲ့အတု ညွှန်ပြသောသစ်ပင်အောက်သို့ ချဉ်းကပ်သွားသည်။

ခြေသံလုံပြီး လျှောက်လှမ်းပုံ မြန်ဆန် လွန်းသောကြောင့် ကြယ်ပျံယုဟုံ ချဉ်းကပ်လာသည်ကို မရိပ်မိပေ။

သစ်ပင်အောက်သို့ ရောက်သောအခါ ကြယ်ပျံယုဟုံက အပေါ်သို့ မော့ကြည့်ကာ ကင်းသမားကို ရှာတော့သည်။

အလင်းရောင် အတော်အားနည်းသည့်အပြင် သစ်ရွက်များကလည်း သိပ်သည်းထူထပ်လှသောကြောင့် သစ်ရွက်များကြားဝယ် ပုန်းကွယ်ကာ ကိုယ်ယောင်ဖျောက်ထားသူကိုရှာ၍ မရနိုင်ဘဲရှိသည်။



နောက်ဆုံးတွင် စွန့်စားရန်ဆုံးဖြတ်ပြီး အသံတစ်ချက် ပြုလိုက်သည်။

"ဟိတ်...ညီလေး မင်းဘယ်မှာလဲကွ"

"ဘယ်သူလဲ"

သစ်ပင်ထက်ဝယ် ကင်းပုန်း စောင့်နေသူက မိမိတို့၏ လူ တစ်ယောက်ယောက် ရောက်လာသည် ထင်မှတ်ကာ သစ်ရွက်များကြားမှ ခေါင်းပြူကာ ထွက်ကြည့်သည်။

ကြယ်ပျံယုဟုံက အခွင့်ကောင်းကို လက်လွတ်မခံ။ ကြယ်ပျံလက်နက်ဖြင့် လှမ်း၍ ပစ်ပေါက်လိုက်သည်။

"ဝှစ်..."

"ဒုတ်..."

"ဘိုင်း"

ကင်းသမားမှာ ကြယ်ပျံလက်နက်အထိခံရကာ အသံထွက်၍ပင် မအော်နိုင်တော့ဘဲ သစ်ပင်အောက်သို့ဘိုင်းခနဲ ကျလာသည်။

ကင်းပုန်းစောင့်နေသူကိုရှင်းပြီးနောက် သူတို့လူစုံ ရှေ့ဆက် လာခဲ့ကြသည်။

တောအုပ်၏ အစွန်းနားဝယ် ကင်းပုန်း တစ်ယောက် ရှိနေပြန်ရာ မြားနတ်ရှင် ရန်ကျိုးက လေးအစွမ်းပြကာ သုတ်သင်ပစ်ခဲ့သည်။

တောအုပ်မှ ထွက်လာခဲ့ပြီးသည့်နောက်တွင် လေးနက်ကလေးရိုလျှံကျင်က လျှို့ဝှက်လမ်းသွယ်လေးမှ နေ၍ လမ်းပြ ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လမ်းသွယ်လေးမှာ ငမန်းကျွန်း အလယ်ပိုင်း လောက်တွင်ရှိသည့် တောတောင်တစ်ခုကိုပတ်ဆာ ဖောက် ထားသည့် ဆမ်းကလေး ဖြစ်သည်။ ကျဉ်းမြောင်း ကွေ့ ကောက်ပြီး သွားရသည်မှာ အတော်ပင်အန္တရာယ်ကြီးမား သည်။

ထိုလျှို့ဝှက်လမ်းသွယ်ဆေးအတိုင်းလာခဲ့ကြရာ မကြာမီ မှာပင် တောင်ထိပ်နားသို့ ရောက်လာကြသည်။

ရိုလျှံကျင်က လက်ပြကာ အရပ်ခိုင်းသည်။

''ဟောဟိုလမ်းချိုးကို ကွေ့ပြီးဘာနဲ့ တောင်ပင်လယ် မားပြဂိုဏ်း ဌာနချုပ်ကို ရောထိလိမ့်မယ်၊ စိမ်းကုံးတို့ လက်ချက်နဲ့ အရင်က ရှိခဲ့တဲ့ ဌာနချုပ်စခန်း အဆောက် အအုံမီးလောင်ပျက်စီးသွားတယ်၊ အခု သူတို့ အသစ်ပြန် ဆောက်ထားတဲ့ အဆောက်အအုံရဲ့ အခြေအနေ ဘယ်လို ရှိမယ်ဆိုတာ ကျွန်တော်လဲမသိဘူး၊ ဖေဖေ့လက်ထက် တုန်းကတော့ ဟောဒီလမ်းတွေ အလွန်မှာ ကင်းမျှော်စင် တစ်ခုရှိတယ်၊ဟာကယ်လို့ အရင်တုန်းကလိုပဲ ကင်းမျှော်စင် ရှိနေဦးမယ်ဆိုရင် ကင်းသမားကို အရင်ရှင်းပစ်ဖို့လိုမယ်၊ ဒါမှဌာနချုပ် အဆောက်အအုံထဲကို ဘေးကင်းရန်ကင်း ဝင်နိုင်မယ်''

ငမန်းနက်လေး ရိုလျှံကျင်ဏ နဂါးလေး စမ်းကွမ်းယဲ့ အတုဘို တီးတိုးပြောကြားသည်။



''ညီမရဲ့ ရွှေအပ်နှုတ်လှာသိုင်းကွက်က ထူးဆန်းတဲ့ အပြင် ညီမရဲ့ ရှပ်ကလဲ အရမ်းလှတာဆိုတော့ ဒီကိစ္စ အတွက် ညီမကိုပဲ တာဝန်ပေးရမှာပဲ''

နဂါးလေး စမ်းကွမ်းယဲ့အတုက ခရေသူဇာ ချင်းမေ ကို လှမ်းပြောလိုက်သည်။

''အဆိပ်ရွှေအပ်ကို သုံးရမလား၊ အဆိပ်မပါတဲ့ ရွှေ အပ်ကို သုံးရမလား''

ခရေသူဇာ ချင်းမေက ပြန်မေးသည်။

''အခုကိစ္စဟာ မားပြတွေကို ပြတ်ပြတ်သားသား ချေ မှုန်းရမှာဆိုတော့ အဆိပ်ငါးမျိုး ရွှေအပ်ကိုပဲ သုံးပါ''

နဂါးလေး စမ်းကွမ်းယဲ့အတုက ပြန်ပြောသည်။

ခရေသူဇာ ချင်းမေက သေးငယ်သော ဘူးပြားလေး တစ်ခုကို ထုတ်ယူကာ ပါးစပ်ထဲတွင် ထည့်ကပ်ထားပြီး အသာ ထွက်လာခဲ့သည်။

လမ်းကွေ့လေးကို ကျော်လိုက်သည်တွင် အသစ်ဆောက် လုပ်ထားသော အဆောက်အအုံများကို ချင်းမေ တွေ့ လိုက်ရသည်။

အဆောက်အအုံမှာ အတော်များပြားသည်။ ပြီးတော့ ညီညီညာညာ ဆောက်ထားခြင်း မဟုတ်ဘဲဟိုနေရာတစ်ခု၊ သည်နေရာတစ်ခု၊ တည့်တာည့်တစ်မျိုး၊စောင်းစောင်းတစ်မို့ အမျိုးမျိုး ဆောက်လုပ်ထားသည်။

လမ်းကွေ့လေး၏ မလှမ်းမကမ်းဝယ် ပေ(၅၀)ခန့် မြင့်သော ကင်းမျှော်စင်တစ်ခုရှိသည်။ မျှော်စင်ထက်ဝယ်

www.burmeseclassic.com

လှံတိုင်ကင်းသမား တစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့ရသည်။

ခရေသူဇာ ချင်းမေက မှောင်ရိပ်ခိုကာ ကိုယ်ယောင်ဖျောက်၍ ကင်းမျှော်စင်အောက်နားသို့အရောက် ချဉ်းကပ်လာခဲ့သည်။

မျှော်စင်ပေါ်ရှိ ကင်းသမားမှာ ခပ်ပေါ့ပေါ့သာ စောင့်ကြည့်နေသောကြောင့် မှောင်ရိပ်ခိုကာ လျင်မြန်စွာ လှုပ်ရှားချဉ်းကပ်လာသော ခရေသူဇာ ချင်းမေကို သတိမပြုမိပေ။

ချင်းမေက မျှော်စင်ပေါ်သို့ ခပ်တည်တည်တက်လာခဲ့သည်။ မျှော်စင်ထိပ်သို့ ရောက်လာသောအခါတွင်မှ ကင်းသမားမှာ ချင်းမေကို မြင်မိလေတော့သည်။

“ဟေ့....မင်းဘယ်သူလဲ”

ကင်းသမားက လှံကိုအဆင့်ပြင်ရင်း တအံ့တဩ မေးလိုက်သည်။

“ရှူး....”

ချင်းမေက တိုးတိုးနေရန် အချက်ပေးသည့်သဘောမျိုး လုပ်ပြီး ကင်းမျှော်စင်ထက်သို့ ကန့်ကလျ အမူအရာနှင့် တက်လာခဲ့သည်။

ကင်းသမား ဘာမျှမပြောတော့။ ချင်းမေ၏လှပသော မျက်နှာလေးနှင့် ပြေပြစ်သော ကိုယ်လုံးကိုယ်ထည်ကို မှုသိမသာ ခိုးကြည့်နေသည်။



ချင်းမေ၏ လက်နှစ်ဖက်ဝယ် မည်သည့်လက်နက်မျှ ပါမလာသည့်အပြင် လှုပ်ရှားတက်လှမ်းလာသည့် ဟန်ပန်ကလည်း လေးလေးလံလံ နွဲ့နွဲ့နှောင်းနှောင်းမို့ ကင်းသမားမှာ မည်သို့မျှ သံသယမဖြစ်မိပေ။

“မင်းကို တို့တစ်ခါမှ မတွေ့ဖူးပါလား၊ မင်းဘယ်သူလဲ”

စကားသံကမူ သိပ်မကျယ်၊ ခပ်တိုးတိုးသာ ဖြစ်သည်။

“ကျွန်မ အခုမှ ရောက်လာတာရှင့်၊ ဒီတော့ ရှင်ဘယ်မြင်ဖူးမှာလဲ”

ချင်းမေက ခပ်ပြုံးပြုံးလေး ပြန်ပြောသည်။

“ဪ...မင်းလေးက လူသစ်ကိုး၊ ဒီကိုဘာလာလုပ်တာလဲ”

“တစ်ရေးနိုးပြီး မျက်စိကြောင်နေလို့ ထွက်လာခဲ့တာပါ၊ ဒီအပေါ်စီးကနေကြည့်ရင် အားလုံးကို မြင်ရတယ်နော်”

“ဟုတ်တယ်၊ ဟောဟိုဘက်က ကိုးဆင့်ဝင်္ကပါကိုတောင် မြင်နိုင်တယ်”

ကင်းသမားက အနေအထားအမျိုးမျိုးဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လမ်းညွှန်ပြရင်း ပြောသည်။

“အဲဒီကိုးဆင့်ဝင်္ကပါမှာ ဘယ်သူတွေ နေသလဲဟင်”

ချင်းမေက ဤသို့မေးလိုက်သည်နှင့် ကင်းသမား၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

www.burmeseclassic.com



"ဟင်...မင်း...မင်း"

ထင်းသမားက အလန့်တကြားပြောတော့ လုံ့ကျိုဆတ်ခနဲ အသင့်မြင်လိုက်သည်။

"ရှူး...."

ချင်းမေ၏ပါးစပ်မှ လေသံ ပေါ်လာပြန်သည်။ သည်တစ်ခါတွင်တော့ တိတ်တိတ်နေရန် အချက်ပေးသောအသံမဟုတ်။

ပါးစပ်တွင် ကပ်ငုံထားသော ဘူးပြားလေးထဲမှ ရွှေအပ်လေးများကို မှုတ်ထုတ်လိုက်ခြင်း ဖြစ်သည်။

ရွှေအပ်ငါးချောင်းက ကင်းသမား၏မျက်နှာကိုမလွတ်တမ်းပင် စိုက်မိသည်။ အပ်များစိုက်နေသည်မှာ ခရေပန်းပုံသဏ္ဌာန်မျိုး ဖြစ်သည်။

အပ်ငါးချောင်းကို ခရေပန်းအသဏ္ဌာန် စိုက်ဝင်နေအောင် မှုတ်ထုတ်နိုင်စွမ်း ရှိသည့်အတွက် ချင်းမေကို ခရေသူဇာဟု တင်စားခေါ်ကြခြင်း ဖြစ်သည်။

ကင်းသမား ဘုန်းခနဲ လဲကျသွားသည်။ မလှုပ်တော့။

ခရေသူဇာ ချင်းမေက လက်ဇွေ့ယမ်းကာ သေားရန်ကင်းပြီဖြစ်ကြောင်း အချက်ပြလိုက်သည်။

လမ်းသွယ်လေးထဲမှ မှောင်ရိပ်ခို ပုန်းအောင်းကာ အသင့်စောင့်နေကြသော သိုင်းသမား သုံးဆယ်တို့လည်း အလျှိုလျှိုပင် ရှေ့တိုးလာကြသည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထ အဖွဲ့များတွင် အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦးစီပါဝင်သည်။



ပထမအဖွဲ့ကို ကျားဖြူရှန်အိုင်ကဦးဆောင်ပြီး အရှေ့ဘက်မှနေ၍ ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်သည်။

ဒုတိယအဖွဲ့ကို စိန်ကျားစေစ် ချူးကျင့်ဒွေးက ခေါင်းဆောင်ကာ တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်သည်။

အနောက်ဘက်မှ ဝင်ရောက် တိုက်ခိုက်ရမည့် တတိယအဖွဲ့ကို ယကျွတုတ်လိုဖိန်က ကွပ်ကဲရသည်။

စတုတ္ထအဖွဲ့ မြောက်ဘက်မှ ဝင်ရောက် တိုက်ခိုက်ရန် တာဝန်ယူပြီး ပလွေလုလင် ဝင်ထန်းက ဦးစီးသည်။

ပဥ္စမအဖွဲ့တွင် နဂါးလေး စမ်းကွမ်းယဲ့အတူ၊ ကျူစမ်းအူနှင့် ကူချိန်းတို့ပါဝင်ကာ ကိုးဆင့်ဝက်ပါထဲသို့ဝင်ရောက်တိုက်ခိုက်မည် ဖြစ်သည်။

နဂါးလေး စမ်းကွမ်းယဲ့က ခေါင်းဆောင်ကာ တိုးဆင့် ဝက်ပါအနီးသို့ ရောက်သည်အထိ ချဉ်းကပ်လာကြသည်။

အားလုံး ပြိုင်တူပင် အခန်းတံခါးများကို ဆွဲဖွင့်ကာ အခန်းများထဲသို့ ခုန်ဝင်လိုက်ကြသည်။

ထို့နောက်....

ငြိမ်သက် တိတ်ဆိတ်သွားသည်။

ဘာသံမျှ ပေါ်မလာ။

ဘာလှုပ်ရှားမှုမျှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာသံမှလဲ မကြားရဘူး။ ဘာလှုပ်ရှားမှုမှလဲမရှိဘူး။ အတော်ဆန်းတာပဲ၊ စိန်ကျားသစ်တို့ ခုနစ်ယောက် ဘာဖြစ်ကုန်ကြပြီလဲ"

ကူချိန်းက ကျစမ်းအူ့ကို တီးတိုးပြောလိုက်သည်။

သူတို့နှစ်ယောက်မှာ နောက်ချန်နေရစ်ခဲ့ခြင်း ဖြစ်၏။

ထွက်ပြေးတိမ်းရှောင်သွားခြင်းမဟုတ်ဘဲ စိန်ကျားသစ်တို့ ဝင်ရောက်သွားသည့်အဆောင်နှင့် မနီးမဝေး မှောင်ရိပ်ကျရာနေရာတွင် အသာ ပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့် အကဲခတ်နေကြခြင်း ဖြစ်သည်။

"အဲဒီအဆောင်က အခန်းတွေထဲမှာ လျှို့ဝှက်ထောင်ချောက်တွေ ရှိလိမ့်မယ်၊ သူတို့တွေ အဲဒီထောင်ချောက်တွေထဲ တိုးဝင်သွားကြတာ ဖြစ်မှာပေါ့"

ကျစမ်းအူက တီးတိုးလေသံဖြင့် ပြန်ပြောသည်။

"အဲဒီအတိုင်းဆိုရင် တခြားလူငယ်သိုင်းသမားတွေလဲ ဒီလိုပဲ လျှို့ဝှက်ထောင်ချောက်တွေထဲမှာ အမိခံကုန်ကြရပြီထင်တယ်"

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ ဖြစ်မှာပဲ"

"ကျွန်မတို့ ဘယ်လိုလုပ်ကြရရင်ကောင်းမလဲ"

"တို့ရဲ့ ပင်ကိုရုပ် ပြန်ဖော်ကြမယ်၊ ပြီးတော့ မားပျံ စုယုံနဲ့ ကျာပွတ်နက် စုရန့်တို့မောင်နှမကို ပုံမှားရိုက်ပြီး ရန်သူတွေကြားထဲဝင်ရောကြမယ်"

"ကောင်းပြီ"



နှစ်ယောက်သား ရုပ်ဖျက်ပြုပြင်ထားသည့်များကို ဖျက်ပစ်လိုက်ကြသည်။ ကိန်လွေနှင့် လင်ယုယုတို့၏ ရုပ်သွင်များ ပေါ်လာသည်။

ကျစမ်းအူနှင့် ကူချိန်းတို့အသွင် ကိန်လွေနှင့်လင်ယုယုတို့ ရုပ်သွင်ဖျက်ကာ အယောင်ဆောင်ထားကြခြင်း ဖြစ်သည်။

"ဟိုလူကြီး မောင့်ပိုင်ချွမ်းပြောလိုက်တော့ နဂါးလေးစမ်းကွမ်းယဲ့ အယောင်ဆောင်ထားတဲ့လူဟာ ငမန်းနက်ဆေး ရိုလျှံကျင်တဲ့၊ အခုတော့ ခြေတဝေါင်ကျိုး သူဖုန်းစားလေးကလဲ သူ့ကိုယ်သူ ငမန်းနက်လေး ရိုလျှံကျင်လို့ပြောနေပြန်ပြီ၊ အဲဒါ ဘယ်ဟာအမှန်လဲ"

လင်ယုယုက မေးသည်။

"ခြေတပေါင်ကျိုးလေးဟာ မေန်းနက်လေး ရိုလျှံကျင်အစစ်ဖြစ်မယ်ထင်တာပဲ"

"ဒါဖြင့်ရင် နဂါးဆေး အယောင်ဆောင်ထားတာက ဘယ်သူလဲ"

"အဲဒီအကြောင်းကိုရော၊ တခြားလျှို့ဝှက်ချက်တွေကိုရော ဖော်ထုတ်နိုင်အောင်လို့ သူတို့ကြားထဲဝင်ရောပြီး စုံစမ်းကြည့်ကြဘာပေါ့လေ၊ ကဲ....လာ"

ထို့နောက် ကိန်လွေနှင့် လင်ယုယုတို့သည် အဆောင်ထဲသို့ တိတ်ဆိတ်လျှို့ဝှက်စွာ ဝင်ရောက်သွားကြသည်။

သူတို့အဆောင်ထဲသို့ ဝင်သွားသည်မှာ အချိန်မီပင် ဖြစ်သည်ဟူ ဆိုရမည်။ သူတို့နှစ်ယောက် ထိုအဆောင်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ပြီးသည်နှင့် ကိုးဆင့်ဝက်ပါတစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်းကာ အသက်ဝင်လှုပ်ရှားလာလေတော့သည်။

*　　　*　　　*

ကိုးဆင့်ဝက်ပါထဲသို့ ကိုနိလွေနှင့် လင်ယုယုတို့ ဝင်ရောက်လာခဲ့ကြသည်။

ကိုးဆင့်ဝက်ပါထဲဝယ် အဆောက်အအုံနှင့် စကြံလမ်းများကို အတော်ပင် ရှုပ်ရှုပ်ထွေးထွေး တည်ဆောက်ထား၏။ လမ်းမသိလျှင် ထိုဝက်ပါဆောက်ထားသောအဆောက်အအုံနှင့် စကြံလမ်းများကြားဝယ် မျက်စိလည်ကာ လမ်းပျောက်သွားပေမည်။

သို့သော် ကိုနိလွေနှင့်လင်ယုယုတို့မှာ ဝက်ပါအတတ်ပညာကို အနည်းအကျဉ်း နားလည်ထားပြီး 'ကိုးဆင့်ဝက်ပါ' တည်ဆောက်ထားပုံမှာလည်း သာမန်ဝက်ပါသဘောမျိုးသာ ဖြစ်သောကြောင့် မျက်စိမလည်ဘဲ အလွယ်တကူပင် ဝင်ရောက်လာနိုင်ခဲ့ကြသည်။

ကိုးဆင့်ဝက်ပါ အလယ်ဗဟိုရှိ အဆောက်အအုံကြီးတစ်ခုအနီးသို့ ရောက်လာခဲ့သည်။ အဆောက်အအုံမှာ ခပ်ရိုးရိုးသာ ဆောက်လုပ်ထားသည်။ သို့သော် အဆောက်အအုံ အဝင်ဝတွင်ရှိနေသော ကျောက်ဖြူဖြင့် ထုလုပ်ထားသည့် ကြီးမားသော စင်ရော်မောင်နှံရုပ်တုကို တွေ့လိုက်ရသည်တွင် ကိုနိလွေနှင့်လင်ယုယုတို့မှာ အံ့ဩသွားကြရသည်။



တောင်ပင်လယ် ဓားပြဂိုဏ်း၏ ဝင်မှအဆောက်အအုံ အဝင်ဝတွင် တောင်ပင်လယ်ဓားပြဂိုဏ်း၏ အထိမ်းအမှတ်ဖြစ်သော ငမန်းရုပ်သာလျှင်ရှိသင့်သည်။ ယခုလို တောမဆိုင်ညာမဆိုင် စင်ရော်မောင်နှံရုပ်တုကို တွေ့လိုက်ကြရသည့်အတွက် စဉ်းစားစရာဖြစ်နေ၏။

"ဟာ...အဲဒါ စင်ရော်မောင်နှံရုပ်တုပါလား။ ဒါက ဘာသဘောလဲ"

ကိုနိလွေက တအံ့တဩရေရွတ်လိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀-လောက်က သိုင်းလောကတစ်ခုလုံး ဖိမ့်ဖိမ့်တုန်စေခဲ့တဲ့ စင်ရော်ဂိုဏ်းဆိုတာ ရှင်ကြားဖူးသလား"

လင်ယုယုက တိုးတိုးပြော၏။

"ကြားဖူးတယ်၊ ဂိုဏ်းချုပ်ကျူးထန်းမယ်တော်၊ အဲဒီတုန်းက သိုင်းလောကတစ်ခုလုံးကို ပြောင်းဆန်အောင် စင်ရော်ဂိုဏ်းသားတွေ မွှေနှောက်ခဲ့တယ်တဲ့"

"ဟုတ်တယ်၊ စင်ရော်ဂိုဏ်းဟာ သိပ်ပြီး ရက်စက်ကြမ်းကြုတ်တယ်၊ သိုင်းပညာကလဲ အတော်ထို မကောင်းတယ်၊ ဒါကြောင့် နောက်ဆုံးမှာ သိုင်းဂိုဏ်း အသီးသီးက ပူးပေါင်းလက်တွဲပြီး စင်ရော်ဂိုဏ်းကို နှိမ်နင်းဖြိုခွဲပစ်ခဲ့ရတယ်တဲ့၊ အခုအတိုင်းဆိုရင် ငမန်းကျွန်းပေါ်မှာ အခြေစိုက်ပြီး တစ်စခန်းပြန်ထဖို့ ကြံနေတာက တောင်ပင်လယ်ဓားပြဂိုဏ်းမဟုတ်ဘဲ စင်ရော်ဂိုဏ်းပဲဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဆိပ်မိ့ကျောင်းစိမ်းကုံးတို့ လူစုကိုလဲ စင်ရော်ဂိုဏ်းက သိမ်းသွင်းထားလိုက်ပြီနဲ့တူတယ်၊ ဒီတို့စွ—"

"ရှူး၊ လူတစ်ယောက်လာနေတယ်"

လင်ယုယု သတိပေးလိုက်သောကြောင့် ကိန်လေ့မှာ စကားကို ချက်ချင်းရပ်လိုက်သည်။

သူတို့ရှိရာသို့ လူတစ်ယောက်ရောက်လာသည်။

နဂါးလေးစမ်းကွမ်းယဲ့ပင် ဖြစ်သည်။

"အို…ခင်ဗျားတို့နှစ်ယောက်က ဒီမှာ ဘာလာလုပ်နေကြတာလဲ"

ကိန်လေ့ကိုမြင်လိုက်သောအခါ စုယုံနှင့်စုရန်တို့ ပေါင်နှမထွေမင့်ထင်မိသောကြောင့် နဂါးလေး စမ်းကွမ်းယဲ့က မေးလိုက်သည်။

"ဟိုလစ်မယားကိုလိုက်ရှာရင်း ဒီဘက်ကို ရောက်လာတာပါ၊ ခင်ဗျားကကော ဘာထူးခြားတာများ တွေ့ခဲ့သေးလဲ"

"မတွေ့ပါဘူးဗျာ၊ ကျစမ်းအူဘို့လင်မယားက ကိုယ်ဖျောက်တတ်သလား မသိဘူး၊ လိုက်ရှာနေတာနဲ့ နေပြီ၊ ဘယ်နေရာမှ မတွေ့ရဘူး"

"အဲဒါကြောင့် သူတို့တစ်တွေ ထိုးဆင့်ဝင်ကပါထဲများ ဝင်မွှမလားဆိုပြီး ဒီဘက်ကို ထွက်လာခဲ့တာပဲ၊ ပြီးတော့ ဟိုဖမ်းဆီးထားတဲ့လူဘွေအတွက်လဲ စိုးရိမ်စရာရှိသေးတယ် မဟုတ်လား"



"ဒီအတိုင်းဆို ဂိုဏ်းချုပ်ကြီးကို သီးသန့်အပျိုဆောင်ထဲမှာ ဝင်တွေ့ပြီး အကျိုးအကြောင်းပြောပြမှဖြစ်မယ်၊ လာဗျာ…တစ်လက်စတည်း ခင်ဗျားတို့ပါ လိုက်လာခဲ့ကြ"

နဂါးလေး စမ်းကွမ်းယဲ့က ဤသို့ ပြောလိုက်သည်တွင် ကိန်လေ့နှင့်လင်ယုယုတို့မှာ အကြိုက်တွေ့သွားကြသည်။

နဂါးလေးစမ်းကွမ်းယဲ့ ဦးဆောင်ခေါ်သည့်နောက်မှ အသာ လိုက်လာခဲ့ကြသည်။

အဆောက်အအုံကြီးထဲသို့ ဝင်လာခဲ့ကြသည်။ အဆောက်အအုံ၏ အပြင်ပန်းအမြင်မှာ သာမန်သာဖြစ်သော်လည်း အထဲတွင်မူ နန်းဆောင်တစ်ခုအလား ခမ်းခမ်းနားနား ရှိသည်။

အထဲသို့ဝင်လိုက်သည်နှင့် ကျယ်ပြန့်သော ခန်းမဆောင်ကြီးတစ်ခုသို့ ရောက်လာကြသည်။ နဂါးလေးစမ်းကွမ်းယဲ့က ခန်းမဆောင်၏ အနောက်ဘက်တံခါးမှ ထွက်ကာ ကျောက်လှေကားတစ်ခုမှ တက်လာခဲ့သည်။ ထို့နောက် စင်္ကြံလမ်းလေး တစ်ခုအတိုင်း လျှောက်သွားပြီးနောက် အခန်းတစ်ခုထဲသို့ ဝင်လိုက်သည်။

အခန်းထဲဝယ် အတွင်းခန်းတစ်ခုရှိနေသည်ကို တွေ့ရသည်။ ထိုအခန်းတွင် ဇာခန်းဆီးတစ်ခု ကာထားသည်။ စမ်းကွမ်းယဲ့က အခန်းဆီး၏အစွန်ဝယ် ရှိနေသော ပိုးကြိုးကို အသာဆွဲလိုက်သည်။

"ဒင်—ဒင်—ဒင်…"

သာယာသော ခေါင်းလောင်းထိုးသံကိုကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ရုံရွှေတော် မိန်းမပျိုလေးတစ်ယောက် ထွက်လာသည်။

"ကြွေမီ—နဂါးလေးတို့ပါလား၊ ဘာကိစ္စများရှိလို့ လဲရှင်"

"ကျစမ်းအူတို့ လင်မယားကို အခုထက်ထိ ရှာမတွေ့ သေးဘူးလို့ ဂိုဏ်းချုပ်ကြီးကို တင်ပြပေးပါ၊ ဘာဆက်လုပ် ရမယ် ဆိုတာကလဲ အမိန့်နာခံနေပါတယ်လို့ ပြောပြပေါ"

"ဟုတ်ကဲ့၊ ရှင်တို့ ဒီမှာခဏစောင့်ကြပါ"

ဤသို့ပြောပြီးနောက် ရုံရွှေတော်မိန်းကလေး အတွင်း ဘက်သို့ ပြန်ဝင်သွားသည်။

ကိန်လွှေနှင့် ဆင်ယုယုတို့မှာ ရင်တဖိုဖိုဖြင့် စကားမဆို နိုင်ဘဲ ငြိမ်သက်စွာ စောင့်နေကြသည်။

အတန်ကြာသောအခါ ရုံရွှေတော် မိန်းကလေး ပြန် ထွက်လာသည်။

"ဂိုဏ်းချုပ်ကြီးက ရေပူစမ်း ရေချိုးကန်ကိုလာခဲ့ဖို့ ပြောလိုက်ပါတယ်"

မိန်းကလေးက ပြောသည်။

"ဟို...ဂိုဏ်းချုပ်ကြီး ရေချိုးနေတယ်ဆိုရင် သွားတွေ့ ဖို့ သင့်တော်ပါ့မလား"

နဂါးလေး စမ်းကွမ်းယဲ့က တုန်လှုပ်သော လေသံဖြင့် ပြောသည်။

"ဂိုဏ်းချုပ်ကြီးက အဲဒီကိုလာခဲ့ဖို့ အမိန့်ပေးလိုက်တာ ပဲ၊ သွားသာသွားပါ၊ ဘာမှစိုးရိမ်စရာ မလိုပါဘူး"



"ဟုတ်ကဲ့—ဟုတ်ကဲ့"

ရုံရွှေတော်မိန်းကလေး လမ်းပြ ခေါ်ဆောင်ရာနေရာသို့ သူတို့သုံးယောက်သား လိုက်လာခဲ့ကြသည်။

အတွင်းဘက် အခန်း၏ အပြင်အဆင်များအရ မိမိတို့ မှာ ဂိုဏ်းချုပ်၏ သီးသန့်အပျိုဆောင်အတွင်းသို့ ရောက် လာကြပြီဖြစ်ကြောင်း ကိန်လွှေနှင့် လင်ယုယုတို့ နားလည် လိုက်ကြသည်။

မကြာမီမှာပင် တံခါးဝနှစ်ခု၏ရှေ့သို့ ရောက်လာကြ သည်။ ညာဘက်ရှိ တံခါးဝတွင် 'စင်ရေဝ်မောင်' ဟူသော စာလုံးများ ရေးထွင်းထားသည်။ ဘယ်ဘက်တံခါးဝတွင်မူ 'စင်ရေဝ်မယ်' ဟူသော စာလုံးများ ရေးထွင်းထားသည်။

"ဒီခန်းမဆောင်ထဲကို ဝင်သွားကြပါရှင်"

ရုံရွှေတော် မိန်းကလေးက 'စင်ရေဝ်မယ်' ဟူ စာလုံး များ ရေးထွင်းထားသည့် တံခါးဝကိုညွှန်ပြကာပြောလိုက် သည်။

နဂါးလေးစမ်းကွမ်းယဲ့ တံခါးကိုဖွင့်ကာအထဲဝင်သွား သည်။ ကိန်လွှေနှင့် လင်ယုယုတို့လည်း နောက်မှလိုက်သွား ကြသည်။

ရုံရွှေတော်မိန်းကလေးမှာမူ တံခါးဝတွင်ပင် ရပ်ကာ ကျန်နေခဲ့သည်။

အတော်ကျယ်ဝန်းသော အခန်းတစ်ခုထဲသို့ သူတို့သုံး ယောက် ရောက်လာကြသည်။ အခန်း၏ ကြမ်းခင်းမှာ အကောင်းစား ကျောက်ဖြူသားများ ဖြစ်သည်။ နံရံလေး

www.burmeseclassic.com

www.burmeseclassic.com



ဖက်တို့လည်း ကျောက်ဖြူပြားများဖြင့် ကာရံထားသည်။ မျက်နှာကြက်မှာမူ မှန်သားများဖြင့် ဖြူလုပ်ထားသည်။

အခန်း၏ အနောက်ဘက်နံရံ၌ဝယ် ရုံရွှေတော် မိန်းကလေး တစ်ဦး ရပ်နေသည်။

"အထဲကို ကြွပါရှင်၊ ဂိုဏ်းချုပ်ကြီး ရေပူစမ်း ရေချိုး ကန်မှာ ရှိနေပါတယ်"

ရုံရွှေတော် မိန်းကလေး ဦးညွှတ်ကာ ပြောကြားပြီး နံရံမှ ကျောက်ဖြူပြား တစ်ချပ်ကို လက်ဖြင့် ဖိတွန်းလိုက်သည်။

နံရံတွင်ရှိနေသော ကျောက်ဖြူပြားတချို့ ရွှေ့လျားသွားပြီး တံခါးပေါက်တစ်ခု ပေါ်လာသည်။

ထိုတံခါးပေါက်မှ ဖြူဖွေးသော ရေခိုးရေငွေ့များ တိုးထွက်လာသည်ကိုလည်း တွေ့ကြရသည်။

နဂါးလေး စမ်းကွမ်းယဲ့မှာ တံခါးပေါက်မှ ဝင်ရန် မဝံ့မရဲ ဖြစ်နေသည်။ ကိန်လေ့နှင့် လင်ယုယုတို့လည်း နဂါးလေးစမ်းကွမ်းယဲ့ အခြေအနေကို စောင့်ကြည့်နေကြ သည်။

"လာလေ၊ အထဲကိုဝင်မလေ"

အတွင်းဘက်ဆီမှ မိန်းကလေးတစ်ဦး၏ စကားသံကို ကြားလိုက်ကြရသည်။ စကားသံမှာ ကြည်လင်သည်။ သာယာသည်။ အသံရှင်မှာ ငယ်ရွယ်နုပျိုသော မိန်းမပျိုလေး တစ်ယောက်ဖြစ်မည်ဟု ကိန်လေ့ ခန့်မှန်းမိသည်။



နဂါးလေး စမ်းကွမ်းယဲ့သည်း တံခါးပေါက်မှနေ၍ တွန့်ဆုတ်တွန့်ဆုတ်နှင့် ဝင်သွားသည်။ ဤနေရာသို့ နဂါးလေး စမ်းကွမ်းယဲ့ မရောက်ဖူးသေးကြောင်း သိသာနိုင်သည်။

ကိန်လေ့နှင့် လင်ယုယုတို့လည်း နဂါးလေး စမ်းကွမ်းယဲ့နှင့်အတူ ဝင်လိုက်လာခဲ့ကြသည်။

အတွင်းခန်းထဲဝယ် ကျောက်ဖြူသားဖြင့် ဖြူလုပ်ထားသောရေချိုးကန်တစ်ခုရှိသည်။ ကန်မှာ အတော်ကျယ်ကာ ရေနွေးများ ထည့်ထားသည်။ ကန်ထဲဝယ် မိန်းကလေး တစ်ယောက် ပခုံးမြုပ်အောင် ရေစိမ်ကာ ချိုးနေလေ သည်။

မိန်းမပျိုမှာ မျက်နှာဝယ် ပဝါဖြင့် ဖုံးထားသည်မှလွဲ၍ ဘာအဝတ်အစားမျှမရှိပေ။

ရေထဲဝယ် ပခုံးမြုပ်အောင် စိမ်နေသော်လည်း သူမ၏ အချိုးကျကျ လှပသောခန္ဓာကိုယ်ကို ခပ်ရေးရေးမြင်နိုင် သည်။

ကျောက်ဖြူရေချိုးကန်၏ ဘေးဝယ် မိန်းကလေး နှစ် ယောက်ရပ်နေသည်။

နဂါးလေး စမ်းကွမ်းယဲ့က ရေချိုးကန်ထဲရှိမိန်းမပျိုအား ဦးညွှတ်ကာ အရိုအသေပေးလိုက်သည်။ ကိန်လေ့နှင့် လင် ယုယုတို့ကလည်း နဂါးလေး၏ အတုကိုယူကာ အရိုအသေ ပေးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ်လဲ၊ ဟိုလင်မယားကို ရှာလို့မတွေ့ကြသေးဘူးလား"

"ဟုတ်ကဲ့…ကျွန်တော်တို့ တစခန်းခွဲပြီး နေ့ရာအနှံ့လိုက်ရှာကြပါတယ်၊ တယ်နေရာမှ မတွေ့ရပါဘူး"

နဂါးလေးစမ်းကွမ်းယဲ့က ပြန်ဖြေသည်။

"စုယုံတို့ကောကော ဘာအကြောင်းထူးသေးလဲ"

ဂိုဏ်းချုပ်က လှမ်းမေးပြန်သည်။ ကိန်လေ့မှာမနေသာတော့ဘဲ အသံကိုထိန်းကာ ပြန်အဖြေဖေးရသည်။

"ဌာနချုပ်စခန်း ဗရဝဏ် ဆောင်ဘက်ပိုင်းမှာ ကျွန်တော်တို့ မောင်နှမ နှစ်ယောက် နေရာအနှံ့ လိုက်ရှာကြပါတယ်၊ ဘာထူးခြားချက်မှမတွေ့ခဲ့ကြပါဘူး"

"စုယုံ၊ ရှင့်အသံ ဘာဖြစ်နေတာလဲ၊ တစ်မျိုးကြီး ပါလား"

"ဟို…ဘာမှ မဖြစ်ပါဘူး၊ အအေးမိပြီး ရင်ကျပ် နေလို့ပါ"

"ခစ်…ခစ်…ခစ်၊ အအေးမိ နေလို့လား၊ ဒါဆိုရင် ဟောဒီရေနွေးထဲမှာ လာစိမ်လိုက်ပါလား၊ အအေးမိတာ ပျောက်သွားမှာပေါ့"

ဂိုဏ်းချုပ်က တခစ်ခစ်ရယ်မောရင်း ပြောလိုက်သည်။ ပြောပုံဆိုပုံဆိုကြည့်လျှင် ရက်စက် ကြမ်းကြုတ်သော စင်ရော်ဂိုဏ်းချုပ်အဖြစ် ထင်နိုင်စရာမရှိ။ ငယ်ရွယ်သေးသော မိန်းကလေး တစ်ယောက်၏ ချစ်စရာအသွင်မျိုး ဖြစ်နေသည်။



"ဟာ…ဟို… ကျွန်တော်… ဂိုဏ်းချုပ်နဲ့တူတူ… ရေ… မချိုးရဲပါဘူး"

ကိန်လေ့တာ ရှက်ရှက် ကြောက်ကြောက်နှင့် ပြောလိုက်သည်။

"ခစ်…ခစ်…ခစ်၊ စုယုံ…စုယုံ၊ ရှင်ကပြောတော့တစ်မျိုး လုပ်တော့တစ်မျိုး ပါလား၊ ရှင်ပဲ ဟိုတလောက ပြောခဲ့တယ် မဟုတ်လား၊ ဂိုဏ်းချုပ်နဲ့တူတူ ရေပူစမ်း ရေချိုးကန်မှာ အတူတူရေချိုးရရင်သေပျော်ပြီဆို၊ အခုကျမှ ဘာဖြစ်နေတာလဲ"

ဂိုဏ်းချုပ်၏ပြောစကားကြောင့် ကိန်လေ့မှာ အတော်မင် အကျပ်တွေ့သွားသည်။

လူပုကြီးကျီးခွမ်း၏ ပြောစကားအရ ဆိုလျှင် စုယုံမှာ ဂိုဏ်းချုပ်၏ မျက်နှာသာပေး ခံရသူဖြစ်ကြောင်း ကိန်လေ့ သိထားသည်။

ဂိုဏ်းချုပ်နှင့်စုယုံတို့ မည်ရွေ့မည်မျှ ရင်းရင်းနှီးနှီး ရှိကြောင်းတော့ကား ကိန်လေ့တိတိကျကျမသိ။

"ကဲ…ကဲ…နဂါးလေးနဲ့ စုရန့် အပြင်ကိုထွက်သွားကြ၊ စုယုံပဲ နေရစ်ခဲ့"

ဂိုဏ်းချုပ်မိန်းမပျိုက ထပ်မံ ပြောလိုက်သည်။ နဂါးလေးစမ်းကွမ်းယဲ့က အပြင်ကိုထွက်သွားသည်။ လင်စုယုံမှာလည်း မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါသွားရသည်။

"ကွင်ပေ၊ ရေချိုးခန်းတံခါးကို ပြန်ပိတ်လိုက်"

ဂိုဏ်းချုပ်မိန်းမပျိုက ထင်မပြောကြားလိုက်သည်။ ရေချိုးကန်ဘေးဝယ် ရပ်နေသည့် မိန်းကလေး နှစ်ယောက်အနက် တစ်ယောက်က ရေချိုးခန်းတံခါးကိုသွားပိတ်ကာ အတွင်းမှ ချက်ချထားလိုက်သည်။

''ကဲ_စုယုံ၊ အဝတ်အစားတွေ ချွတ်ပြီး ရေချိုးကန်ထဲဝင်စိမ်လေ၊ ဒါမှ အအေးမိတာ ပျောက်သွားမှာ''

ကိန်လွေမှာ ဘာလုပ်ရမည်မှန်း မသိတော့အောင် ဖြစ်နေသည်။ အတင်းငြင်းပယ်ရမှာလည်းခက်သည်။ မိန်းမပျိုတစ်ယောက်နှင့် အတူတူ ရေဝင်ချိုးချင်စိတ်လည်းမရှိ။

''ကွမ်ဖေနဲ့ ဝင့်ကျွမ်း တို့ရေ၊ သူ့အဝတ်တွေချွတ်ပြီး ရေထဲပစ်ချပေးလိုက်ပါ''

ဂိုဏ်းချုပ်က လှမ်းပြောလိုက်သည်။

မိန်းကလေး နှစ်ဦးလည်း ကိန်လွေ၏ အနီးသို့ ရုတ်တရက်ချဉ်းကပ်လာကာ တစ်ယောက်က ကိန်လွေ၏မျက်နှာခွံကြောကို ဖမ်းထောက်လိုက်သည်။

ကိန်လွေမှာ စိတ်လှုပ်ရှားကာ ချီတုံချတုံ အစဉ်းစားရခက်နေခိုက်မို့ မည်သို့မျှ ခုခံခြင်းမပြုနိုင်။ အကြောပိတ်ခံရပြီး ပျော့ခွေကျသွားသည်။

ကွမ်ဖေနှင့်ဝင့်ကျွမ်းတို့က ကိန်လွေ၏အဝတ်အစားများကို ချွတ်ကာ ကိုယ်ခန္ဓာကို ရေချိုးကန်ထဲသို့ ပစ်ချလိုက်လေသည်။

ဂိုဏ်းချုပ်မိန်းမပျိုက ကိန်လွေကို ဖမ်းကာ အပိတ်ခံထားရသည့် အကြောများကို ပြန်ဖွင့် ပေးလိုက်သည်။



ကိန်လွေမှာ အရှက်ကြီးရှက်နေကာ ခုခံ တိုက်ခိုက်နိုင်သည့် စွမ်းအားလည်း မရှိတော့ပြီမို့ ဂိုဏ်းချုပ်မိန်းမပျိုနှင့်ဝေးရာ ရေချိုးကန်ထောင့်နားသို့ ကူးသွားပြီး ခပ်ကုပ်ကုပ်လေး နေနေလိုက်သည်။

ဂိုဏ်းချုပ်မိန်းမပျိုက လက်ဟန်တစ်ချက် ပြလိုက်လေသည်။

ကွမ်ဖေနှင့် ဝင့်ကျွမ်းတို့က မွှေးပွမျက်နှာသုတ်ပဝါကြီးတစ်ခုကို ရေချိုးကန်ဘေးဝယ် ဖြန့်ကာ ကိုင်ပေး ထားလိုက်သည်။

ဂိုဏ်းချုပ် မိန်းမပျိုက ရေချိုးကန်ထဲမှ လျင်မြန်စွာတက်လိုက်သည်။ ကွမ်ဖေနှင့် ဝင့်ကျွမ်းတို့ နှစ်ယောက်ကလည်း မွှေးပွမျက်နှာသုတ်ပဝါကြီးနှင့် ဂိုဏ်းချုပ်မိန်းမပျို၏ ကိုယ်ခန္ဓာကို ရစ်ပတ်ပေးလိုက်ကြသည်။

သူ၏လှုပ်ရှားဟန်မှာ မြန်ဆန်လှသောကြောင့် ကိန်လွေမှာ ဂိုဏ်းချုပ် မိန်းမပျို၏ ကိုယ်ခန္ဓာပင် မြင်လိုက်ရခြင်းမရှိပေ။

''စုယုံ ရှင်သုံးတဲ့ဆေးတွေက ထယ်ကောင်းပါလားရေထဲတာတောင်မှ မပျက်ဘူးနော်''

မွှေးပွမျက်နှာသုတ်ပဝါကြီးဖြင့် ကိုယ်ခန္ဓာကို ရစ်ပတ်ပြီးနောက် ဂိုဏ်းချုပ် မိန်းမပျိုက ခပ်လှောင်လှောင်ပြောလိုက်သည်။

www.burmeseclassic.com



ကိန်လွေအကြီးအကျယ်တုန်လှုပ်ချောက်ချားသွားသည်။ မည်မျှကောင်းသော ရုပ်ဖျက်ဆေးများပင် ဖြစ်စေရေချိုနှင့်ထိတွေ့မိပါက ပျက်စီးသွားကြရမည်သာ ဖြစ်သည်။

ဂိုဏ်းချုပ်မိန်းမပျို၏ အကင်းဖါးကာ ဉာဏ်ရည်ထက်ပုံကို ကိန်လွေစိတ်ထဲမှ ကျိတ်ကာ ချီးမွမ်းလိုက်မိသည်။

မိမိကို ရေချိုး ကန်ထဲသို့ မရမက ဆင်းစေခဲ့ခြင်းမှာလည်း မိမိရုပ်ဖျက်ထားခြင်းရှိမရှိ စစ်ဆေး စမ်းသပ်ရန်ဖြစ်ကြောင်း ယခုမှပင် ကိန်လွေ ရိပ်မိ လေတော့သည်။

"အမှန်အတိုင်း ပြောစမ်းပါ၊ ရှင်ဟာ ကိန်လွေမဟုတ်လား"

ဂိုဏ်းချုပ်မိန်းမပျိုက ကိန်လွေကိုစူးစိုက်ကြည့်ရင်းမေးလိုက်သည်။

မျက်နှာတွင် ပဝါဖုံးထားသော်လည်း မျက်လုံးနေရာဝယ် အပေါက်ဖောက်ထားခြင်းမှတဆင့် ဂိုဏ်းချုပ် မိန်းမပျို၏ စူးရှသော မျက်လုံးအစုံကို တွေ့မြင်နိုင်သည်။ အကြည့်က စူးစူးရဲရဲရှိလှသည်။

"ဟုတ်ပါတယ်"

မတတ်သာတော့သည့်အခြေအနေမို့ ကိန်လွေ ဝန်ခံလိုက်ရသည်။

"ဟိုတစ်ယောက်ကကော လင်ယုယု မဟုတ်လား"

"ဟုတ်ကဲ့"

"စုယုံနဲ့ စုရန့်တို့နှစ်ယောက်ကော ဘာဖြစ်သွားကြပြီလဲ"



ကိန်လွေထံ ပြန်မဖြေ။

"သေကုန်ကြပြီလား"

ကိန်လွေက ခေါင်းညိတ်ပြလိုက်သည်။

"လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ထဲမှာ ရှင်နဲ့လင်ယုယုတို့ဟာ သိုင်းပညာအထက်ဆုံးနဲ့ အကင်းပါးဆုံးဆိုတာ ကျွန်မ သိထားပါတယ်၊ ကျွန်မအနေနဲ့လဲ ရှင်တို့လိုလက်ရုံးရည်ရော နှလုံးရည်ရော ထက်မြက်တဲ့လူမျိုးတွေကိုလိုချင်ပါတယ်၊ ကျွန်မတို့နဲ့ ပူးပေါင်းပါလား၊ ရှင့်အတွက်အများကြီး အကျိုးရှိနိုင်ပါတယ်"

"ကျွန်တော်ဟာ သိုင်းသမားကောင်းတစ်ယောက်ပါ၊ အမျိုးကောင်းကျိုးကိုပဲ ဆောင်ရွက်နိုင်မယ်၊ ကိုယ့်ကျိုးကိုကြည့်ပြီး သိုင်းသမားဆိုးတွေနဲ့ မပူးပေါင်းနိုင်ဘူး"

ကိန်လွေက ပြတ်သားစွာ ပြန်အဖြေပေးလိုက်သည်။

"စဉ်းစားဦးပေါ့လေ"

ဤသို့ပြောပြီး ဂိုဏ်းချုပ် မိန်းမပျိုက လှည့်ထွက်သွားသည်။ ကွဲဖေက ကိန်လွေ၏ အဝတ်အစားများကို တစ်ခုမကျန်ကောက်ယူသွားသည်။

"ဟာ... ကျွန်တော့် အဝတ်တွေကို ယူမသွားပါနဲ့၊ ထားခဲ့ပါဗျ၊ ထားခဲ့ပါ"

ကိန်လွေက အော်ဟစ်တားမြစ်သေးသည်။ ကွဲဖေက မကြားဟန်ပြုနေသည်။

တံခါးဝနားသို့ရောက်သောအခါ ဂိုဏ်းချုပ် မိန်းမပျိုက နောက်သို့လှည့်ကြည့်ပြီး စကားဆိုပြန်သည်။

www.burmeseclassic.com



"ဒြော်...တစ်ခုပြောဖို့ မေ့သွားတယ်၊ လင်ယုယုကိုလဲ ကျွန်မတို့ ဖမ်းထားလိုက်ပြီရှင့်၊ ဒီတော့ ရှင်ဆေးဆေးချာချာ စဉ်းစားဖို့ လိုလိမ့်မယ်"

ဤသို့ပြောပြီးနောက် အပြင်သို့ထွက်သွား၏။ ရေချိုးခန်း တံခါးကိုလည်း အပြင်မှနေ၍ လုံခြုံစွာ ပိတ်သွားသည်။

ကိန်လွေမှာ ရေချိုးကန်ထဲဝယ် ကိုယ်လုံးတီးဖြင့် ကျန်နေခဲ့သည်။

မိန်းမပျို ၃-ယောက်လုံး အပြင်ထွက်သွားတော့မှပင် သူ ရေချိုးကန်ထဲမှ တက်လာရဲ၏။

ရေချိုးကန်ဘေးနားတွင်ထိုင်ရင်း အမျိုးမျိုး စဉ်းစားသည်။

ယခုအခါတွင် လင်ယုယုအပါအဝင် လူငယ်သိုင်းသမားအားလုံးမှာ စင်ရော်ဂိုဏ်း၏ ဖမ်းဆီးထားခြင်းကိုခံနေရပြီ။

သို့ဖြစ်ရာ ယခုလိုအချိန်အခါမျိုးတွင် တင်းတင်းမာမာမလုပ်ဘဲ ပရိယာယ်သုံးကာ လိုက်လိုက်လျောလျောလုပ်မှဖြစ်မည်ဟု ကိန်လွေစဉ်းစားမိသည်။ သို့မှသာ ထွက်ပေါက်ရှာနိုင်မည်။

ထို့ကြောင့် ဂိုဏ်းချုပ်မိန်းမပျို ပြန်အလာတွင် စောင့်ဆိုင်း၍နေ၏။

အချိန်များ တရွေ့ရွေ့ကုန်လွန်သွားသည်။



သူ၏ပိုက်ထဲတွင်လည်း တကြုတ်ကြုတ်ဖြင့် ဆာလောင်၍လာသည်။

၄-နာရီကျော်ကျော်လောက်ကြာသောအခါတွင်မှ ရေချိုးခန်းတံခါးပွင့်သံ 'ချပ်' ခနဲ ကြားရသည်။

သူသည် ကမန်းကတန်းပင် ရေချိုးကန်ထဲ ခုန်ဆင်းနေလိုက်ရသည်။

ရေချိုးခန်းတံခါးပွင့်သွားပြီးနောက် ဂိုဏ်းချုပ် မိန်းမပျို ဝင်ရောက်လာသည်။ မျက်နှာတွင် ဇာဝါအနက် ဖုံးအုပ်ထားပြီး အစိမ်းရောင်ဝတ်စုံခပ်ပါးပါးကို ဝတ်ထားသည်။ ကျောက်မျက်ရတနာ လက်ဝတ်လက်စားများလည်း ဝတ်ဆင်ထားသည်။

နောက်ပါးမှ ကွာဝေနှင့် ဧင့်ကျွမ်းတို့နှစ်ယောက်လည်း ပါရှိလာသည်။

"ဘယ်လိုလဲ ကိန်လွေ၊ စဉ်းစားပြီးပြီလား"

ဂိုဏ်းချုပ် မိန်းမပျိုက ရေချိုးကန်ဘေးနားတွင်ရပ်၍ မေးသည်။

"ဟုတ်ကဲ့၊ စဉ်းစားပြီးပါပြီ၊ ခင်ဗျားတို့က လက်ဦးနေတာဆိုတော့ ကျွန်တော်အဖို့ ဘာမှ မတတ်နိုင်တော့ပါဘူး၊ ခင်ဗျားတို့နဲ့ ပူးပေါင်းလုပ်ဆောင်ပါ့မယ်၊ လင်ယုယုကို ဘယ်လိုမှ အန္တရာယ်မပြုဘူးလို့တော့ ကတိပေးရမယ်"

ကိန်လွေက စိတ်ပျက် အားလျော့သည့်အသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ လိမ်လိမ်မာမာနဲ့ ကျွန်မခိုင်းတာတွေကို တစ်သဝေမတိမ်း လုပ်ပေးရင် ဆင်ယုယု ဘာမှမဖြစ်စေရပါဘူး"

"ကောင်းပါပြီဗျာ၊ လုပ်ပေးပါမယ်"

"ဒီလိုမှပေါ့၊ ကဲ—ဈေးဦးပေါက်အနေနဲ့ ရှင့်ကိုတာဝန်တစ်ခု ပေးမယ်"

"ဘာတာဝန်လဲ"

"လူတစ်ယောက်ကို သွားပြီးသုတ်သင်ပေးရမယ်"

ကိန်လွေ အတော် စမ်းသာသွားသည်။ လူသတ်ရမည်ဆိုသောကြောင့် မဟုတ်။

ဤတာဝန်ကို ထမ်းဆောင်ရန်အတွက် ငမန်းကျွန်းမှ ထွက်ခွာရမည်ဖြစ်ရာ သူ့အနေဖြင့် လှုပ်လှုပ်ရှားရှားလုပ်ဆောင်နိုင်တော့မည်မို့ စမ်းသာမိခြင်း ဖြစ်သည်။

"ဟာ—လုပ်ပေးပါမယ်လေ၊ လုပ်ပေးပါမယ်"

ကိန်လွေက ပြောလိုက်သည်။

"ရှင် လွတ်လွတ်လပ်လပ် သွားခွင့်ရတော့မယ်ဆိုပြီး သိမ်ဝမ်းသာမနေနဲ့ဦး၊ ဆင်ယုယုကို ကျွန်မတို့က ဆက်ပြီး ဖမ်းထားဦးမှာ၊ ရှင့်တာဝန်ကျေပွန်မှ လင်ယုယုအန္တရာယ်ကင်းမှာနော်"

ဂိုဏ်းချုပ် မိန်းမပျို၏ အစီအစဉ်မှာ ပိုင်နိုင်လှသည်။ သို့သော် မည်သို့ဆိုစေ ဤငမန်းကျွန်းပေါ်၌ ပိတ်လှောင် ဖမ်းဆီးထားခြင်းခံရသည်ထက် အပြင်ထွက် သွားလာ လှုပ်ရှားနိုင်လျှင် ဖြစ်နည်းမဟုတ် တစ်နည်း လွတ်



ထမ်းရှာနိုင်မည်ဟု ကိန်လွေက ကြိုးစားကာ စိတ်တင်းလိုက်ရသည်။

"ရှင်သုတ်သင်ရမယ့် လူကတော့..."

ဂိုဏ်းချုပ်မိန်းမပျိုက လူတစ်ယောက်၏အမည်နှင့် နေထိုင်ရာ နေရပ်ကို ပြောပြသည်။

★

www.burmeseclassic.com

## အခန်း (၇)

၆-ရက် လွန်မြောက်သောနေ့။

ဟန်ချီမြို့သို့ ကိန်လေ့ ရောက်ရှိလာခဲ့သည်။ ဟန်ချီမြို့မှာ ခရီးလမ်းဆုံမြို့ဖြစ်သည့်အပြင် ပျော်စရာ ရွှင်စရာ အမျိုးမျိုးရှိသောကြောင့် အလွန်စည်ကားသည်။

ကိန်လေ့မှာ ပျော်စရာစုံသော ဟန်ချီမြို့သို့ ရောက်လာသည့်တိုင် မပျော်နိုင်။ ခေါင်းထဲတွင် ရှုပ်ထွေးကာ ရင်ထဲတွင်လည်း စိုးရိမ်သောကတို့ဖြင့် ပြည့်ကျပ်နေသည်။

ကိန်လေ့က စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ကာ ချောင်ကျကျ စားပွဲတစ်ခုတွင် ထိုင်ပြီး အရက်တစ်အိုးနှင့် ဟင်းလျာများ မှာလိုက်သည်။

အရက်ကို တစိမ့်စိမ့်သောက်ကာ ဟင်းလျာများကို မြည်းရင်း အမျိုးမျိုး စဉ်းစားကြံဆနေသည်။



သူ့အနေဖြင့် ငမန်းကျွန်းမှ ထွက်လာနိုင်ခဲ့ပြီဖြစ်သည်။ သို့သော် လင်ယုယုအပါအဝင် လူငယ်သိုင်းသမားများမှာမူ ငမန်းကျွန်းပေါ်တွင် အဖမ်းခံနေကြရသေးသည်။

ထိုလူများကို လွတ်မြောက်အောင် မည်သို့ကြံဆောင်ရပါမည်နည်း။

အပြစ်မဲ့ပြည်သူများကို ဒုက္ခပေးမည့် စင့်ရော်ဂိုဏ်းကို မည်သို့ နှိမ်နင်းဖြိုခွဲရပါမည်နည်း။

စဉ်းစား အဖြေရှာ၍မရ။

ကြံရာမရသည့်အဆုံး အရက်ကိုသာ ဖိသောက်နေမိသည်။

အရက်အိုး တစ်ဝက်ခန့်ကုန်သွားသော်အခါ သူထိုင်နေသော စားပွဲသို့ လူတစ်ယောက်လာထိုင်နေသည်ကို တွေ့ရသည်။

ကိန်လေ့က မော့ကြည့်လိုက်ရာ ကျားနက်ရှန်ကျင့်ဖြစ်နေကြောင်း တွေ့ရ၏။

"အလို—ရှန်ကျင့်ပါလား၊ ထိုင်ဗျာ"

ကိုန်လေ့က ဧည့်ဝတ်ကြေသောဖြင့်ပြောရင်း ဖိတ်ခေါ်လိုက်သည်။ 'ထိုင်ပါ'ဟုသာဆိုရသည်။ ကျားနက်ရှန်ကျင့်မှာ ထိုင်ခုံတွင် ထိုင်ချပြီးဖြစ်သည်။

ကိန်လေ့က စားပွဲထိုးလေးကို လူတစ်စုံနှင့် ဖန်ခွက်တစ်လုံး မှာလိုက်၏။

စားပွဲထိုးလေးက ချက်ချင်းပင် ယူလာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သောက်ဗျာ၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ"

"ခင်ဗျားလိုပဲပေါ့ဗျာ"

"ကျွန်တော်က လင်ယုယု အန္တရာယ်တွေ့မှာစိုးလို့ လိုက်လိုက်လျောလျော လုပ်ခဲ့ရတာဗျာ"

"ကျွန်တော်လည်း အတူတူပါပဲ၊ ဟသ်ာနက်မင်းကျူးတို့ဒုက္ခ မရောက်စေချင်လို့ လိုက်လျောခဲ့ရတယ်ဆိုပါတော့"

"ကျွန်တဲ့လူရဲ့ အခြေအနေကော ဘယ်လိုလဲ၊ ထိခိုက်အနာတရဖြစ်တဲ့လူ ရှိသေးလား"

"ဘယ်သူမှ ထိခိုက်ဒဏ်ရာ မရကြပါဘူး၊ အားလုံး အကျဉ်းခန်းကြီးတစ်ခုထဲမှာ အချုပ်ခံနေရတယ်၊ လင်ယုယုကိုလဲ ကျွန်တော် တွေ့ခဲ့ပါတယ်၊ ခင်ဗျားတို့ ကျွန်တော်တို့လို ပြန်လွှတ်ပေးလိုက်တဲ့လူတွေ ရှိချင်လဲ ရှိမှာပဲ၊ ဒါနဲ့ ခင်ဗျားတို့က ဘာကြောင့် ကျူစမ်းအူ လင်မယားအဖြစ် အယောင်ဆောင်ခဲ့ရတာလဲ၊ တကယ်လို့ အဲဒီတုန်းကသာ ခင်ဗျားတို့က အကြောင်းစုံ ဖွင့်ချလိုက်ရင် အခုလိုအဖြစ်မျိုး ကြုံရမှာမဟုတ်ပါဘူး"

"သူတို့ရဲ့ အကြံအစည် ဘယ်လိုရှိတယ်ဆိုတာ ရေဆုံး ရေဖျားလိုက်ပြီး စုံစမ်းချင်လို့ ကျူစမ်းအူတို့ လင်မယား အနေနဲ့ ရုပ်ဖျက် ဟန်ဆောင်ခဲ့ရတာပါ၊ အခုလိုအဖြစ်မျိုး ကြုံလာစလိမ့်မယ်လို့ မထင်မိခဲ့ပါဘူး၊ လွန်ခဲ့တာတွေ ပြောမနေပါနဲ့တော့ဗျာ"



"နဂါးလေးစမ်းကွမ်းယဲ့ လုပ်ပုံကတော့ မဟုတ်ဘူး၊ ဒီလူနဲ့တွေ့တာနဲ့ နှမ်းနှုပ်စဉ်းပစ်ချင်တယ်"

ကျားနက်ရှန်ကျင့် မကျေမချမ်းဖြစ်နေသည်။

"အဲဒါ နဂါးလေး စမ်းကွမ်းယဲ့အစစ် မဟုတ်ဘူး၊ နဂါးလေးက သေသွားတာ ကြာလှပြီ၊ တခြားတစ်ယောက်က နဂါးလေးအယောင်ဆောင်ထားတာပါ"

"ဪ...ဟုတ်လား၊ အေးဗျာ...ကျွန်တော်တို့တစ်တွေ အပွဲပွဲ နွှဲလာကြတာ ဒီတစ်ပွဲကျမှ နပ်ပစ်ခံရတယ်ဗျာ"

"သူတို့ရဲ့ ဌာနချုပ်စခန်းကို ဝင်တိုက်ကြတုန်းက ဘယ်လိုဖြစ်ပြီး အဖမ်းခံလိုက်ကြရတာလဲ"

"ဟာ...ကျွန်တော်တို့ ဝင်တိုက်ကြတဲ့ အခန်းတွေမှာ လျှို့ဝှက်ထောင်ချောက်တွေ ရှိနေတယ်ဗျ၊ လျှို့ဝှက်ထောင်ချောက်တွေထဲကိုးဝင်မိပြီး မြေအောက် အချုပ်ခန်းထဲ တန်းဝင်သွားကြရတာပဲ၊ ပြန်ထွက်ဖို့မပြောနဲ့၊ အသံတောင် မပြုနိုင်လိုက်ဘူး"

"ခင်ဗျားကိုကော လူသတ်ခိုင်းလိုက်တာပဲလား"

"ဟုတ်တယ်"

ကျားနက်ရှန်ကျင့်က မိမိသုတ်သင် သတ်ဖြတ်ပေးရမည့် သူ၏ အမည်ကို ပြောပြသည်။

"ခင်ဗျားက အဲဒီလူကို တကယ် သွားသတ်ပေးမှာလား"

ကိန်လွေက မေးလိုက်သည်။

"ခင်ဗျားကော"

www.burmeseclassic.com

www.burmeseclassic.com



ကျွဲနက်ရှန်ကျင့်က ပြန်မေးသည်။

"မသိဘူး"

"ကျွန်တော်လဲ မဆုံးဖြတ်တတ်သေးဘူး၊ ကဲ— ရော့ဗျာ၊ အခုလောလောဆယ် အရက်သောက်တာပဲ ကောင်းတယ်"

နှစ်ယောက်သား တစ်ယောက်တစ်ခွက် မော့လိုက်ကြရာ မကြာမီမှာပင် အရက်တစ်အိုး တက် တက် ပြောင် သွားသည်။

ကျသင့်ငွေများကို ရှင်းပေးပြီးနောက် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

"ဘယ်သွားကြမလဲ"

"မြစ်ကမ်းနဖူးတို့ သွားမယ်ဗျာ၊ အဲဒီမှာ အေးအေးဆေးဆေး ထိုင်ပြီး တိုင်ပင်ကြတာပေါ့"

ကျွဲနက် ရှန်ကျင့်က ပြန်ပြောသည်။ ဤသို့ဖြင့် နှစ်ယောက်သား ဟန်ချိုမြို့၏ကမ်းနားလမ်းအတိုင်း လျှောက်လာကြသည်။

လူရှင်းသော တစ်နေရာရှိ သစ်ပင်ကြီး တစ်ပင်အောက်ဝယ် ဝင်ထိုင်ကြသည်။

"သူခိုင်းလိုက်တဲ့အတိုင်း လုပ်မပေးရင်လဲ အဖမ်းခံထားရတဲ့လူတွေ သက်သာမှာ မဟုတ်ဘူး၊ ဘယ်လိုလုပ်ရမှာလဲ"

သစ်ပင်ကြီးအောက်တွင် ထိုင်မိကြသောအခါ ကိန်လွေ့က ပြောသည်။



"ဟုတ်တယ်၊ လူတစ်ယောက်ရဲ့အသက်ကို ကယ်ချင်လို့ တခြားတစ်ယောက်ကို အကြောင်းမဲ့ သတ်ပစ်ရမယ့် ကိန်းမျိုး ဆိုက်နေပြီ"

ကျွဲနက်ရှန်ကျင့်က ပြန်ပြောသည်။

"တကယ်လို့ ကျွန်တော်က အပြစ်မဲ့တဲ့ လူတစ်ယောက်ကို အကြောင်းမဲ့သက်သက် သတ်ပစ်ခဲ့တယ်ဆိုရင် လင်ယုယုက ကျွန်တော့်ကို သိပ် အ ထင် သေး သွား မှာ ကာ တော့ အမှန်ပဲ"

"ဒါလဲ ဟုတ်တာပဲ"

"ဘာ့ပဲဖြစ်ဖြစ်ဗျာ၊ ငမန်းကျွန်းတို့ပြန်သွားပြီး သူသေသေ ကိုယ်သေသေ ရင်ဆိုင်လိုက်တာက ကောင်းလိမ့်မယ်၊ ဂိုဏ်းချုပ်ကောင်မကို အသေသတ်နိုင်ရင် ကျန်တာတွေ ရှင်းကုန်မှာပဲ"

"ဖြစ်ပါ့မလားဗျ၊ ဂိုဏ်းချုပ်ကောင်မရဲ့ ကိုယ်ရံတော် ရွှေဆံထိုးဆယ့်နှစ်ဖော်က အတော် အစွမ်းထက်တာ၊ ပြီးတော့ အဆိပ်မိကျောင်း စိမ်းကုံးတို့ ဆယ့်လေးယောက်ကလဲ ရှိနေသေးတယ်၊ ကျွန်တော်တို့နှစ်ယောက်တည်းရဲ့ အင်အားနဲ့ မနိုင်နိုင်ဘူး"

ထိုအခိုက်တွင် မှောင်ရိပ်ထဲမှ အသံတစ်ခု ပေါ်ထွက်လာသည်။

"ဟုတ်တယ်၊ အဲဒီလိုမိုက်ရူးရဲလုပ်ဖို့ မသင့်ဘူး"

"ဘယ်သူလဲ"

ကိန်လွေ့က လေသံမာမာဖြင့် မေးလိုက်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါဗျာ"

မြန်မြန်သွက်သွက် မှောင်ရိပ်မှ လူတစ်ယောက် ထွက်လာသည်။ သိုင်းလူဆင် မခြောက်ဦးအနက်မှ သန်းကြွယ်လုလင် ရောင်ပင်းပင် ဖြစ်သည်။

"ခင်ဗျားတို့ ငမန်းကျွန်းကိုသွားပြီး တိုက်ခိုက်ကြမယ့်ဆိုတဲ့အကြံကို ကျွန်တော် ကန့်ကွက်တယ်ဗျာ၊ ဒီလိုလုပ်တာ မိုက်ရူးရဲဆန်တယ်၊ အားလုံး ဒုက္ခရောက်ကုန်နိုင်တယ်"

သန်းကြွယ်လုလင် ရောင်ပင်းက ပြောသည်။

"ခင်ဗျား ဘယ်လိုလုပ်ပြီး ထွက်လာနိုင်တာလဲ"

"ခင်ဗျားတို့လိုပဲပေါ့ဗျာ"

"ဂိုဏ်းချုပ်ကောင်းမကာ ဘယ်သူ့ကို အသတ်ခိုင်းလိုက်တာလဲ"

"ခု မသတ်ခိုင်းပါဘူးဗျာ၊ ခင်ဗျားတို့ နှစ်ယောက် တာဝန်ကျေမကျေ လိုက်ပြီး အကြည့်ခိုင်းတာပါ၊ တကယ်လို့ ခင်ဗျားတို့ ဖောက်လွှဲဖောက်ပြန်လုပ်မယ်ဆိုတာ တွေ့ရရင် သူ့ဆီကို အချိန်မီအကြောင်းကြားဖို့ စာပို့ခိုလဲ ပေးလိုက်တယ်"

"ခင်ဗျား တာဝန်ကျေအောင် မဆောင်ရွက်နိုင်ရင် ဘယ်မိန်းတာလေးကို သတ်ပစ်မယ်လို့ ဂိုဏ်းချုပ်ကောင်းမက အကျပ်ကိုင် ခြိမ်းခြောက်လိုက်သလဲ"

"ဖမ်းမိထားတဲ့ ဟသ်ာမယ်ငါးဖော်နဲ့ နတ်သူဇာ ခုနစ်ပါးထဲမှာ ကျွန်တော်နဲ့ သံယောဇဉ်ငြိတွယ်နေတဲ့လူ တစ်ယောက်မှ မရှိပါဘူး၊ သူတို့က ကျွန်တော်တာဝန်မကျေရင်



ကျွန်တော့်မိသားစု ငါးဆယ့်ရှစ်ယောက်စလုံးကို လက်စတုံး သုတ်သင်ပစ်မယ်လို့ ပြောလိုက်တယ်"

"ခင်ဗျား မိသားစုတွေက ဘယ်မှာနေသလဲ"

"ဖောဒီ ဟန်ချိုမြို့မှာပဲ၊ ကျွန်တော်က ဟန်ချိုမြို့သားဆိုတာ ခင်ဗျားတို့ မသိကြသေးဘူးထင်တယ်"

"အင်း...ခင်ဗျားမှာလဲ အတော်ကို အကျဉ်းအကျပ်တွေ့နေရတာပဲကိုး၊ ဒီတော့ ခင်ဗျား ဘယ်လိုလုပ်မယ်စိတ်ကူးသလဲ"

"လာပါဗျာ၊ ကျွန်တော့်အိမ်ကို လိုက်လာခဲ့ကြပါ၊ တိုရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

* * *

BURMESE CLASSIC

သန်းကြွယ်လုလင် ရောင်ပင်း၏ နေအိမ်မှာ အတော်ပင် ကြီးမားကျယ်ဝန်းသည်။

အဆောင်နှင့်အခန်းများလည်း အတော်များများရှိ၏။

သို့သော် ထိုအခန်းများအားလုံးတွင် မည်သူမျှမရှိဘဲ ဗလာနတ္ထိဖြစ်နေသည်ကို တွေ့ရသောအခါ တိန်လွှနှင့် ကျားနုတ်ပဲ ရှန်ကျင့်တို့မှာ အလွန် အံ့အားသင့်ကုန်ကြသည်။

"ခင်ဗျားမှာ မိသားစု ငါးဆယ့်ရှစ်ယောက်တောင် ရှိတယ်ဆို"

www.burmeseclassic.com

ကျားနက်ရှန်ကျင့်က အံ့သြစိတ်ကို မမျိုသိပ်နိုင်တော့သည့် အဆုံး ထုတ်ဖော်မေးမြန်းလိုက်သည်။

"တုတ်တယ်လေ"

"အဲဒီ လူတွေ ဘယ်ရောက်ကုန်လဲ၊ တစ်အိမ်လုံးမှာ ကျွန်တော်တို့ သုံးယောက်ပဲ ရှိနေပါလား"

"ကျွန်တော်က ဂိုဏ်းချုပ်ကောင်မ ခိုင်းတဲ့ အတိုင်း မလုပ်နိုင်ဘူးဆိုတဲ့ အကြောင်းကို စာရေးပြီး စာပို့ခိုနဲ့ ပို့လိုက်ပြီဗျ၊ ဒီတော့ ဒီအိမ်ကြီးမှာ မကြာခင် ကြမ္မာဆိုး ကျရောက်တော့မယ်၊ ဒီတော့ ကျွန်တော့်မိသားစုတွေဟာ လဲ ကြမ္မာဆိုး ကျတော့မယ့် နေရာမှာ ဘယ်နေတော့မှာ လဲဗျ"

ဤအခါတွင်မှ သန်းကြွယ်လုလင် ရောင်ပင်းက သူ၏ မိသားစုများကို ဘေးကင်းရာသို့ တိမ်းရှောင် ခိုင်းထားခြင်း ဖြစ်ကြောင်းကို ကိန်လွေနှင့် ကျားနက် ရှန်ကျင့်တို့ နားလည်သဘောပေါက်ကြလေတော့သည်။

"ဒီနေ့နေ့လယ်ကပဲ စာပို့ခိုကို ပြန်ပို့လိုက်တာဆိုတော့ နောက်ဆယ်ရက် ဆယ့်ငါးရက်လောက်ကြာရင် ဂိုဏ်းချုပ်ကောင်မ လွှတ်လိုက်တဲ့ သိုင်းသမားဆိုးတွေ ဒီအိမ်ကို ရောက်လာတော့မှာပဲ၊ သူတို့ကို ဆီးကြိုရင်ဆိုင်ပြီး သုတ်သင်နိုင်တဲ့ အစီအစဉ်တွေ ကျွန်တော်လုပ်ထားတယ်၊ ခင်ဗျားတို့လဲ ဝိုင်းကူပေးကြပါ"

"ဟာ...ဘယ့်နှယ် ပြောတာပါလိမ့်၊ ကူညီပေးရမှာပေါ့"



"သူတို့က အနည်းဆုံး အင်အား ဆယ့်ငါးယောက်လောက်နဲ့ လာမှာပဲ၊ ပြီးတော့ သိုင်းပညာစွမ်းထက်တဲ့လူတွေလဲ အတော်များများ ပါလာလိမ့်မယ်၊ ဒီလူတွေကို ချေမှုန်းလိုက်နိုင်ရင် သူတို့ရဲ့ အင်အား အတော် လျော့သွားမယ်၊ ပြီးတော့ အရှင် တစ်ယောက် နှစ်ယောက်လောက် လက်ရအမိဖမ်းရမယ်၊ ဒါမှ ငမန်းကျွန်းပေါ်က အခြေအနေတွေကို သေသေချာချာ စစ်မေးနိုင်မယ်၊ ငမန်းကျွန်းပေါ်က အခြေအနေတွေကို သိရမှ ကျွန်တော်တို့ သုံးယောက် ငမန်းကျွန်းပေါ်ကို ပြန်သွားပြီး ချေမှုန်းတိုက်ခိုက်ကြတာပေါ့"

"ခင်ဗျား အစီအစဉ်တွေ သိပ်ကောင်းတယ်ဗျာ၊ ခင်ဗျားရဲ့ စိတ်ကူးဉာဏ် ကောင်းပုံကိုတော့ ချီးမွမ်းရမယ်ဗျို့"

ဤသို့ဖြင့် ကိန်လွေနှင့် ကျားနက်ရှန်ကျင့်တို့သည် ရောင်ပင်း၏ နေအိမ်တွင် နေထိုင်ကာ သိုင်းသမားဆိုးများ ရောက်လာပါက ချေမှုန်းတိုက်ခိုက်ရန် လျှို့ဝှက် ထောင်ချောက်များကို ကြိုတင်ပြင်ဆင်ထားကြသည်။

သန်းကြွယ်လုလင်ရောင်ဖင်း၏ တွက်ကိန်းမလွဲပေ။

(၁၀)ရက်မြောက်နေ့ ညသန်းခေါင်ယံတွင် စင်ရော်ဂိုဏ်းချုပ် စေလွှတ်လိုက်သော သိုင်းသမားဆိုး (၂၀) ရောက်ရှိလာကာ နေအိမ်ကြီးကို စီးနင်း တိုက်ခိုက်ကြ၏။

လျှို့ဝှက်ထောင်ချောက်များ အကွက်ကျကျ ကြိုတင်ပြင်ဆင်ထားပြီးပြီမို့ လူငယ်သိုင်းသမား သုံးဦးက လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်တိုက်ခိုက်ကြသူများကို အောင်မြင်စွာ ချေမှုန်းသုတ်သင်နိုင်ခဲ့သည်။ အသက်ရှင်လျက် (၃)ဦး လက်ရဖမ်းမိခဲ့သည်။

သေဆုံးသွားသူများထဲဝယ် ရွှေမားစိန်ကြီးနှင့် တောင်ပင်လယ် ဓားပြဂိုဏ်းမှ လက်ထောက်ဗိုလ်ဟောင်း(၂)ဦး ပါဝင်သည်။ ဖမ်းမိသူများထဲတွင် တောင်ပင်လယ်ဓားပြဂိုဏ်း၏ လက်ထောက်ဗိုလ်ဟောင်း တစ်ဦးလည်း ပါဝင်သည်။

ဖမ်းမိသူများကို ကျကျနန စစ်မေးပြီးနောက် သက်ဆိုင်ရာလက်သို့ အပ်လိုက်ကြသည်။

ထို့နောက် ကိန်လွေ၊ ကျားနက်ရှန်ကျင့်နှင့် သန်းကြွယ်လှလင် ရောင်ဖင်းတို့ သုံးယောက်သား မေန်းကျွန်းသို့ လျို့ဝှက်စွာ ထွက်လာခဲ့ကြသည်။

★

ပထမပိုင်း ပြီး၏။

ဒုတိယစာတတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

# ဘုန်းကြွယ်

မိစ္ဆာ ကျွန်း မှ အ လှ ရ တ နာ

(ဒုတိယပိုင်းစာတတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စကြ္ကြ ဆမ်း၏ အလယ်လောက်ဝယ် မီးပုံးဆေးတစ်ခု ထွန်းညှိချိတ်ဆွဲထားသည်။

မီးပုံးလေး၏ အလင်းရောင်မှာ သိပ်မများလှသော်လည်း မြေအောက်ရှိ အခန်းများထဲဝယ် အချုပ်ခံထားရသော လူငယ်သိုင်းသမား (၂၄)ယောက်တို့အတွက်မူ ထို မီးပုံးလေးမှာ နေမင်းနှင့် လမင်းသဖွယ် ဖြစ်နေသည်။

ထို မီးပုံးလေးသာ မရှိပါက မြေအောက်ခန်းတစ်ခုလုံး မှောင်အတိ ကျနေပေမည်။

မြေအောက်ခန်းထဲဝယ် အကျဉ်းခန်း (၄)ခန်းရှိသည်။ အကျဉ်းခန်း တစ်ခုစီထဲဝယ် လူငယ်သိုင်းသမား (၆)ဦးစီကို ထည့်သွင်း ချုပ်နှောင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းခန်းများမှာ (၁၄)ပေ ဝေတ်လည်မျှသာ ကျယ်ဝန်းပြီး နံရံ(၃)ဖက်ကို သံပြားများဖြင့် ကာရံထား၏။ စကြံလမ်းဘက်သို့ မျက်နှာမူထားသည့်နေရာတွင်မူ ကျပ်လုံးခန့်တုတ်သော သံတိုင်များ အခိုင်အခံ့ စိုက်ထူထားသည်။ အကျဉ်းခန်း တံခါးမှာလည်း ထိုမျက်နှာစာတွက်တွင် ရှိသည်။

ကျဉ်းမြောင်းသော အခန်းသေးထဲဝယ် (၆)ယောက်နေရသည့်မှာ အတော် ကျဉ်းကျဉ်းကျပ်ကျပ် ရှိလှသည်။

ယောကျ်ားကလေးသတ်သတ်၊ မိန်းကလေးသတ်သတ်ထားပေး၍သာ တော်သေးသည်ဟု ဆိုရမည်၊ မဟုတ်လျှင်နေရဆိုင်ရသည့်မှာ ပို၍ကသိကအောက် ဖြစ်ပေမည်။

နေရောင်ကို မမြင်ရသော မြေအောက်ခန်းထဲဝယ်ရောက်နေကြသည့်အတွက် လူငယ် သိုင်းသမားများမှာနေ့မှန်းညမှန်း ခွဲခြားမသိတော့အောင် ဖြစ်နေကြလေပြီ။

မိမိတို့၏ အမှတ်အသညာနှင့် မိမိတို့အချိန်ကို သတ်မှတ်ရာ တစ်ယောက်တစ်မျိုး ပြောဆို ငြင်းခုံနေရသည်ကအလုပ်တစ်ခုလို ဖြစ်နေသည်။

ယခုလည်း ချမ်းသာသူဇာကျုံးရှိုး၊ ဒေါင်းသူဇာဟိုပိနှင့် ခရေသူဇာချင်းမေတို့ သုံးယောက်သား နေ့ဖြစ်သည်၊ ညဖြစ်သည်၊ နေ့လယ်ပိုင်းဖြစ်သည်ဟု ပြောဆိုငြင်းခုံနေကြသည်။

"လေကုန်ခံပြီး ငြင်းမနေကြပါနဲ့၊ အခုအချိန်ဟာ နေ့ခင်းပဲဖြစ်ဖြစ်၊ ညနက်သန်းခေါင်ပဲဖြစ်ဖြစ် ကျွန်မတို့အတွက်



အရေးမကြီးပါဘူး၊ ဟောဒီနေရာက လွတ်မြောက်ဖို့အရေးအကြီးဆုံးပါ"

ဂန္ဓမာသူဇာ လင်ယုယုက ကြားစင်ပြောလိုက်သည်။

"ဘယ်လိုလုပ်ပြီး ဒီနေရာကနေ လွတ်မြောက်နိုင်မှာလဲယုယုရဲ့၊ အေးလေ...ယုယုအနေနဲ့ကတော့ လွတ်မြောက်စရာ မျှော်လင့်ချက် ရှိနေတာပေါ့"

ခရေသူဇာ ချင်းမေက ပြန်ပြောသည်။

"ရှင်က ဘာကိုဆိုလိုတာလဲ"

"ဟို ဂိုဏ်းချုပ်ကောင်မက ကိန်းလွှကို့တာဝန်ပေးပြီးစေလွှတ်လိုက်တယ် မဟုတ်လား၊ ကိန်းလွှသာ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ပြီး ပြန်လာခဲ့ရင် ယုယုကိုလွှတ်ပေးမှာပေါ့"

"ကိန်းလွှဟာ ဂိုဏ်းချုပ်ကောင်မ ခိုင်းလိုက်တဲ့အတိုင်း လူသွားသတ်ပေးမှာ မဟုတ်ဘူးလို့ ကျွန်မ တာဝန်ခံပြောနိုင်ပါတယ်"

လင်ယုယုက ပြန်ပြောသည်။

ဤတွင် သူနှင့် ကပ်လျက်ရှိသော အခန်းကျဉ်းထဲဝယ်အချုပ်ခံနေရသော မှာသ်ာနက်မင်းကျုံးကလည်း လှမ်းအော်ပြောသည်။

"ဟုတ်တယ်၊ ကျားနက်ရှန်ကျင့်ဟာလဲ အဲဒီလိုပဲ၊ ဒိုဂိုဏ်းချုပ်ကောင်မ ခိုင်းလိုက်တဲ့အတိုင်း လူသွားသတ်ပေးမှာ မဟုတ်ဘူးလို့ ကျွန်မရဲရဲကြီး ပြောရဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ… သူတို့နှစ်ယောက်က ဂိုဏ်းချုပ်ကောင်မှ ခိုင်းလိုက်လို့ လူသတ်မပေးတော့တဲ့ နောက်တော့ ကျွန်မလဲ လွတ်စရာလမ်း မရှိတော့ပါဘူး"

လင်ယုယုက ပြန်ပြောသည်။

"တကယ်ပဲ လမ်းစလုံးဝ ပျောက်နေပြီလား"

လင်ယုယုတို့၏ အကျဉ်းခန်းနှင့် မျက်နှာချင်းဆိုင် အကျဉ်းခန်းထဲရှိ စိန်ကျားသစ်က လှမ်းမေးသည်။

"အင်း…လုံးဝလမ်းစပျောက်နေတာတော့ မဟုတ်ပါဘူး၊ တကယ်လို့ ကျွန်မအနေနဲ့ ပွဲချင်နေတဲ့လူတစ်ယောက်ကို တွေ့နိုင်မယ်ဆိုရင်တော့ လွတ်မြောက်စရာလမ်းစပေါ်လာနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလူက မြေအောက်အကျဉ်းခန်းတွေဆီကို တစ်ခေါက်မှတောင် ရောက်မလာတာက ခက်နေတယ်"

လင်ယုယုက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်သည်။

သူတို့ကို မြေအောက်အကျဉ်းခန်းထဲဝယ် ပိတ်လှောင်ထားပြီးနောက် ထမင်းဟင်းနှင့်ရေများကို အပေါ်ဘက်ရှိ လျှို့ဝှက်အပေါက်ငယ်မှ တစ်နေ့နှစ်ကြိမ် ချပေးသည်။

မြေအောက်အကျဉ်းခန်းထဲသို့ အစောင့်အကြပ်များစင်စင်ရောက်လာခြင်း မရှိပေ၊ အပြင်ဘက်တွင်သာ စောင့်ကြပ်နေကြသည်။

"အဲဒီလူတွေကို တွေ့ချင်ကြောင်း တစ်နည်းနည်းနဲ့ ပြောရင်ကော မဖြစ်ဘူးလား"



တခြားအခန်းထဲရှိ ပလွေလုလင်ဝင်ထန်းက လှမ်းမေးသည်။

"ဖြစ်နိုင်လိမ့်မယ် ထင်ပါတယ်၊ ဒါပေမယ့် ဒီမြေအောက် အကျဉ်းခန်းထဲကို ထမင်းပို့တဲ့လူတောင် ဝင်မလာဘဲ အပေါ်ကနေ ချပေးနေတော့ ဘယ်လိုလုပ်ရမှာလဲ"

ဟသ်ာနက်မင်းကျူးက ဝင်ပြောမြန်သည်။

"အစောင့် တစ်ယောက်ယောက်လောက် ဒီမြေအောက်ခန်းထဲ ဝင်လာအောင်တော့ ကျွန်တော်ကြံဆောင်ပေးနိုင်ပါတယ်"

ပလွေလုလင် ဝင်ထန်းက ပြောသည်။

"ကဲ— ကြံစမ်းပါဦးရှင်"

လင်ယုယုက ပြောလိုက်သည်။

"ကဲ…ရောင်းရင်းတို့၊ အသံကုန် အော်ကြစမ်းပါ"

ပလွေလုလင် ဝင်ထန်းက ပြောလိုက်သည်တွင် အမျိုးသား ဆယ့်နှစ်ဦးက အတွင်းအားများ စုစည်းကာ အသံကုန် အမျိုးမျိုး အော်ဟစ်လိုက်ကြသည်။

"ဟေး…လာကြပါဦးကွ"

"ရေငတ်တယ်"

"ဗိုက်ဆာနေပြီဟေ့"

အတွင်းအားသုံးကာ အော်လိုက်သည်မို့ အသံများ ကျယ်လောင်လှသည်။ မြေအောက်ခန်း အပြင်ဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင့်ကြုပ်နေသော အစောင့်ဖြစ်သူမှာ ထိုအသံများ ဆို ကြားရသည့်အတွက် အလွန်အံ့သြသွားသည်။

ထိုနေ့အဖို့ အစောင့်တာဝန်ကျသူမှာ ရွှေဆံသိုး ဆယ့်နှစ်ဖော်အနက်မှ ကွဲဖေဖြစ်သည်။

ကွဲဖေက မြေအောက်ခန်း တံခါးကိုဖွင့်ကာ မြေအောက်ခန်းထဲသို့ ဆင်းလာပြီး အခြေအနေကို စစ်ဆေးကြည့်ရှုသည်။

"ဟေ့...ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် အော်ကြီးဟစ်ကျယ် လုပ်နေကြတာလဲ၊ သေချင်လို့လား"

ကွဲဖေက ကြိမ်းမောင်းလိုက်သည်။

"ဒီအမျိုးသမီးက ရုပ်လေး ချောသလောက် တယ်အာကြမ်းပါလား"

ငွေကျားသစ် ဇေ့ချိမင်းက ခပ်လှောင်လှောင် လှမ်းပြောသည်။

"တိတ်တိတ်နေလို့ပြောတာ မကြားဘူးလား၊ နောက်တစ်ခါ အသံထွက်လာရင် ရှင့်ခေါင်းပြတ်မြီသာ မှတ်ပေတော့"

ကွဲဖေက မားရှည်ထိုးဆွဲထုတ်ကာ ကြိမ်းမောင်းလိုက်သည်။

"ဒီလောက်အာကြမ်းပြီး မိုက်ရိုင်းတဲ့မိန်းမ ဒီတစ်သက် လင်ရမှာ မဟုတ်ဘူး"

ငွေကျားသစ်က ထပ်၍ နောက်လိုက်ပြန်သည်။

"ဟား...ဟား...ဟား"



"ဟား...ဟား"

တခြားလူများကလည်း ဝိုင်းဝန်းလှောင်ပြောင် ရယ်မောကြသည်။ ကွဲဖေ ဒေါသထွက်သွားပြီး ငွေကျားသစ်ကို မားရှည်ဖြင့် လှမ်းထိုးသည်။

ဤသို့ပြုလုပ်လိမ့်မည်ဟု ကြိုတင်တွက်ထားပြီးဖြစ်သည့် ငွေကျားသစ်က နောက်သို့ အလိုက်သင့် ရှောင်ဖယ်လိုက်သည်။ မားချက် လွဲသွားသည်။

"ဟား...ဟား"

"ဟား...ဟား"

တခြားလူများ ဝိုင်းတားနေကြဆဲဝယ် လင်ယုယုက ကွဲဖေကို လှမ်းခေါ်လိုက်၏။

"ဒီမယ်...ဒီမယ်၊ ခဏလာပါဦး"

"ဘာလုပ်မလို့လဲ"

ကွဲဖေက လင်ယုယုတို့၏ အကျဉ်းခန်းရှေ့တွင်လာရပ်ပြီး နှလုံးမာမာနှင့် မေးသည်။

"ငမန်းနက်လေး ရိုလျှံကျင်ကို သတင်းတစ်ခုပါးလိုက်ပါရစေ၊ ဘာကယ်လို့ သူဟာ တောင်ပင်လယ်ငမန်းမြို့ကြီး ရှိတာဟိုင်ရဲ့ သားဖြစ်တယ်ဆိုရင် သူ့ကို လျှို့ဝှက်တဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်လို့ ပြောပေးစမ်းပါ"

"ဘာလျှို့ဝှက်ချက်လဲ"

"ဝမ်းနည်းပါတယ်၊ ဒီလျှို့ဝှက်ချက်ကို တောင်ပင်လယ် ငမန်းမြို့ကြီးရဲ့ သားအစစ်ဖြစ်တဲ့ လူကိုမှ ပြောပြနိုင်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်မရဘဲ ရိလျှံကျင် ဒီနေရာကို အရောက်မလာနိုင်ပါဘူး၊ ပြီးတော့ ရှင်ပြောတဲ့အတိုင်းလဲ ကျွန်မက သွားပြောမပေးနိုင်ဘူး၊ ဟိုလူတွေလဲ နောက်ထပ် ဆူဆူပူပူလုပ်မနေနဲ့၊ ဒီတစ်ခါဆိုရင် ထမင်းဟင်းသုံးရက်မပေးဘဲ ထားလိုက်မယ်”

ကွ°ဖေက လင်ယုယုကိုပြောနေရာမှ ကျန်လူများကိုလှည့်ကာ ကြိမ်းမောင်းပြီး မြေအောက်ခန်းမှ ပြန်တက်သွားသည်။

“ဘယ်လိုလဲ လင်ယုယု၊ သိပ်မဟာန်ဘူး မဟုတ်လား၊ ဟိုခကာင်လေးရိလျှံကျင် ဒီကိုလာနိုင်မယ် မထင်ပါဘူး”

ငွေကျားသစ်က လင်ယုယုကို လှမ်းပြောသည်။

“ရိလျှံကျင် လာတို့လာပါလိမ့်မယ်၊ စောင့်သာကြည့်နေပါ”

လင်ယုယုက ပိုင်နိုင်သောအသွင်ဖြင့် ပြောလိုက်သည်။

လင်ယုယု၏မှန်းဆချက် မှန်သည်ဟု ဆိုရမည်။ အချိန်အတော်ကြာသောအခါ တံခါးပွင့်သွားပြီး မြေအောက်ခန်းထဲသို့ မန်းနက်လေးရိလျှံကျင် ဝင်ရောက်လာသည်။

“ခင်ဗျားက ကျွန်တော့်ကို ဘာကြောင့် တွေ့ချင်ရတာလဲ”

ရိလျှံကျင်က လင်ယုယုရှိနေသည့် အကျဉ်းခန်းရှေ့တွင် ရပ်ပြီး မေးခွန်းထုတ်လိုက်သည်။

“ရှင်ဟာ မန်းဖြူကြီးရိတာဟိုင်ရဲ့သား အစစ်ဟုတ်မဟုတ် အရင်ပြောပါဦး”



“ကျွန်ခတော်ဟာ မန်းဖြူကြီးရိတာဟိုင်ရဲ့ သားအစစ်ပါ၊ ကျွန်တော့်အနေနဲ့ လူဘစ်ယောက်ကို အဖေအဖြစ် ပြောနေစရာလို့မယ် မထင်ပါဘူး”

“ရှင့်အဖေသေသွားတယ်ဆိုတာ ရှင်ကိုယ်တိုင် သူ့ရဲ့အလောင်းကိုမြင်ရလို့ ပြောနိုင်တာလား”

“ဖေဖေ့ရဲ့အလောင်းကိုတော့ သေသေချာချာ မမြင်ခဲ့ရပါဘူး၊ ဖေဖေဟာ စိမ်းကုုးရဲ့ဓားချက်ထိပြီး ပင်လယ်ထဲ ကျသေသွားတယ်လို့ ပြောသံကြားရတာပါပဲ”

“စိမ်းကုုးတို့လူစုက ရှင့်အဖေကို လုပ်ကြံသတ်ဖြတ်ကြတာဟာ ရှင့်အဖေရဲ့ ရတနာသိုက်ကို အပိုင်စီးချင်ကြလို့ မဟုတ်လား”

“ဟုတ်ပါတယ်”

“သူတို့တစ်တွေ အဲဒီရတနာသိုက်ကို ရှာတွေ့ကြပြီလား”

“မတွေ့ကြသေးပါဘူး”

“ရတနာသိုက် ဘယ်နေရာမှာ ရှိတယ်ဆိုတာကိုကော ရှင်သိသလား”

“မသိဘူး”

“အဲဒီရတနာသိုက် ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ ကျွန်မ သိနေတယ်ရှင့်”

ရိလျှံကျင်က မယုံနိုင်သောလေသံဖြင့် ပြောသည်။

“ရတနာသိုက်ရှိတဲ့ နေရာကိုသာ မကဘူး၊ ရှင့်အဖေ မသေသေးဘဲ အသက်ရှင်နေသေးတယ် ဆိုတာရယ်၊ ရှင်

www.burmeseclassic.com

www.burmeseclassic.com



အဖေ ဘယ်နေရာမှာရှိတယ် ဆိုတာရယ်ကိုပါ ကျွန်မက သိထားတယ်''

''ဟာ...ခင်ဗျား မဈေးတ်ကကျော်ကတော့ လာပြောမနေပါနဲ့''

''ရှင့်အဖေဟာ ညာမျက်ခုံးအောက်မှာ မှဲ့နက်တစ်ခုရှိတယ်၊ ပြီးတော့ ညာဘက်ရင်ဘတ်နဲ့ ဘယ်ဘက် လက်မောင်းမှာ ဓားဒဏ်ရာတွေရှိတယ်၊ ဘယ့်နှယ်လဲ''

လင်ယုယု ပြောပြနေသည်မှာ မိမိဖခင်၏ကိုယ်ပေါ်တွင် ထင်ရှားသည့် အမှတ်အသားများ ဖြစ်သောကြောင့် ရိုလျှို ကျင်မှာ လင်ယုယု၏ စကားများကို ယုံကြည်သွားသည်။ လက်ခံသွားသည်။

''ဖေဖေ့ကို ဘယ်မှာတွေ့ခဲ့တာလဲ''

''မင်လယ်ထဲက ကျွန်းလေးတစ်ကျွန်းမှာပါ''

''အဲဒီကျွန်းက ဘယ်နေရာမှာလဲ''

''အဲဒါကိုတော့ အခုအချိန်မှာ ပြောမပြနိုင်သေးဘူး၊ ဘယ်လိုမှ မနေအောက်မေ့ပါနဲ့''

''ကျွန်တော့် အဖေ မင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ ရှိနေတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ''

''ကျွန်မနဲ့ ကိန်လေွ သစ်ဖောင်မှာ ကြိုးနဲ့ချည်ပြီး ပင်လယ်ထဲ အမျှောခံရတဲ့ အကြောင်းတို့တော့ ရှင်သိပြီးဖြစ်လိမ့်မယ်''

''ဟုတ်ကဲ့၊ အဲဒီအကြောင်းတို့ သိပြီးပါပြီ''



''အဲဒီလို မျှောပါသွားရင်း ကျွန်းတစ်ကျွန်းကို ရောက်သွားတယ်၊ အဲဒီကျွန်းပေါ်မှာ ရှင့်အဖေ ရှိတာ ဟိုင်နဲ့ တွေ့ခဲ့ရတာပဲ၊ ပထမတော့ သူက သူ့နာမည်ကိုမပြောဘူး၊ လျှို့ဝှက်ထားသေးတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကျွန်မတို့က သူတိတ်တိတ်လေးဆောက်နေတဲ့ ပင်လယ်ကူး လှေကြီးနဲ့ လျှို့ဝှက်ရတနာသိုက်ကို ရှာတွေ့တော့မှ ငမန်းဖျူကြီး ရှိတာဟိုင်ဖြစ်ကြောင်း ဝန်ခံတယ်''

''ဖေဖေက ဘာကြောင့် အဲဒီကျွန်းပေါ်မှာပဲ နေနေရတာလဲ''

''သူက ကျွန်းကနေ ထွက်သွားနိုင်ဖို့ လှေကြီးတစ်စင်း တိတ်တိတ်လေး ဆောက်နေတာရှင့်၊ ပြီးတော့ ကျွန်မတို့ကိုလဲ တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ဖို့ ကြံသေးတယ်၊ ဒါပေမယ့် ကျွန်မတို့က လက်ဦးသွားပြီး သူ့ကို အကြောပိတ်လိုက်နိုင်တယ်၊ သူဆောက်ပြီးသွားတဲ့ လှေကြီးကိုယူစီးပြီး အဲဒီကျွန်းက ထွက်လာခဲ့တာပဲ၊ သူတော့ ကျွန်းပေါ်မှာ ကျန်နေခဲ့တယ်၊ အခုလောက်ဆိုရင် လှေကြီးတစ်စင်း ထပ်ဆောက်ချင် ဆောက်နေဦးမလား မပြောတတ်ဘူး''

''ရတနာတွေကကော''

''ကျွန်မတို့က ရတနာတစ်ပြားတစ်ချပ်မှ မယူခဲ့ပါဘူး၊ လျှို့ဝှက်လိုဏ်ဂူထဲမှာ ဒီအတိုင်း ထားခဲ့ပါတယ်''

''အဲဒီကျွန်း ဘယ်မှာရှိတယ်ဆိုတာကို ခင်ဗျားက ပြောမပြနိုင်ဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ နှစ်ဆယ့်လေးယောက် ဟောဒီမှာအကျဉ်းခံနေရပြီး အန္တရာယ်ရှိနေသမျှ ကာလပတ်လုံး အဲဒီကျွန်းဘယ်မှာရှိတယ်ဆိုတာ ထုတ်မပြောနိုင်ဘူး၊ ကျွန်မတို့လွတ်မြောက်နိုင်မယ့် လမ်းစပေါ်လာမယ်ဆိုရင်တော့ ပြောချင်ပြောပြနိုင်မယ်"

"ကျွန်တော့်မှာ ခင်ဗျားတို့ကို ကယ်တင်ပေးနိုင်တဲ့ စွမ်းအားနဲ့ အခြေအနေ မရှိပါဘူးဗျာ၊ ကျွန်တော်ကိုယ်တိုင်တောင်မှ ဂိုဏ်းချုပ်ကြီးရဲ့ ဩဇာအာဏာကို မဖယ်ရှားနိုင်ဘဲ သူခိုင်းရာတို့ လိုက်လုပ်ပေးနေရတာပါ"

"ဒါကြောင့် ကျွန်မလဲ ရိပ်မိပါတယ်၊ အခုဟာက ရှင့်အဖေ မသေသေးဘူးဆိုတာ ရှင့်ကိုပြောပြချင်လို့ပါ"

"ရတနာတွေရှိတဲ့ကျွန်းကို ပြောမပြတာ ခပ်ကောင်းကောင်းပါပဲလေ၊ တကယ်လို့ အဲဒီနေရာကို ကျွန်တော်သိထားရင် ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ဆီက မရမက စစ်မေးမှာပဲ၊ ထုတ်ပြောမိပြီးရင်တော့ ကျွန်တော့်ရဲ့အသက်နဲ့ ခန္ဓာကိုယ် မမြဲတော့ပါဘူး"

ရိလျှံကျင်က ဤသို့ပြောကာ မြေအောက်ခန်းထဲမှ ပြန်ထွက်သွားသည်။

မိမိတို့ နှစ်ဆယ့်လေးဦး၏ လွတ်မြောက်ရေးအတွက် မန်းနက်လေး ရိလျှံကျင်အနေဖြင့် မည်သို့မျှကူညီဆောင်ရွက် ပေးနိုင်ခြင်း ရှိမည်မဟုတ်ကြောင်းကို လင်ယုဖျူက ကြိုတင်တွက်ထားပြီး ဖြစ်သည်။



ယခု ရိလျှံကျင်ကိုပြောလိုက်သည်မှာလည်း ဤသတင်းစကားများ စင်ရော်ဂိုဏ်းချုပ်၏နားသို့ ပေါက်ကြားသွားစေရန်သာ ရည်ရွယ်ရင်းရှိသည်။

ဤသတင်းစကားများကို စင်ရော်ဂိုဏ်းချုပ်သိရှိသွားလျှင် မိမိတို့ကို တစ်ဖက်လှည့်ဖြင့် စင်ရော်ဂိုဏ်းချုပ်နှင့် လက်ရွေးစင် သိုင်းသမားများက နောက်ယောင်ခံ လိုက်လာကြမည်ကိုလည်း လင်ယုဖျူ ကြိုတင်တွက်ထားပြီး ဖြစ်သည်။

နောက်ယောင်ခံ လိုက်လာမည့် စင်ရော်ဂိုဏ်းချုပ်တို့ လူစုကို လှည့်စားနိုင်မည့် ပရိယာယ်လှည့်ကွက်များကိုလည်း ကြိုတင် ကြံစည်ထားပြီးဖြစ်သည်။

* * *

ရိလျှံကျင်တစ်ယောက် ဂိုဏ်းချုပ် မိန်းမပျိုရှေ့မှောက်သို့ ရောက်နေ၏။

နေရာမှာ အခန်းကျဉ်းလေး တစ်ခန်း ဖြစ်သည်။ ထိုအခန်းထဲ၀ယ် ဂိုဏ်းချုပ်မိန်းမပျိုနှင့် ရိလျှံကျင်တို့နှစ်ဦး သာရှိသည်။

ဂိုဏ်းချုပ်မိန်းမပျိုသည် မျက်နှာတွင် ပ၀ါအနက်စည်းထားပြီး ပါးလွှာပျော့ပျောင်းသော ပိုးသားဝတ်စုံကို တစ်ထပ်တည်း ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးပဝါအနက်က ဂိုဏ်းချုပ် မိန်းမပျို၏မျက်နှာကို လုံခြုံစွာ ဖုံးထားနိုင်သော်လည်း ဝတ်ထားသည့် စက်ရုပ်မှ သူမ၏ ရှိက်ဖိုကြီးငယ်အသွယ်သွယ်များကို လုံအောင် မဖုံးနိုင်။

ဝါဝင်း အိထွားသော အသားစိုင်များက အထင်းသား။

သို့သော် ရိုလျှံကျင်မှာ ဂိုဏ်းချုပ်မိန်းမပျို၏ မက်မောဖွယ်အတိဖြစ်သော ကိုယ်ခန္ဓာကို မကြည့်နိုင်။ မကြည့်ရဲ။ ခေါင်းကိုငုံ့၍ ကြောက်လန့်တုန်လှုပ်စွာ ရှိနေရှာသည်။

"ကိုင်း...လင်ယုယု ရှင့်ကို ပြောခဲ့တာတွေကို ပြန်ပြောပြစမ်းပါ"

ဂိုဏ်းချုပ်မိန်းမပျိုက ရိုလျှံကျင်တို့ စူးစိုက်ကြည့်ပြီး မေးသည်။

"ကျွန်တော့်အဖေ ပင်လယ်ပြင်က ကျွန်းတစ်ကျွန်းပေါ်မှာ အသက်ရှင်လျက်ရှိနေသေးတယ်လို့ပြောပါတယ်၊ သူတို့တစ်တွေကို လွတ်မြောက်အောင်ကူညီပေးရင် ဖေဖေရှိတဲ့ကျွန်းရဲ့တည်နေရာကို ပြောပြမယ်တဲ့"

ရိုလျှံကျင်က ခေါင်းငုံ့နေရာက မော့မကြည့်ဘဲ ကြောက်လန့်တုန်လှုပ်စွာဖြင့် ပြန်အဖြေပေးသည်။

"ရှင့်အဖေရဲ့ ရတနာတွေဝှက်ထားတဲ့နေရာအကြောင်းကိုကော မပြောပြဘူးလား"

"ဖေဖေ့ရဲ့ ရတနာသိုက်ရှိတဲ့နေရာကို သူသိထားတယ်လို့ ပြောပါသေးတယ်၊ ဒါပေမယ့် သူပြောတဲ့ စကားတွေကို ကျွန်တော်က သိပ်အယုံအကြည်မရှိပါဘူး၊ သူတို့ကို လွတ်မြောက်အောင် ကူညီပေးစေချင်လို့ တမင်သက်သက် လုပ်ကြံပြီးပြောတာဖြစ်မှာပါ"

"လင်ယုယု လုပ်ကြံပြီးပြောတယ်လို့ ရှင်က ဘာကြောင့်ဆိုနိုင်တာလဲ"

"ဖေဖေဟာ စိမ်းကုံးရဲ့ဓားချက်ထိပြီး ပင်လယ်ထဲကျသွားခဲ့တာပါ၊ ဓားချက်ကြောင့်မသေတောင် ရေနစ်ပြီးတော့ သေမှာ အမှန်ပဲ၊ ဓားဒဏ်ရာကြီး ရထားတဲ့ လူတစ်ယောက်ဟာ ပင်လယ်ပြင်မှာ ဘယ်လိုလုပ်ပြီး ကူးခတ်နိုင်မှာလဲ"

"ရှင့်အဖေဟာ ပင်လယ်မှာကျွမ်းကျင်လွန်းလို့ မြန်းဖြူလို့တောင် ခေါ်ခဲ့ရတဲ့လူပဲ"

"ဖေဖေ အသက်ရှင်နေတယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်ပါဘူး"

"ကိန်လွှေနဲ့လင်ယုယုတို့ကို သစ်ဖောင်မှာ ကြိုးတုပ်ပြီး ပင်လယ်ထဲ မျောလိုက်တုန်းကလဲ သူတို့ကို အသက်ရှင်စရာအကြောင်းမရှိတော့ဘူးလို့ ထင်ခဲ့ကြတာပဲ၊ ဒါပေမယ့် သူတို့နှစ်ယောက် အသက်ရှင်နေသေးတာ ရှင့်အမြင်ပဲ မဟုတ်လား"

"ဒါကတော့ ဖြစ်တောင့်ဖြစ်ခဲကိစ္စပါ"

"ဒီမယ် ရိုလျှံကျင်၊ ရှင်တစ်ခု မေ့နေတယ်ထင်တယ်၊ ကိန်လွှေနဲ့လင်ယုယုတို့ကို သစ်ဖောင်မှာ ကြိုးနဲ့အသေချည်ထားတာရှင့်၊ သူတို့ဘာသာဆိုရင် အဲဒီ ဘုပ်နှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြိုးမှာကို ဖြေကိုမဖြေနိုင်ဘူး၊ သူတို့ကို ကြိုးဖြေပေးပြီး ကယ်တင်တဲ့လူတစ်ယောက်ရှိရမယ်''

''ပင်လယ်ထဲမှာ ငါးဖမ်းလှေဖြစ်ဖြစ်၊ ကုန်တင်သင်္ဘော တစ်စင်းစင်းကဖြစ်ဖြစ် တွေ့သွားပြီး ကယ်တင်ခဲ့တာ ဖြစ်မှာပေါ့''

''ကျွန်မကတော့ ဒီလိုမထင်ဘူး၊ သူတို့ဟာ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းကို မျောပါသွားလိမ့်မယ်၊ အဲဒီကျွန်းပေါ်မှာ အရင်ရောက်နေတဲ့လူတစ်ယောက်ယောက်ရှိနေပြီး အဲဒီလူက ကိန်လေ့တို့ကို ကယ်တင်လိုက်တာ ဖြစ်ရမယ်၊ ကိန်လေ့တို့ကို ကယ်တင်လိုက်တဲ့လူဟာ ရှင့်အဖေဖြစ်ဖို့များတယ်''

''ကိန်လေ့နဲ့လင်ယုယုတို့ တစ်နေရာစီ၊ အချိန်တစ်ချိန်စီ ခွဲပြီး ပင်လယ်ထဲ မျောလိုက်တာပါ၊ သူတို့နှစ်ယောက်ဟာ ကျွန်းတစ်ကျွန်းတည်းကို သွားမတင်နိုင်ပါဘူး၊ ဒီကိစ္စဟာ လင်ယုယုက လွတ်လမ်းထွင်ချင်လို့ တမင်သက်သက်လုပ်ကြံဖြေတာဖြစ်ရမယ်လို့ ကျွန်တော်ထင်တာပဲ''

''ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူပြောတာတွေဟာ လိမ်တာမဲ့ ဖြစ်ဦးတော့ ကျွန်မကတော့ ယုံကြည်လိုက်ချင်တယ်၊ ဒီတော့ အပိုတွေ ဘာမှ ဆက်ပြောမနေနဲ့တော့၊ လင်ယုယုတို့တစ်တွေ ငမန်းကျွန်းက ထွက်ပြေးနိုင်အောင် ရှင်က ကူညီပေးလိုက်ပေတော့၊ ဒါဟာ ကျွန်မရဲ့အမိန့်ပဲ''

''ဟုတ်...ထွတ်တဲ့''



ဂိုဏ်းချုပ်မိန်းမပျိုက ပြတ်သားစွာ အမိန့်ပေးလာသည်မို့ ရိလျှံကျင်မှာ စောဒက မတက်ရဲတော့ဘဲ နာခံလိုက်ရသည်။

''လာ ဒီနားတိုးစမ်း၊ သူတို့ကို ဘယ်လို လွတ်မြောက်အောင် လုပ်ပေးရမလဲဆိုတာကို ပြောပြမယ်၊ ပိပိရိရိရှိပါစေနော်''

ဂိုဏ်းချုပ်မိန်းမပျိုက ရိလျှံကျင်တို့ အနီးသို့ ခေါ်ပြီး လုပ်ဆောင်ရမည့် အစီအစဉ်များကို တီးတိုးပြောပြ လိုက်သည်။

* * *

မြေအောက် အကျဉ်းခန်းထဲသို့ ရိလျှံကျင် ဝင်ရောက်လာခဲ့သည်။

အကျဉ်းခံနေရသော လူငယ် သိုင်းသမားများမှာ အိပ်ပျော်နေကြသည်ကို တွေ့ရသည်။

''ရှူး....လင်ယုယု....လင်ယုယု''

ရိလျှံကျင်က လင်ယုယုရှိနေသော အကျဉ်းခန်းရှေ့သို့ သွားကာ အသံပြုလိုက်သည်။ အအိပ်ဆတ်ပြီး နားပါးသည့် သိုင်းသမားများ ဖြစ်သောကြောင့် လင်ယုယုသာမက ကျန်လူငယ်သိုင်းသမားများလည်း အိပ်ရာမှနိုးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းထူးလို့လဲ ရိုလျှံကျင်"

"ကျွန်တော် သေသေချာချာ စဉ်းစားပြီးပါပြီ၊ ခင်ဗျား တို့ ဒီနေရာက လွတ်မြောက်အောင် ကျွန်တော် ကူညီပေး တော့မယ်၊ ဒါပေမယ့် အချက်သုံးချက်တော့ သဘောတူဆို ချင်တယ်"

"ပြောလေ"

"ပထမ အချက်က ကျွန်တော်လဲ ဒီမှာ ချန်မနေဝံ့ဘူး၊ ခင်ဗျားတို့နဲ့ အတူတူ လိုက်လာခဲ့မယ်၊ ကျွန်တော့်ကို အန္တရာယ် မတွေ့ရအောင် ခင်ဗျားတို့က အကာအကွယ် ပေးရမယ်"

"ဖြစ်ပါတယ်၊ နောက်တစ်ချက်ပြော"

"ဒုတိယအချက်က ကျွန်တော့်ဖေဖေ ရှိတဲ့ ကျွန်းဆီ အရောက် ပို့ပေးရမယ်၊ ပြီးတော့ ကျွန်တော့် အဖေရဲ့ ရတနာသိုက်ထဲက ပစ္စည်းတွေကို လက်ဖျားနဲ့တောင် မထိ ကြရဘူး"

"သဘောတူတယ်"

"ဒါဆိုရင် အစောင့်ကျနေတဲ့ ဝင့်ကျွမ်းကို အရင်ဖမ်း ချုပ်လိုက်မယ်"

ရိုလျှံကျင်က ဤသို့ ပြောပြီး အသံမြှင့်ကာ ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

"ဝင့်ကျွမ်း...ဝင့်ကျွမ်း၊ မြန်မြန် လာစမ်းပါ၊ ဒီမှာ လာကြည့်စမ်း"



အော်သံဆုံးသည်နှင့် ဝင့်ကျွမ်း ဓားဆွဲကာ မြေအောက် အကျဉ်းခန်းထဲ ရောက်လာသည်။

"ဘာဖြစ်တာလဲ၊ ဘာလဲ...ဘာဖြစ်တာလဲ"

ဝင့်ကျွမ်းက မေးသည်။

"ဟောဟိုမှာ ကြည့်စမ်း"

ရိုလျှံကျင်က အကျဉ်းခန်း တစ်ခု၏ ထောင့်နားကို လက်ညှိုး ထိုးပြလိုက်သည်။ ထိုနေရာသို့ ဝင့်ကျွမ်း လှမ်း အကြည့်တွင် ရိုလျှံကျင်က ဝင့်ကျွမ်း၏လည်ကုပ်ကို လက် ဝါးစောင်းဖြင့် ဆတ်ကာ ခုတ်ချလိုက်သည်။

ဝင့်ကျွမ်းသတိလစ်ကာ ဘိုင်းခနဲ လဲကျသွားသည်။

"သူ့ကို အပြတ်ရှင်းထားခဲ့ပါ"

လင်ယုယူက ပြောလိုက်သည်။

ရိုလျှံကျင် အတော် အံ့ကျပ်တွေ့သွားသည်။ ထိုအခါ တော့ ခုလို ဝင့်ကျွမ်းကို တိုက်ခိုက်သည်မှာ ဂိုဏ်းချုပ် မိန်းမပျို၏ ညွှန်ကြားလိုက်သော အစီအစဉ်အတိုင်း လုပ် ခြင်းသာ ဖြစ်သည်။

ဂိုဏ်းချုပ် မိန်းမပျိုက ဝင့်ကျွမ်းကို အသေသတ်ရန် မပြောလိုက်ပေ။ သတိလစ်အောင် တိုက်ခိုက်ရန်သာ ခွင့်ပြု လိုက်သည်။

"ဟာ...သူသတိလစ်နေပြီပဲ၊ အပြတ်ရှင်းစရာ မလိုဘူး ထင်တယ်"

ရိုလျှံကျင်က ဆင်ခြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်ဆူးရန်ပြောင့်ဆိုတာ အတုန်ရှင်းတာ ကောင်းတယ်၊ ကဲ... ကျွန်မ ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ"

ရိုလ္ဗျံကျောင် တွေဝေကာ စဉ်းစားနေလေသည်။

အကယ်၍ ဝင့်ကျွမ်းတို့ အပြတ်မရှင်းလျှင် လင်ယုယုတို့က မိမိတို့ အယုံအကြည်ရှိမည်မဟုတ် ဟုလည်း တွေးမိသည်။ အခု လောလောဆယ်တွင် လင်ယုယုတို့၏ ယုံကြည်မှုရရှိရန်မှာ အရေးကြီးသည်။

ရိုလ္ဗျံကျောင်က ယတိပြတ်ဆုံးဖြတ်ကာ ဝင့်ကျွမ်းလက်မှ လွတ်ကျနေသော ဓားကို ကောက်ကိုင်လိုက်သည်။

ဝင့်ကျွမ်းကို အပြတ်ရှင်းပြီးနောက် သူမ၏အင်္ကျီ အိတ်ထဲမှ အကျဉ်းခန်းသော့ လေးချောင်းကို ထုတ်ယူသည်။ အကျဉ်းခန်း တံခါးများကို လိုက်ဖွင့်ပေးသည်။

အကျဉ်းခန်း လေးခန်းစလုံး ပွင့်သွားသည်။ လူငယ် သိုင်းသမား(၂၄)ဦးတို့ အကျဉ်းခန်းထဲမှ ထွက်လာနိုင်ခဲ့ကြလေပြီ။

"အပြင်က အခြေအနေ ဘယ်လိုရှိသလဲ၊ အစောင့်တွေ ကျန်သေးသလား"

ကျားဖြူရှန်အိုင်က မေးသည်။

"ဘာမှမမေးနဲ့၊ ကျွန်တော့်နောက်ကိုလိုက်ခဲ့ကြ"

ရိုလ္ဗျံကျောင်က ဤသို့ ပြောပြီးနောက် စင်္ကြံလမ်းအတိုင်း ဦးဆောင်ကာ ခေါ်လာခဲ့သည်။

ခဏအကြာ စင်္ကြံလမ်းအဆုံးသို့ ရောက်လာကြသည်။



စင်္ကြံလမ်းအဆုံးဝယ် တံခါး နှစ်ပေါက် ရှိနေသည်။ ညာဘက်ရှိတံခါးမှာ ပွင့်နေပြီး ဘယ်ဘက်ရှိ တံခါးကိုမူ မင်းတုပ်ချကာ သေသေချာချာ ပိတ်ထားသည်။

"ဟောဒီ တံခါးက ဂိုဏ်းချုပ်ကြီးရဲ့ သီးသန့် အပျော်ဆောင်ကို သွားတဲ့လမ်းပေါက်ပဲ၊ ဒီလမ်းအတိုင်း လိုက်သွားရင် ဂိုဏ်းချုပ်ကြီးနဲ့ ရင်ဆိုင်တိုးမိမှာ အမှန်ပဲ"

ရိုလ္ဗျံကျောင်က ပွင့်နေသော ညာဘက်တံခါးကို ညွှန်ပြရင်းပြောသည်။

"ရှင်ဝင်လာတာကရော ဘယ်တံခါးကလဲ"

အကင်းပါးကာ ဉာဏ်ကောင်းသလောက် စေ့စပ်သေချာလှသော လင်ယုယုက မေးလိုက်သည်။

"အဲဒီညာဘက်တံခါးကပဲ ဝင်လာခဲ့တာပါ"

"ဒါဆို ရှင်ဒီအထဲဝင်လာတာကို ဂိုဏ်းချုပ် သိတယ်ပေါ့"

"ဟုတ်ကဲ့ သိပါတယ်၊ ကျွန်တော်က လင်ယုယုနဲ့ စကားပြောချင်ပါတယ်လို့ ခွင့်တောင်းပြီး ဝင်လာခဲ့တာပဲ"

"ဟောဒီတံခါးက သွားရင်ကော ဘယ်ရောက်မလဲ"

လင်ယုယုက ပိတ်နေသော တံခါးကို ညွှန်ပြပြီးမေးမြန်းသည်။

"ခန်းကျွန်းရဲ့ မြောက်ဘက်ကမ်းခြေကို ရောက်အောင် သွားနိုင်တဲ့ လျှို့ဝှက်မြေအောက်လမ်းကို ရောက်ပါတယ်"

"ကြော်... ကျွန်မတို့က မြေအောက် လမ်းကနေ ထွက်သွားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ပါတယ်"

"အဲဒီမြေအောက် လှို့ဏှက်လမ်းထဲမှာ အစောင့်တွေ ဘာတွေကော မရှိဘူးလား"

"မရှိပါဘူး"

"ဟုတ်ရဲ့လားရှင့်—ဒီလောက် လွယ်လွယ်ကူကူနဲ့ ထွက်ပြေးနိုင်ပါ့မလား"

လင်ယုယုက မသက်မသာလို့မေးသည်။

"အဲဒီ မြေအောက်လမ်းမှာ အစောင့် မရှိပေမယ့် အစောင့်ထက် ကြောက်စရာကောင်းတဲ့ လှို့ဏှက် ထောင်ချောက်တွေ လှို့ဏှက်ခလုတ်တွေရှိတယ်၊ အကယ်လို့ ကျွန်တော်ကသာ လမ်းမပြပေးဘူး ဆိုရင် ဒီမြေအောက်လမ်းက နေ ခင်ဗျားတို့ ဘေးကင်းရန်ကင်း သွားနိုင်မှာ မဟုတ်ဘူး၊ ဟောဒီ မြေအောက်လမ်းဟာ ကျွန်တော့် အဖေ လက်ထက်က ဆောက်သွားတာဆိုတော့ လှို့ဏှက် ထောင်ချောက်တွေကိုရော လှို့ဏှက်ခလုတ်တွေရဲ့ အနေအထားကိုပါ ကျွန်တော်က ကောင်းကောင်းသိထားတယ်"

ရိုလျှံကျင်က ဤသို့ ပြောဆိုလိုက်သည်တွင် လင်ယုယုလည်း ဆက်၍ မေးခွန်းမထုတ်တော့ပေ။

ရိုလျှံကျင်က ဘယ်ဘက်တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် မီးခွက်တစ်ခုကို ကိုင်ဆောင်ကာ ရှေ့မှ ဦးဆောင်ကာဝင်သွားသည်။

လူငယ် သိုင်းသမား (၂၄)ယောက် တို့လည်း ရိုလျှံကျင်၏နောက်မှ လိုက်လာခဲ့ကြသည်။



မြေအောက် ဥမင်လမ်းမှာ အတော် ကျယ်ဝန်းသည်။ လူတစ်ယောက် ကောင်းစွာ မတ်တတ်ရပ်၍ သွားနိုင်လေသည်။

ကြမ်းပြင်မှာ ကျောက်ပြားကြီး များကို တစ်ချပ်စီ စီစီရီရီခင်းထားသည်။

ဤသို့ခင်းထားပုံမျိုးမှာ လှို့ဏှက် ထောင်ချောက်များ တပ်ဆင်ထားကြောင်း ထင်ရှားသည့် အခင်းအကျင်းမျိုး ဖြစ်ကြောင်း အတပ်ခတ်မိသည့်အတွက် လူငယ်သိုင်းသမားများမှာ ရှေ့လူ ခြေလှမ်းကိုကြည့်ကာ လိုက်နင်း နေကြရသည်။

နောက်ဆုံးတွင် မြေအောက် ဥမင်ထဲမှ ဘေးမသီ ရန်မခဘဲ ချောချောမောမောပင် ထွက်လာနိုင်ခဲ့ကြ လေ၏။ အမြင့်ဘက်သို့ ရောက်လာသောအခါ လသာနေသည်ကိုတွေ့ရသည်။ ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေပြီမို့ ညသန်းခေါင်ယံအချိန် ဖြစ်ကြောင်းလည်း သိကြရလေသည်။

"ဟိုရှေ့ကို နည်းနည်းလောက်ဆက်လျှောက်သွားရင် ငမန်းကျွန်းရဲ့ မြောက်ဘက်ကမ်းခြေကိုရောက်မယ်၊ ညနေက အဲဒီဘက်ကမ်းခြေဘက် ကျွန်တော် လျှောက်ကြည့်ထားပြီးပြီ၊ သင်္ဘောငယ်မှာတော့ အစောင့်ရှိတယ်၊ ဒီတော့ ခင်ဗျားတို့ လူသုံးယောက်လောက် လွှတ်ပြီး သင်္ဘောကို အပိုင်စီးရင်ကောင်းမယ်"

ရိုလျှံကျင်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတွင် ရှေ့ဆုံးသို့ ရောက်နေသော ကျားဖြူရှန်အိုင်၊ စိန်ကျားသစ်နှင့် ပလွေလုလင် ဝင်ထန်းတို့ အပြေးလေး ထွက်သွားကြသည်။

အတန်ကြာပြေးမိသောအခါ ကျွန်းကမ်းခြေသို့ရောက် လာသည်။ ပင်လယ်လှိုင်းပုတ်သံ များကိုလည်း ကြားနေရသည်။

လရောင်ရှိနေသည်မို့ ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နေရသည်။ ကမ်းစပ် တစ်နေရာဝယ် ဆိုက်ထားသော သင်္ဘောကြီးတစ်စင်းကို ထင်ထင်ရှားရှားတွေ့ရသည်။

သင်္ဘောပေါ်တွင် မှိန်ပျပျမီးအိမ်လေးတစ်ခု ထွန်းညှိထားသည်။

"သင်္ဘောပေါ်ကို တက်ကြမယ်၊ အစောင့်တွေကို အကြောပိတ်မယ်၊ ပြီးတော့ သင်္ဘောသားတွေကို လက်ရဖမ်းမယ်၊ ဒါမှ သင်္ဘောမောင်းမယ့်လူ ရနိုင်မှာ"

ကျားဖြူရှန်အိုင်ကအစီအစဉ်ကိုပြောပြပြီး သုံးယောက်သား သင်္ဘောပေါ် အသာတွယ်ကပ် တက်လာခဲ့ကြသည်။

သင်္ဘော၏ကုန်းပတ်ပေါ်တွင် အစောင့်သုံးယောက် ရှိနေသည်။ အစောင့်များမှာ သာမန်သိုင်းသမားများသာ ဖြစ်ရာ ကျားဖြူရှန်အိုင်တို့ လူစုက အလွယ်တကူပင် ရှင်းပစ်လိုက်နိုင်ကြသည်။

အိပ်ပျော်နေသော သင်္ဘောသားခြောက်ဦးကို လက်ရဖမ်းဆီးပြီး သင်္ဘောကြီးတစ်ခုလုံးကိုလည်း အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြသည်။



ကျားဖြူ ရှန်အိုင်တို့က လက်ပြ အချက်ပေးလိုက်သည် တွင် ကမ်းခြေ၌ ပုန်းအောင်းနေကြပြီး စောင့်ကြည့်နေကြသည့် သူများကလည်း တစ်ယောက်ပြီး တစ်ယောက် သင်္ဘောပေါ် တက်လာခဲ့ကြသည်။

အားလုံး သင်္ဘောပေါ် တက်ကြပြီးနောက် ချိတ်ချင်းပင် သင်္ဘောကို ဆိပ်ကမ်းမှခွာကာ ထွက်လာခဲ့ကြသည်။

သင်္ဘော ကမ်းခြေမှအတော်လှမ်းလှမ်းသို့ ရောက်သော အခါတွင် မြန်းကျွန်းပေါ်မှ အချက်ပေးခေါင်းလောင်း တီးသံများကြားရပြီး သောသောရုတ်ရုတ် ပြေးလွှား လှုပ်ရှားနေသော အရိပ်သဏ္ဌာန်များကို လှမ်းမြင်ကြရသည်။

"ဟား...ဟား...ဟား၊ ခုမှလုပ်မနေကြနဲ့တော့၊ မင်းတို့ အတောင်ပေါက်ပြီး ပျံနိုင်မှ ငါတို့ကိုမီအောင်ဖမ်းနိုင်တော့မှာ၊ ဟား...ဟား...ဟား"

သင်္ဘောဦးတွင် ရပ်နေသော ပလွေလုလင် ဝင်ထန်းက အားရဝမ်းသာစွာပင် လှမ်းအော်လိုက်သည်။

မှောင်မိုက်နေသော ပင်လယ်ရေပြင်ထို ဖြတ်ကာ သင်္ဘောက အရှိန်မှန်မှန်ပင် ခုတ်မောင်းနေသည်။

မြန်းကျွန်းက အနောက်ဘက်တွင် တစ်စတစ်စ ဝေးကွာ၍ ကျန်နေခဲ့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မေန်းကျွန်းမှာ တစ်စတစ်စ နီးကပ်လာသည်။

သူတို့သုံးယောက်စီးတာ လှေကိုအသံမထွက်အောင် လှော်ခတ်နေသည်။

အမှောင်ထုက ပင်လယ်ပြင်ကို ဆိမ်သည်းစွာ လွှမ်းမိုးထားသည်။ လှေပေါ်တွင် ပါလာကြသူသုံးဦးစလုံး ဝတ်စုံနက်များဝတ်ဆာ မျက်နှာကို အိုးမဲများ သုတ်လိမ်းထားကြသောကြောင့် အမှောင်ထဲဝယ် ပျောက်၍နေသည်။

လှေပေါ်ဝယ် ပါလာသူတို့မှာ ကိန်လေွှ၊ ကျားနက်ရှန်ကျင့်နှင့် သန်းကြွယ်လုလင် ရောင်မင်းတို့ ဖြစ်ကြသည်။

"ကျွန်းပေါ်ကိုရောက်ရင် မြေအောက် အကျဉ်းခန်းထဲက ရောင်းရင်းတွေကို အရင်ကယ်မယ်၊ ပြီးမှ သူတို့နဲ့



အတူပူးပေါင်းပြီး စင်ရေစ်ဂိုဏ်းသားတွေကို တိုက်ခိုက်ကြမယ်"

သန်းကြွယ်လုလင် ရောင်မင်းက တီးတိုးပြောသည်။

"အေးပါဗျာ၊ ကျွန်တော်တို့ နားလည်ပါတယ်၊ ခင်ဗျားကလဲ ဒီအကြောင်းကိုချည်း ထပ်ခါတလဲလဲ ပြောနေတာပဲ"

ကျားနက်က ပြန်ပြောသည်။ ကိန်လေွှကမူ ဘာမျှ ပြန်မပြော။ ပြုံးရုံသာ ပြုံးနေသည်။

"ခင်ဗျားတို့ ကျွန်းပေါ်ရောက်ရင် သွေးဆူပြီး ထင်ရာလျှောက်လုပ်နေကြမှာစိုးလို့ သတိပေးနေရတာပါ"

မကြာမီမှာပင် ကျွန်းကမ်းခြေ တစ်နေရာဝယ် လှေဆိုက်ကပ်မိသည်။ သုံးယောက်သား လှေကို လုံခြုံစွာဝှက်ထားခဲ့ပြီး ကျွန်းပေါ် တက်လာခဲ့ကြသည်။

အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ စင်ရေစ်ဂိုဏ်း၏ ဌာနချုပ်စခန်း ပရဝဏ်အနီးသို့ အရောက် ချဉ်းကပ်လာနိုင်ခဲ့ကြ၏။

အလွန် လွယ်ကူလွန်းသောကြောင့် သူတို့၏စိတ်ထဲဝယ် သံသယပင် ဝင်လာမိသည်။

"ဘယ်လိုလဲ၊ အစောင့်အကြပ်တွေလဲ မတွေ့ရသေးပါလား၊ အခြေအနေ အတော်ထူးတယ်၊ မသင်္ကာစရာပဲ"

ကိန်လေွှက တီးတိုးလေသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်တို့ ရောက်လာမယ် ဆိုတာကြိုသိနေလို့ ထောင်ချောက်ဆင် အမိဖမ်းဖို့ စီစဉ်ထားကြတာလား မပြောတတ်ဘူး"

ရောင်ပင်းက ပြန်ပြောသည်။

"ဒီနေရာအထိ ရောက်လာပြီးမှတော့ မထူးပါဘူး၊ လုပ်စရာရှိတာတွေ ဆက်လုပ်ကြဖို့ပဲရှိတယ်"

ကျားနက်က ပြောသည်။

"ဒါဖြင့် ရှေ့ဆက်သွားကြစို့ပေါ့၊ သတိတော့ လက်မလွှတ်စေနဲ့နော်"

သုံးယောက်သား စင်ရော်ဂိုဏ်း၏ ဌာနချုပ်စခန်း ပရဝဏ်ထဲသို့ ဝင်လာခဲ့ကြသည်။

ထို့နောက် ကျိုးဆင့်ဝက်ပါရှိရာသို့ လျင်မြန်သွက်လက်စွာ ဆက်ဆက်ချဉ်းကပ်လာကြသည်။

ကျိုးဆင့်ဝက်ပါအဝင်ဝနားသို့ရောက်သောအခါတွင်မူ ရန်သူ၏ ကင်းပုန်းနှင့် ရင်ဆိုင်တိုးကြရသည်။

ရုတ်တရက် မှောင်ရိပ်ထဲမှ အဘိုးအို(၃)ယောက် ခုန်လွှားထွက်လာကြသည်။

တစ်ဦးမှာ လူပုကြီး ကျီးခွမ်း ဖြစ်ကြောင်း ကိန်လွေသိလိုက်၏။ ကျန် နှစ်ယောက်ကိုတော့ ကိန်လွေ တစ်ခါမျှ မတွေ့ဖူးသေး။

အဘိုးအိုတစ်ဦးမှာ မြွေအကြေးခွံသဏ္ဌာန် အကွက်များပါသော ကိုယ်ကျပ်ဝတ်စုံကို အသားနှင့် ကပ်နေအောင် ဝတ်ထားသည်။



လက်ထဲတွင် ခက်ရင်းခွသို့အချွန်နှစ်ခွပါသောလက်နက်တစ်မျိုး ကိုင်ဆောင်ထားသည်။ အဘိုးအိုမှာ မြွေဟောက်ခိုးကျုန်းဆိုသူပင်ဖြစ်မည်ဟု ကိန်လွေသိလိုက်သည်။

ကျန် အဘိုးအိုမှာကား မိကျောင်းရေဖြင့် ပြုလုပ်ထားသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားပြီး အလုံးတုတ်တုတ် ကျာပွတ်ကြီး တစ်ချောင်း ကိုင်ထားသည်။ ရုပ်သွင်မှာလည်း ခက်ထန်ကာ ကြောက်မက်ဖွယ် ကောင်းလှသည်။ အဆိပ်မီးကျောင်း စိမ်းကျုံးဆိုသူပင် ဖြစ်ပေမည်။

"ဟိတ်...ရုပ်လိုက်၊ မင်းတို့ ဘယ်သူတွေလဲ"

ကျာပွတ်ကိုင်ဆောင်ထားသည့် အဘိုးကြီးက ခက်ထန်သော လေသံဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ ဆိုတာ အရင်ပြောစမ်းပါဦး"

သန်းကြွယ်လုလင် ရောင်ပင်းက ခပ်တည်တည်ဖြင့် ပြန်မေးသည်။

"ငါတို့ ဘယ်သူလဲဆိုတာကိုတော့ မသိကြဘူးလား။ အေး...သေသေချာချာမှတ်ထား။ ငါက အဆိပ်မီးကျောင်း စိမ်းကျုံး၊ ဟိုဟာက လူပုကြီးကျီးခွမ်း၊ ဟိုဘက်တစ်ကောင်က မြွေဟောက် ခိုးကျုန်း"

ကျာပွတ်ကိုင်ထားသည့် လူကြီးက ပြန်ပြောသည်။

"ဩော် ဩော်၊ တကယ့် လူကြီးတွေနဲ့မှ ဆုံတွေ့နေတာကိုး၊ ကျွန်တော်က သန်းကြွယ်လုလင် ရောင်ပင်းပါ။

www.burmeseclassic.com



ဟိုဟာက ကျွန်တော့် ရောင်းရင်း ချစ်လှလင် ကိန်လွေနဲ့ ကျားနက်ရှန်ကျင့်တို့ ဖြစ်ပါတယ်”

“ကောင်းပြီ၊ မင်းတို့ ညကြီးအချိန်မတော် ဒီနေရာကို ဘာကြောင့် လာကြတာလဲ”

“ကျွန်တော်တို့ နှစ်ယောက်ကို ဂိုဏ်းချုပ်ကြီး ပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီးလို့ ဂိုဏ်းချုပ်ကြီးကို သတင်းပို့ဖို့ လာကြတာပါ”။

ကိန်လွေက ဤသို့ပြောပြီး လက်ထဲဝယ် အသင့်ကိုင်လာသော ခြင်းတောင်း တစ်ခုကို မြှောက်ပြလိုက်သည်။ ကျားနက်ရှန်ကျင့်ကလည်း မိမိလက်ထဲရှိ ခြင်းတောင်းကို မြှောက်ပြသည်။

“ကောင်းတယ်....ကောင်းတယ်၊ ဒီလို တာဝန်ကျေပွန်မှပေါ့၊ ကဲ...မင်းတို့ဖြတ်ယူလာတဲ့ ခေါင်းပြတ်တွေ ငါတို့ လက်အပ်ထားခဲ့၊ မင်းတို့အတွက် နောက်ထပ် တာဝန်အသစ်တွေ ဂိုဏ်းချုပ်က သတ်မှတ်ပေးထားတယ်”

အဆိပ်မိကျောင်း စိမ်းကုံးက ကိန်လွေနှင့် ရှန်ကျင့်တို့ ထပ်မံသုတ်သင်ရမည့် လူနှစ်ယောက်၏ အမည်နှင့်နေရပ်များကို ပြောပြသည်။

ကိန်လွေနှင့်ရှန်ကျင့်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့လက်ထဲဝယ် ကိုင်လာကြသော ခြင်းတောင်းများမှာ ဟန်ပြသက်သက် ကိုင်ထားကြခြင်းဖြစ်သည်။ အထဲဝယ် မည်သည့် ခေါင်းပြတ်မျှ မပါရှိပေ။ ဤခြင်းတောင်းများ



ကို အဆိပ်မိကျောင်း စိမ်းကုံးတို့လက်သို့ အပ်ရလျှင် သူတို့ အမိမ်ပေါ်သွားပေတော့မည်။

“ကျွန်တော်တို့က ဟောဒီ ခေါင်းပြတ်တွေကို ဂိုဏ်းချုပ်လက်ထဲကို ကိုယ်တိုင်အပ်ပြီး ကျွန်တော်တို့ တာဝန်ကျေပွန်ပြီဆိုတဲ့ အကြောင်း ပြောချင်တာဗျ”

ကိန်လွေက ပြောလိုက်၏။

“ဂိုဏ်းချုပ်ကြီး အနားယူနေတယ်ကွ၊ မင်းတို့ကို အတွေ့မခံနိုင်ဘူး”

“ဒါဖြင့် လင်ယုယုနဲ့တော့ တွေ့ချင်တယ်”

“ဟုတ်တယ်၊ ကျွန်တော်လဲ မင်းကျူးနဲ့တွေ့ချင်တယ်”

ကျားနက်ရှန်ကျင့်ကလည်း ဝင်ပြောသည်။

“အဲဒီမိန်းကလေးနှစ်ယောက်စလုံး ကောင်းကောင်း မွန်မွန် ဘေးကင်းရန်ကင်း ရှိနေကြပါတယ်ကွ၊ ဘာမှမပူကြပါနဲ့”

အဆိပ်မိကျောင်းက ပြန်ပြောသည်။

“ခင်ဗျားပြောတဲ့ စကားကို ယုံရမှာလား၊ သူတို့ကို ကိုယ်တိုင်မြင်ရမှ ယုံနိုင်မယ်”

“ငါတို့အနေနဲ့က မင်းတို့ကို မိန်းကလေးနှစ်ယောက်နဲ့ တွေ့ခွင့်ပေးနိုင်တဲ့ အာဏာမရှိဘူး၊ ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက် ရဖို့လိုတယ်”

“ဒါကြောင့် ဂိုဏ်းချုပ်ကြီးကို တွေ့ပါရစေလို့ ခွင့်တောင်းနေတာပေါ့ဗျ”

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးက မင်းတို့ကို တာဝန်အသစ်တွေ သတ်မှတ်ပေးပြီးပြီလို့ ပြောနေတာ မကြားဘူးလား၊ အဲဒီ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီးမှ မင်းတို့ ဂိုဏ်းချုပ်ကြီးက အတွေ့ခံလိမ့်မယ်"

ကိန်လေ့က အခြေအနေကို သုံးသပ်စဉ်းစားကြည့်၏။ အခေတ်လေး ထူးခြားနေကြောင်း သိသည်။ ဘာတွေ ထူးနေမှန်းကိုမူ ထိထိကျကျ စဉ်းစား၍မရ။

ကိန်လေ့က ရှန်ကျင့်နှင့် ရောင်ပင်းတို့ကို အသာ မျက်ရိပ်ပြလိုက်သည်။ ထို့နောက် အဆိပ်မိကျောင်းရှိ လှမ်းပြောသည်။

"ဒီလိုဆိုရင်လဲ ကျွန်တော်တို့ ပြန်ကြရုံရှိတာပေါ့ဗျာ၊ ဟောဒီခေါင်းပြတ်ခေါင်းတွေကိုသာ ဂိုဏ်းချုပ်ကြီးလက် အပ်လိုက်ပါ"

ကိန်လေ့က ဤသို့ပြောကာ လက်ထဲရှိ ခြင်းတောင်းကို အဆိပ်မိကျောင်းထံသို့ လှမ်းပစ်ပေးလိုက်သည်။ ရှန်ကျင့်ကလည်း မိမိလက်ထဲရှိ ခြင်းတောင်းကို မြွေဟောက် ခိုးကျန်းထံ ပစ်ပေးလိုက်သည်။

အတိုးကြီးနှစ်ယောက်က ခြင်းတောင်းများကို ဆီးဖမ်းကြဆဲမှာပင် ကိန်လေ့နှင့်ရှန်ကျင့်တို့က ဓားရှည်များကို ဆွဲထုတ်ကာ အတင်းဝင်တိုက်သည်။

ရောင်ပင်းကလည်း သံယပ်တောင်ကို ဖြန့်ကာ လူပုကြီး ကျီးခွမ်းကို ဝင်တိုက်သည်။

တိုက်ပွဲမှာ သိပ်မကြာ။



တစ်ခဏအတွင်းမှာပင် အတိုးကြီးသုံးယောက် အတုံးအရုံး လဲကျကုန်သည်။

ကိန်လေ့တို့မှာ အလွန် အံ့သြသွားကြရသည်။

အဆိပ်မိကျောင်း စိမ်းကူး၊ မြွေဟောက်ခိုးကျန်းနှင့် လူပုကြီး ကျီးခွမ်းတို့မှာ နှယ်နှယ်ရရလူတွေမဟုတ်။

တောင်ပင်ထယ် ဓားမြဂိုဏ်းတွင် လက်ထောက်မိုလ်များဖြစ်ကာ သိုင်းပညာအစွမ်း အစွန်ထက်မြက်ကြသည်။

ယခုသိုင်းကွက် သုံးကွက်ပြည့်အောင်ပင် မတိုက်ရသေးဘဲ အရေးနိမ့်ရှုံးသွားကြသည့်အဖြစ်မျိုးမှာ အတွေးရခက်စရာပင်။

"ဘယ်လိုလဲ၊ ဒီလူတွေကို အနိုင်ရတာ လွယ်လှချည်လား"

ကိန်လေ့က အံ့သြစွာ ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒီလူတွေရဲ့ သိုင်းပညာက သိမ်းကောင်းတာ၊ တကယ်ဆို အကြိတ်အနယ်တိုက်ကြရဖို့ကိုရတယ်"

ရောင်ပင်းကလည်း စဉ်းစဉ်းစားစားဖြင့် ပြော၏။

"သိပ်စဉ်းစားမနေနဲ့၊ အလောင်းတွေကို စစ်ဆေးကြည့်ရအောင်"

ရှန်ကျင့်က ပြောလိုက်လည်း။

အဆိပ်မိကျောင်းတို့၏ အလောင်းများကို စစ်ဆေးကြည့်တော့မှပင် အဖြေမှန်ပေါ်လာသည်။

ထိုလူသုံးယောက်မှာ အဆိပ်မိကျောင်း စိမ်းကူး၊ လူပုကြီး ကျီးခွမ်းနှင့် မြွေဟောက်ခိုးကျန်း အစစ်များ

www.burmeseclassic.com

www.burmeseclassic.com



မတွတ်။ ရုပ်ဖျက်ထား အယောင်ဆောင်ထား[illegible]မျာ းသာ ဖြစ်သည်။

"ဒါဘာ ဘာသဘောလဲ၊ ဘာကြောင့် ဒီလိုရုပ်ဖျက် အယောင်ဆောင်ထားရတာလဲ"

ရှန်ကျင့်က နားမလည်ဟန်ဖြင့် ပြောသည်။

"အဲဒါကိုတော့ ကျွန်တော်လဲ မစဉ်းစားတတ်ဘူး"

ရောင်ပင်းက ပြန်ပြောသည်။

"သူတို့ကိစ္စအတွက် အချိန်ကုန်ခံပြီး စဉ်းစားမနေပါနဲ့တော့၊ အကျဉ်းခံနေရတဲ့လူတွေကို အမြန်ကယ်ဖို့ အရေးကြီးတယ်"

ကိုန်လွေက လှုံ့ဆော်လိုက်သည်။

ထို့နောက် သုံးယောက်သား ကိုးဆင့်ဂေါ်ပါထဲသို့ မြေးဝင်လာကြသည်။ ပင်မ အဆောက်အအုံအနားသို့ အရောက်တွင် ကင်းလှည့်လာသော စင်ရော်ဂိုဏ်းသား ဆယ်ဦးနှင့် တွေ့ကြရပြန်သည်။

ကိုန်လွေတို့က တုံ့ဆိုင်းမနေဘဲ အတင်းဝင်တိုက်ကြ၏။ ထိုလူများမှာ သာမန်ဂိုဏ်းဝင် သိုင်းသမားလေးများသာ ဖြစ်ရာ ကိုန်လွေတို့ကို မယှဉ်နိုင်။

ခုနစ်ယောက်ကျဆုံးပြီး သုံးယောက် အရှင်ဖမ်းခံရ၏။

"ဒီလူတွေကို စစ်ကြည့်ရင် ဒီကျွန်းပေါ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိရမယ်၊ ခင်ဗျားတို့က ဟိုနှစ်ယောက်ကို တခြားတစ်နေရာစီခေါ်သွားပြီး စစ်ကြည့်ကြ၊ ကျွန်တော်က ဒီလူကိုစစ်မယ်"



ရောင်ပင်းက ပြောသည်။ ကိုန်လွေနှင့် ရှန်ကျင့်တို့လည်း [illegible]ရဖမ်းမိထားသော စင်ရော်ဂိုဏ်းသား တစ်ယောက်စီကိုခေါ်ကာ တစ်ယောက်တစ်နေရာစီ လှူခွဲထွက်လာခဲ့သည်။

"ကဲ...ခင်ဗျားတို့ ရှင်းရှင်းပဲ ပြောမယ်၊ ခင်ဗျား ကောင်းကောင်းမွန်မွန်နဲ့ အသက်ရှင်နေချင်သလား၊ မရှူမလှခံရပြီး သေချင်သလား ကြိုက်ရာရွေး"

ကိုန်လွေတို့ ထွက်သွားသည်တွင် ရောင်ပင်းက ကျန်နေသေးသော စင်ရော်ဂိုဏ်းသားကို လေသံမာမာဖြင့် ပြောလိုက်သည်။

"ရှင်...ရှင်ချင်ပါတယ်ဗျာ၊ ချမ်းသာပေးပါ"

"ကောင်းပြီ၊ ဒါဆိုရင် မေးတာကို မှန်မှန်ဖြေ"

"ဖြေပါမယ်ဗျာ...ဖြေပါမယ်"

"လင်ယုယုနဲ့ ဟိုဖမ်းထားတဲ့လူတွေ သေကုန်ကြပြီလား"

"မသေသေးပါဘူး"

"ဒါဖြင့် သူတို့ရှိတဲ့ မြေအောက် အကျဉ်းခန်းထဲကို ဘယ်လမ်းကနေသွားရင် အနီးဆုံးလဲ"

"သူတို့ မြေအောက်အကျဉ်းခန်းထဲမှာ မရှိကြတော့ပါဘူး"

"ဒါဖြင့် ဘယ်ရောက်သွားကြလဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ တခြားတစ်နေရာရာမှာ ပြောင်းပို့ထားတာလား"

"မထူးတော်ဘူး"

"ဒါဖြင့် ဘယ်ရောက်ကုန်ကြပြီလဲ၊ မှန်မှန်ပြောစမ်း"

"ဟို...ဟို...ကျွန်တော် ရှင်းအောင် ပြောပါ့မယ်၊ သေသေချာချာ နားထောင်ပါ"

"အေး...ပြော၊ ညာမယ်မကြံနဲ့"

"သူတို့အားလုံး ဒီကျွန်းက ထွက်သွားကြပါပြီ"

"သူတို့ ထွက်ပြေးသွားတာလား"

"ဒီလိုတော့မဟုတ်ဘူး၊ သူတို့ကို ထွက်ပြေးသွားနိုင်အောင် ဂိုဏ်းချုပ်ကြီးက တမင် အကွက်ဆင် ဖန်တီးပေးလိုက်တယ်၊ ပြီးတော့ သူတို့စီးသွားတဲ့ သင်္ဘောနောက်ကို ဂိုဏ်းချုပ်ကြီးရယ်၊ ရွှေဆံထိုးဆယ့်တစ်ဖော်ရယ်၊ အဆိပ်မီးကျောင်းတို့လူစုရယ် လိုက်သွားကြတယ်"

"ဒါဖြင့် ဒီမြန်းကျွန်းပေါ်မှာ အရေးပါတဲ့ စင်ရော်ဂိုဏ်း ခေါင်းဆောင်တွေ တစ်ယောက်မှ မရှိတော့ဘူးပေါ့"

"ရွှေခါးစိန်ကြိုးနဲ့ သို့ရောင်းရင်း သုံးယောက်တော့ ကျန်ခဲ့ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ်ငါးရက်လောက်ကဒီသူတို့လေးယောက်ရယ်၊ အခြားအဆင့်မြင့်သိုင်းသမားဆယ့်ခြောက်ယောက်ရယ် အရေးပေါ် ကိစ္စတစ်ခုအတွက် ထွက်သွားကြတာ အခုထက်ထိ ပြန်မလာကြသေးပါဘူး"



ဤစကားများအရ ရွှေခါးစိန်ကြိုးတို့လူစု၏ ကံကြမ္မာကို စင်ရော်ဂိုဏ်းသားများ မသိကြသေးကြောင်း ရောင်ပင်း နားလည်လိုက်သည်။

မကြာမီမှာပင် ကိန်လေ့နှင့်ရှန်ကျင့်တို့ပါ မြန်ရောက်လာကြသည်။

သုံးယောက်သား စစ်မေးသိရှိရသည့် အကြောင်းခြင်းရာများကို တိုက်ဆိုင် ကြည့်လိုက်သောအခါ ထွက်ဆိုချက်သုံးခုစလုံး အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

"ဒီအတိုင်းဆိုရင်တော့ တို့ရောင်းရင်း နှစ်ဆယ့်လေးယောက်အတွက် စိုးရိမ်စရာပဲ"

ကိန်လေ့က ပြောသည်။

"ဟုတ်တယ်၊ စင်ရော်ဂိုဏ်းချုပ်က ဘာကြောင့် သူတို့ကို လွတ်လမ်းဖွင့်ပေးပြီး နောက်ယောက်ခံ လိုက်သွားရတာလဲ မပြောတတ်ဘူး"

ရှန်ကျင့်က ပြောသည်။

"အင်း...လင်ယုယုက မိစ္ဆာကျွန်းအကြောင်းထုတ်ပြောပြလိုက်ပြီ ထင်တယ်"

ကိန်လေ့က စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"မိစ္ဆာကျွန်း ဟုတ်လား၊ အဲဒါက ဘာလဲ"

ရောင်ပင်းက မေးသည်။

"ပင်လယ်ထဲက ကျွန်းကလေးတစ်ခုပါ၊ ငမန်းကြီးရှိတာဟိုင်ဟာ သေဆုံးမသွားသေးဘူး၊ အဲဒီမိစ္ဆာကျွန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်၊ ပြီးတော့ သူ့ရဲ့လျှို့ဝှက်ရတနာသိုက်ကလဲ မိစ္ဆာကျွန်းပေါ်မှာ ရှိနေတယ်''

''ခြော် — ဟုတ်ပြီ … ဟုတ်ပြီ၊ စင်ရေဗ် ဂိုဏ်းချုပ်က ရတနာသိုက်ရှိတဲ့နေရာကို သိချင်လို့ လင်ယုယုကိုလွှတ်ပေးပြီး နောက်ယောင်ခံ လိုက်သွားတာကိုး၊ ဒီလိုဆိုရင် မိစ္ဆာကျွန်းကို ရောက်လာတာနဲ့ သူတို့က လင်ယုယုတို့ကို အလစ်ဖမ်း တိုက်ခိုက်ကြတော့မှာပဲ''

ရောင်ပင်းက ခေါင်းတညိတ်ညိတ်ဖြင့် ပြောသည်။

''ဒါဆို ဘယ်လိုလုပ်ကြရင် ကောင်းမလဲ''

ရှန်ကျင့်က မေးသည်။

''ကျွန်တော်တို့ မိစ္ဆာကျွန်းကို အမြန်ဆုံး လိုက်သွားရမှာပေါ့၊ မသွားခင် ဟောစဒီမြန်းကျွန်းပေါ်က စင်ရေဗ် ဂိုဏ်းချုပ်ရဲ့ ခြေကုပ်စခန်းကို မီးရှို့ဖျက်ဆီးပစ်ခဲ့မယ်''

''ကောင်းတယ်၊ ကောင်းတယ်''

''ဒါဆို ဂိုဏ်းချုပ်ဟိုကောင်မလဲ ခြေကုပ်စခန်းမရှိဘဲ ဖြစ်သွားမယ်''

ကိန်လွေ၏ အကြံပေးချက်ကို ရောင်ပင်းနှင့် ရှန်ကျင့်တို့က လိုက်လိုက်လှဲလှဲ ထောက်ခံလိုက်ကြသည်။

* * *



သဘော်ာက အရှိန်မှန်မှန်နှင့် ပင်လယ်ပြင်ကို ဖြတ်ကာ သွားနေသည်။

သွားရမည့်လမ်းကြောင်းကို လင်ယုယုကညွှန်ပြပြောဆိုပေးသည်။ မြန်းနက်လေး ရိုလျှံကျင်က သဘော်ာကိုမဲ့ကိုင်ကာ မောင်းနှင်သည်။

သူတို့ မြန်းကျွန်းမှ ထွက်လာကြသည်မှာ သုံးရက်ရှိနေပြီ ဖြစ်သည်။

သဘော်ာဝမ်းထဲ၌ အခန်းမှာ သိပ်မကျယ်သောကြောင့် မိန်းမပျိုဆယ့်နှစ်ဦးသာ ထိုအခန်းထဲ၌ အိပ်စက်ကြသည်။ ကျန်အမျိုးသားများမှာ ကုန်းပတ်ပေါ်တွင်သာ ဖြစ်သလို အိပ်စက်ကြသည်။

နေ့လယ်ပိုင်း အချိန်များတွင်မူ လူငယ်သိုင်းဆရာများ အားလုံးပင် ကုန်းပတ်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်ကာ ထွေရာလေးပါး စကားစမြည်ပြောဆိုကြလေ့ ရှိသည်။

ယနေ့လည်း ကုန်းပတ်ပေါ်၌ ဝိုင်းဖွဲ့ထိုင်ကာ စကားပြောနေကြရာမှ လင်ယုယုက ပဲ့စင်ရှိရာဘက်သို့ လျှောက်လာခဲ့သည်။

ပဲ့စင်တွင် မြန်းနက်လေးရိုလျှံကျင် ရှိနေသည်။

''ကျွန်တော့်ဖေဖေ ရှိနေတဲ့ ကျွန်းကိုရောက်တော့မလား''

ရိုလျှံကျင်က ဆီး၍မေးသည်။

''ဟောဒီရေကြောင်းအတိုင်း သွားလိုက်ရင် နောက်တစ်နေ့ နေ့ဘယ်လောက်ဆိုရင် ရောက်သွားမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အဲဒီကျွန်းပေါ်မှာ ရှိမှရှိပါဦးမလား မသိဘူး"

"ရှိမှာပါ၊ သူဆောက်ထားတဲ့လှေကို ကျွန်မတို့က ဖျက်ခဲ့တာဆိုတော့ သူ့အနေနဲ့ အဲဒီကျွန်းကထွက်သွားချင်တယ်ဆိုရင် နောက်ထပ် လှေတစ်စီးကို တစ်နှစ် လောက် ကြာအောင် ဆောက်ရဦးမှာပါ"

"အခုလို ကျွန်တော့် အဖေကို ပြန်တွေ့နိုင် အောင် ဖန်တီးပေးတဲ့အတွက် ခင်ဗျားကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ"

"ရှင်.... ဒီစကားကိုပြောတာ ဒါနဲ့ပါဆိုရင် အကြိမ်တစ်ရာလောက်တောင် ရှိတော့မယ်နော်"

"ကျွန်မ်ဘော် ရင်ထဲမှာ အကယ်ပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိလို့ ဒီစကားကို ထပ်ခါတလဲလဲ ပြောနေတာပဗျ"

"ကျေးဇူး တကယ်တင်တယ်ဆိုရင် ပါးစပ်ကပြောမနေပါနဲ့၊ အဖြစ်မှန်ကို ထုတ်ပြောလိုက်ပါလား"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ကျွန်မက ဒီနဲ့လောက် မအ,ပါဘူးရှင်၊ ကျွန်မတို့ကို လွတ်မြောက်အောင် စာယ်တင်ခဲ့တဲ့ကိစ္စမှာ ငင်ရော်ဂိုဏ်းချုပ်ရဲ့ သဘောတူညီချက်မရတဲ့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်မ ရိပ်မိပါတယ်"

"ဟာ... ဒီလိုမဟုတ်ပါဘူးဗျာ"



ရီလျှံကျင်က ပြောသည်။ ငြင်းချက် ထုတ်လိုက်သော်လည်း မျက်နှာအမူအရာမှာ အတော်ဝင်မျက်နေသည်။

"ငြင်းမယ် မကြံပါနဲ့လေ၊ ဒါပေမယ့် ရှင်သိရအောင်တော့ ပြောထားမယ်၊ ကျွန်မတို့ အဲဒီကျွန်းကိုရောက်သွားကြရင် ရှင်တို့က ဘယ်လိုမရိုယာယ် ဆင်ထားတာဖြစ်ဖြစ် ရှင့်အဖေကို ကျွန်မတို့ကအားသာသတ်ချင်ရင် သတ်လို့ရသေးတယ်ဆိုတာကိုတော့ ရှင်မမေ့ပါနဲ့"

ဤသို့ပြောပြီးနောက် လင်ယုယုက လှည့်ထွက်သွားရန်ပြင်သည်။

"လင်ယုယု... ခဏနေပါဦး"

ရီလျှံကျင်က ဟန့်တားလိုက်သည့်အတွက် လင်ယုယုလည်း ထွက်မသွားသေးဘဲ ပြန်ရပ်နေလိုက်သည်။

"ဘာပြောစရာ ရှိသေးလို့လဲ"

ရီလျှံကျင်က ခေတ္တ ငေးငိုင်နေသည်။ ထို့နောက် သက်ပြင်းလေးလေး တစ်ချက်ချကာ ပြောသည်။

"အင်း...ကျွန်တော် အမှန်အတိုင်းပြောပါတော့မယ်"

"ခဏနေဦး၊ ဒီကိစ္စ အရေးကြီးတယ်၊ ကျွန်မ တစ်ယောက်တည်း နားထောင်တာထက် ရောင်းရင်းတွေကိုပါခေါ်နားထောင်ခိုင်းမှ ဖြစ်မယ်၊ ဒါမှ သူတို့လဲအခြေအနေတွေကို နားလည် သဘောပေါက်လာမယ်"

လင်ယုယုက ထိုသို့ပြောပြီးနောက် ကုန်းပတ်ပေါ်ဝယ် ဝိုင်းဖွဲ့ထိုင်ကာ စကားပြောနေကြသောလူငယ်သိုင်းသမားများကို လက်ယပ်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲ စင်အနီးဝယ် အားလုံး စုဝေးရောက်ရှိလာကြသော အခါတွင်မှ လင်ယုယုက ရိုလျှံကျင်ကို ပြောခိုင်း လိုက်သည်။

"ထိုင်း...ရှင်ပြောမယ် ဆိုတာကို ပြောပေတော့"

"ခင်ဗျားတို့ကို လွတ်မြောက်အောင် ကူညီပေးခဲ့တာက စင်ရော်ဂိုဏ်းချုပ်ရဲ့ အစီအမံပါပဲ၊ သူကရတနာတွေ ရှိတဲ့နေရာကို သိပ်သိချင်နေတယ်၊ လက်ရွေးစင်သိုင်းသမားတွေကို စုခေါ်လာပြီး ကျွန်တော်တို့နောက်ကနေ နောက်ယောင်ခံလိုက်လာဖို့လဲ စီစဉ်ထားတယ်"

"အခု ကျွန်တော်တို့သင်္ဘောထွက်လာတာသုံးရက်ရှိပြီ၊ နောက်ယောင်ခံ လိုက်လာကြတဲ့ သင်္ဘော တစ်စင်းမှ မရှိသေးဘူး၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

ပလွေလှလှလင်ဝင်ထန်းက ဝင်မေးသည်။

"ကျွန်တော်လဲ အဲဒါကိုပဲ အတွေးရ ခက်နေတာပဲ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ရတနာတွေ ရှိတဲ့နေရာကို သိချင်ရင် ကျွန်တော်တို့ နောက်ကနေပြီး ခြေရာခံ လိုက်ကို လိုက်လာရမယ်၊ ဒီလိုမှ လိုက်မလာရင် သူဘယ်လိုလုပ် သိနိုင်မှာလဲ..."

"ရှင့်အနေနဲ့ ရှင့်အဖေရဲ့ ရတနာသိုက်ကို စင်ရော်ဂိုဏ်းချုပ်လက်ထဲကို အပ်လိုက်ချင်သလား"

လင်ယုယုက မေးသည်။

"ကျွန်တော်ဟာ စင်ရော်ဂိုဏ်းထဲကို ဖါချင်လို့ဝင်မါနေရတာ မဟုတ်ပါဘူး၊ စင်ရော်ဂိုဏ်းချုပ်က ကျွန်တော့်



ကို နှိမ်းဆီးပြီး အတင်း ခြိမ်းခြောက် သိမ်းသွင်း ထားလို့ ဂိုဏ်းဝင်ဖြစ်နေရတာပါ၊ ဖေဖေရဲ့ရတနာသိုက်ကို သူများလက်ထဲ ဘယ်အပ်ချင်မှာလဲ၊ ဒါပေမယ့် ကျွန်တော့်မှာ သူ့ကို ဆန့်ကျင်နိုင်တဲ့ စွမ်းအား မရှိပါဘူး၊ သူခိုင်းတာကို လုပ်ရမှာပဲ"

ရိုလျှံကျင်က စိတ်ပျက်သော အမူအရာနှင့် ပြောသည်။

"ဟာ...ဒီလိုလဲ ဘယ်ဟုတ်မှာလဲ၊ ခင်ဗျား အနေနဲ့ ဒီဒုစရိုက်ကောင်မကို ဘာမှကြောက်စရာမလိုဘူး၊ မတရားမှုတွေကို ဆန့်ကျင်တိုက်ဖျက်နေတဲ့ ကျွန်တော်တို့လို လူတွေ ရှိနေတာပဲ၊ ခင်ဗျား စိတ်ပါဝင်စားမယ် ဆိုရင် ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး စင်ရော်ဂိုဏ်းကို ဖြိုခွဲ ပစ်ပါလား"

ကျားဖြူရှန်အိုင်က ပြောသည်။

"ဟုတ်ကဲ့...ခင်ဗျားတို့အနေနဲ့ လက်ခံမယ်ဆိုရင်တော့ ပူးပေါင်းချင်ပါတယ်"

"ဟာ...ဘယ့်နှယ် လက်မခံဘဲနေရမှာလဲ၊ ကျွန်တော်တို့က အများမြင်ပြီး အမှန်လမ်းကို ပြန်ရောက်လာမယ့် လူတွေကို အမြဲလက်ကမ်းကြိုဆိုနေတာပါ"

"စင်ရော်ဂိုဏ်းချုပ်က ကျွန်မတို့ သင်္ဘောနောက်ကို နောက်ယောင်ခံမလိုက်ဘဲနေတာဟာ ထူးခြားတဲ့ သူ့မှာ တောက်ကျစ်တဲ့ အကြံတစ်ခုခုကို လျှို့ဝှက်ပြီးကြံထားသော ရှိမယ်လို့ ကျွန်မထင်တယ်"

လင်ယုယုက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"စင်ရော်ဂိုဏ်းချုပ်ကို သိပ်ကြောက်စရာ မလိုပါဘူး။ စင်ရော်ဂိုဏ်းမှာ အစွမ်းထက်မြက်တဲ့ သိုင်းသမားတွေဆိုလို့ ဂိုဏ်းချုပ်ရယ်၊ ရွှေဆံထိုးဆယ့်တစ်ဖော်ရယ်၊ အဆိပ်မိကျောင်း စိမ်းကိုးတို့ ဆယ်လေးယောက်ရယ်ပဲ ရှိတယ်၊ သူတို့ကို ပြောင်ပြောင်တင်းတင်း ရင်ဆိုင်ရရင် ကျွန်တော်တို့အနေနဲ့ ကြောက်စရာမရှိပါဘူး၊ ငမန်းကျွန်းပေါ်မှာတုန်းက သူတို့က အကွက်ဆင်ပြီး လျှို့ဝှက်ထောင်ချောက်တွေနဲ့ အမိဖမ်းလို့ ကျွန်တော်တို့ အဖမ်းခံခဲ့ကြရတာပါပဲ"

စလေ့လှည်င် စင်ထန်းက ပြောသည်။

"ဒီမယ်ရိုလျှံကျင်၊ စင်ရော်ဂိုဏ်းထဲကို ရှင်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်လောက်ရှိပါပြီ"

"ဒါဖြင့် စင်ရော်ဂိုဏ်းချုပ် အကြောင်း ရှင် သိသလောက် ပြောပြစမ်းပါ"

"ကျွန်တော်ကခင်ဗျားတို့သိထားတာထက် နည်းနည်းပဲပိုသိပါတယ်"

"ရှင်သိထားသလောက်ပဲ ပြောပြစမ်းပါ"

"သူ့ရဲ့ သိုင်းပညာက သိပ်ကို အစွမ်းထက်မြက်တယ်၊ အားမနာတမ်း ပြောရမယ် ဆိုရင် ခင်ဗျားတို့ အားလုံးစုပေါင်းပြီး ဝိုင်းဝန်း တိုက်ခိုက်တာတောင် သူ့ကို နိုင်ဖို့မလွယ်ဘူး"

"သူ့နာမည်က ဘယ်လိုခေါ်သလဲ"



"အဲဒါကိုတော့ ကျွန်တော်မသိဘူး"

"သူ့ရုပ်ရည်ကကော ချောသလား၊ အကြည့်တန်သလား"

"အဲဒါကိုလဲ ကျွန်တော်မသိဘူး၊ ကျွန်တော် မပြောနဲ့ သူ့ရဲ့ကိုယ်ရံတော် ရွှေဆံထိုး ဆယ့်နှစ်ဖော်တောင် သူ့မျက်နှာသွင်ပြင် ဘယ်လိုရှိတယ်ဆိုတာကို တစ်ခါမှ မတွေ့ဖူးကြဘူး၊ သူ့မျက်နှာကို ပဝါနက်နဲ့ အမြဲဖုံးထားတယ်"

"သူက မျက်နှာကို လူမမြင်စေဖို့ဘူးဆိုတော့ အရုပ်ဆိုးနေလို့ဖြစ်မှာပေါ့"

"ဒီလိုလဲ ပြောလို့မဖြစ်ဘူးလေ၊ သူ့ရဲ့ ကိုယ်လုံးကိုယ်ပေါက်က သိပ်လှပြီး အသား အရေကလဲ နှင်းပွင့်လို ဖြူဆွတ်နေတာဆိုတော့ သူ့မျက်နှာဟာလဲသိပ်လှပမယ်လို့ ခန့်မှန်းရတာပဲ၊ သူ့မျက်နှာအလှအပကို လူမမြင်စေချင်လို့ ပဝါနက်ဖုံးထားတာနေမှာပေါ့"

ရွှေဆံထိုးဆယ့်နှစ်ဖော်အနက် ကွဝါဖေမှာ မြေအောက်အကျဉ်းခန်းထဲတွင် သေဆုံးသွားခဲ့ပြီမို့ လင်ယုယုက ဆယ့်တစ်ဖော်ဟု သုံးနှုန်းလိုက်ခြင်းဖြစ်၏။

"သူတို့ရဲ့သိုင်းပညာက ခင်ဗျားတို့နဲ့ တန်းတူလောက်ရှိမယ်"

"နဂါးလေးစမ်းကွမ်းယဲ့လို အယောင်ဆောင်ထားတဲ့လူကကော ဘယ်သူလဲ"

"ဟာ…အဲဒါ အယောင်ဆောင် မဟုတ်ပါဘူး၊ နဂါးလေး စမ်းကွမ်းယဲ့အစစ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ လှေငယ်သိုင်းသမားများထဲမှ သစ္စာဖောက်တစ်ယောက် ပေါ်နေသောကြောင့် သူတို့တစ်တွေမှာ အတော်ပင် စိတ်မချမ်းမသာဖြစ်သွားကြရသည်။

"ဟာ...ရှင်မှားနေပြီထင်တယ်၊ နဂါးလေး စမ်းကွမ်းယာရဲ့အလောင်းကို ခုံမင်းမြို့က သူ့အိမ်ရှေ့မှာ ကျွန်မတို့ ကိုယ်တိုင် မြင်ခဲ့ရတာပဲ"

လင်ယုယုက ပြော၏။

"အဲဒီအလောင်းက အတုဗျ၊ ခပ်ရှင်းရှင်းပြောရမယ်ဆိုရင် နဂါးလေးစမ်းကွမ်းယာဟာ စင်ရော်ဂိုဏ်းချုပ်ရဲ့ ရမ္မက်ကွန်ချာမှာ အမိခံရပြီး စင်ရော်ဂိုဏ်းချုပ်အလိုကျ အစစအရာရာလိုက်လုပ်ပေးနေရတာပါ၊ ခင်ဗျားတို့လှေငယ်သိုင်းသမားတွေကိုဖမ်းဆီးပြီး စည်းရုံးသိမ်းသွင်းဖို့ကလဲ နဂါးလေးစမ်းကွမ်းယာ ပေးတဲ့ အကြံဉာဏ်ပဲ"

"တောက်...ဒီနဂါးလေးက တယ်လဲ ယုတ်မာကောက်ကျစ်ပါလား"

"ဒီလူ ကို ဒီလောက်သိမ်ဖျင်းလိမ့်မယ်လို့ မထင်မိဘူး"

"ဒီလူကိုတွေ့ရရင် စိစိညက်ညက်ကို ခြေပစ်မယ်"

လှေငယ်သိုင်းသမားများက တစ်ယောက် တစ်ပေါက် မကျေမချမ်း ရေရွတ်ပြောဆိုကြသည်။

* * *



နောက်တစ်နေ့ နေ့လယ်ပိုင်း။

စင်လယ်ပြင်ထက်ဝယ် ထီးထီးမားမား ရှိနေသော ကျွန်းလေးတစ်ကျွန်းအနီးသို့ သင်္ဘောရောက်လာခဲ့သည်။

"အဲဒါ တောင်ပင်လယ်ငမန်းဖြူကြီး ရိုတာဟိုင်ရှိနေတဲ့ ကျွန်းလေးပါပဲ"

လင်ယုယုက အားလုံးကြားလောက်အောင် လေသံကျယ်ကျယ်ဖြင့် ပြောဆိုကြေညာလိုက်သည်။

ရိုလျှံကျင်က သင်္ဘောကိုပဲ့ကိုင်ကာ လှော်ထိုးသား ၆-ဦးတလည်း အပြင်းလှော်ခတ်ပေးသည့်အပြင် လေအားလည်း သင့်ကာ ရွက်ကို အသုံးပြုနိုင်သည်ဖြစ်သောကြောင့် မကြာမီမှာ ကျွန်းကလေးနှင့် ၁၀-မိုင်ခန့်အကွာသို့ ရောက်လာကြသည်။

လင်ယုယုက ပဲ့စင်ထက်တွင် ရိုလျှံကျင်နှင့်အတူ ရပ်နေရာမှ တီးတိုးလေသံဖြင့် မေး၏။

"ခုရှုပ်မှ နောင်ရှင်းဆိုသလို ရှင့်ကို မေးထားရဦးမယ်၊ တကယ်လို့ အဲဒီကျွန်းပေါ်မှာ စင်ရော်ဂိုဏ်းနဲ့တွေ့ပြီး တိုက်ကြခိုက်ကြရင် ရှင် ဘယ်ဘက်ကပါမလဲ"

"ဘယ်ဘက်ကမှမပါဘဲ ကြားနေမယ်"

"ဟွန့်—ရှင်က လူပါးပဲ"

"ခင်ဗျားတို့ဘက်ကိုမပါနိုင်တာခွင့်လွှတ်ပါ လင်ယုယု၊ ဖေဖေဟာ တိုက်ခိုက်နိုင်လောက်တဲ့စွမ်းအားတွေ မရှိတော့ဘူးလို့ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား၊ ပြီးတော့— ကျွန်တော်ကလဲ ဒုက္ခိတဖြစ်နေတာဆိုတော့ ခင်ဗျားတို့နှစ်

www.burmeseclassic.com



ဖက်ကြားမှာ ကျွန်တော်တို့သားအဖဟာ ဘယ်ဘက်ကိုမှ မလိုက်ရဲအောင် ဖြစ်နေပါတယ်''

''ရှင် ဒီသို့ကြားနေတာကို စင်ရော်ဂိုဏ်းချုပ်က လက်ခံပါ့မလား''

''သူကရတနာသိုက်တိုပဲအဓိကထားတာပါ၊ ကျွန်တော်တို့သားအဖကို အရေးစိုက်တာ မဟုတ်ပါဘူး''

''ရတနာသိုက်ကို တွေ့အောင်ရှာပြီးရင် စင်ရော်ဂိုဏ်းချုပ်က ရှင်တို့သားအဖကို ဒီအတိုင်းထားပါ့မလား''

''စိတ်မထင်ရင် သတ်ပစ်ဖို့များပါတယ်''

''ဒါဆို ရှင်က ဘာကြောင့် ကြားနေရတာလဲ၊ တတ်နိုင်သလောက် သူတို့ကို ခုခံတိုက်ခိုက်ပါလား''

''ကျွန်တော်က ခြေတစ်ဖက်ကျိုးနေတဲ့ ဒုက္ခိတပဲ၊ ဘယ်လိုလုပ်ပြီး သူတို့လို သိုင်းအကျော်အမော်တွေကို ရင်ဆိုင်တိုက်ခိုက်နိုင်မှာလဲ၊ ပြီးတော့ ရှင်းရှင်းပြောရရင် ခင်ဗျားတို့နဲ့ပူးပေါင်းတာကိုသိရင် စင်ရော်ဂိုဏ်းချုပ်ကကျွန်တော့်ကို ချက်ချင်း သတ်ပစ်မှာ သေချာတယ်၊ တကယ်လို့ ကြားနေခဲ့ရင် သူစိတ်ကောင်းဝင်ပြီး ချမ်းသာခွင့်ပေးချင်ပေးနိုင်တယ်''

''ကျွန်မကို တစ်ခုတော့ မှန်မှန်ပြောစမ်းပါ၊ စင်ရော်ဂိုဏ်းချုပ်မှာ ဘယ်လို အကြံအစည်ရှိသလဲ''

''ရတနာတွေရှိတဲ့နေရာကို သိရအောင် ခင်ဗျားတို့ကို လွှတ်ပေးပြီး သူက လက်ရွေးစင် စင်ရော်ဂိုဏ်းသား သိုင်း



အကျော်အမော်တွေနဲ့အတူ နောက်ယောင်ခံလိုက်လာဖို့ပါ လို့ ကျွန်တော် ပြောပြပြီးပြီပဲ''

''ဒါပေမယ့် အခုထက်ထိ နောက်ယောင်ခံလိုက်လာတဲ့ သင်္ဘောဆိုလို့ အရိပ်အယောင်တောင် မမြင်ရသေးပါလား''

''ကျွန်တော်လဲ အဲဒါကို အစဉ်းစားရခက်နေတာ''

''ကောင်းပြီလေ၊ ကျွန်းပေါ်ရောက်တဲ့အခါ ဘယ်သို့မှ မမျှော်လင့်မထားတဲ့အဖြစ်မျိုးတွေ တွေ့ချင် တွေ့နိုင်တယ်၊ စင်ရော်ဂိုဏ်းချုပ်တို့လူစုလဲ တစ်နည်းနည်းနဲ့ လိုက်လာချင် လိုက်လာနိုင်တယ်၊ တကယ်လို့ ရှင်က ကျွန်မတို့ကို အကောက်ကြံဘယ်ဆိုတာသိရရင်တော့ ရှင့်အဖေတို့ကော ချမ်းသာမပေးဘူးဆိုတာ ပြောထားချင်တယ်''

* * *

ကျွန်းကမ်းစပ်အစ်နေရာတွင် သင်္ဘောဆိုက်မိသည်။

လင်ယုယုက ရိုလျှံကျင်နှင့် လှေထိုးသား ၆-ဦးကို ကျွန်းပေါ်သို့ အရင်တက်နှင့်စေသည်။

ရိုလျှံကျင်တို့လူစု ကျွန်းပေါ် တက်သွားပြီးနောက် လင်ယုယုသာ သင်္ဘောကုန်းပတ်ပေါ်တွင် စုရုံးနေကြသော လူငယ်သိုင်းသမားများကို မေးခွန်းထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရောင်းရင်းတို့၊ တောင်ဇင်လယ် မြန်းမြို့ကြီး ရိတာဟိုင်ရဲ့ ရတနာသိုက်ထဲက ရတနာပစ္စည်းတွေကို ဘယ်လို လုပ်ရရင် ကောင်းမလဲ"

"အဲဒီပစ္စည်းတွေကို ကျုပ်လက်ဖျားနဲ့တောင်မတို့ဘူး"

ဝန်းလူလင်စီဖိုးက ပြတ်သားစွာ အဖြေပေးလိုက်သည်။

"ကျွန်မမှာရှိတဲ့ ရွှေငွေ ရတနာတွေဟာ ကျွန်မတစ်သက် စားလို့မကုန်ပါဘူး၊ ရိတာဟိုင်ရဲ့ ရတနာသိုက်ကို ကျွန်မ လုံးဝ စိတ်မဝင်စားဘူး"

ချမ်းသာသူဇာ ကျုံးရုံက မြော၏။

"ကျွန်မဟာ ဆင်းရဲပေမယ့် ဒီပစ္စည်းတွေကို မမက်မောပါဘူး၊ လိုလဲ မလိုချင်ဘူး"

ဆင်းရဲသူဇာရှောင်လုကလည်း ဝင်ပြောသည်။

"ဒီရတနာပစ္စည်းတွေဟာ ဓားပြမိုလ်ကြီး ရိတာဟိုင် မတရား လုယက် တိုက်ခိုက်ထားတာတွေပဲ မဟုတ်လား၊ အဲဒါတွေကို ကျွန်မတို့က မယူဘူးဆိုရင် ရိတာဟိုင်တို့သား အဖ စိတ်ကြိုက်သုံးဖို့ ပုံအပ်လိုက်ရမလား"

ဟာသ်စိမ်းလျှံစိမ်းက သူ၏ထင်မြင်ချက်ကို ပြောလေသည်။

"ဟုတ်တယ်၊ အဲဒီပစ္စည်းတွေကို ရိတာဟိုင်တို့သားအဖ လက်တော့ မအပ်သင့်ဘူး"

တာသ်ာနက်မင်းကျူးက ထောက်ခံပြောကြား၏။

"ဒီလိုဆိုရင်လဲ အဲဒီရတနာသိုက်ထဲက ပစ္စည်းတွေကို အညီအမျှခွဲပြီး တစ်ယောက်တစ်စုစီယူကြတာပေါ့"



ပလွေလုလင် ဝင်ထန်းက ဝင်ဖောက်လိုက်သည်။

"ဟာ… ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ကျွန်တော်တို့က သူခိုးဓားပြတွေမှ မဟုတ်တာပဲ"

ကျားမြို့ရှန့်အိုင်က ကန့်ကွက်စကားဆို၏။

"လင်ယုယုကတော့ ရတနာပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ဖို့ ကြံစည်ထားသလဲ"

စိန်ကျားသစ်က လင်ယုယုကို လှမ်းမေးသည်။

"ကျွန်မ အဲဒီပစ္စည်းတွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ သုံးနိုင်အောင်လို့ ဆက်ဆိုင်ရာတွေလက်ထဲအပ်ဖို့ စိတ်ကူးထားပါတယ်"

"ဟာ… ဒါ အကောင်းဆုံးပဲ"

"ဒီပစ္စည်းတွေကို ဒီလိုလုပ်မှဖြစ်မှာပေါ့"

"လင်ယုယုက စိတ်ကူးကောင်းသားပဲ"

လင်ယုယု၏အကြံကို အားလုံးက ဝိုင်းဝန်းထောက်ခံကြသည်။

"ကျွန်မအနေနဲ့ တစ်ခုတော့ စိုးရိမ်မိတယ်၊ ရိတာဟိုင်ရဲ့ရတနာသိုက်ထဲက ပစ္စည်းတွေဟာ မနည်းဘူးနော်၊ ဒီလောက်များပြားတဲ့ ရတနာတွေကို ကိုယ်တွေ့မျက်မြင်တွေ့ရတဲ့အခါမှာ မလောဘဇောကို မထိန်းနိုင်တဲ့ စိတ်ရိုင်းတွေ ပေါ်ချင်ပေါ်လာနိုင်တယ်၊ အဲဒါကိုတော့ သတိထားဖို့ လိုတယ်"

လင်ယုယုက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

"ဟာ...ဒီလူစုထဲမှာ ဒီသို့ လောဘဇော၊တိုက်မယ့်လူ မပါနိုင်ပါဘူး"

ယက္ခတုတ်လိုဖိန်က ပြောသည်။

"ဒီလို စကားကုန် မပြောနဲ့လေ၊ လင်ယုယုပြောတာ မှတ်တယ်၊ အခုနေအခါမှာတော့ မတရားရတဲ့ပစ္စည်းတွေကို မမက်မောပါဘူး၊ ဘာညာနဲ့ ပြောနေနိုင်ပေမယ့် တကယ်တမ်း ရတနာပစ္စည်းတွေကို မျက်မြင်တွေ့တဲ့အခါကျတော့ စိတ်ရိုင်းဝင်ချင်ဝင်လာနိုင်တယ်၊ ဒီတော့ ကိုယ့်စိတ်ကိုယ်နိုင်အောင် ကြည့်ထိန်းကြဖို့လိုတယ်"

စာပေဆွေလင် စိန်ကျားက သတိ ပေးစကား ပြောလိုက်သည်။

"ကဲ... လာ၊ ကျွန်မတို့ ကျွန်းပေါ်တက်ကြရအောင်"

လင်ယုယုက ဤသို့ပြောကာ သင်္ဘောပေါ်မှ ဆင်းပြီး ကျွန်းလေးပေါ်သို့ တက်လာခဲ့ကြသည်။ ကျန်လူငယ်သိုင်းသမားများလည်း လင်ယုယု၏ နောက်မှ တစ်ယောက်ပြီး တစ်ယောက် လိုက်ပါလာခဲ့ကြသည်။

သင်္ဘောပေါ်တွင် မြားနတ်ရှင် ရန်ကျိုးနှင့် စိန်ကျားသမီး ချူးကျင့်ဒွေးတို့ အစောင့်အဖြစ် ကျန်နေခဲ့ကြသည်။

"ကျွန်မတို့ သတိရှိကြဖို့ လိုတယ်၊ စင်ရော်ဂိုဏ်းချုပ်တို့လူစုဟာ ဟောဒီ ကျွန်းလေးပေါ်ကို တစ်နည်း မဟုတ် တစ်နည်းနည်းနဲ့ ရောက်လာလိမ့်မယ်လို့ ကျွန်မစိတ်ထဲမှာ အတပ် သိထားတယ်"



လူငယ် သိုင်းသမား (၂၂)ယောက်တို့ ကျွန်းပေါ်သို့ စုံစုံညီညီ ရောက်ရှိလာပြီးသောအခါ လင်ယုယုက ပြောလိုက်သည်။

"သူတို့က ကျွန်တော်တို့သင်္ဘောကို နောက်ယောင်ခံလိုက်လာကြတာမှ မတွေ့တာဘဲ၊ ဘယ်လိုလုပ်ပြီး ဒီကျွန်းကို ရောက်လာနိုင်မှာလဲ"

ကျားဖြူ ရှန်အိုင်က အံ့သြသောအသွင်ဖြင့် မေးလိုက်သည်။

"ဒီမေးခွန်းကို ကျွန်မ မပြောတတ်ဘူး၊ ဒါပေမယ့် စင်ရော်ဂိုဏ်းချုပ်တို့ တစ်တွေ ရောက်လာကြလိမ့်မယ်လို့တော့ သိနေတယ်"

"ဟုတ်တယ်....လင်ယုယုပြောတာမှန်တယ်၊ ကျွန်တော့်စိတ်ထဲမှာလဲစင်ရော်ဂိုဏ်းချုပ်တို့လူစုနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ထင်နေမိတယ်"

ပလွေလုလင် ခင်ထန်းကလည်း ဝင်ပြောသည်။

ထိုအခိုက် မေန်းနက်လေးရိုလျှံကျင်က လင်ယုယုအနီးသို့ တိုးကပ်လာပြီး သူ၏လိုလားချက်ကို တောင်းဆိုလိုက်သည်။

"လင်ယုယု၊ ဖေဖေ့ကို တွေ့ချင် လှပြီဗျာ၊ ဖေဖေ ဘယ်မှာရှိတယ်ဆိုတာ ပြောပြစမ်းပါ"

"စောင့်ပါဦးလေ၊ အချိန်တန်တော့သိရမှာပေါ့၊ ကဲလာကြ၊ ကျွန်းပေါ်က အခြေအနေတွေ သွားကြည့်ကြရအောင်"

www.burmeseclassic.com



လင်ယုယုက ဤသို့ပြောပြီး ကျွန်းပေါ်သို့ ဆက်တက်သွားခဲ့သည်။ ကျန်လူများလည်း နောက်မှ လိုက်လာကြသည်။

ကျွန်း၏ အလယ်ပိုင်းလောက်တွင်ရှိသော တောင်ကုန်းလေးပေါ်သို့ ရောက်လာကြသည်။

"ဒီနေရာက နေရာကောင်းပဲ၊ ကုန်းမြင့်လဲ ဖြစ်တယ်၊ ကျွန်းမတ်ပတ်လည်ဘို့လဲ အထက်စီးကနေပြီး မြင်နိုင်တွေ့နိုင်တယ်၊ ဒီမှာ ခဏစခန်းချပြီး...."

"ဟိုမှာ...ဟိုမှာ ကြည့်ကြစမ်းပါဦး၊ သင်္ဘောပေါ်မှာ ဘာတွေ ဖြစ်နေတာလဲ"

လင်ယုယုစကားမဆုံးမီမှာပင် ဝနလွလူသင်ဝင်ထန်းက အလန့်တကြား အော်ပြောလိုက်သည်။

သင်္ဘောဆိုက်ကပ်ထားရာသို့ အားလုံး လှမ်းကြည့်လိုက်ကြသည်။

သင်္ဘောပေါ်ဝယ် ရုန်းရင်းဆန်ခတ်ဖြစ်ကာ တိုက်ခိုက်နေကြသည်ကို တွေ့ကြရသည်။ အတော်အလှမ်းဝေးသောကြောင့် မည်သူနှင့်မည်သူတို့ တိုက်နေကြမှန်းတော့မှ မသိ။

သူတို့အားလုံး သင်္ဘောဆိုက်ကပ်ထားသည့် ကမ်းစပ်သို့ အရောက် ဆင်းပြေးလာကြသည်။

သူတို့ ကမ်းစပ်သို့ ရောက်သောအခါဝယ် မားဒကျာများဖြင့် သေဆုံးနေသော စိန်ကျားသစ်ချုံကျွင့်ဖွေးနှင့် မြားနတ်ရှင် ရန်ကျူးတို့၏ အလောင်းများကို ကမ်းစပ်ရေပြင်နှုခးဝယ် တွေ့ရသည်။



ဆာဘော်ဒမှာမူ ကမ်းစပ်နှင့်ပေါ်ပေါ်ရာခန့်အကွာသို့ ရောက်နေကြောင်း တွေ့ရသည်။ ထို့ပြင် သင်္ဘောကုန်းပတ်ပေါ်ဝယ် လူတစ်စု မားမားမတ်မတ် ရပ်နေကြသည်ကိုလည်း လှမ်းမြင်ကြရသည်။

ထိုလူများမှာ....

စင်ရော်ဂိုဏ်းချုပ် အမူးပြု၍ ရွှေဆံသိုးဆယ့်တစ်ဖော်နှင့် အဆိပ်မိကျောင်း စိမ်းကုံး၊ တောင်မင်လယ် ဓားပြဂိုဏ်း၏ လက်ထောက်ဗိုလ်ဟောင်းများ ဖြစ်ကြသည်။

"တောက်...ကျွန်မကိုက ညံ့လွန်းပါတယ်၊ သူတို့တွေ သင်္ဘောဝမ်းထဲမှာ လျှို့ဝှက်ခန်းလုပ်ပြီး ပုန်းလာကြမယ်ဆိုတာကို တွေးမိဖို့ကောင်းတယ်"

လင်ယုယုက မကျေမချမ်း ရေရွတ်လိုက်သည်။

"ဟား...ဟား...ဟား၊ ရှင်တို့ ဘာတတ်နိုင်ကြသေးလဲ၊ ဟား...ဟား...ဟား"

စင်ရော်ဂိုဏ်းချုပ်က ကျေနပ်အားရစွာရယ်မောရင်း အော်ပြောလိုက်သည်။

"ခင်ဗျားတို့ သတ္တိရှိရင် ကျွန်းပေါ် တက်လာခဲ့ကြ၊ သူသေကိုယ်သေ တိုက်ကြမယ်"

ကျားဖြူရှန်အိုင်က မကျေမချမ်းဖြင့် အော်ပြောလိုက်သည်။

"ကျွန်းပေါ် တက်လာပြီး တိုက်နေစရာ မလိုပါဘူး၊ ဟောဒီကျွန်းပေါ်မှာမီးစိုက်စရာ သစ်ပင်ကြီးကြီးမားမားလဲမရှိဘူး၊ ပတ်ပတ်လည်ကလဲ ပင်လယ်ပြင် ဝိုင်းနေတာယ်

www.burmeseclassic.com



ဒီတော့ ရှင်တို့တစ်တွေ သားစိမ်းငါးစိမ်းပဲ စားနေကြရမှာပဲ၊ ဒီလိုစားနေရပေမယ့် နေ့ရက်တစ်လ၊ နှစ်လလောက်ကြာရင် ရှင်တို့အားလုံး ငတ်ပြတ်ပြီးအားအင်ချည့်နဲ့ကုန်ကြမှာပဲ....

"အဲဒီအချိန်ကျမှ ကျွန်မတို့အေးအေးဆေးဆေးကျွန်းပေါ်တက်ပြီး ရှင်တို့ အားလုံးကို ကြက်ငှက် ဆေးတွေလို ဖမ်းပြီး အသေသတ်လိုက်ရုံပဲရှိတယ်၊ ပြီးမှ ရီတာဟိုင်ရဲ့ ရတနာသိုက်ထဲက ပစ္စည်းတွေကို အေးအေး ဆေးဆေး ယူမယ်"

"ရှင်က ရီတာဟိုင်ရဲ့ရတနာသိုက်ထဲက ပစ္စည်းတွေကို ရနိုင်မယ် ထင်နေတာကိုး"

လင်ယုယုက အော်ပြောလိုက်သည်။

"အခုဆိုရင် အဲဒီရတနာသိုက်ဟာ ကျွန်မရဲ့ လက်ခုပ်ထဲက ရေဖြစ်နေပြီ၊ ဟဲ_ဟဲ_ဟဲ"

"ဒီလောက် အပိုင်တွက်မထားပါနဲ့လေ၊ အဲဒီရတနာတွေကို ရှင်မရနိုင်ပါဘူး"

"ဘာလဲ၊ ရှင်တို့က ရတနာ ပစ္စည်းတွေကို ဝါးစား ပစ်ကြမလို့လား"

"ဝါးမစားပါဘူး၊ အဲဒီရတနာပစ္စည်းတွေကိုပင်လယ်ထဲ ပစ်ချလိုက်မယ်"

"တောက်....ခွေးမလေး၊ နင် လုပ်စံ့ လုပ်ကြည့်စမ်း၊ အဲဒီလိုလုပ်တာနဲ့ နင့်အကောင်ကိုန်လွှေကို အသေ သတ်ပစ်မယ်"



စင်ရော်ဂိုဏ်းချုပ်က ဒေါသတကြီးပြောသည်။

"ဒီလို မဟုတ်တမ်းတရားတွေပြောမနေပါနဲ့၊ ကိုန်လွှေ ရှင်တို့လက်ထဲမှာ မရှိတော့ဘူးဆိုတာ ကျွန်မ သိပါတယ်"

"ကောင်းပြီ...ကျွန်မ လူတွေက ရေကောင်းကောင်း ငုပ်တတ်တယ်၊ ရတနာပစ္စည်းတွေကို ပင်လယ်ထဲပစ်ချပေမယ့် ပြန်ဆယ်နိုင်ပါတယ်"

"ရတနာတွေကို တစ်နေရာတည်းမှာ ပစ်ချမှာ မဟုတ်ဘူး၊ ကျွန်းပတ်ပတ်လည်က ပင်လယ်ပြင်မှာ နေရာအနှံ့ လိုက်ချထားလိုက်မယ်၊ ရေငုပ်ပြီး ဆယ်နိုင်ရင်ဆယ်ယူကြပေါ့"

"အေး...အဲဒီလိုလုပ်တယ်ဆိုရင် ရှင်တို့အားလုံး သေလို့လဲမရ၊ အသက်ဆက်မရှင်ချင်တော့တဲ့ အခြေအနေမျိုး ရောက်အောင် လုပ်ပစ်မယ်၊ ကဲ...စကားသိပ်မပြောချင်တော့ဘူး၊ နောက်လမှပဲ ပြန်တွေ့ကြပါစို့"

စင်ရော်ဂိုဏ်းချုပ်က ဤသို့ပြောပြီး လက်မြှောက်ကာ အချက်ပြလိုက်သည်။

မကြာမီမှာပင် သင်္ဘောသည် ကျွန်းလေးနှင့် ဝေးရာသို့ ဦးတည်ကာ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒီအတိုင်းဆိုရင် ရတနာသိုက်ဟာ စင်ရော်ဂိုဏ်းချုပ်ကောင်မရဲ့လက်ထဲ ရောက်တော့မှာပဲ"

တဖြည်းဖြည်း ဝေးသွားသော သင်္ဘောကို ငေးကြည့်ရင်း ကျားဖြူရှန်အိုင်က ပြောလိုက်သည်။

"သူတို့ ရတနာသိုက်ကို ရှာမတွေ့နိုင်ပါဘူး၊ ဒီကျွန်းပေါ်မှာလဲ ဘာရတနာသိုက်မှလဲမရှိဘူး"

လင်ယုယုက စကားတစ်လုံးချင်း ပြောလိုက်သည်။

"ဟင်…ရှိတာဟိုင်သောင်တင်နေတဲ့ကျွန်းမှာ ရတနာသိုက်လဲ ရှိနေတယ်ဆို၊ အခု ဘယ်လိုဖြစ်သွားရပြန်တာလဲ"

ပလွေလုလင် ဝင်ထန်းက ပြောလိုက်သည်။

"ဖျော်ဖါတယ်၊ ဒါပေမယ့် အခု ကျွန်မတို့ရောက်နေတာ ရှိတာဟိုင် သောင်တင်နေတဲ့ မိစ္ဆာကျွန်းမှမဟုတ်ဘဲ"

လင်ယုယု၏စကားကြောင့် အားလုံး အံ့အားသင့်ကုန်ကြသည်။

"ဒါမိစ္ဆာကျွန်းမဟုတ်ဘူးလား၊ ဒီလိုဆိုရင် ဖေဖေကိုလဲ ဘယ်တွေ့နိုင်တော့မှာလဲ"

ရိလျှံကျင်ကလည်း စိတ်ပျက်အားလျော့စွာ ပြော၏။

"ကျွန်မတို့နောက်ကို စင်ရော်ဂိုဏ်းချုပ်တို့က တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ နောက်ယောင်ခံလိုက်ကြမယ်ဆိုတာ ကြိုတွက်ထားမိလို့ ကျွန်မက ဟောဒီကျွန်းလေးပေါ်ကို တမင်လာခဲ့တာပါ၊ ဒီကျွန်းပေါ်မှာ စင်ရော်ဂိုဏ်းချုပ်တို့နဲ့ တစ်ပွဲတစ်လမ်းရှင်းပြီး ကျွန်မတို့ဘက်က



အနိုင်ရမှ တကယ့်ရတနာသိုက်ရှိနေတဲ့ မိစ္ဆာကျွန်းကို သွားမယ်လို့ ကြံထားခဲ့တာပါ"

"ဩော်…လင်ယုယု တကယ် ဉာဏ်ကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် အခုလိုဆိုတော့ ရတနာသိုက်ဟာ စင်ရော်ဂိုဏ်းချုပ်လက်ထဲ မရောက်နိုင်တော့ဘူးပေါ့"

ကျားဖြူရှန်အိုင်က ခေါင်းတညိတ်ညိတ်နှင့် ပြော၏။

"ကဲ…အခု ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ"

ပလွေလုလင် ဝင်ထန်းက မေးခွန်းထုတ်သည်။

"ကျွန်မတို့တစ်တွေ အေးအေးဆေးဆေးသာ နေနိုင်မယ့် လိုဏ်ဂူတစ်ခုခုဖြစ်ဖြစ်၊ နေရာထိုင်ခင်းသာတဲ့နေရာတစ်ခုခု ဖြစ်ဖြစ် ရှာကြရမှာပေါ့၊ ဒီတာဝန်တော့ ကျားဖြူ ရှန်အိုင်ရယ်၊ ပလွေလုလင် ဝင်ထန်းရယ်၊ ကြွယ်ပုံယုဟုံရယ်တို့ တာဝန်ပေးရမှာပဲ"

လင်ယုယုက ပြောလိုက်သည်။

ထို့နောက် ပလွေလုလင် ဝင်ထန်း၊ ကျားဖြူရှန်အိုင်၊ နှင့် ကြွယ်ပုံယုဟုံတို့သုံးယောက်သား နေရာထိုင်ခင်း လိုက်ရှာရန် ထွက်သွားကြသည်။ ကျန်လူများမှာ ပင်လယ်ကမ်းစပ်တွင် ကျန်နေခဲ့ကြသည်။

မကြာမီမှာပင် ထိုသူသုံးယောက် ပြန်ရောက်လာကြပြီး ကျွန်းလေး၏ အနောက်ဘက်ပိုင်းဝယ် လူသုံးဆယ်ကျော် ကောင်းကောင်းနေနိုင်သည့် သဘာဝ လိုဏ်ဂူကြီးတစ်ခု ရှာတွေ့ကြောင်း လာပြောသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကိန်လွေ၏ ရွက်လှေ မိစ္ဆာကျွန်း အနောက်ဘက်ကမ်းခြေတွင် ဆိုက်ကပ်မိချိန်မှာ နေ့လယ်ပိုင်းချိန်ဖြစ်သည်။

လှေပေါ်တွင် ကိန်လွေ၊ ကျားနက်ရှန်ကျင့်နှင့် သန်းကြွယ်လူလင် ရောင်ဖင်းတို့သုံးဦးသာ ပါရှိလာသည်။

ရွက်လှေကို ကမ်းစပ်တွင် သေသေချာချာ ကျောက်ချထားခဲ့ပြီး သုံးယောက်သား ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

"ကျွန်းပတ်ပတ်လည်မှာ ဘာလှေ ဘာရွက်သင်္ဘောမှလဲ မတွေ့ရဘူး၊ ကျွန်တော်တို့ ရောက်တာ သိပ်နောက်ကျနေပြီလား မသိဘူး"

ကျွန်းပေါ်သို့တက်လာရင်း ကိန်လွေက ပြောသည်။



"လူ ငယ် သိုင်း သ မား တွေ အား လုံး နှစ်ဆယ့်လေးယောက်တောင် စုစုဝေးဝေးရှိနေကြတာပဲ၊ ငရေဒီ ဂိုဏ်းသားတွေကို ကောင်းကောင်း ရင်ဆိုင်နိုင်ပါလိမ့်မယ်၊ ကဲ—သေသေချာချာသိရအောင် ကျွန်းပေါ်လိုက်ကြည့်ကြစို့"

ရောင်ဖင်းက ပြောလိုက်သည်။

ကျွန်း၏ အနောက်ဘက်ပိုင်းတွင် လိုက်လံကြည့်ရှုကြသည်။ ဘာထူးခြားချက်မျှ မတွေ့ရ။

"ထိုင်း—ကျွန်း အရှေ့ဘက်ပိုင်းကို သွားကြည့်ကြရအောင်၊ ရတနာသိုက် အဲဒီ အရှေ့ဘက်ပိုင်းမှာရှိတာဆိုတော့ တိုက်ပွဲဖြစ်မယ်ဆိုရင် ကျွန်းအရှေ့ဘက်ပိုင်းကသစ်ပင်အုပ်ဆေးထဲမှာ ဖြစ်ဖို့များတယ်"

ကိန်လွေက ပြောလိုက်ပြီး ကျွန်းအရှေ့ဘက်ပိုင်းသို့ လမ်းပြခေါ်လာခဲ့သည်။ သစ်ပင်အုပ်လေးထဲဝယ် စေ့စေ့စပ်စပ် လိုက်လံရှာဖွေကြည့်သော်လည်း တိုက်ပွဲဖြစ်သည့် အရိပ်လက္ခဏာများကို မတွေ့ရပေ။

သုံးယောက်သား အတွေးရခက်သွားကြကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်လိုဖြစ်တာပါလိမ့်၊ ဒီနေရာမှာလဲ တိုက်ကြ ခိုက်ကြတဲ့လက္ခဏာ မတွေ့ရဘူး"

ကိန်လွေက ခေါင်းကုတ်ပြီး ပြောသည်။

"သူတို့ ကျွန်းပေါ်မရောက်ဘဲ ပင်လယ်ပြင်မှာပဲ တိုက်ပွဲဖြစ်ကြတယ်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပင်းက ထင်မြင်ချက်ပေးသည်။

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်၊ စိမ်းကုံးတို့ တစ်တွေက ပင်လယ်ဓားပြ လက်ဟောင်းတွေပဲ၊ ပင်လယ်ပြင်မှာ တိုက်ခိုက်တာ အတော်ကျွမ်းကျင်တယ်၊ ဝါသနာလဲ ပါတယ်"

ကျွဲနက်ရှန်ကျင့်က ထောက်ခံစကား ပြောသည်။

"ရတနာသိုက်ကို သွားပြီး စစ်ဆေးကြည့်ရင်ကောင်းမယ် ထင်တယ်"

ရောင်ပင်းက အကြံပေးပြန်သည်။

"ဟုတ်တယ်၊ တကယ်လို့ စင်ရှော် ဂိုဏ်းသားတွေက အနိုင် ရသွားတယ်ဆိုရင် ရတနာသိုက် ထဲမှာ ရတနာ ပစ္စည်းတွေ ကျန်တော့မှာ မဟုတ်ဘူး"

ကိန်လွေက ဤသို့ပြောပြီး ရှန်ကျင့်နှင့်ရောင်ပင်းတို့ကို ရတနာသိုက်ရှိရာ လှိုဏ်ဂူသို့ ခေါ်လာခဲ့သည်။

လမ်းတွင် ရိတ်ဘဝဟိုင်ကျော် ရှာကြည့်သေးသည်။ မိစ္ဆာကျွန်းမှအဘိုးကြီး၏ အရိပ်အယောင်ကိုပင်မမြင်ရ။ ဘယ်နေရာရောက်နေသနည်းဟုပင် ကိန်လွေ စဉ်းစားမိသည်။

ရတနာများရှိရာ လှိုဏ်ဂူသို့ ရောက်လာကြသည်။ ကိန်လွေက လှိုဏ်ဂူတွင် ပိတ်ထားသော ကျောက်တုံးကြီးကို ဖွင့်ပေးလိုက်သည်။ ထို့နောက် သုံးယောက်သား လှိုဏ်ဂူထဲသို့ ဝင်လာခဲ့သည်။

နေရောင်ခြည်ထိုးနေသဖြင့် လှိုဏ်ဂူထဲဝယ် လင်းလင်းကျင်းကျင်းရှိနေသည်။



လှိုဏ်ဂူ အတွင်းတစ်ဝယ် ဆင့်ကာ ထပ်ထားသော သေတ္တာကြီးများကို တွေ့ရသည်။

ရောင်ပင်းနှင့် ရှန်ကျင့် သေတ္တာ နှစ်လုံးသုံးလုံးခန့်ကို ဖွင့်ကြည့်ကြသည်။

အထဲဝယ် ကျောက်မျက်ရတနာများ၊ ပုလဲများ၊ ရွှေဒင်္ဂါးများ၊ သက်ဝတ်ရတနာများ အပြည့်ရှိနေသည်ကိုတွေ့ရသည်။

"အင်း.... ဒီရတနာသိုက်ထဲမှာ ရှိတဲ့ ရတနာတွေက မနည်းပါလား၊ အားလုံး သေတ္တာနှစ်ဆယ်လေးသေတ္တာ ရှိတယ် ဆိုတော့ မရှိဘူးဆို တန်ဖိုး သိန်းနှစ်ရာလောက် တန်မှာပဲနော်"

ကျောက်မျက်ရတနာ ပစ္စည်းများအကြောင်း နားလည်သော သန်းကြွယ်လူလင် ရောင်ပင်းက မှတ်ချက်ချလိုက်သည်။

"ရတနာပစ္စည်း မြေရာလက်ရာမပျက် ရှိနေပုံထောက်တော့ ဒီကျွန်းပေါ်ကို စင်ရှော်ဂိုဏ်းချုပ်တို့လူစုမရောက်သေးတာ အမှန်ပဲ"

ကိန်လွေက စဉ်းစဉ်းစားစားပြောသည်။

"ဒီလိုဆိုရင် သူတို့တစ်တွေဘယ်ရောက်နေကြတာလဲ"

ကျွဲနက်ရှန်ကျင့်က မေးသည်။

"မစဉ်းစားတတ်တော့အောင် ပါပဲဗျာ၊ ကဲ အပြင် ပြန်ထွက်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကာမွှေပြန်ပြောပြီး ရတနာ သိုက်ရှိရာ လိုဏ်ဂူထဲမှ ပြန်ထွက်လာခဲ့သည်။

လိုဏ်ဂူအပြင်ဘက်သို့ ရောက်သော အခါတွင် မေန်း ဖြူကြီးရိတာဟိုင်နှင့် ရင်ဆိုင်တိုးမိကြသည်။

''တောက်…ခွေးကောင်လေးကတိမတည်ဘူး၊ မင်းက ဒီကျွန်းကိုပြန်မလာဘူးဆိုပြီး ဒါဘာလာလုပ်တာလဲ၊ မင်း က ငါရဲ့ရတနာသိုက်ကို လုချင်လို့ အဖော်တွေပါ ခေါ် လာတာလား''

ရိတာဟိုင်က ဒေါသတကြီး ပြောကာ ညာလက်တွင် ကိုင်ထားသော ပုဆိန်ဖြင့် ကိန်လေ့ကို အတင်း ဝင်ခုတ် သည်။

ကိန်လေ့က အသာတိမ်းရှောင်ပြီး ရိတာဟိုင်၏ ညာ လက်ကို ခြေထောက်ဖြင့် ခတ်လိုက်သည်။

ရိတာဟိုင်၏ လက်မှပုဆိန် လွတ်ထွက်သွားသည်။ ကိန် လေ့က ရှေ့တစ်ကွက်တက်၍ လက်ဝါးတစ်ချက် ဆတ်ခနဲ ရိုက်ထုတ်လိုက်သည်။ ရိတာဟိုင် လက်ဝါးချက် ထိကာ မြေကြီးပေါ် ဖင်ထိုင်လျက် လဲကျသွားသည်။

အမှန်စင်စစ်ရိတာဟိုင်၏ သိုင်းပညာမှာအတော်အစွမ်း ထက်မြက်သည်။ ကိန်လေ့ထက်ပင် သာလွန်သည်။

သို့သော် လူသူကင်းမဲ့ပြီး အစားအသောက် ရှားပါး သည့် မိစ္ဆာကျွန်း ပေါ်တွင် နှစ်ရှည်လများ အငတ်ငတ် အပြတ်ပြတ်နေခဲ့ရသည့်အတွက် ရိတာဟိုင်မှာ အာဟာရ ချို့တဲ့ပြီး အားအင်ဆုတ်ယုတ် နည်းပါးနေသည်။



ထို့ကြောင့် ကိန်လေ့နှင့် ရင်ဆိုင်ရာတွင် အားစိုက်ခွန် စိုက်ဖြင့် အကြိတ်အနယ် မတိုက်ခိုက်နိုင်ဘဲ အရေးနိမ့်သွား ရခြင်းဖြစ်သည်။

''ကျွန်တော်တို့ ဒီကိုလာတာ အဘရဲ့ ရတနာသိုက်ကို လုချင်လို့မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ အပေါင်းအသင်း တွေကို ကူညီပေးရအောင် လာခဲ့တာပါ''

''ဒီကျွန်းပေါ်မှာ ငါ့အပြင်ဘယ်သူတွေများ ရှိသေး လို့လဲ''

''အခုရက် နှစ်ရက်အတွင်းမှာ ဒီကျွန်းပေါ်ကိုလာကြ တဲ့ လူတွေ မရှိဘူးလား''

''မရှိဘူး၊ မင်းတို့သုံးယောက်အပြင် တခြားဘယ်သူမှ ရောက်မလာကြဘူး''

ကိန်လေ့သည် ရိတာဟိုင်နှင့် အချီအချ ပြောနေရာမှ ရောင်ပင်းတို့ဘက်သို့ လှမ်းကြည့်ကာပြောသည်။

''ဒီအတိုင်းဆိုရင် သူတို့တစ်တွေ ဒီကျွန်းပေါ် ရောက် မလာသေးတာ သေချာနေပြီ''

''ရှန်ကျုင့်ပြောသလို သူတို့တစ်တွေ ပင်လယ်ပြင်မှာပဲ ဆုံပြီး တိုက်ခိုက်ကြပြီနဲ့ တူတယ်''

ရောင်ပင်းကလည်း စဉ်းစဉ်းစားစားဟန်ဖြင့် ပြန်ပြော သည်။

''ဟော…. မင်းတို့ပြောနေကြတာက ဘယ်သူတွေလဲ''

ရိတာဟိုင် ကြားဝင်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့မိတ်ဆွေ လူငယ်သိုင်းသမား နှစ်ဆယ့်လေးယောက်နဲ့ သူတို့ကို လိုက်အန္တရာယ်ပေးနေတဲ့ စင်ရော်ဂိုဏ်းသားတွေကို ပြောနေတာပါ"

ကိန်လွှေက ပြန်အဖြေပေးလိုက်သည်။

"စင်ရော်ဂိုဏ်း ဟုတ်လား၊ စင်ရော်ဂိုဏ်းချုပ် ပျက်စီးပြိုကွဲသွားတာ ကြာပြီပဲ၊ ဘယ်ကနေ ပြန်ပေါ်လာတာလဲ"

ရိတာဟိုင်က တအံ့တသြပြောသည်။

"ဟုတ်ကဲ့၊ စင်ရော်ဂိုဏ်းက အခုပြန်ပြီးခေါင်းထောင်ထလာပြန်ပြီ၊ ခင်ဗျားရဲ့လက်ထောက်ဗိုလ်အဆိုမ်ကျောင်းတို့ လူစုကို စင်ရော်ဂိုဏ်းက ဂိုဏ်းဝင်အဖြစ် စည်းရုံးသိမ်းသွင်းထားတဲ့အပြင် မေန်းကျွန်းပေါ်မှာပဲ အခြေစိုက်ထားတယ်၊ အဘရဲ့သား ရိလျှံကျင်ကိုယ်တိုင်လဲ စင်ရော်ဂိုဏ်းဝင်တစ်ယောက် ဖြစ်နေပြီ"

ချောင်ပင်းက အကြောင်းစုံရှင်းပြလိုက်သည်။

"ဟာ.... မဖြစ်နိုင်တာ၊ စိမ်းကူးတို့လူစု ငါ့ကိုပုန်ကန်ပြီး လုပ်ကြံပြောကြတယ်ဆိုတာ ရိလျှံကျင်ကောင်းကောင်းသိတာပဲ၊ သူက ဒီကောင်တွေနဲ့ အတူတူ ပူးပေါင်းမှာ မဟုတ်ပါဘူး"

ရိတာဟိုင်က မယုံကြည်နိုင်သောအသွင်ဖြင့် ပြောသည်။

"ရိလျှံကျင်ကိုကြည့်ရတာ စိတ်ပါလို့ပူးပေါင်းနေတာတော့ ဟုတ်ဟန်မတူဘူး၊ သူ့မှာ အခုဆိုရင် ခြေထောက်တစ်ဖက်ပြတ်ပြီး ဒုက္ခိတတစ်ပိုင်း ဖြစ်နေရရှာတယ်၊ ဒါကြောင့် စင်ရော်ဂိုဏ်းချုပ် တောင်ဇီမကို မလွန်ဆန်နိုင်ဘဲ



ခိုင်းသမျှလုပ်နေတာ ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ ဆင်ထာပဲ"

ကိန်လွှေက ဝင်ပြောလိုက်သည်။

"အခု တစ်စခန်းထလာတဲ့ စင်ရော်ဂိုဏ်းရဲ့ဂိုဏ်းချုပ်က မိန်းကလေးလား"

ရိတာဟိုင်က မေးသည်။

"ဟုတ်တယ်"

ကိန်လွှေက ပြန်အဖြေပေးလိုက်သည်။

"ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ"

ရှန်ကျင့်က ဝင်မေးသည်။

"ဒီကျွန်းပေါ်မှာ လေးငါးရက်လောက် ထပ်စောင့်ကြည့်နေရင် ကောင်းမယ်ထင်တယ်"

"မင်းမှာ လေးငါးရက်လောက် ဆင်နေတာက ဟုတ်ပါပြီ၊ ငါ့ရဲ့ရတနာတွေကို မလှူပါဘူးလို့ ကတိပေးထားတာကိုတော့ မမေ့ကြနဲ့နော်"

မိမိ၏ ရတနာများအတွက် စိုးရိမ်မိသော ရိတာဟိုင်က ကမန်းကတန်း ဝင်ပြောသည်။

ရိတာဟိုင်က မတတ်သာသောကြောင့်သာ ကြည့်နေရသည်။ ဖြစ်နိုင်လျှင် ကိန်လွှေတို့သုံးယောက်ကို အပြတ်ရှင်းပစ်လိုက်ချင်သည်။

"စိတ်ချပါဗျာ၊ အဘရဲ့ ရတနာတွေကို ကျွန်တော်တို့ လုံးဝ စိတ်မဝင်စားပါဘူး၊ ဒါနဲ့ ဟိုသင်္ချိုင်းဘေး ဂူက ဘယ်သူတွေရဲ့ သင်္ချိုင်းလဲ"

www.burmeseclassic.com



ရှောင်ဖင်းအာ မေးလိုက်သည်။ သူတို့အဖွဲ့ ရတနာအချို့ကို ရှိရာ လိုက်ရှာသွားရင်း သချိုင်းဂူများဆီ ရောက်မိသော ကြောင့် ယခုလိုမေးလိုက်ခြင်း ဖြစ်သည်။

"အဆိပ်မိကျောင်း စိမ်းကား တို့ ငါ့ကိုဝိုင်းဆန်ပြီး လုပ် ကြံခဲ့တုန်းက ဝေါဟာ ဒဏ်ရာအပြင်းအထန်ရခဲ့တယ်၊ ဂိုဏ်း ဝင် လေးယောက်နဲ့အတူ ငါ့ရဲ့ ရတနာတွေမြှုပ်ထားတဲ့ ဟောဒီ မိစ္ဆာကျွန်းကို အရောက် ထွက်ပြေးလာခဲ့ရတယ် ဒီကျွန်းပေါ်ရောက်မှ ရလာတဲ့ ဒဏ်ရာတွေကို ဆေးကုရ တယ်၊ ငါ့ရတနာသိုက်ရှိတဲ့နေရာကို ပေါက်ကြားမှာစိုးလို့ ငါနဲ့ အတူတူပါလာတဲ့ လူလေးယောက်ကို သတ်ပစ် လိုက်တယ်၊ သူတို့က ငါ့ကိုကျေးဇူးပြုခဲ့တာတွေကို အောက် ထားပြီး သူတို့ရဲ့အလောင်းတွေကို ကောင်းကောင်း မြေ မြှုပ်ပေးပြီး သချိုင်းဂူ လုပ်ပေးထားခဲ့တာပါ"

ရှီဟာဟိုင်က ပြန်အဖြေပေးသည်။

"ဒီကျွန်းပေါ်မှာ စောင့်နေဆဲ ဘာအကျိုးရှိနိုင်မှာ လဲ၊ တကယ်လို့ သူတို့တစ်တွေ ဖင်လယ်ပြင်မှာ တိုက်ပွဲဖြစ် ကြမယ်ဆိုရင် ဒီကျွန်းပေါ်ကိုရောက်လာနိုင်စရာအကြောင်း မရှိတော့ဘူး၊ ဒီတော့ ကျွန်တော်တို့ ပြန်ကြရင် ကောင်း မယ်"

ရှောင်ပင်းက ကိန်လွေကို လှမ်းပြောသည်။

"ဟော ဒီမိစ္ဆာကျွန်း တည်ရှိတဲ့နေရာကို လင်ယုယုမဲ သိတယ်၊ တကယ်လို့ သူတို့ကို စင်ရေဗ်ဂိုဏ်းချုပ်တို့လူစုက အနိုင်တိုက်ကြတယ်ထားဦး၊ လင်ယုယုတို့ကိုတော့ သတ်



မပစ်သေးဘဲ အရှင် လက်ရဖမ်းထားပြီး မိစ္ဆာကျွန်း ဘယ် မှာ ရှိတယ်ဆိုတာကို စစ်မေးကြမှာပဲ"

"လင်ယုယုဟာ ဒီနေရာကို လိုက်ပြပေးပါ့မလား"

ရှန်ကျင့်က မေးသည်။

"လင်ယုယုဟာ စဉ်းစားဉာဏ်ရှိတဲ့ မိန်းကလေးတစ် ယောက်ပဲ၊ မိုက်ရူးရဲ မလုပ်ပါဘူး၊ မတတ်သာတဲ့အခြေ အနေရောက်လာရင် အလျော့ပေးတန် အလျော့ပေးလိုက် မှာပါပဲ၊ ပြီးတော့ နောက်တစ်ခုရှိသေးတယ်၊ သူတို့ နောက်ကို ဂိုဏ်းချုပ်က နောက်ယောင်ခံပြီး လိုက်မယ်ဆို တာကို လင်ယုယုတို့ ရိပ်မိနိုင်တယ်....

"အဲဒီလိုဆိုရင် လင်ယုယုကတော့ မိစ္ဆာကျွန်းကို တိုက် ရိုက်မလာဘဲ တခြားကျွန်းတစ်ခုခုကို လမ်းလွှဲသွားပြီး စင်ရေဗ်ဂိုဏ်းချုပ်တို့လူစုကို ရင်ဆိုင်ချင်ရင်ဆိုင်လိမ့်မယ်၊ တို့စွပြတ်အောင်ရှင်းပြီးမှ မိစ္ဆာကျွန်းကို ဆက်လာလိမ့် မယ်၊ ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် လင်ယုယုတို့တစ်တွေပဲ ဖြစ်ဖြစ်၊ စင်ရေဗ်ဂိုဏ်းချုပ်တို့ လူစုပဲဖြစ်ဖြစ် ဟောဒီမိစ္ဆာ ကျွန်းကိုတော့ တစ်နည်းမဟုတ်တစ်နည်း ရောက်လာကြ လိမ့်မယ်၊ ကျွန်ုပ်တော်တို့ ဒီကနေ စောင့်နေတာ မမှားပါ ဘူး"

ကိန်လွေက အကျယ်တဝင့်ပင် ရှင်းပြသည်။

"ဒါနဲ့ မင်းတို့လှေပေါ်မှာ ရိက္ခာတွေဘာတွေ ပါ မလာဘူးလား"

ရှီတာဟိုင်က ကြားဖြတ်ကာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ—ဖါလာတာပေါ့ဗျ၊ ပါတာမှ အများကြီးပဲ၊ အစုံပဲ"

ကိုန်လွှေက ပြန်အဖြေပေးလိုက်သည်။

"လမုန့်လေး ဘာလေးကော မပါဘူးလား"

"ပါလာပါတယ်"

"အေး—အေး၊ အဲဒီလိုဆိုရင် ငါတို့ လမုန့်ဈေးတစ်ခု နှစ်ခုလောက် မှာပါကွာ"

အနှစ်နှစ်အလလ ငတ်ပြတ်နေသော ရိတာဟိုင်က ကြွနြွဝင်မဆည်နိုင်ဘဲ ပြောလိုက်သည်။

"မှာတာကတော့ မှာနိုင်ပါတယ်၊ ဒါပေမယ့် အလကားတော့ မရဘူး၊ ရတနာသိုက်ထဲက ပုလဲလုံးလေးတွေနဲ့ ဝယ်မှရမယ်၊ လမုန့်တစ်ခုကို ပုလဲတစ်လုံးနဲ့ ရောင်းမယ်"

"ဟာ—ကြေးကြီးလှချည်လားကွာ၊ ငါ့ပုလဲလုံးတွေက အရည်ကောင်း ပုလဲတွေချည်းပဲကွ၊ တစ်လုံးကို အနည်းဆုံး အသပြာတစ်ထောင်တန်တယ်၊ ဒီပုလဲလုံးတစ်လုံးနဲ့ လမုန့် သွားဝယ်ရင် လမုန့် လှည်းအစီးနှစ်ဆယ် တိုက်လောက်တောင် ရနိုင်တယ်၊ ဒီလိုတော့ မတရား အမြတ်မစားပါနဲ့ကွာ"

ရိတာဟိုင်က ဈေးဆစ်နေသည်။

"ဒါဆိုရင် အဘဘာသာ အဘ သွားဝယ်ချေလေ၊ လမုန့် လှည်းအစီးနှစ်ဆယ်တိုက်လောက် ရတယ်ဆိုရင် ပိုကောင်းတာပေါ့၊ ကျွန်တော့် ဆီကတော့ လမုန့်တစ်ခုကို ပုလဲတစ်လုံးပဲ"



ရေပတ်လည်ဝိုင်းနေသော ကျွန်းပေါ်၀ယ် သောင်တင်နေသော ရိတာဟိုင်အဖို့ ဘယ်မှာလျှင် လမုန့်သွားဝယ်နိုင်စွမ်း ရှိမည်နည်း။ ကြုံတောင့်ကြုံခဲ ကိန်လွှေတို့ရောက်လာသောကြောင့်သာ လမုန့်ရနိုင်သည့် အခွင့်အရေးကြုံရခြင်းဖြစ်သည်။ ထို့ကြောင့် ရိတာဟိုင်က အလျှော့ပေးရသည်။

"တစ်ခုတော့ ပိုပေးကွာ၊ လမုန့်နှစ်ခုကို ပုလဲတစ်လုံးပေးမယ်ဟုတ်လား"

"ကျွန်တော်က တစ်ခွန်းဈေးပဲ၊ မလျှော့နိုင်ဘူး"

ကိန်လွှေကလည်း ခပ်အေးအေး ပြန်ပြောသည်။

အလွန်ငတ်ပြတ်နေသော ရိတာဟိုင်မှာ လမုန့်စားလိုလှသည့်အတွက် မတတ်သာတော့ဘဲ ကိန်လွှေပြောသည့်ဈေးကို သဘောတူလိုက်ရတော့သည်။

"ကောင်းပါပြီကွာ၊ မင်းပြောတဲ့ဈေးအတိုင်းပဲ ပေးပါတော့မယ်"

"ထိုင်း...ရှန်တျင့်ရေ ဈေးတည့်ပြီဗျ၊ လှေပေါ်က ရိုက္ခာ နည်းနည်းပါးပါးလောက် သွားဆွဲခဲ့ စမ်းပါဗျာ"

ကိုန်လွှေက ကျွားနက်ရှန်ကျင့်ကို လှမ်းပြောလိုက်လေသည်။

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ရှန်ကျင့်က ရိတာဟိုင်ကို ရယ်ကျဲကျဲဖြင့်ကြည့်ကာ လှေဆိုက်ဆပ်ထားရာသို့ ထွက်သွားသည်။

ကိန်လွှေနှင့်ရောင်စင်းတို့က ထင်းခြောက်များ ရှာကာ မီးပုံတစ်ခု အသင့်ပြုလုပ်ထားလိုက်သည်။

www.burmeseclassic.com



မကြာမီမှာပင် ရှန်ကျွင့်သည် လမုန့်ဆယ်ခု၊ ဝက်အူချောင်းတစ်တွဲ၊ အမဲခြောက် တစ်မြှောင်းနှင့် အရက်အိုး ဆွဲဆောင်ကာ ပြန်ရောက်လာသည်။

အရက်အိုးကို မီးပုံနားချထားပြီး ဝက်အူချောင်းကို မီးကင်သည်။ အမဲခြောက်ကိုလည်း မီးဖုတ်သည်။

"ရော့—အဘ၊ ဟောဒီမှာ လမုန့်တစ်ခု၊ ပေးပုလဲ တစ်လုံး"

ကိန်လွေ့က ရိတာဟိုင်ကို လမုန့်တစ်ခုလှမ်းပေးပြီး ပြောလိုက်သည်။

ငတ်မွတ်နေသော ရိတာဟိုင်သည် လမုန့်ကို ချက်ချင်းပင် ပလုတ်ပလောင်း စားပစ်လိုက်သည်။

ကိန်လွေ့တို့ သုံးယောက်က တစ်ယောက် အရက်တစ်ခွက်စီငှဲ့ကာ ဝက်အူချောင်းကင်၊ အမဲခြောက်ဖုတ် တို့နှင့် စားသောက်နေကြသည်။

ရိတာဟိုင်မှာ ကိန်လွေ့တို့ စားသောက်နေကြသည်ကို ကြည့်ပြီး သွားရည်ယိုလာသည်။

"ဟေ့ ကောင်တွေ၊ ကောင်းမှုလှူသိုလ် ပြုတဲ့ အနေနဲ့ ငါ့ကို နည်းနည်းပါးပါးလောက် မျှဝေပါလားကွာ"

စားချင်စိတ်ကို မချိုသိပ်နိုင်တော့သည့် အဆုံး ရိတာဟိုင်က မရှက်မကြောက်နိုင်တဲ့ ထုတ်ဖော်ပြောကြားလိုက်သည်။ ရွှေငွေရတနာများကို ငမ်းငမ်းတက်ခုံမင်သော ရိတာဟိုင်ကို ပညာပေးလိုသည့်အတွက် ကိန်လွေ့က ခပ်တည်တည် ပြန်ပြောလိုက်သည်။



"ဟာ—ရပါတယ်ဗျာ၊ ဝက်အူချောင်းတစ်ချောင်းကို ပုလဲတစ်လုံး၊ အမဲခြောက် တစ်မြှောင်းကို ပုလဲ တစ်လုံးနဲ့ ရောင်းမယ်၊ အရက်ကိုတော့ မရောင်းနိုင်ဘူး"

"ဟေ—အရက်ကို ဘာကြောင့် မရောင်းနိုင် ရတာလဲ"

"ကျွန်တော်တို့သောက်ဖို့ ချန်ထားရဦးမှာမို့ပါ"

"တစ်ခွက်တလေ လောက်တော့ ရောင်းပါကွာ၊ ငါ အရက်မသောက်ရတာကြာလှပြီကွ"

"ရောင်းမယ်ဆိုရင်တော့ ဈေးကြီးတယ်၊ အဘ ဝယ်နိုင်မယ် မထင်ဘူး"

"အောင်မယ် ဘာလို့ မဝယ်နိုင်ရမှာလဲ၊ ငါ့ရတနာသိုက်ထဲက ပစ္စည်းတွေက မြို့တစ်မြို့လုံးကိုတောင် ဝယ်နိုင်တယ်ကွ"

"ဒီလိုဆိုရင် အရက်တစ်ခွက်ကို ပုလဲလေးလုံးနဲ့ရောင်းမယ်ဗျာ"

"ဟာ—လွန်လှ ချည်လားကွာ၊ ဒီလိုတော့ မတရား အမြတ်ကြီးမစားပါနဲ့"

"အမြတ်ကြီးစားတာ မဟုတ်ပါဘူး၊ ကြိုက်မှဝယ်၊ မကြိုက်ရင်လဲ မဝယ်ဘဲနေပေါ့"

ကိန်လွေ့က ဤသို့ပြောပြီးမိမိခွက်ထဲရှိအရက်ကို အားရပါးရသောက်ချလိုက်သည်။

အရက်နံ့သင်းသင်းကို ရှူမိသောကြောင့် ရိတာဟိုင်မှာ လွန်စွာသောက်ချင်လာသည်။

www.burmeseclassic.com



"အေးပါကွာ…၊ မဝီးပြောတဲ့ဈေးပဲ ဝယ်စားပါ့မယ်၊ တစ်ခွက်ပေးစမ်းပါ"

ရိတာဟိုင်က ဤသို့ပြောပြီး ပုလဲလေးလုံးကို ထုတ်ပေးသည်။

ကိုန်လွှကာမည်နှင့် အရက်တစ်ခွက်ကို ရိုရိုသေသေ ငှဲ့ပေးလိုက်သည်။ ရိတာဟိုင်က အရက်ကို အားရ ပါးရ မော့ချလိုက်သည်။

"ဝက်အူချောင်းတစ်ချောင်းနဲ့ အမဲတစ်မြှောင်း ပေးပါဦးကွာ"

အရက်တစ်ခွက် မော့ချပြီးနောက် ရိတာဟိုင်က ဤသို့ ပြောကာ ပုလဲနှစ်လုံး ထုတ်ပေး လိုက်သည်။ ဝက်အူချောင်းတစ်ချောင်းနှင့် အမဲခြောက်တစ်မြှောင်းပေးလိုက်သည်။

ရိတာဟိုင်က အားရပါးရခင် စားပစ်လိုက်သည်။

"အခုနအတိုင်း တစ်မျိုးကိုတစ်ခုစီ ထပ်ပေးဦးကွာ"

ဝက်အူချောင်းမီးတင်နှင့် အမဲခြောက်ဖုတ် မှာစား၍ ကောင်းလှသောကြောင့် ရိတာဟိုင်က နောက်ထပ် ပုလဲနှစ်လုံးပေးကာ ဝယ်စားပြန်သည်။

"ဟာ… တယ်ကောင်းပါလား၊ ဒီလောက် အရောင်းအဝယ် ကောင်းမယ်မှန်းသိရင် ကျွန်တော်တို့ အစောကြီး ကတည်းက အစားအသောက် တွေယူလာဖြီး ဒီကျွန်းမှာ ဆိုင်လာဖွင့်တာပေါ့ဗျာ၊ ဟား…ဟား…ဟား"

ရောင်ပင်းက ခစ်ခေါ့ခေါ့ ပြောလိုက်သည်။



နောက်ထပ်ဝက်အူချောင်းတစ်ချောင်းနှင့် အမဲခြောက်တစ်မြှောင်း စားပြီးသောအခါ ရိတာဟိုင်မှာ အတော်ဗိုက်တင်းသွားလေပြီ။

သို့သော် အရက်သောက်ရသည်ကို အားအားမပြေသေး၊ ထို့ကြောင့် အရက်တစ်ခွက် ထပ်ဝယ်သည်။

"ဟာ….တော်ပြီ…တော်ပြီ၊ နောက်ထပ်ဘာမှမရောင်းနိုင်တော့ဘူး"

ကိုန်လွှက ငြင်းဆန်လိုက်သည်။

"ဟာ…ဘာဖြစ်လို့ မရောင်းနိုင်တော့တာလဲ"

"ဟောဒီလိုခြောက်ကပ်ပြီး လူမနီးသူမနီး ပင်လယ်ပြင်ထဲက ကျွန်းပေါ်မှာ အစားအသောက်တွေက သိပ်ပြီး တန်ဖိုးရှိတာဗျ၊ ရွှေငွေရတနာ ပစ္စည်းတွေက စားလို့ရတာ မဟုတ်ဘူး"

"မင်းပြောတဲ့ ဈေးအတိုင်း အရက်တစ်ခွက်ကို ပုလဲလေးလုံး ပေးပါ့မယ်ကွ၊ တစ်ခွက်လောက်ပဲ ရောင်းစမ်းပါ"

"ရှစ်လုံးပေးလဲ မရောင်းနိုင်ဘူး"

ရိတာဟိုင်က အရက်တစ်ခွက် ရောင်းချရန် အမျိုးမျိုးပြောဆို တောင်းပန်နေသည်။ ရန်ကျင့်က သနားလာသဖြင့် ဝင်ပြောပေးရာ နောက်ဆုံးတွင် ပုလဲလုံးဆယ့်တစ်လုံးနှင့် ဈေးတည့်သွားသည်။

"ဟား….ဟား…ရတနာသိုက်ရှိနေတဲ့ ကျွန်းကိုရောက်ပြီး အရောင်းအဝယ်လုပ်တာ တယ်စီးပွား ဖြစ်ပါလား၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



နေ့တည်း ပုလဲနှစ်ဆယ့်တစ်လုံး ရတယ်၊ ကဲ… သုံးယောက် ခွဲယူကြမယ်ဗျာ”

ကိန်လေ့က ရှယ်မေစပြောဆိုပြီး ရောင်ပင်းနှင့်ရှန်ကျင့် တို့ကို ပုလဲခုနစ်လုံးစီ ခွဲပေးလိုက်သည်။

“ဒီမှာအစ္စဲဝနဲ့ အရောင်းအဝယ်လုပ်ပြီးရတဲ့ ပစ္စည်း ဆိုတော့ လက်ခံကောင်းပါတယ်”

ရောင်ပင်းတို့ကလည်း ဝမ်းသာအားရပြောကာ ပုလဲ ခုနစ်လုံးစီကို လက်ခံယူထားလိုက်ကြသည်။

“ငါ ဒီကျွန်းပေါ် ရောက်နေတာ ငါးနှစ်ကျော်နေပြီ၊ ဒီနေ့လောက် အစားကောင်း အသောက်ကောင်း အားရ ပါးရ စားရတဲ့နေ့ မရှိခဲ့ဘူး၊ ပုလဲနှစ်ဆယ့်တစ်လုံး ပေးရ တာ တန်ပါတယ်ကွာ၊ ကဲ… တစ်ရေးတစ်မော သွားအိပ် လိုက်ဦးမယ်”

စိတ်ကြိုက် စားသောက်လိုက်ရပြီးပြီမို့ ရီတာဟိုင်က ကျေနပ်စွာပြောဆိုကာ ထိုင်ရာမှထပြီး သစ်ပင်အုပ်လေးသို့ လျှောက်လှမ်း ဝင်ရောက်သွားသည်။

“အဘိုးကြီးကို ဘာကြောင့် အစားအသောက်တွေ ဒီလောက်စျေးကြီးကြီးနဲ့ ရောင်းရတာလဲဗျ”

ရီတာဟိုင် ထွက်သွားသည်တွင် ရှန်ကျင့်က ကိန်လေ့ကို မေးလိုက်သည်။

“သူ့ကို ပညာပေး ဆုံးမလိုက်တာပေါ့၊ ရွှေငွေရတနာ ပစ္စည်းရှိရင် ဘာမဆိုပြည့်စုံတယ်ဆိုတာ မဟုတ်ဘူးလို့သိရ အောင် လက်တွေ့ပြလိုက်တာပါ”



ကိန်လေ့က ရယ်မောပြီး အဖြေပေးသည်။

“ကျွန်တော်တို့ ဒီနေ့ည ဘယ်မှာအိပ်ရင် ကောင်း မလဲ”

ရှန်ကျင့်ကမင် မေးခွန်းထုတ်လိုက်ပြန်သည်။

“ကျွန်းပေါ်မှာနှစ်ယောက်၊ လှေထဲမှာတစ်ယောက် ခွဲ အိပ်ကြမယ်၊ ဒါမှ လင်ယူယုတို့ ဖြစ်ဖြစ်၊ စင်ရော်ဂိုဏ်း သားတွေပဲ ဖြစ်ဖြစ် ညဘက်မှာ ရောက်လာကြရင် တစ် ယောက်မဟုတ် တစ်ယောက်က သိနိုင်မှာ”

ရောင်ပင်းက အကြံပေးသည်။

“ဒီအကြံ ကောင်းသားပဲ၊ လှေပေါ်မှာဘယ်သူအိပ်ပြီး ကျွန်းပေါ်မှာ ဘယ်သူအိပ်ကြမှာလဲ”

ကိန်လေ့က ပြောသည်။

“ခင်ဗျားနဲ့ရှန်ကျင့်က ကျွန်းပေါ်မှာအိပ်၊ ကျွန်တော် က လှေထဲမှာအိပ်မယ်၊ ခင်ဗျားက ဒီကျွန်းကိုရောက်ဖူးတဲ့ လူဆိုတော့ ကျွန်တော်တို့ထက်ပိုပြီး ကျွန်းရဲ့အနေအထား ကို သိတယ်”

ရောင်ပင်းက ပြောသည်။ ဤအစီအစဉ်ကို ကိန်လေ့နှင့် ရှန်ကျင့်တို့ကလည်း သဘောတူလိုက်ကြသည်။

သုံးယောက်သား ထိုနေရာတွင် ဆက်နေကာ စကား စမြည် ပြောဆိုရင်း အချိန်ဖြုန်းနေကြသည်။

ညနေစောင်း ခနစ်ရီတရောအချိန်သို့ ရောက်လာမှ လှေဆိုက်ကပ်ထားရာသို့ ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွက်လှေပေါ်သို့ ရောက်သောအခါ လှေဝမ်းထဲ၀ယ် ရိတာဟိုင် ဝင်ထိုင်နေသည်ကို တွေ့ရသည်။

ကိန်လှေတို့မှာ အတော်ဝင် ဒေါသထွက်သွားကြသည်။

"ဒီမယ်အဘိုးကြီး၊ နောက်ဆိုရင် လှေပေါ်ကို အရမ်းအရမ်း တက်မနေပါနဲ့"

ကိန်လှေက အသံမာမာဖြင့် ပြောလိုက်သည်။

"သိပ်လဲ ဒေါသကြီးမနေပါနဲ့၊ မင်းတို့ရဲ့လှေကို ငါက မခိုးပါဘူး၊ ငါသာအကောက်ကြံချင်ရင် ဟောဒီရွက်လှေကို ရွက်လွှင့်ပြီးထွက်သွားရင် မင်းတို့ဘာတတ်နိုင်မှာလဲ"

ရိတာဟိုင်က စပ်ဖြီးဖြီးဖြင့် ပြန်ပြောသည်။ ရိတာဟိုင်ပြောသည်မှာ ဟုတ်နေသောကြောင့် ကိန်လှေတို့ ဆက်အပြစ်မဆိုသာတော့ပေ။

"ဒါဖြင့် လှေပေါ် ဘာကိစ္စ တက်နေရတာလဲ"

ရောင်ပင်းက မေးလိုက်သည်။

"မင်းတို့နဲ့ အပေးအယူ လုပ်ချင်လို့ပေါ့"

"ဘာအပေးအယူလဲ"

"ဟောဒီကျွန်းပေါ်မှာ ရတနာပစ္စည်းတွေ ရှိနေပေမယ့် ငါ့အနေနဲ့ ဒီရတနာတွေနဲ့တူတူ ဒီကျွန်းမှာဆက်နေလို့ ဘာမှ အကျိုးမရှိနိုင်ဘူးဆိုတာ ငါ စဉ်းစားမိပါပြီ၊ ဒါကြောင့် ရတနာပစ္စည်းတွေကိုသယ်ပြီး ဒီကျွန်းကထွက်ခွာသွားဖို့ ငါဆုံးဖြတ်လိုက်တယ်၊ တစ်နေရာရာမှာ သွားအခြေချပြီး အေးအေးဆေးဆေး နေတော့မယ်ကွာ၊ အဲဒါ မင်းတို့ရဲ့အကူအညီ လိုလာတယ်"



"ဘာအကူအညီလဲ၊ ကျွန်တော်တို့က ရတနာပစ္စည်းတွေ ဟောဒီရွက်လှေနဲ့ သယ်သွားပေးရမှာလား"

"မင်းတို့ရဲ့ ရွက်လှေလေးက သေးလွန်းပါတယ်၊ ငါ့ရတနာသေတ္တာ တစ်သေတ္တာတောင် မတင်နိုင်ဘူး၊ ဒီတော့ မင်းတို့ပြန်သွားကြပြီး သင်္ဘောကြီးကြီးနှစ်စီး ငှားလာခဲ့ကြ၊ မင်းတို့ကို ငါ့ရဲ့ရတနာပစ္စည်းတစ်ဝက် ခွဲပေးမယ်၊ မင်းတို့ဝေစုရတဲ့ ရတနာတွေကို သင်္ဘောတစ်စီးပေါ်မှာတင်၊ ကျန်တဲ့သင်္ဘောမှာ ငါ့ရဲ့ရတနာတွေတင်မယ်၊ ပြီးတော့ ဒီကျွန်းကနေ တစ်ယောက်တစ်လမ်း ထွက်သွားကြတာပေါ့"

"ကဲ...ရောင်းရင်းတို့ ဘယ်လိုသဘောရသလဲ"

ရောင်ပင်းက ရိတာဟိုင်နှင့် ခိုင်ခံပြောဆိုနေရာမှ ကိန်လှေတို့ကို လှမ်းမေးလိုက်သည်။

"လက်ခံလို့ မဖြစ်ပါဘူး"

ကိန်လှေက ပြန်ပြောလိုက်သည်။

"ကျွန်တော်လဲ သဘောမတူဘူး"

ရှန်ကျင့်တာလည်း ပြောသည်။

"ကဲ...အဘကြားတဲ့အတိုင်းပဲ၊ ကျွန်တော်တို့က အဘရဲ့ ကမ်းလှမ်းတာကို လက်မခံနိုင်ပါဘူး၊ ကျွန်တော်တို့ ရောင်းရင်း နှစ်ဆယ့်လေးယောက်ကို ကူညီ ကယ်ဆယ်ပေးရမယ့် ဝတ္တရားလဲ ရှိနေပါသေးတယ်၊ ဒီတော့ အဘရဲ့ ရတနာတွေအတွက် အချိန်ကုန်မခံနိုင်ပါဘူး"

ရောင်ပင်းက ရိတာဟိုင်ကို ပြန်အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုစွက်ကို ဆောင်ရွက်ပေးပြီးမှ သူတို့ကို ကူညီပေးရင်လဲ ရနိုင်ပါတယ်ကွာ"

ရိတာဟိုင်က စောဒက တက်လေသည်။

"ဒုက္ခတွေ့တော့မယ့်လူတွေကို ကူညီကယ်တင်ပေးတယ်ဆိုတာ လောင်နေတဲ့မီးကို ငြိမ်းသလိုပဲဗျ၊ အချိန်ဆွဲလို့မရဘူး၊ ပြီးတော့ ဒုက္ခတွေ့ရတော့မယ့်လူတွေအထဲမှာ အဘရဲ့သား ရိုလျှံကျော်တစ်ယောက်လုံး ပါနေတယ်ဆိုတာကို ကော စဉ်းစားမိရဲ့လား"

ရိတာဟိုင် ခေတ္တ ငေးငိုင်သွားသည်။ ထို့နောက် သက်ပြင်းကြီးတစ်ချက်ချပြီး ပြောသည်။

"စင်ရေဂိုဏ်းကလူတွေ ဒီကျွန်းပေါ် ရောက်ချင်ရောက်လာမှာပဲနော်၊ သူတို့လက်ထဲကိုတော့ ငါရတနာပစ္စည်းတွေ အရောက်မခံနိုင်ဘူး၊ ဒါကြောင့် မင်းတို့ဆီက အကူအညီ တောင်းနေတာပါ"

ရိတာဟိုင်က မည်သို့ပြောဆိုစည်းရုံးသည်ဖြစ်စေ ကိုနီလွှတို့ သုံးဦးက ပူးပေါင်းကူညီခြင်း မပြုနိုင်ကြောင်း ပြတ်ပြတ်သားသားဖြင့် ငြင်းပယ်လိုက်ကြသည်။

နောက်ဆုံးတွင် ရိတာဟိုင် စိတ်လျှော့ကာ ရွက်လှေပေါ်မှဆင်း၍ ကျွန်းပေါ်သို့ တက်သွားလေတော့သည်။

ထိုအချိန်တွင် နေဝင်သွားပြီး မှောင်ရိပ်သန်းလာပြီဖြစ်သည်။

"ကိုင်း…မိုးတောင်ချုပ်ပြီ၊ ကျွန်တော် ပြောထားတဲ့ အစီအစဉ်တွေအတိုင်း လူခွဲအိပ်ကြရအောင်၊ ခင်ဗျားတို့

အစီအစဉ်တွေအတိုင်း လူခွဲအိပ်ကြရအောင်၊ ခင်ဗျားတို့



နှစ်ယောက် သတိထားကြဦးနော်၊ ညကျရင် အဘိုးကြီးက အလစ်ဖမ်း လာတိုက်ချင်တိုက်နေမယ်"

ရောင်မင်းက ပြောသည်။

"အဘိုးကြီး ဒီလောက် မစွန့်စားရဲပါဘူးဗျာ၊ ကျွန်တော်တို့ သုံးယောက်ထဲက တယ်သူ့ကိုမှ သူမယှဉ်နိုင်ဘူးဆိုတာ၊ နားလည်မှာပါ၊ ကဲ…ကျွန်တော်တို့သွားမယ်၊ ခင်ဗျားလဲ သတိနဲ့အိပ်"

ကိုနီလွှက ဤသို့ပြောပြီး ရှန်ကျင့်နှင့်အတူ ကျွန်းပေါ်သို့ တက်လာကြသည်။

ညမှောင်သည်နှင့် ဖင်လယ်လောက တသွန်သွန်တိုက်ခတ်လာသည်။ ကိုနီလွှနှင့်ရှန်ကျင့်တို့သည် လေကွယ်သော ကျောက်ဆောင်တစ်ခု၏ နောက်ဝယ် နေရာယူလိုက်ကြ၏။

ထိုနေရာမှာ ကျွန်း၏ အမြင့်ပိုင်းတွင်ရှိသောကြောင့် ကျွန်းစတ်လည်ကို တွေ့မြင်နိုင်သည်။

"ဒီည တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကြရင် ကောင်းမယ်ဗျာ၊ ကျွန်တော်က ညသန်းခေါင်အထိ စောင့်မယ်၊ ခင်ဗျားက သန်းခေါင်ကနေ မိုးလင်းတဲ့အထိ စောင့်ပေါ့၊ ဒါမှ အိပ်တဲ့လူလဲ စိတ်ချလက်ချ အိပ်နိုင်မယ်"

လေကွယ်သော ကျောက်ဆောင်နောက်ဝယ် နေရာယူပြီးကြသောအခါ ရှန်ကျင့်က ပြောသည်။

"ကောင်းပြီ၊ ဒါဖြင့်ရင် ကျွန်တော် အရင်အိပ်မယ်၊ သန်းခေါင်ကျရင် နိုးပေါ့၊ မှတ်ထား"

သန်းခေါင်ကျရင် နိုးပေါ့၊ မှတ်ထား"

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွေက ဤသို့ပြောပြီး လှေပေါ်မှလှုလာခဲ့သော စောင်တို့ မြေပြင်ဝယ်ခင်းကာ လှဲအိပ်လိုက်သည်။

တစ်နေကုန် ပင်ပန်းခဲ့သောကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်။

''အား''

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကိန်လွေမှာ စူးစူးဝါးဝါး အော်သံတစ်ခုကို ကြားရသောကြောင့် အိပ်နေရာမှ လန့်နိုးလာသည်။

အော်သံမှာ တစ်ချက်သာ ကြားရပြီး တိတ်သွားလေသည်။

ကိန်လွေက အိပ်နေရာမှ လူးလဲ ထကာ စော်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လေပြင်းက တဝီဝီ တိုက်ခတ်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုက သိပ်သည်းစွာ ဖုံးအုပ်ထားသည်။

''ရှန်ကျင့်—ရှန်ကျင့်၊ ခင်ဗျားဘယ်မှာလဲ''

ကိန်လွေက မီးတိုနှစ်ချောင်း ထုတ်ယူကာ အသင့် ငြှိထားပြီး ကင်းစောင့်တာဝန်ယူထားသော ကျွန်နက်ရှန်ကျင့်ကို လှမ်းခေါ်လိုက်သည်။

ပြန်ထူးသံမကြားရ၊ ကိန်လွေ အစော်ဇင် ထိတ်လန့်စိုးရိမ်သွားသည်။

ရှန်ကျင့် အိပ်များပျော်နေလို့လား၊ ဒါမှမဟုတ် အန္တရာယ်တစ်ခုခုနှင့်များ ကြုံနေရလို့လား။



''ရှန်ကျင့်—ရှန်ကျင့်''

ကိန်လွေက အသံကျယ်ကျယ်ဖြင့် ထပ်အော်ပြန်သည်။ ထူးသံမကြားရ။

ဤတွင်ကိန်လွေက ကျောက်ဆောင်များကြားမှ အပြင်သို့ ထွက်လာခဲ့သည်။

ကျောက်ဆောင်များကြားဝယ် ပိန်းပိတ်အောင်မှောင်နေသော်လည်းအပြင်ဘက်စွန်မှ ဝိုးတဝါးအလင်းရောင် ရှိနေသည်။

ခပ်လှမ်းလှမ်းရှိ ကျောက်တုံးတစ်တုံးကိုမှီကာ ထိုင်နေသော လူတစ်ယောက်အသွင်သဏ္ဌာန်ကို ဝိုးတဝါးအလင်းရောင်ဖြင့် ကိန်လွေတွေ့လိုက်ရသည်။

''ရှန်ကျင့်၊ ခေါ်နေတာကို ဘာလို့မထူးတာလဲ''

ကိန်လွေအလှမ်းအော်လိုက်ပြန်သည်။ ရှန်ကျင့်ကမလှုပ်၊ ထိုအခါတွင်မှ ရှန်ကျင့်၏ ခေါင်းငိုက်စိုက် ဖြစ်နေသည်ကို ကိန်လွေသတိပြုမိသည်။

''ဟာ—ဒုက္ခပဲ၊ ရှန်ကျင့် ဘယ်လိုဖြစ်နေတာလဲ''

ကိန်လွေက အလန့်တကြား ရေရွတ်ရင်း ရှန်ကျင့်ရှိရာသို့ ပြေးသွားကာ ဆွဲမထူလိုက်သည်။

ရှန်ကျင့် အသက်မရှိတော့။

လည်ပင်းပြတ်ကာ သေဆုံးနေလေပြီ။

ခန္ဓာကိုယ်မှာ ခပ်နွေးနွေး ဖြစ်နေသေး သောကြောင့် ရှန်ကျင့် အသတ်ခံရသည်မှာ မကြာလှသေးကြောင်း ကိန်လွေသိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှန်ကျင့်ကို ဘယ်သူသတ်သွားတာလဲ၊ ရီတာဟိုင်များလား၊ ရီတာဟိုင်က သိုင်းပညာ ကောင်းပေမယ့် အားအင်ဆုတ်ယုတ်နေတယ်၊ ရှန်ကျင့်ဒီလိုလည်ပင်းပြတ်အောင် တစ်ချက်တည်းတိုက်ခိုက်နိုင်တဲ့ စွမ်းအား မရှိဘူး။ ဒီလိုလည်ပင်းပြတ်အောင် တိုက်ဖို့ဆိုတာကလဲ အနီးကပ်ပြီးအဖိုင်တိုက်နိုင်မှဖြစ်တာ၊ ဟာ...ဟုတ်ပြီ၊ ရှန်ကျင့်ဘင်းစေ့ရင်းအိပ်ပျော်နေတုန်း အလစ်ဝင်သတ်သွားတာဖြစ်မယ်၊ သိကြရောပေါ့၊ ဒီအဘိုးကြီးကိုတော့ ကောင်းကောင်း အပြစ်ပေးရမယ်"

ကိန်လေ့က ဤသို့စဉ်းစားကာ ရီတာဟိုင်ရှိနေမည်ထင်သော ကျွန်း၏အရှေ့ဘက်ပိုင်းဆီသို့ ပြေးလာခဲ့သည်။

ရတနာသိုက်ရှိရာ လိုဏ်ဂူ၏ အရှေ့သို့ ရောက်သောအခါတွင်မှ ကိန်လေ့ တစ်စုံတစ်ရာကို စဉ်းစားမိပြန်သည်။

"ဟာ...ငါဒီဘက်ကို အလောတကြီး ထွက်ပြေးလာမိတာ မှားသွားပြီ၊ ရီတာဟိုင်က ရှန်ကျင့်ကို လုပ်ကြံသတ်ဖြတ်ပြီးတာနဲ့ ဒီကျွန်းက ထွက်ပြေးဖို့ကြံတော့မှာပဲ၊ ဒါဆိုတို့လှေကိုအရယူလိမ့်မယ်....

"လှေပေါ်မှာ အိပ်နေတဲ့ ရောင်ပင်းအတွက်အန္တရာယ်ရှိနိုင်တယ်၊ သူ့ကိုသွားပြီး သတိပေးထားပြီးမှ ရီတာဟိုင်ကို ရှာရမယ်၊ ဒီအဘိုးကြီး ဒီကျွန်းပေါ်က တခြားကို ထွက်မပြေးနိုင်ပါဘူး"



ဤသို့ စဉ်းစားမိသည့်အတွက် ကိန်လေ့သည် ရီတာဟိုင်ကိုဆက်ရှာမနေတော့ဘဲ ရွက်လှေဆိုက်ကပ်ထားရာနေရာသို့ ပြန်ပြေးလာခဲ့သည်။

ရွက်လှေ ဆိုက်ကပ်ထားရာနေရာသို့ ကိန်လေ့ပြန်ရောက်လာခဲ့သည်။ ရွက်လှေကို ခြေရာလက်ရာ မပျက် ကမ်းစပ်ဝယ်တွေ့ရသောကြောင့် ကိန်လေ့အနည်းငယ် စိတ်အေးသွားသည်။

"ရောင်ပင်း...ရောင်ပင်း ထစမ်းပါဦးဗျာ၊ ရှန်ကျင့်ကို ရီတာဟိုင်က အလစ်ဖမ်းပြီးသတ်သွားတယ်"

ကိန်လေ့အော်ပြောရင်း ရွက်လှေပေါ် ခုန်တက်လာသည်။

ကိန်လေ့ ခုန်တက်လိုက်သည့်အရှိန်ကြောင့် ရွက်လှေမှာ သိမ့်ခနဲလှုပ်ခါသွားသည်။ ကိန်လေ့၏အသံမှာလည်းအလွန်ကျယ်လောင်သည်။

အိပ်ပျော်နေသော ရောင်ပင်း နိုးလာ လောက်သည်။ သို့သော် လှေထဲမှ မည်သည့်အသံမျှမကြားရ။ မည်သည့်လှုပ်ရှားမှုမျှလည်းမရှိ။

ရောင်ပင်းမှာ သိုင်းပညာ အစွမ်းထက်သူတစ်ယောက်ဖြစ်၏။ ယခုလို အသံပေးကာ ခုန်တက်လာသည် မဆိုထားဘိ၊ တိတ်တဆိတ် ချဉ်းကပ်လာသည့်တိုင် သိနိုင်လောက်သည်။

ကိန်လေ့ အတော်ပင်စိုးရိမ်လာ၏။ ထို့ကြောင့် လှေဝမ်းထဲသို့ ချက်ချင်းပင် ပြေးဝင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လှေဝမ်းထဲတွင် မှောင်မိုက်နေသည်။

ကိုန်လှေက နားကိုအစွမ်းကုန်စွင့်ထားရင်း လှေဝမ်းထဲ ထို လက်ဖြင့် ဟိုစမ်းသည်စမ်းလှုပ်ကြည့်နေသည်။

တိုယ်ခန္ဓာတစ်ခုကို ကိုန်လှေစမ်းမိသည်။ ထိုခန္ဓာကိုယ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည်။

"ရောင်ဖင်း....ရောင်ပင်း...."

ကိုန်လှေက စမ်းမိသော ကိုယ်ကိုဆွဲလှုပ်ကာ ပါးစပ်မှ အော်ခေါ်ကြည့်သည်။ မည်သည့်တုံ့ပြန်မှုပေါ်မလာ။

လှေဝမ်းထဲတွင် မီးခွက်တစ်ခုရှိနေသည်ကို ကိုန်လှေ သတိရမိသည်။ ထို့ကြောင့် မီးခွက်ရှိရာကို အသာ လက်ဖြင့် စမ်းကြည့်သည်။ မီးခွက်ကို စမ်းမိသောအခါ မီးခြစ်ကျောက်ကိုထုတ်၍ မီးခတ်ကာ ထွန်းညှိလိုက်သည်။

မီးခွက်၏အလင်းရောင်ကြောင့် လှေဝမ်းထဲရှိ မြင်ကွင်းကို ထင်ရှားစွာ မြင်လာရသည်။

လှေဝမ်းထဲတွင် ဆန်းကြွယ်လူလင်ရောင်ပင်းမှာ ပက်လက်လန်ကာ လဲကျနေ၏။ ရောင်ပင်း၏ ရင်ဝတည့်တည့်တွင် ဓားမြှောင်တစ်လက် စိုက်လျက်သားရှိနေသည်။

ကိုန်လှေ အတော်တုန်လှုပ်ချောက်ချားသွားသည်။ ယခုအတိုင်းဆိုလျှင် ရောင်ပင်းသည်း ရိတာဟိုင်၏လက်ချက် မိသွားမိပေပြီ။

ကိုန်လှေမှာ လူငယ်သိုင်းသမားများနှင့် တွေ့ဆုံရင်းနှီးခဲ့သည်မှာ မကြာသေးသော်လည်း သက်တူရွယ်တူဖြစ်ကာ



စိတ်နေစိတ်ထားချင်းလည်း တူညီသည်ဖြစ်သောကြောင့် အတော် သံယောဇဉ်ရှိနေသည်။

ထို့ကြောင့် ရှန်ကျင့်နှင့်ရောင်ပင်းတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြသည်ကို တွေ့ရသည့်အတွက် ကိုန်လှေ အတော်ဝမ်းနည်းကာ ယူကျုံးမရဖြစ်နေသည်။

လက်သည် တရားခံဖြစ်သော ရိတာဟိုင်ကို အမှုန့်ခြေမစ်လိုသောစိတ်များ ပေါ်လာသည့်အတွက် ကိုန်လှေသည် ရောင်ပင်း၏အလောင်းကို သေသေချာချာစစ်ဆေးခြင်းပင် မပြုတော့ဘဲ လှေပေါ်မှ အမြန်ဆုံးပြေးဆင်းလာခဲ့သည်။

ကိုန်လှေသည် မိစ္ဆာကျွန်းပေါ်တွင် နေရာအနှံ့လျှောက်သွားကာ ရိတာဟိုင်ကို လိုက်ရှာသည်။

အဘိုးကြီးမှာ ပျောက်ချက်သားကောင်းလှသည်။

တစ်စောင်းနှင့်ရှာမတွေ့။

နောက်ဆုံးတွင်တော့ ကိုန်လှေသည် မိစ္ဆာကျွန်း၏အမြင့်ဆုံးနေရာသို့ ရောက်လာသည်။

ထိုနေရာရှိ ကျောက်ဆောင်တစ်ခု၏ရှေ့မှ ကိုန်လှေဖြတ်ကျော်လာခဲ့ရာတွင် ကျောက်ဆောင်ပေါ်မှ တွဲလောင်းကျနေသော ခြေထောက်တစ်စုံကို တွေ့လိုက်ရသည်။

ရိတာဟိုင် ဤနေရာတွင် လာရောက် ပုန်းအောင်းနေခြင်း ဖြစ်မည်ဟု ကိုန်လှေ နားလည်လိုက်သည်။

"ဗျို့...အဘိုးကြီး ရိတာဟိုင်၊ ပုန်းမနေပါနဲ့တော၊ အောက်ကို ဆင်းလာခဲ့စမ်းပါ"

ကိုန်လှေက လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ပေါ်မှ မည်သူမျှ ဆင်းမလာ၊ ခြေထောက်နှစ်ခုမှာလည်း ဤအတိုင်းရှိမြဲရှိနေသည်။

ကိန်လေ့ ဒေါသထွက်လာသည်။ ဒေါသကို မချုပ်တည်းနိုင်တော့သည့်အဆုံး လက်ထဲတွင် အသင့်ကိုင်လာခဲ့သောဓားဖြင့် ရိတာဟိုင်၏ ခြေထောက်နှစ်ဖက်ကို တအား ခုတ်ချလိုက်သည်။

"ရှပ်....ရှပ်...."

ဓားရောင် လက်ခနဲဖြစ်သွားပြီး ခြေထောက်နှစ်ခုပြတ်ကျလာသည်။

သို့သော် အော်ဟစ်သံလည်း ပေါ်မလာ၊ မည်သည့်လှုပ်ရှားမှုမှလည်း မရှိ။

ကိန်လေ့အတွေးရခက်သွားသည်။ ထို့ကြောင့် ကျောက်ဆောင်ပေါ်သို့ တက်၍ကြည့်လိုက်သည်။

မြင်ကွင်းက မလှ။

ရိတာဟိုင်မှာ ရင်ဝတွင် ပုဆိန်အဝေါက်ခံရကာ အသက်ပျောက်နေသည်ကို ကိန်လေ့တွေ့လိုက်ရသည်။

ဒဏ်ရာဒဏ်ချက်ကိုကြည့်ခြင်းဖြင့် ရိတာဟိုင်မှာ မိမိကိုယ်မိမိ သတ်သေသွားခြင်းလည်းမဟုတ်နိုင်။ သူတစ်ပါး လက်ချက်မိကာ သေဆုံးနေခြင်းသာဖြစ်သည်။

ဤကျွန်းပေါ်ဝယ် လူလေးယောက်ရှိသည့်အနက် ကိန်လေ့မှအပ ကျန်သုံးယောက်စလုံး အသတ်ခံကြရကာ အသက်ပျောက်ကုန်ကြပြီ။



သေဆုံးနေသူများမှာ တစ်နေရာစီကွဲပြားကာ သေနေကြသည်ဖြစ်သောကြောင့် တစ်ယောက်နှင့် တစ်ယောက် ရင်ဆိုင်တိုက်ခိုက်ရင်း သေဆုံးသွားကြခြင်းလည်း မဖြစ်နိုင်။

ထိုသူများကို မိမိက လုပ်ကြံသတ်ဖြတ်လိုက်ခြင်းလည်း မဟုတ်သောကြောင့် ဤကျွန်းပေါ်ဝယ် လျှို့ဝှက်စွာ ပုန်းအောင်းနေသော လူတစ်ယောက်ယောက် ရှိရမည်ဟု ကိန်လေ့ စဉ်းစားမိသည်။

"သူတို့သတ်သွားတာ ဘယ်သူများပါလိမ့်၊ ဟာ အခုမှစဉ်းစားမိတယ်၊ စင်ရော်ဂိုဏ်းချုပ်နဲ့ သူ့လူတွေ တိတ်တဆိတ်ရောက်လာကြတာများ ဖြစ်နေမလား"

ကိန်လေ့၏စိတ်ထဲဝယ် ဤသို့တွေးမိသည့်အတွက် ရွက်လှေဆိုက်ကပ်ထားရာနေရာသို့အရောက် တစ်ခေါက် ပြန်ပြေးလာခဲ့ပြန်သည်။

ထိုနေရာဝယ် ရွက်လှေမရှိတော့။

ပျောက်ခြင်းမလှ ပျောက်နေလေပြီ။

"သူတို့ဟာ ဘာကြောင့် ရွက်လှေကိုယူပြီး ထွက်ပြေးသွားရတာလဲ"

ကိန်လေ့အဖို့ စဉ်းစားစရာဖြစ်လာပြန်သည်၊ စင်ရော်ဂိုဏ်းချုပ်တို့သာ ရောက်လာကြသည်ဆိုပါက ဤရွက်လှေလေးကို ခိုးယူကာ တိတ်တဆိတ် ထွက်ပြေးသွားစရာ အကြောင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာကျွန်းပေါ်ဝယ် ပြောင်ပြောင်တင်းတင်းနေကာ ရတနာများကို ရှာဖွေယူငင်ကြမည်သာ ဖြစ်သည်။

ကိန်လေ့သည် ရတနာသိုက်ရှိရာလှိုဏ်ဂူသို့ ပြေးလာခဲ့ပြန်သည်။ မီးထွန်းညှိ၍ လှိုဏ်ဂူထဲဝင်ကြည့်သောအခါ ရတနာသေတ္တာများ ခြေရာလက်ရာမပျက်ပင် တွေ့ကြရသည်။

‘‘ငါထင်သလို စင့်ရှော်ဂိုဏ်းချုပ်တို့လူစု မဟုတ်ဘူး၊ မိစ္ဆာကျွန်းပေါ်မှာ ရတနာသိုက်ရှိနေတယ်ဆိုတာ သိထားတဲ့ လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်ရမယ်၊ အဲဒီလူဟာ ဒီညပဲ မိစ္ဆာကျွန်းကို တိတ်တိတ်လေးရောက်လာပြီး ရှောင်ဇင်းနဲ့ ရိတာဟိုင်ကို အလစ်ဖမ်းသတ်ခဲ့တာ ဖြစ်ရမယ်၊ ရှန်ကျင့်ကို သုတ်သင်တဲ့အခါမှာ ရှန်ကျင့် မသေခင် အသံကျယ်ကျယ်နဲ့ အော်လိုက်လို့ ငါတို့ဆက်ပြီး သတ်ဖို့ အခွင့်မသာတာနဲ့ နောက်ကြောင်းပြန်ပြီး ထွက်ပြေးသွားတာ ဖြစ်ရမယ်’’

အကျိုးအကြောင်းများကို ဆက်စပ်၍ ကိန်လေ့၏စိတ်ထဲဝယ် ဤသို့ စဉ်းစားမိသည်။

ထိုလူက မိမိတို့ အစာဝတ်ပြတ်နေအောင် ရွက်လှေတို့ခိုးယူသွားခြင်းဖြစ်မည်ဟုလည်း ကိန်လေ့ တွေးမိသည်။

‘‘ဒီလူက အတော်အကြံပိုင်သားပဲ၊ ငါတော်ပြတ်ပြီး အားအင်ချည့်နဲ့နေတဲ့အခါကျတော့မှ သူက ကျွန်းကို တစ်ခေါက် ပြန်လာပြီး ရတနာတွေကို အေးအေးဆေးဆေး ယူမှာကိုး၊ အို....ယောကျ်ားမဲ၊ ဒီကျွန်းရဲ့ ပတ်ပတ်လည်



မှာ ငါးပုစွန်တွေ ပေါတယ်၊ ငါတလဲ ရေကောင်းကောင်းငုပ်တတ်တာဆိုတော့ ရိတာဟိုင်လိုထော့ အစာမတော်နိုင်ပါဘူး....

‘‘ဒီလူ တစ်ခေါက်ပြန်လာမယ့်အချိန်ကို ငါစိတ်ရှည်ရှည်နဲ့ စောင့်နေမယ်၊ ဒီကြားထဲ လင်ယုယုအို့တစ်တွေ ဒီကျွန်းကို ရောက်ချင် ရောက်လာကြမှာပါ၊ အင်း...အခုအချိန်မှာ လင်ယုယုတို့ ဘယ်နေရာများ ရောက်နေကြသလဲ မသိပါဘူးလေ’’

★

www.burmeseclassic.com

## အခန်း (၁၁)

ထိုအချိန်တွင် လင်ယုယုတို့မှာ မိစ္ဆာကျွန်းနှင့် ငါးမိုင်ခန့်ကွာသည့် ကျွန်းကလေးတစ်ကျွန်းပေါ်တွင် ရှိနေကြ၏။

စင်ရော်ဂိုဏ်းချုပ်တို့လူစုတာ သင်္ဘောတစ်စီးဖြင့် ထိုကျွန်းလေးကို လှည့်ပတ်၍နေသည်။ ကျွန်းနားသို့ ဆိုက်ကပ်ခြင်းမှုမရှိ။ ကျွန်းကမ်းခြေနှင့် ကိုက်(၃၀၀)ခန့်အကွာမှနေကာ ကျွန်းကိုပတ်၍ ခုတ်မောင်းနေခြင်းဖြစ်သည်။

ယခုအချိန်ဆိုလျှင် လင်ယုယုတို့၏ သင်္ဘောကို စင်ရော်ဂိုဏ်းသားများက အပိုင်စီးထားခဲ့သည်မှာ နှစ်ရက်တိုင်တိုင် ရှိနေပြီဖြစ်သည်။

ဤနှစ်ရက်တာအချိန်အတွင်း စင်ရော်ဂိုဏ်းသားများက ကျွန်းလေးပေါ်သို့ တက်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ



စိတ်ရှည်ရှည်ဖြင့်ပင်, ကျွန်း၏ ကမ်းခြေနှင့် ခပ်ကွာကွာနေရာမှ သင်္ဘောကို လှည့်ပတ်ခုတ်မောင်းကာ အခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်သည်။

"ဂိုဏ်းချုပ်ကြီး...ဂိုဏ်းချုပ်ကြီး၊ တိုမှာ ကြည့်စမ်းပါဦး၊ ဟိုလူတွေ ဘာလုပ်နေကြတာလဲ"

မတ်စောက်သော ကမ်းပါးစောက် တစ်ခုရှိရာနှင့် မျက်နှာချင်းဆိုင်သို့ သင်္ဘောရောက်လာသည်တွင် နဂါးဆေး စမ်းတွမ်းယဲ့က ကျွန်းပေါ်သို့ ညွှန်ပြရင်း ပြောလိုက်သည်။

စင်ရော်ဂိုဏ်းချုပ် မိန်းမပျိုလည်း နဂါးလေး ညွှန်ပြသော ကမ်းပါးစောက်အပေါ်ကို လှမ်းကြည့်လိုက်သည်။

ကမ်းပါးစောက် အပေါ်ဝယ် လူငယ်သိုင်းသမားအမျိုးသားသုံးယောက်နှင့် အမျိုးသမီးသုံးယောက် ရပ်နေပြီး ပင်လယ်ပြင်ထဲသို့ ပစ္စည်းတချို့ ပစ်ချနေသည်ကို တွေ့ရသည်။

ကိုက်(၃၀၀)ကျော် ကွာဝေးနေသည့်မို့ မည်သည့်အရာများ ပစ်ချနေခြင်းဖြစ်ကြောင်းကိုကား သဲသဲကွဲကွဲ မမြင်ကြရ။ သို့ရာတွင် ရတနာပစ္စည်းများ ဖြစ်မည်ဟု တွေးမိသည့်အတွက် စင်ရော်ဂိုဏ်းချုပ်မှာ ဆွေ့ဆွေ့ခုန်မျှ ဒေါသထွက်သွားရသည်။

"ဟျို့...စင်ရော်ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားတို့ လိုချင်လှချည်ရဲ့ဆိုတဲ့ ရတနာဖစ္စည်းတွေကို ဟောဒီ ပင်လယ်ပြင်အောက်မှာ ရေငုပ်ပြီးယူပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးစောက်ပေါ်ရှိ လူတစ်ယောက်က လှမ်းအော်ပြောလိုက်သည်။

"တောက်.... ဒီကောင်တွေ အတော့်ကို ယုတ်မာပါလား၊ သူတို့ ရတနာတွေ မင်လယ်ထဲ ပစ်ချနေတာတွေ့ ဒီအတိုင်း ကြည့်နေလို့မဖြစ်ဘူး၊ ကမ်းကို မြန်မြန်ကပ်စမ်း"

စင်ရေစီဂိုဏ်းချုပ် မိန်းမပျိုက အော်ဟစ် ပြောကြားလိုက်သည်။

"အဲဒီနေရာက ကျောက်ဆောင်တွေ သိပ်ထူထပ်တာ၊ သင်္ဘောကပ်လို့ မရနိုင်ဘူး"

နဂါးလေး စမ်းကွမ်းယဲ့က ပြောလိုက်သည်။

"ဒါဖြင့် သင့်လျော်တဲ့ နေရာထိစ်နေရာရှာပြီး သင်္ဘောကိုကပ်၊ ကျွန်းပေါ်တက်ပြီး သူတို့အားလုံးကို ရှင်းပစ်မယ်၊ ရတနာတွေကို အချိန်မီရအောင်ယူမှ ဖြစ်မယ်"

ဂိုဏ်းချုပ်မိန်းမပျိုက ဤသို့အမိန့်ပေးလိုက်ရာ သင်္ဘောမှဲ့တိုင်နေသူ အဆိပ်မိကျောင်း စိမ်းကုံးက သင်္ဘောဆိုက်ကပ်၍ရနိုင်မည့် ကျွန်းကမ်းခြေရှိရာသို့ သင်္ဘောကို ဦးတည်လမ်းကြောင်း ပြောင်းပေးလိုက်သည်။

"အခုချောလောဆယ် ကျွန်းပေါ်တက်ပြီး တိုက်ခိုက်ဖို့ မသင့်သေးဘူး ထင်တယ်၊ သူတို့ဘက်က လူအင်အားနှစ်ဆယ့်နှစ်ယောက် ရှိတဲ့အပြင် ကျွန်း ပေါ်က ဆိုတော့ အထက်စီးရနေတယ်၊ ပြီးတော့ ဖောင်ချောက်တွေ ဘာတွေလဲ ဆင်ထားနိုင်သေးတယ်"



နဂါးလေးစမ်းကွမ်းယဲ့က ဖျောင်းဖျပြောဆိုသည်။

"ကျွန်မတို့ဘက်မှာလဲ ရွှေဆံသိုး ဆယ့်တစ်ဖော်ရယ်၊ စီမီးကုံးတို့လူစု ဆယ်ယောက်ရယ်၊ ရှင်ရယ်— ကျွန်မရယ် အားလုံးပေါင်း နှစ်ဆယ့်လေးယောက်တောင် ရှိနေတာပဲ၊ ကြောက်နေစရာ မလိုပါဘူး"

စင်ရော် ဂိုဏ်းချုပ်က ပြန်ပြောသည်။ ထိုအချိန်တွင် သင်္ဘောမှာ ကျောက်ဆောင်ကျောက်တန်းများ နည်းပါးသည့် ကျွန်း၏အရှေ့ဘက် ကမ်းခြေသို့ဦးတည်တာ ခုတ်မောင်းနေသည်။

"ကျွန်တော်တို့အားလုံး ကျွန်းပေါ်တက် တိုက်နိုင်တာ မဟုတ်ဘူး၊ အနည်းဆုံး သင်္ဘောပေါ်မှာ ငါးယောက်လောက်တော့ အစောင့်ထားခဲ့ရမယ်၊ တကယ်လို့ အကြိတ်အနယ် တိုက်ကြပြီး ကျွန်တော်တို့ဘက်က အနိုင်ရတယ်ထားဦး၊ အထိအခိုက်အကျအဆုံးတော့ အနည်းနဲ့အများ ရှိမှာပဲ၊ အဲဒီလိုဆိုရင် ကျွန်တော်တို့ဂိုဏ်းရဲ့ အမာခံ အင်အားတွေ လျော့သွားမှာပေါ့၊ အခုအချိန်ဟာ စင်ရော်ဂိုဏ်းကို ပြန်ထူထောင်နေချိန်ဆိုတော့ အမာခံအင်အားတွေကို အလျော့ခံလို့မဖြစ်ဘူး"

နဂါးလေး စမ်းကွမ်းယဲ့က ဆက်လက်ဖျောင်းဖျ ပြောဆိုနေသည်။ စင်ရော်ဂိုဏ်းချုပ်က တွေဝေ၍ နားထောင်သည်။ သင်္ဘောတာမှ ကျွန်းလေး၏အနောက်ဘက်ကမ်းခြေနှင့် နီးကပ်သည်ထက် နီးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီကျွန်းပေါ်မှာ အစာရေစာ သိပ်မရှိပါဘူး၊ ဒီတော့ တစ်လလောက်ဆိုရင် သူတို့တစ်တွေ ငတ်ပြတ်ပြီး အင်အား ဆုတ်ယုတ်ကုန်ကြမှာပါ၊ အဲဒီအချိန်ကျမှ သူတို့ကို အေးအေးဆေးဆေး အနိုင်တိုက်တာက ပိုကောင်းပါလိမ့်မယ်"

"အဲဒီအချိန်ကျရင် ကျွန်းပေါ်မှာရှိတဲ့ ရတနာတွေကို မင်းလယ်ထဲ အကုန်ပစ်ချပြီးရောပေါ့"

"သူတို့ ဒီလောက်စဉ်းစားဉာဏ် မနည်းပါဘူး၊ အခုဟာက ကျွန်တော်တို့ စောင့်ကြည့်နေမှန်း သိလို့ တမင်သက်သက် လှုပ်ရှားနေတာဖြစ်မှာပါ၊ တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်တို့ကို ကျွန်းပေါ် တက်လာအောင် စမ်းမြှူတဲ့သဘောဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့က စိတ်လိုက်မာန်ပါမလှုပ်ဘဲ ကျွန်းနဲ့ခပ်ဝေးဝေး ခွာနေလိုက်ရင် ပြီးတာပါပဲ"

ဤအခါတွင်မှ ဂိုဏ်းချုပ်မိန်းမပျိုက နဂါးလေး စမ်းကွမ်းယာ်စကားကို လက်ခံသည်။

"ဟုတ်တယ်၊ ရှင်ပြောတာ လမ်းနည်းနည်း ကျတယ်၊ ကဲ...စိမ်းကုန်းရေ၊ သင်္ဘောကို ပြန်လှည့်လိုက်ပါ"

* * *



"တောက်... နာလိုက်တာ၊ သင်္ဘောပြန်လှည့်သွားပြီ"

ကျွန်းလေးရှိရာသို့ဦးတည်လာနေပြီးမှ နောက်ကြောင်းပြန်လှည့်သွားသည့် သင်္ဘောကို လှမ်းမျှော်ရင်း လင်ယုယုက ပြောလိုက်သည်။

"ကျွန်တော်တို့ ရေထဲပစ်ချဖြဲ့နေတာ ရတနာပစ္စည်းတွေ မဟုတ်မှန်း သူတို့မြင်သွားကြလို့နဲ့ တူတယ်"

ကျားမြှူရှန်အိုင်က ဝင်ပြောသည်။

သူတို့တစ်တွေသည် လင်ယုယု၏ အကြံပေးချက်အတိုင်း ကျောက်တုံးများ၊ သလဲများကို ရေထဲသို့ ခပ်တည်တည်ပင် ပစ်ချကာ စင်ရော်ဂိုဏ်းသားများကို ကျွန်းလေးပေါ် တက်လာအောင် စမ်းမြှူခဲ့ကြခြင်း ဖြစ်သည်။

စင်ရော်ဂိုဏ်းသားများ ကျွန်းပေါ်တက်လာပါက ချုံခိုတိုက်ခိုက်ရန်အစီအစဉ်များနှင့် လျှို့ဝှက်ထောင်ချောက်များကိုလည်း သူတို့က အသင့်ပြုလုပ်ထားကြ၏။

အကယ်၍ စင်ရော်ဂိုဏ်းသားများသာ ကျွန်းလေးပေါ်သို့ တက်လာကြပါက လင်ယုယုတို့ဆင်ထားသော အကွက်ထဲ တိုးဝင်မိကာ မရှုမလှခံသွားရမည်မှာ သေချာသည်။

ယခုမူ ကျွန်းရှိရာသို့ လာနေပြီးမှ နောက်ကြောင်းပြန်လှည့်သွားသည့်အတွက် လင်ယုယုတို့အစီအစဉ် ပျက်သွားရလေပြီ။

"ဒါ သူတို့ပရိယာယ်ဆင်ပြီး နောက်ကြောင်း ပြန်လှည့်သွားတာ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒီတော့ ကျွန်မတို့စီစဉ်

www.burmeseclassic.com



ထားတာတွေ မဖျက်ပါနဲ့ဦး၊ ချုံ့ခိုတိုက်ခိုက်ဖို့ နေရာခွဲချထားတဲ့လူတွေကိုသာ ဝင်ထမ်း အကူအညီပေးဖို့ လွှတ်လိုက်ပါ၊ တောင်ကုန်းပေါ်မှာတော့ မင်းကျူးကို ဆက်ပြီးကင်းစောင့်ထားခိုင်းမယ်၊ အခြေအနေထူးတာနဲ့ ချက်ချင်းလာသတင်းပို့ဖို့ မှာထားလိုက်ပါ''

လင်ယုယုက ပြောလိုက်၏။

ကျွန်းလေးပေါ်သို့ ရောက်နေကြသော လူငယ် သိုင်းသမား နှစ်ဆယ့်နှစ်ယောက်တို့တွင် လင်ယုယုမှာ ခေါင်းဆောင်ဖြစ်မှန်းမသိ ဖြစ်နေသည်။

လင်ယုယု၏ အကင်းပါးမှု၊ ကွတိကျော်မြင်တတ်မှု၊ စီမံကွပ်ကဲနိုင်မှုတို့ကြောင့် အားလုံးက သူမပြောကြားသည်များကို နာခံကြ၏။

ယခုလည်း ကျန်လူများက စင်ရေဒ်ဂိုဏ်းချုပ်တို့လူစုကို ချုံ့ခိုတိုက်ခိုက်ချေမှုန်းရန် စောင့်ဆိုင်းနေဆဲဝယ် ပလွေလုလင်ဝင်ထမ်းနှင့် ဈာသာစိမ်းတို့ကို လှေဆိုးသား ၆-ယောက်နှင့်အတူ ဝါးဖောင်ကြီးများဖွဲ့ရန် လင်ယုယုက တာဝန်ပေးအပ်ထားခဲ့သည်။

စင်ရေဒ်ဂိုဏ်းချုပ်တို့၏သင်္ဘော ကျွန်းလေးနှင့် ဝေးရာသို့ ထွက်သွားပြီး အန္တရာယ်ခေတ္တမျှကင်းရှင်းချိန်၌ တောင်ကုန်းထိပ်ဝယ် ကင်းတာဝန်ကျနေသူ ဟသာနတ်မင်းကျူးမှအပ ကျန်လူများကို ဝါးဖောင်ကြီးများဖွဲ့ရာတွင် သွားရောက်ကူညီစေရန် လင်ယုယုက စီမံအမိန့်ပေးလိုက်ခြင်းဖြစ်သည်။



ကျွန်းလေး၏ အလယ်ပိုင်းလောက်တွင် ဝါးတောတစ်ခုရှိသည်။ ပလွေလုလင် ဝင်ထမ်းတို့လူစုက ထိုဝါးတောမှ ဝါးများကိုခုတ်ကာ ဝါးဖောင်ကြီးများဖွဲ့နေကြသည်။

ထိုနေရာသို့ လင်ယုယုရောက်သွားချိန်ဝယ် ဝါးဖောင်ကြီးသုံးခု ဖွဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။

''ဟာ...ရှင်တို့က အတော်ဟွတ်နေတာကိုး၊ ကဲ... အားလုံး ဝိုင်းကူပေးကြပါဦး၊ ကျွန်မက ဖောင်ဒီညပဲ ဝါးဖောင်တွေအပြီးလုပ်ပြီး ဒီကျွန်းလေးက ထွက်သွားချင်တယ်''

လင်ယုယုက ဆော်ဩပြောဆိုလိုက်သည်။

အားလုံး တက်ညီလက်ညီပင် ဝါးခုတ်သူခုတ်၊ ကြိမ်ပင်နှင့် နွယ်ပင်များဖြတ်သူကဖြတ်၊ ဖောင်ဖွဲ့သူကဖွဲ့ စသဖြင့် တက်ညီလက်ညီ လုပ်ဆောင်လိုက်ကြရာ မိုးမချုပ်မီ အလျားပေ(၂၀) အကျယ် (၁၀)ပေခန့်ကျော်ရှိသော ဝါးဖောင်ခြောက်ခု ဆောက်လုပ်ပြီးစီးသွားသည်။

ဝါးဖောင်များတွင် အကြမ်းဖျင်း ဆောက်လုပ်ထားသော ပဲ့စင်တစ်ခု ပါရှိသည့်အပြင် လှော်တက်နှစ်ချောင်းလည်း တပ်ဆင်ထားသည်။

''လင်ယုယု ကျွန်တော်တို့ပေးထားတဲ့ ကတိကိုတော့ မမေ့သေးပါဘူးနော်''

ဝါးဖောင်များ တည်ဆောက်ပြီးစီး၍ ထွက်ခွာရန် အသင့်ပြင်ဆင်ကြသောအခါ ရိုလျှံကျင်က လင်ယုယု

www.burmeseclassic.com

www.burmeseclassic.com



အနားသို့ကပ်လာပြီး မျက်နှာဇယ်လေးဖြင့် ပြောသည်။ သူ့ခမျာ ဤကျွန်းလေးပေါ်ဝယ် ကျန်နေရစ်မှာ စိုးရိမ်နေပုံရသည်။

"ဘာ ကတိကို ပြောနေတာလဲ"

လင်ယုယုက ပြန်မေးလိုက်သည်။

"ဖေဖေရှိနေတဲ့နေရာကိုရောက်အောင် ပို့ပေးမယ် ဆိုတာလေ"

"ဩြော်—ဒါလား၊ စိတ်ချပါ၊ ရှင့်ကို ကျွန်မတို့နဲ့တူတူ ခေါ်သွားပါ့မယ်၊ ဒါပေမယ့် ဟိုလေ့ဆိုးသား ခြောက်ယောက်ကိုတော့ ခေါ်မသွားနိုင်ဘူး၊ သူတို့ကို အကြောပိတ်ပြီး ဒီကျွန်းပေါ်မှာထားခဲ့မယ်၊ မားသုံးချောင်းနဲ့ ပုဆိန်တစ်လက်လဲ ထားခဲ့ပေးမယ်၊ အပိတ်ခံထားတဲ့ အကြောတွေက တစ်ရက်ပြည့်ရင် အလိုလို ပြန်ပြယ်သွားမှာပဲ၊ အဲဒီအချိန်ကျမှ သူတို့ဘာသာ ဝါးဖောင်တစ်ခုဖွဲ့ပြီး ဒီကျွန်းက ခွာချင်ခွာကြပါစေ၊ ဒါမှမဟုတ် ဒီကြားထဲ စင်ရော်ကိုကျားချုပ်တို့လူစု ဒီကျွန်းလေးပေါ် ရောက်လာရင်လဲ သူတို့ကုသိုလ်ပဲပေါ့"

လင်ယုယုက ပြန်ပြောလိုက်သည်။

* * *



နေဝင်သွားပြီး မှောင်ရိပ်သန်းလာသည်နှင့် လူငယ်သိုင်းသမား(၂၂)ဦးနှင့် ရိလျှံကျင်တို့သည် ဝါးဖောင်များကို ရေချကာ ထိုကျွန်းကလေးမှ ထွက်လာခဲ့ကြသည်။

ဝါးဖောင်ထစ်ဖောင်ဝယ် လေးယောက်စီစီးကြသည်။ လင်ယုယုတို့၏ ဖောင်ဟွှင်မှု လင်ယုယု၊ ကျားဖြူရှန်အိုင်နှင့် ရိလျှံကျင်တို့သုံးယောက်စီးသည်။

ညမိုင်းအချိန်ဖြစ်သောကြောင့် လေဟာ ခပ်ပြင်းပြင်းတိုက်ကာ ပင်လယ်ပြင်တွင် လှိုင်းအားတော်အတန်ရှိနေသည်။

သို့သော် ဝါးဖောင်များမှာ ခိုင်ခံ့စွာ ဖွဲ့ထားသည်ဖြစ်ရာ လှိုင်းလုံးများကိုအန်တုကာ သွားနိုင်သည်။

ဝါးဖောင်ခြောက်ခု ရှေ့နောက်တန်းစီကာ လှော်ခတ်၍ ထွက်လာကြသည်။

ရှေ့ဆုံးတွင် လင်ယုယုတို့ ဝါးဖောင်ရှိနေကာ လင်ယုယုက မိစ္ဆာကျွန်းရှိရာသို့ လမ်းညွှန်ပြပေးသည်။ ရိလျှံကျင်က ပဲ့ကိုင်သည်။ လင်ယုယုနှင့်ရှန်အိုင်တို့က လှော်တက်များဖြင့် လှော်ခတ်သည်။

"ဟောဒီ ရေစီးကြောင်းနဲ့ လေကြောင်းက မိစ္ဆာကျွန်းကို ဦးတည်ပြီးသွားတယ်၊ ကျွန်မလဲ ဟောဒီ ရေစီးကြောင်းအတိုင်း မျောပါပြီး မိစ္ဆာကျွန်းကို ရောက်သွားခဲ့ရတာပဲ၊ ဒီတော့ ရေကြောင်း လေးကြောင်း အတိုင်း အလိုက်သင့် မျောလိုက်သွားရုံပဲ"

လင်ယုယုက ရှင်းလင်းပြောပြသည်။

တစ်နာရီခန့် အချိန်ကုန်လွန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဖောင်များမှာ ကျွန်းကလေးနှင့် သုံးမိုင်ခန့် ဝေးကွာသည့်နေရာသို့ ရောက်လာကြသည်။

ရုတ်တရက် ကောင်းကင်တစ်ခုလုံး မည်းမှောင်၍ လာသည်။ ကြယ်ရောင် လက်လက် များကိုပင် မမြင်ရတော့ပေ။

ခပ်ပြင်းပြင်းတိုက်နေသော လေအဟုန် ကလည်း ရုတ်တရက် ရပ်တန့်ငြိမ်သက်သွားသည်။

"ရိုလျှံကျင်၊ လေကြောင်းက ရုတ်တရက် ရပ်သွားပါလား၊ အဲဒါဘာဖြစ်တာလဲ"

လင်ယုယုက ပင်လယ်ရေကြောင်းတွင် ကျွမ်းကျင်သော မန်းနက်လေး ရိုလျှံကျင်ကို လှမ်းမေးလိုက်သည်။

"မုန်တိုင်း ကျတော့မယ်ထင်တယ်"

ရိုလျှံကျင်က ပြန်ပြောသည်။

"လေဆာ ဒီလောက် ငြိမ်နေတာ ဘယ်လိုလုပ်မုန်တိုင်း ကျနိုင်မှာလဲ"

ကျားဖြူရှန်အိုင်က ဝင်ပြောသည်။

"ပင်လယ်ပြင်ရဲ့ သဘောဓာက သိပ်ဆန်းတယ်၊ မုန်တိုင်း ကျခါနီးရင် ဒီလိုပဲ ငြိမ်ကျသွားတတ်တယ်"

ရိုလျှံကျင်က ထိုသို့ ပြန်ပြောလိုက်ချိန်မှာပင် ပြင်းထန်သော လေပြင်းက တစ်ချက် မွှေလိုက်သည်။ ဖောင်မှာ ချာချာလည်ကာ ထိန်းမရအောင် ဖြစ်သွားသည်။ မနည်းကြီးကြိုးစားကာ ထိန်းထားရသည်။



ထို့နောက် လေပြင်းက ထန်သည်ထက် ထန်လာသလို လှိုင်းလုံးများကလည်း ကြီးသည်ထက် ကြီးလာသည်။

အမှောင်ထုကလည်း သိပ်သည်းလွန်းလှသည်။ ကိုယ့်လက်ဝါးကို ဖြန့်ကြည့်လျှင်မမြင်သည်အထိ။

"ဝင်ထန်း၊ ချိုခင်း၊ ယုဟွာ၊ ဟန်လူတို့ရေ၊ ခင်ဗျားတို့ ဘယ်ရောက်နေလဲ"

ရှန်အိုင်က တခြား ဖောင်များမှ ဦးစီးခေါင်းများ၏ အမည်များကို အော်ခေါ်ကာ မေးကြည့်သည်။

ပြန်ထူးသံ မကြားရ။ လေပြင်းတိုက်သံ တဝီဝီနှင့်လှိုင်းသံတဝုန်းဝုန်းကိုသာ ကြားနေရသည်။

"ဟာ...ဟိုလူတွေ ဘယ်ရောက်ကုန်ကြပြီလဲ၊ ဒုက္ခဖြစ်ကုန်ပြီထင်တယ်"

လင်ယုယုက စိုးရိမ်တကြီး ပြောသည်။

"ဖောင်တွေက ခိုင်ပါတယ်၊ လှိုင်းပုတ်တဲ့ ဒဏ်ကို ကောင်းကောင်း ခံနိုင်စွမ်းရှိတယ်၊ ဖောင်ကိုမြဲမြဲကိုင်ထားဖို့ပဲအရေးကြီးတယ်၊ လက်လွှတ်ပြီးရေထဲကျသွားရင်တော့ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

ရိုလျှံကျင်က ပြောသည်။

လေပြင်းက အရပ်လေးမျက်နှာမှ ဝှေ့ယမ်း တိုက်ခတ်နေရာ ဖောင်မှာ ချာချာလည် နေသည်။ လှိုင်းလုံးများ ကြားဝယ် နိမ့်လိုက်မြင့်လိုက်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေလေသည်။

"မိစ္ဆာကျွန်းနဲ့ အခု ဘယ်လောက် ဝေးသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလေများကြားမှ ရိုလျှံကျင်က အော်မေး လိုက်သည်။

"ကျွန်မ မျက်စိလည်နေပြီ၊ မိစ္ဆာကျွန်း ဘယ်ဆီမှာ နေမှန်းတောင် မသိတော့ဘူး၊ အခုအတိုင်းဆိုရင် ကံစီမံရာကိုခံကြဖို့ပဲ ရှိတော့တယ်"

လင်ယုယု ကိုယ်တိုင်မှာလည်း လမ်းစ ပျောက်ဆလို ဖြစ်နေသောကြောင့် ဤမျှသာ ပြောနိုင်တော့သည်။

လေပြင်းက ဒေါသတကြီးတိုက်နေသလို လှိုင်းလုံးများမှာလည်း ထန်လှသည်။ ဇင်ဆယ်ပြင် တစ်ခုလုံး ခလောက်ဆန်၍နေသည်။

အချိန် အတော်ကြာသွားသည်။

လင်ယုယုတို့၏ဖောင်မှာ မုန်တိုင်းနှင့် လှိုင်းလုံးများကို အန်တုကာ ပင်လယ်ပြင်ပေါ်၌ လွင့်မျော၍ နေဆဲ ဖြစ်သည်။

ရုတ်တရက်ကြီးမားလှသော လှိုင်းလုံးတစ်ခုက ဖောင်ကိုပင့်တင်လိုက်သည်။ ဖောင်မှာ အထက်သို့မြောက်တက်သွားသည်။ ထို့နောက် တောင်ဆင်ခြေလျှော အတိုင်း လျှောကျလာသလို အောက်သို့ကျလာပြန်သည်။

ထို့နောက်....

ဖောင်ကငြိမ်သွားသည်။

ရပ်သွားသည်။ မလှုပ်တော့။

"လင်ယုယု၊ ဖောင်က မလှုပ်တော့ပါလား၊ ဘာလို့ ငြိမ်သွားတာလဲ"



ကျားဖြူရှန်အိုင်က အော်မေး လိုက်သည်။ ပိန်းပိတ်အောင် မှောင်မိုက်နေဆဲမို့ ဘာကိုမျှ မမြင်ရပေ။

"လေမုန်တိုင်း စဲသွားလို့များလား"

လင်ယုယုက ဇဝေဇဝါ နှင့်ပြန်ဖြေသည်။

"လေတိုက်သံတွေ၊ လှိုင်းပုတ်သံတွေ ဒီလောက် ကြားနေရတာ လေမုန်တိုင်းက ဘယ်စဲဦးမှာလဲ၊ လေမုန်တိုင်း စဲသွားဦးတော့ ဖောင်က ရေပြင်ပေါ်မှာ ဒီလိုပဲ မလှုပ်မယှက် ငြိမ်နေပါ့မလား"

ရှန်အိုင်က ပြန်ဖြေသည်။

"ရိုလျှံကျင်...ရိုလျှံကျင်"

လင်ယုယုက အသံကုန် အော်ခေါ်သည်။

"ဘာလုပ်မလို့လဲ၊ ကျွန်မတော့ရှိပါတယ်"

ပဲ့စင်ကို မြဲမြဲစွာဆုပ်ကိုင်ထားသော ရိုလျှံကျင်က ပြန်အသံပြုသည်။

"ဖောင်က ဘာဖြစ်လို့မလှုပ်မရှားဘဲ ငြိမ်နေရတာလဲ"

"အဲဒါတော့ ကျွန်တော်လဲ မသိဘူး"

ထိုအခိုက် လင်ယုယုက အမှတ်မထင် ဖောင်ဘေးသို့ လက်ဖြင့် လှမ်းစမ်းလိုက်သည်။ ရေပြင်ကိုမစမ်းမိ၊ သဲများကိုသာ စမ်းမိသည်။

"ဟာ....သဲတွေ....သဲတွေ၊ ကျွန်မတို့လှိုင်းပုတ်ပြီး ကမ်းစပ်တစ်ခုခုပေါ် ရောက်နေတာရှင့်"

လင်ယုယုက အားရဝမ်းသာပင် အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သုံးယောက်သား ဖောင်ပေါ်မှနေ၍ သဲပြင်ပေါ်သို့ ဆင်းလာကြသည်။

အမှောင်ထုက သိပ်သည်းစွာဖုံးအုပ်နေဆဲမို့ သူတို့သည် အမှောင်ထဲဝယ် စမ်းတဝါးဝါးဖြင့် လှမ်းစမ်းနေကြရသည်။

ရှေ့ဆုံးမှသွားသော ရိုလှုံကျင်က ကျောက်တုံးများကို စမ်းမိသည်။

"ဟာ...ဒါကျွန်းတစ်ခုပဲ၊ ကျွန်တော်တို့ ကျွန်းပေါ်ကို ရောက်နေကြပြီ"

ရိုလှုံကျင်က အော်ပြောလိုက်သည်။

"အင်း... ဒီလို ဆိုရင် ကျွန်တော်တို့ သုံးယောက်က လောလောဆယ်တော့ ဘေးကင်းနေပြီပေါ့၊ ကျန်တဲ့ ရောင်းရင်းတွေတော့ ဘယ်လိုဖြစ်ကုန်ပြီလဲ မသိဘူး"

ရှန်အိုင်က ပြောသည်။

"သူတို့တစ်တွေ ဘေးကင်းကြပါစေလို့ ဆုတောင်းရုံပဲ ရှိတော့တာပေါ့၊ မိုးလဲ လင်းခါနီးပါပြီ၊ ဒီတော့ ကျွန်ုပ်တို့ အမော‌ဖြေပြီးတဲ့အထိ စောင့်ကြတာပေါ့"

လင်ယုယုက ပြောလိုက်သည်။

ထို့နောက် သူတို့သုံးယောက်သည် ကုန်းမြေထက်သို့ ရောက်အောင် စမ်းတဝါးဝါးဖြင့် တက်လာကြသည်။

ကုန်းမြေပေါ်သို့ ရောက်သည်တွင် မြေကြီးပေါ် လှဲချကာ အနားယူကြသည်။ အလွန်ပင်ပန်း လာကြသည်မို့



မြေကြီးပေါ် လှဲအိပ်လိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။

* * *

စူးရှသောနေရောင်ခြည် မျက်စိတွင်ထိုးလာသည့်အတွက် လင်ယုယု အိပ်ပျော်နေရာမှ လန့်နိုးလာသည်။

လှဲအိပ်နေရာမှ ထထိုင်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

မုန်တိုင်းလည်း စဲသွားပြီး မိုးစင်စင် လင်းနေပြီ။ တောက်ပသော နေရောင်ခြည်က ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။

"ဟာ.... သူတို့အားလုံး ဒီကျွန်းပေါ် ရောက်နေကြပါလား"

ထမ်းစပ် သောင်ပြင်ပေါ်ဝယ် ဟိုနား တစ်ယောက် သည်နားတစ်ယောက် အိပ်ပျော်နေကြသော လှေသိုင်းသမားများကို စုံစုံလင်လင်ပင် တွေ့လိုက်ရသည့်အတွက် လင်ယုယုက ဝမ်းသာအားရ အော်ဟစ် ပြောဆိုလိုက်သည်။

လင်ယုယု၏ အော်သံကြောင့် အိပ်ပျော်နေကြသူများ တစ်ယောက်ပြီးတစ်ယောက် နိုးလာကြသည်။

www.burmeseclassic.com



လေမုန်တိုင်း၏ တိုက်ခတ်မှုနှင့် လှိုင်းလုံးများ ပုတ်တင်ပေးမှုဖြင့် သူတို့အားလုံး၏ ဖောင်ခြောက်ခုစလုံး တိုက်တိုက်ဆိုင်ဆိုင် ဤကျွန်းကလေးသို့ မျောပါလာပြီး တင်နေကြခြင်း ဖြစ်သည်။

"ကျွန်တော်တို့တစ်တွေက မခွဲကြစတမ်း သစ္စာပြုထားကြတာဆိုတော့ သေလဲတူတူ ရှင်လဲတူတူပေါ့ဗျာ၊ လူတွေသာ မပျောက်ဘူး၊ ကျွန်တော်တို့ရဲ့ဖောင်တွေပါ အားလုံး ဒီကိုရောက်နေတာသာ ကြည့်ပေတော့"

ပလေ့လုလင် ခင်ထန်းက ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။ သေကံမရောက် သက်မပျောက်ဘဲ အားလုံး ပြန်ဆုံစည်းနိုင်ကြသည့်အတွက် ပျော်ရွှင်နေကြသည်။

တချို့က ဖောင်များကို ရေစပ်နှင့်အတော်လှမ်းလှမ်းသို့ ရောက်အောင် ဆွဲတင်ယူလာကြသည်။

"ကျွန်တော်တို့ ဘယ်ကျွန်းကို ရောက်နေကြပြန်ပြီလဲ မသိဘူး"

ကျားဖြူရှန်အိုင်က လင်ယုယုကို လှမ်းပြောလိုက်သည်။

"ကျွန်မတို့သိပ်ကံကောင်းတယ်၊ ဒါ မိစ္ဆာကျွန်းပဲ"

လင်ယုယု၏အဖြေစကားကြောင့် အားလုံး အံ့ဩဝမ်းသာဖြစ်သွားကြ၏။

"ဟုတ်ရဲ့လား လင်ယုယုရယ်၊ သေချာရဲ့လား"

ဟယ်ာနက် မင်းကျူးက မေး၏။

"ဒါ မိစ္ဆာကျွန်း ဟုတ်ရဲ့လား"

ကျားဖြူရှန်အိုင်ကလည်း ဝင်မေးသည်။



"တစ်ချိန်တုန်းက ကျွန်မ သစ်ဖောင်မှာ ကြိုးချည်ခံရလို့ ပင်လယ်ထဲ မျောပါပြီး ဒီတင်နေတာလဲ ဒီနေရာပဲ သေချာပါတယ်၊ မမှားနိုင်ပါဘူး၊ ကျွန်မတို့ရောက်နေတာ မိစ္ဆာကျွန်းရဲ့ အနောက်ဘက်ကမ်းခြေပါပဲ"

လင်ယုယုက တိတိကျကျပင် ပြန်အဖြေပေးလိုက်သည်။

ထို့ကြောင့် လင်ယုယုဦးဆောင်ကာ သူတို့အားလုံး မိစ္ဆာကျွန်းပေါ်သို့ ဆက်တက်လာခဲ့ကြသည်။

လင်ယုယုက သစ်ပင်အုပ်လေးကိုဖြတ်ကာ မိစ္ဆာကျွန်း၏ အရှေ့ဘက်ပိုင်းသို့ အရောက်ခေါ်လာခဲ့သည်။

"ငမန်းဖြူကြီးရှိတာဟိုင်ဟာ ကျွန်းရဲ့ အရှေ့ဘက်မှာနေပါတယ်၊ သူ့ရတနာသိုက်လဲ အဲဒီအရှေ့ဘက်ပိုင်းမှာပဲရှိတယ်"

လမ်းပြခေါ်ဆောင်လာရင်း လင်ယုယုက ရှင်းလင်းပြောပြ၏။

သစ်ပင်အုပ်ကလေးကို ဖြတ်ပြီးနောက် မနီးမဝေးနားသို့ ရောက်လာသည်အထိတော့ ရိုတာဟိုင်၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။

"ဟင်...ဒီမှာ ဘာကြောင့် သချိုင်းဂူနှစ်ခု ထပ်တိုးလာတာလဲ"

သချိုင်းဂူ ၆-ခုဖြစ်နေသည်ကို တွေ့ရသည်တွင် လင်ယုယုက တအံ့တဩပြောလိုက်သည်။

"ဘာ...ဘယ်လို၊ သချိုင်းဂူနှစ်ခု ပိုနေတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမဘေးတွင် ယှဉ်၍လိုက်ပါလာသော ကျွန်းဖြူရှန် အိုင်က မေးသည်။

"တွက်ထယ်၊ ကျွန်မနဲ့ကိုန်လွေ ဒီကျွန်းကနေ ထွက်လာကြတုန်းက ဒီနေရာမှာ သင်္ချိုင်းဂူလေးခုပဲရှိတယ်၊ အခု နောက်ထပ် အသစ်နှစ်ခု တိုးလာတယ်"

လင်ယုယုက ပြန်အဖြေပေးလိုက်သည်။

"အင်း...အံ့ဩစရာပဲ၊ ခင်ဗျားတို့နဲ့ ကိုန်လွေ မိစ္ဆာကျွန်းက ထွက်လာတဲ့အခါ ဒီကျွန်းပေါ်မှာ အဘိုးကြီး ရိတာဟိုင်ပဲ ကျန်နေခဲ့တာ မဟုတ်လား၊ တကယ်လို့ ရိတာဟိုင် သေသွားတာပဲထားပါဦး၊ သူ့အလောင်းကို မြေမြှုပ်ပြီး သင်္ချိုင်းဂူလုပ်ပေးမယ့်လူတောင် မရှိဘူး၊ အခု ဘယ်လိုလုပ်ပြီး သင်္ချိုင်းဂူနှစ်ခု ထပ်တိုးလာရတာလဲ"

ပလွေလုလင်ဝင်ထန်းက မှတ်ချက်ချသည်။

"ဖေဖေ....ဖေဖေ—ဖေဖေ ဘယ်မှာလဲဟင်"

ရိလျှံကျင်ကမူ ဖခင်ဖြစ်သူကိုသာ တကြော်ကြော်အော်ခေါ်နေသည်။

"ရတနာသိုက်ထဲ ဝင်ကြည့်ကြရအောင်လား"

ကျွန်းဖြူရှန်အိုင်က အကြံပေးသည်။

လင်ယုယုကလည်း ရတနာသိုက်ရှိရာကို လိုက်ပြသည်။ ရတနာသိုက်ထဲသို့ ဝင်ရောက်စစ်ဆေးကြည့်ရာ ရတနာသေတ္တာများကို ခြေရာလက်ရာမပျက်တွေ့ရသည်။



စဉ်းစားရခက်သော ပြဿနာပေါ်နေပြီမို့ သူတို့အားလုံး ရတနာသိုက်ရှိရာ လိုဏ်ဂူအရှေ့ မြေကွက်လပ်ဝယ် ဝိုင်းဖွဲ့ထိုင်ကာ ဆွေးနွေးတိုင်ပင်ကြ၏။

"ကျွန်တော့်အထင်တော့ ဟောဒီကျွန်းပေါ်ကိုအနည်းဆုံး လူနှစ်ယောက်တော့ ထပ်ရောက်လာကြရမယ်၊ သူတို့တစ်တွေဟာ ရတနာသိုက်အကြောင်း သတင်းအစအနရလို့ လိုက်လာကြတဲ့လူတွေပဲဖြစ်မှာပဲ၊ ဒီကျွန်းပေါ်ရောက်တော့ သူတို့က ရိတာဟိုင်ကို သတ်သင်ပစ်လိုက်ကြတယ်၊ အဲဒီနှစ်ယောက်ကလဲ အကြောင်းတစ်ခုခုကြောင့် သေသွားပါလိမ့်မယ်၊ ဒါနဲ့ သူ့အဖော်က အလောင်းနှစ်ခု မြေမြှုပ်သင်္ချိုင်းဂူလုပ်ပေးသွားတာဖြစ်မှာပဲ"

ပလွေလုလင်ဝင်ထန်းက သူ၏ ထွဆချက်ကို ပြောပြသည်။

"ဒါဖြင့် အဲဒီလူက ဘာကြောင့် ရတနာတွေ မယူသွားတာလဲ"

လင်ယုယုက ကြားဖြတ်ကာ မေးခွန်းထုတ်လိုက်သည်။ ထိုမေးခွန်းကိုမူ ပလွေလုလင်ဝင်ထန်းက အဖြေမပေးနိုင်။

ဆက်လက်၍ တစ်ယောက်တစ်မျိုး ထင်မြင်ချက်များ ပေးကြသည်။ သို့သော် မည်သည့် ထင်မြင်ချက်ကမျှ ရေရေရာရာ မရှိပေ။

"အဲဒီ သင်္ချိုင်းဂူနှစ်ခုထဲမှာ ဘယ်သူ့ အလောင်းတွေ မြှုပ်ထားသလဲဆိုတာကို အရင်သိအောင်လုပ်ဖို့လိုတယ်၊ ပြီးတော့ ဟောဒီကျွန်းပေါ်မှာ တခြားလူတွေ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ ရှိမရှိလိုက်ရှာကြရမယ်၊ ဒီတော့ ဒီလိုလုပ်မယ်၊ ရှန်အိုင်က လူလေးယောက်ကို ခေါင်းဆောင်ပြီး သင်္ချိုင်းဂူတွေကို ဖော်ကြည့်ပါ။ ရီလျှံကျင်က ရှန်အိုင်တို့နဲ့အတူတူနေချင် နေခဲ့၊ ကျန်တဲ့လူဆယ့်ရှစ်ယောက်က အုပ်စုသုံးစုခွဲပြီး ကျွန်းပေါ်မှာ ဖြန့်ရှာကြည့်ကြမယ်”

လင်ယုယု ပြောသောအကြံကို အားလုံးက သဘောတူလိုက်ကြသည်။

ထို့ကြောင့် ရှန်အိုင်၊ ဝင်ယန်း၊ ငွေကျားသစ်စေ့ချီမင်း၊ ရွှေလုံ့ရှင်ဟန်လုနှင့် ကြယ်ပျံယုဟုံတို့ငါးယောက် သင်္ချိုင်းဂူများကို တူးဖော်ရန် ပြင်ဆင်ကြသည်။

ကျန်လူများမှ ခြောက်ယောက်လျှင် တစ်စုဖြင့် အုပ်စုသုံးစုခွဲကာ ထွက်သွားကြသည်။ ရီလျှံကျင်မှာမူ ရှန်အိုင်တို့နှင့် ကျန်နေရစ်ခဲ့သည်။

ညက လေပြင်းမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ဖြစ်သောကြောင့် မြေများမှာ ရေနူးကာ ပွနေသည်။

အချိုင်းဂူများကို အလွယ်တကူ တူးဖော်နိုင်ခဲ့သည်။ သင်္ချိုင်းဂူများကို တူးဖော်လိုက်သည်နှင့် အလောင်း နှစ်လောင်း ထွက်လာသည်။

အလောင်းများမှာ ရုပ်မပျက်သေးပေ။ ရီတာဟိုင်နှင့် ကျားနက် ရှန်ကျင့်တို့၏အလောင်းများဖြစ်ကြောင်း မှတ်မိနိုင်သည်။



ဖခင်ဖြစ်သူ၏ အလောင်းကို တွေ့ရသောအခါ ရီလျှံကျင်မှာ ဝမ်းနည်း ပန်းနည်း ငိုကြွေးနေသည်။

ရီတာဟိုင်၏ ရင်ဘတ်မှ ဒဏ်ရာနှင့် ရှန်ကျင့် လည်ပင်းပြတ်နေမှုတို့ကို တွေ့ရသည်တွင် ရှန်အိုင်တို့မှာ အတွေးရခက်နေသည်။

“ကျားနက် ရှန်ကျင့်ဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ သိပ်သတ္တိကောင်းတယ်၊ သိုင်းပညာလဲစွမ်းတယ်၊ အခုလို ခေါင်းဖြတ်ခံရတာဟာ အနီးကပ်တိုက်ခိုက်တာနဲ့ မဖြစ်နိုင်ဘူး၊ ကျားနက် ရှန်ကျင့်လိုလူတစ်ယောက်က သူစိမ်းတစ်ယောက်ကို သူ့နားကပ်ခွင့်ပေးမှာမဟုတ်ဘူး၊ သူ့ကိုလဲ အသေသတ်သွားတာဟာ သူနဲ့ ရင်းနှီးတဲ့လူဖြစ်ရမယ်”

မလွှလုလင် ဝင်ထန်းက ရှန်ကျင့်အလောင်းကို စစ်ဆေးကြည့်ရင်း ပြောသည်။

“ဒီလူကို စင်ရော်ဂိုဏ်းချုပ်က လူသတ်ဖို့ တာဝန်ပေးပြီး လွှတ်လိုက်တာ မဟုတ်လား၊ ဘယ့်နှယ်လုပ်ပြီး သူက ဒီမိစ္ဆာကျွန်းပေါ်မှာလာပြီး အသတ်ခံနေရတာလဲ”

ကျားဖြူ ရှန်အိုင်ကလည်း ခေါင်းတခါခါနှင့် ပြော၏။

“သူက ဒီမိစ္ဆာကျွန်းကို သိတာလဲမဟုတ်ဘူး၊ ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်နေတာလဲ၊ ဒီကျွန်းက လမ်းပြမရှိရင် လာလို့ရနိုင်တဲ့နေရာမဟုတ်ဘူး”

ကြယ်ပျံယုဟုံက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိန်လွေတို့လဲ စင်ရော်ငှက်ဆုံးချုပ်တာ လူသတ်ဖို့ တာဝန်ပေးပြီး လွှတ်လိုက်တာပဲဟုတ်လား၊ ရှန်ကျင့်နဲ့ ကိန်လွေ တစ်နေရာရာမှာ တွေ့ကြပြီး ရတနာသိုက် အကြောင်း စကားစပ်မိကြပါလိမ့်မယ်၊ ရှန်ကျင့်ကိုလဲ ကိန်လွေကပဲ မိစ္ဆာကျွန်းအရောက် ခေါ်လာခဲ့တာ ဖြစ်မှာပဲ"

ပလွေလူလင် ဝင်ထန်းက ပြောသည်။

"အင်း... ခင်ဗျား ပြောတာလဲ ဖြစ်နိုင်တာပဲ"

ကျားဖြူရှန်အိုင်က ထောက်ခံသည်။

"ရှန်ကျင့်ကို ကိန်လွေပဲ သတ်သွားတယ်လို့ ကျွန်တော် ထင်တယ်"

ပလွေလူလင် ဝင်ထန်းက ဆက်ပြောသည်။

"ဟာ—ဟုတ်ပါ့မလား၊ ကိန်လွေက ခိုးယောက်တောင် သတ္တိမရှိ မယ်မထင်ဘူး"

ငြိမ်နားထောင်နေသော ငွေကျားသစ် စေ့ချီမင်းက ပြောသည်။

သူတို့လူစု အမျိုးမျိုးပြောဆိုဝေဖန်နေကြဆဲမှာပဲ လင်ယုယုတို့လူစု ပြန်ရောက်လာကြသည်။ လင်ယုယုတို့အုပ်စု ခြောက်ယောက်ထဲဝယ် ရှန်ကျင့် ချစ်သူဖြစ်သော ဟာသ်နက် မင်းကျူးလည်းပါလာသည်။

မင်းကျူးမှာ ရှန်ကျင့်၏အလောင်းကို မြင်လိုက်ရသည်တွင် စိတ်အလွန်ထိခိုက်တာ သတိလစ်၍ လဲကျသွားသည်။



ဟာသ်ာစိမ်းလျှံစိမ်းနှင့် လင်ယုယုတို့က မင်းကျူးကို ပွေ့ချီထူမကာ သတိပြန်ရအောင် ပြုစုပေးကြသည်။

ထိုအချိန်မှာပင် ကျန်အဖွဲ့နှစ်ဖွဲ့လည်း ရှေ့ဆင့် နောက်ဆင့် ဆိုသလို ပြန်ရောက်လာကြသည်။

နောက်ဆုံး ပြန်ရောက်လာသောအဖွဲ့နှင့်အတူ ကိန်လွေလည်း ပါရှိလာသည်။

"ဟင်—ကိန်လွေ၊ ရှင်လဲ ဒီကျွန်းပေါ် ရောက်နေတာကိုး"

လင်ယုယုက လှမ်းနှုတ်ဆက်စကားဆိုလိုက်သည်။

"ဟုတ်တယ်၊ တို့ရောက်တာ သုံးရက်လောက်ရှိသွားပြီ၊ ခုန ပုစွန်ဖမ်းနေလို့ မင်းတို့ကို မတွေ့မိတာပါ၊ မင်းတို့က ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်နေကြတာလဲ"

ကိန်လွေက လင်ယုယုကိုပြန်၍ နှုတ်ဆက်စကားဆိုလိုက်သည်။

"ရှင်ကော ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ် ရောက်နေတာလဲ၊ ရှန်ကျင့်နဲ့ရှိတာဟိုင်တို့ကို သတ်သွားတာ ဘယ်သူလဲ"

လင်ယုယုက တုံ့ပြန်မေးခွန်း ထုတ်လိုက်သည်။

ကျန်သိုင်းသမားများကလည်း ကိန်လွေကို စူးစိုက်ကာ အကဲခတ်သလို ကြည့်နေကြသည်။

"သူတို့ နှစ်ယောက်သာ မကဘူး၊ သန်းကြွယ်လူလည် ရောင်ပင်းလဲ ဒီကျွန်းပေါ်မှာပဲ အသက်ခံခဲ့ရတယ်၊ စိတ်မကောင်းစရာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုနိလွှေက ဆက်လက်၍ ရှန်ကျင့်၊ ရောင်ပင်းနှင့် မိမိတို့ ငမန်းကျွန်းပေါ်ရှိ စင်ရေဲဂိုဏ်းဌာနချုပ်ကို မီးရှို့ ဖျက်ဆီးခဲ့ပုံမှစကာ မိစ္ဆာကျွန်းပေါ်သို့ရောက်လာကြပုံ၊ ရှန်ကျင့်၊ ရောင်ပင်းနှင့်ရိုတာဇတိုင်တို့ ထူးဆန်းစွာ အသတ်ခံရပုံတို့ကို ပြန်ပြောပြသည်။

''ရှန်ကျင့်ရဲ့ ဒဏ်ရာကြည့်ရတာကလဲ အနီးကပ် တစ်ချက်တည်းနဲ့ အသေခုတ်သတ် သွားတာပဲ၊ ရှန်ကျင့်ဟာ အစွမ်းထက်တဲ့ သိုင်းသမား တစ်ယောက်ဆိုတော့ ရန်သူတို့သူ့အနားကိုရောက်အောင် အကပ်ခံမှာ မဟုတ်ဘူး၊ ပြီးတော့ ရောင်ပင်းဟာ လှေပေါ်မှာ တစ်ယောက်တည်းအိပ်နေတာဆိုတော့ နိုးနိုးကြားကြားရှိနေမှာပဲ၊ တစ်ယောက်ယောက် လှေပေါ်တက်လာရင် သူသိကိုသိရမယ်၊ ဒီတော့ သူတို့နှစ်ယောက်ကို အနီးကပ် တိုက်ခိုက်သတ်ဖြတ်သွားတဲ့လူဟာ သူတို့နဲ့ သိပ်ရင်းနှီးပြီး သူတို့က စိတ်ချ ယုံကြည်တဲ့လူဖြစ်ရမယ်''

ကိုနိလွှေထံမှ အကြောင်းစုံ သိပြီးသော အခါ ပလွေလုလင်ဝင်ထန်းက ဝင်ပြောသည်။

''အဲဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ''

မေ့မြော နေရာမှ ပြန်သည် သတိရလာပြီ ဖြစ်သော ဟသ်ာနက်မင်းကျူးက ပြောသည်။

''အဲဒီလူဟာ ကျွန်တော်တို့ လူငယ်သိုင်းသမားတွေထဲကပဲဖြစ်ရမှာပေါ့''



ဝင်ထန်းက ဤသို့ပြောပြီးကိုနိလွှေကို အဓိပ္ပာယ်ပါပါကြည့်လိုက်သည်။

''ခင်ဗျားက ကျွန်တော့်ကို လူသတ်တရားခံလို့ စွပ်စွဲချင်လာလား''

ကိုနိလွှေကပြန်မေးသည်။

''ဒီကျွန်းပေါ်မှာ လူလေးယောက် ရှိတယ်၊ ကျန်တဲ့သုံးယောက် အသတ်ခံရပြီး ခင်ဗျား တစ်ယောက်တည်း အသက်ရှင် ကျန်ရစ်ခဲ့တယ် ဆိုတော့ ခင်ဗျားကို လူသတ်တရားခံလို့မစွပ်စွဲရင် ဘယ်သူ့ကိုစွပ်စွဲရမှာလဲ''

ဝင်ထန်းက ဤသို့ ပြန်ပြောပြီး တခြားလူငယ် သိုင်းသမားများကလည်း ကိုနိလွှေကို မသင်္ကာသော အကြည့်များဖြင့် ဝိုင်းကြည့်ကြသည်။

''သူတို့ကို ကျွန်တော်က ဘာကြောင့် သတ်ရမှာလဲ''

ကိုနိလွှေက ပြန်မေးသည်။

''အကြောင်းရှာစရာလိုသေးလား၊ သူတို့တစ်တွေ သေသွားရင် ခင်ဗျားတစ်ယောက်တည်းရဘနာသိုက်ကိုမောင်ပိုင်စီးနိုင်တာပေါ့''

ဝင်ထန်းက အဖြေထုတ်ပေးသည်။

''ဒါဆိုရင် ရွှက်ငဲလှကို မောင်းပြေးတဲ့လူက ဘယ်သူလဲ—''

''ဒီကိစ္စက ခင်ဗျားကိုယ်တိုင် သက်ဆက်တွင်လုံးထွေးထားတာပဲဖြစ်ရမယ်၊ ခင်ဗျားတို့ လေးယောက်ပဲရှိနေတဲ့ကျွန်းပေါ်ကို ဘယ်ကလူတစ်ယောက်ထပ်ရောက်လာနိုင်မှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ထန်းစွပ်စွဲသလို ကျွန်တော်ဟာ လူသတ်ကောင်ကောင်ဖြစ်မယ်လို့ ခင်ဗျားတို့ ယုံကြသလား"

ကိန်လေ့က လူငယ်သိုင်းသမားများတို့ မျက်စိတစ်ဖက်ကာ ငေးကြည့်ရင်း မေးလိုက်သည်။

"ကျွန်မ မယုံဘူး၊ ကိန်လေ့ဟာ လူသတ်ကောင်မဖြစ်နိုင်ဘူး"

လင်ယုယုက ပြောသည်။

"ကျွန်မတော့ယုံတယ်၊ ကိန်လေ့ဟာ ရတနာတွေကို အပိုင်စီးချင်လို့ ရှန်ကျင့်တို့ကို သုတ်သင်ပစ်တာပဲ ဖြစ်ရမယ်"

ရည်းစားဖြစ်သူ အသတ်ခံရသည့်အတွက် စိတ်ထိခိုက်ကာ ဝမ်းနည်းကြေကွဲနေသော ဟယ်ာနက် မင်းကျူးက ဒေါသမာန်ဖပါနှင့် ပြောသည်။

ပါးစပ်မှပြောရုံသာ မဟုတ်ဘဲ ဓားဆွဲထုတ်ကာ ကိန်လေ့ကို ခုတ်ပိုင်းသတ်ဖြတ်ရန် ဖြင်နေသည်။

"မင်းကျူးအရမ်းမလုပ်နဲ့လေ၊ နေဦး၊ ဒီပြဿနာကို ရှင်းပြီးမှ လုပ်ချင်ရာလုပ်ပါ"

ဟယ်ာဝ်ါက မင်းကျူးတို့ ဖြေသိမ့်စကား ပြောလိုက်သည်။

ကိန်လေ့မှာ အတော်အကျပ်ရိုက်နေသည်။ မပြေးသော်ကန်ရာရှိ ဆိုသလို ရှန်ကျင့်တို့ အသတ်ခံရမှုအတွက် မိမိကို လူသတ်ကောင်ဟု စွပ်စွဲစရာ အကြောင်းအချက်တွေ ရှိနေ



ကြောင်း ကိန်လေ့ နားလည် သဘောပေါက်သည်။ ထို့ကြောင့် ဝင်ထန်းနှင့်မင်းကျူးတို့ကို အပြစ်မဆိုချင်ပေ။

လင်ယုယုက ကိန်လေ့ လူသတ်သမား မဖြစ်နိုင်ကြောင်း အကြောင်း အမျိုးမျိုးပြပြီး တာကွယ် ပြောဆိုနေလေသည်။

"တစ်ခုတော့ စဉ်းစားစရာရှိတယ်၊ ရှန်ကျင့်ရဲ့ လည်ပင်းက ဓားဒဏ်ရာက အတော်နက်ပေမယ့် ခုတ်ချက်က သိပ်မမှန်ဘူး၊ အပေါ်ကို နည်းနည်း တက်နေတယ်၊ ဒီတော့ ရှန်ကျင့်ကိုဓားနဲ့ခုတ်သွားတဲ့လူဟာ ဓားကိုသိပ်ပြီး သုံးလေ့မရှိတဲ့ ဓားသမားတစ်ယောက်ဖြစ်တယ်၊ ကိန်လေ့ ဓားတို့နှစ်လက်ရှိပဲ အမြဲကိုင်တယ်၊ ဒီတော့ ရှန်ကျင့်ကို အသေသတ်လိုက်တဲ့ ဓားချက်ဟာ ကိန်လေ့လို ဓားသမား တစ်ယောက်ရဲ့လက်ဆမျိုးမဟုတ်ဘူး"

လင်ယုယုနှင့် ဝင်ထန်းတို့ အချေအတင် ငြင်းခုံ ပြောကြားနေဆဲဝယ် ကျားဖြူရှန်အိုင်က ကြားဝင်ကာ ထင်မြင်ချက်ပေးသည်။

"အချင်းချင်း မြင်သိသတ်ရတဲ့အတွက် ကိန်လေ့ စိတ်လှုပ်ရှားပြီး လက်ဆလွဲသွားတာ ဖြစ်မှာပေါ့"

မင်းကျူးက ဝင်ပြောသည်။

"ဟုတ်တယ်...အဲဒီလိုပဲ ဖြစ်လိမ့်မယ်"

ဟယ်ာစိမ်းတလည်း ဝင်ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်အိုင်ဆည်း ဘာမှ ဆက်မပြောနေတော့။ ကျန် လူငယ် သိုင်းသမားများ၏ စိတ်ထဲ၌ယ် သို့လောသို့လောနှင့် ဝေခွဲ မရ ဖြစ်နေကြသည်။

လူသတ်ကောင်မှာ ကိန်လေ့ဖြစ်ရမည်ဟု ယုံကြည် ကြသူ များရှိသလို ဒွိဟစိတ်ဖြင့် သံသယ ပွားနေသူ များလည်း ရှိသည်။

''ကဲ__ဒီအတိုင်း ငြင်းခုံနေကြရင် ပြီးမှာ မဟုတ်ဘူး။ ဒီတော့ အများရဲ့ဆန္ဒကိုရယူပြီး ဆုံးဖြတ်မယ်၊ ကိန်လေ့ဟာ လူသတ်သမား ဖြစ်မယ်ဆိုတာကို လက်မခံနိုင်တဲ့ လူတွေ လင်ယုယုဘေးမှာ သွားရပ်ကြပါ၊ ကိန်လေ့ဟာ လူသတ် ကောင်ဖြစ်တယ်လို့ ယုံကြည်တဲ့လူတွေ ကျွန်တော့်ဘေးမှာ လာရပ်ကြ''

နောက်ဆုံး ဝင်ထန်းက ဤသို့ ပြောဆိုလိုက်သည်။

ဟယ်ာမယ် ငါးဦးက ချက်ချင်းပင် ဝင်ထန်း၏ ဘေး ဝယ် သွားရပ်ကြသည်။

''နေပါဦးလေ၊ ဒီပြဿနာကို ယတိပြတ်အဆုံးအဖြတ် မပေးနိုင်ဘဲ ကြားနေချင်တဲ့လူတွေ ရှိနေရင်ကော''

ကျားဖြူရှန်အိုင်က ပြောသည်။

''ကြားနေချင်တဲ့လူက ဟိုဘက်မှာသွားရပ်''

ကျားဖြူရှန်အိုင်နှင့် ဆင်းရဲသူဇာရှောင်လူတို့ ထိုနေရာ ဝယ် သွားရပ်ကြသည်။

နောက်ဆုံးတွင် ကြားနေသူလေးဦး၊ ကိန်လေ့အား လူ သတ်ကောင်ဟု စွပ်စွဲသူ ဆယ့်နှစ်ဦး ရှိသည်။ ကိန်လေ့ကို



လူသတ်ကောင်ဟု မသတ်မှတ်သူဟူ၍ လင်ယုယု တစ်ဦး တည်းသာ ရှိသည်။

''ကျွန်တော်ရော ထင်မြင်ချက်ပေးနိုင်မလား''

ရိလျှံကျင်က ပြောသည်။

ထင်မြင်ချက်ပေးခွင့် ပြုလိုက်သောအခါ ရိလျှံကျင်မှာ ဝင်ထန်းတို့လူစုဘက်သို့ သွားရပ်သည်။ ဤတွင် ဝင်ထန်း တို့ဘက်တွင် ဆယ့်သုံးဦး ဖြစ်သွားသည်။

''ကဲ.... ကျွန်တော်ပြောတာကို လက်ခံတဲ့လူတွေ များ တယ်၊ ဒီတော့ ကိန်လေ့ဟာ လူသတ်ကောင်ဖြစ်တယ် ဆို တာ ထင်ရှားနေပြီ''

ဝင်ထန်းက ပိုင်နိုင်သောအမူအရာဖြင့် ပြောသည်။

''ဒီလိုပုံစံမျိုးနဲ့ လူသတ်တရားခံလို့ စွပ်စွဲနိုင်မလားရှင့်''

လင်ယုယုကလည်း အလျှော့မပေးသေးဘဲ ငြင်းဆိုပြန် သည်။

''ကိန်လေ့ဟာ ရတနာသိုက်ကိုလိုချင်လို့ ရှန်ကျင့်တို့ကို သတ်ပစ်ခဲ့တာပဲ၊ ဒီထက်ခိုင်မာတဲ့ အထောက်အထား ရှိဦး မှာလား''

မင်းကျူးက ဝင်ပြောသည်။

''ကဲ__ကိန်လေ့၊ ဒီလောက်တောင်ဖြစ်နေကြရင် ကျွန်မ တို့ ဒီနေရာကနေ ထွက်သွားကြပါစို့၊ ရတနာတွေ အများ ကြီး ရှိနေတဲ့နေရာဟာ အန္တရာယ်များတယ်၊ နေဖို့ထိုင်ဖို့ မသင့်လျော်ဘူးရှင့်''

လင်ယုယုက ကိန်လေ့ကို လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရတနာ့ခမစ္စည်းဆိုတာ လူတွေရဲ့စိတ်ဓာတ်ကို အမျိုးမျိုး ညစ်နွမ်းအောင် လုပ်တတ်တယ်၊ လောဘဇောတိုက်ပြီး အကျင့်သိက္ခာတွေတောင် ပျက်ပြားတတ်တယ်၊ ဒီနေရာကနေ မြန်မြန် ထွက်သွား ဖို့လ ကောင်းလေပဲ"

ကိန်လေ့က ပြန်ပြောသည်။

"ကဲ... အားလုံးကြားကြတယ် မဟုတ်လား၊ ကိန်လေ့က ဒီကျွန်းကနေ ထွက်သွား တော့မယ် တဲ့၊ ဒီတော့ ဒီရတနာသိုက်ကို သူစိတ်ဝင်စားမှု မရှိဘူးဆိုတာ ထင်ရှားနေပြီ၊ ရတနာသိုက်ကို စိတ်မဝင်စားတဲ့ ကိန်လေ့ဟာ ရှန်ကျင့်တို့ကိုလဲ သတ်ဖြတ်စရာ အကြောင်းမရှိပါဘူး"

လင်ယုယုက ပြောလိုက်သည်။

"ဒါက သူ့လုပ်ကြံမှုတွေပေါ်သွားလို့ ရှောင်ပြေးချင်တဲ့ ဆင်ခြေပဲ"

ဝင်ထန်းက ပြောသည်။

"ဒီလိုဆိုရင် ရှင်က ဘယ်လိုလုပ်ချင်လို့လဲ"

လင်ယုယုက လေသ[illegible]မာဖြင့် ပြောသည်။

"ဘယ်လိုလုပ်ရမှာလဲ၊ သေစားသေစေ အပြစ်ပေးပြီး အဆုံးစီရင်ရုံသာ ရှိတော့တာပေါ့"

ဝင်ထန်းကလည်း ရှင်းရှင်းပြတ်ပြတ် ပြန်ပြောသည်။

"ဟုတ်တယ်"

"ဟုတ်တယ်"

"ကိန်လေ့ကို အသေသတ်ရမယ်"



မင်းကျူးတို့ ဟယ်ာမှယ်ငါးဦးက အောက်တစ်ပြောဆိုကြသည်။

ထိုအချိန်တွင် ဝင်ထန်းတို့ဘက်တွင်ရပ်နေသော ရှေလုံရှင် ဟန်လုံ၊ ယက္ခတုတ်လှိုဖိန်နှင့် ဓာပေလုလင်စိန်ကျားတို့ သုံးယောက်မှာ ကြားနေသည့် စုရပ်သို့ ပြောင်းသွားကြသည်။

ဤတွင် ဝင်ထန်းတို့ဘက်တွင် ကြားနေသူ ဆယ်ဦးဖြစ်သွားသည်။

"ခင်ဗျားတို့က ဘာဖြစ်ကြတာလဲ"

ဝင်ထန်းက လှမ်းမေးသည်။

"သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရှိဘဲ ထင်မြင်ယူဆချက် တစ်ခုတည်းနဲ့ လူတစ်ယောက်ကို သေဒဏ်မစီရင်စေချင်လို့ပါ"

ဓာပေလုလင်စိန်ကျားက ပြန်ပြောသည်။

"ဟုတ်တယ်၊ အခုကိစ္စမှာ ချက်ချင်း ဆုံးဖြတ်စီရင်လို့ မသင့်ဘူး၊ မှားယွင်းသွားရင် တစ်သက်လုံး နောင်တရလို့ မဆုံး ဖြစ်နေမယ်"

ယက္ခတုတ် လှိုဖိန်ကလည်း ပြောလိုက်သည်။

ဤတွင် ချမ်းသာသူဇာ၊ ဓွေါင်းသူဇာ၊ ခရေသူဇာနှင့် ရေလှိုင်းသူဇာတို့ လေးယောက်ကလည်း ကြားနေသည့်ဘက်သို့ကူးပြောင်းသွားကြပြန်သည်။ ထို့ကြောင့် ဝင်ထန်းတို့ဘက်တွင် စုစုပေါင်း ၆-ဦးသာ ကျန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



" မိမိဘက်တွင်လူအင်အားနည်းသွားသောကြောင့်ပလွေ လုလင် ဝင်ထန်းမှာ တင်းတင်းမာမာ မလုပ်ရဲတော့ပေ။

"ကောင်းပါပြီ၊ ဒီလိုဆိုရင်လဲ ကိန်လေ့ကို သေဒဏ်မစီရင်တော့ပါဘူး၊ သွားလိုရာ သွားပါစေတော့"

စင်ထန်းက အလျှော့ပေးလိုက်၏။

"ကဲ...ကိန်လေ့၊ ကျွန်မတို့ သွားကြစို့"

လင်ယုယုက ဤသို့ ပြောပြီး မိစ္ဆာကျွန်း၏ အနောက်ဘက်ကမ်းခြေသို့ ကိန်လေ့တို့ ခေါ်လာခဲ့သည်။

ကျားဖြူရှန်အိုင်နှင့် ကြယ်ပျံယုတ္တတို့လည်း သူမတို့နောက်သို့ လိုက်လာခဲ့ကြသည်။

လင်ယုယုတို့ စီးလာခဲ့ကြသော ဝါးဖောင်များမှာ ကျွန်း၏အနောက်ဘက်ကမ်းခြေဝယ် အသင့်ရှိနေသည်။

"ကိန်လေ့၊ ဆတိထားပြီး သွားဗျာ"

ကိန်လေ့အပေါ် သံယောဇဉ်ရှိသူ ကျားဖြူရှန်အိုင်က နှုတ်ဆက်စကားပြောသည်။

ဝါးဖောင်တစ်ခုကိုလည်း ကူညီပြီး ရေထဲတွန်းချပေးသည်။ ကိန်လေ့သည် မိစ္ဆာကျွန်းတွင်နေခဲ့သော ၃-ရက်တာ အချိန်အတွင်း ငါး ပုစွန်များတို့ဖမ်းကာ အခြောက်လှန်း၍ ရိက္ခာခြောက်များပြုလုပ်ထားခဲ့သည်။ ကိန်လေ့က ထိုရိက္ခာခြောက်များနှင့် ရေချိုအတော်များများတို့ ဖောင်ပေါ်တင်ကာ ယူလာခဲ့သည်။



ထို့နောက် ကျားဖြူရှန်အိုင်တို့ကိုနှုတ်ဆက်ကာကိန်လေ့နှင့် လင်ယုယုတို့ ဝါးဖောင်စီး၍ မိစ္ဆာကျွန်းမှ ထွက်ခွာလာခဲ့သည်။

"ယုယုကိုတော့ တကယ် ကျေးဇူးတင်မိတယ်"

မိစ္ဆာကျွန်းမှ ထွက်ခွာလာကြပြီး ပင်လယ်ပြင်ဝယ် ဝါးဖောင်ကို လှော်ခတ်လာရင်း ကိန်လေ့က ပြောလိုက်သည်။

"ဘာကြောင့် ကျေးဇူးတင်တာလဲ"

"ဩော်...လူငယ်သိုင်းသမားတွေထဲမှာ တို့အပေါ် တကယ်တာမ်း နားလည်တဲ့လူဆိုလို့ ယုယုတစ်ယောက်ပဲ ရှိတယ် မဟုတ်လား"

လင်ယုယုက ကိန်လေ့ကိုပြုံးကြည့်နေသည်၊ ကိန်လေ့ကလည်း ပြန်ကြည့်သည်။

အကြည့်ချင်းဆုံမိကြ၏။ ထိုအကြည့်များတွင် အဓိပ္ပာယ် အကြည့် များစွာပါနေ၏။

"ရှင်နဲ့ကျွန်မ ပထမအကြိမ် စတွေ့တုန်းကအဖြစ်ကို ရှင် မှတ်မိသေးလား"

သူမက ကိန်လေ့ကို မျက်လွှာပင့်ကြည့်ရင်း မေးလိုက်သည်။

"ဘာကို ဆိုလိုတာလဲ"

"ကျွန်မရဲ့လက်ကို နမ်းခွင့်ပေးခဲ့တဲ့ ကိစ္စလေ၊ ရှင် အဲဒါကို မေ့နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဒီဟာကျိုတော့ ဒီတစ်သက် ဘယ်မေ့လိမ့်မလဲ၊ အမြဲသတိရနေမှာပေါ့"

"ရှင်ဟာ ကျွန်မရဲ့ကိုယ်ထင်းနံ့ကို ပထမဆုံး နမ်းခွင့်ရတဲ့ ယောကျ်ားပဲ"

"ဟုတ်ကဲ့၊ အဲဒါကို ဂုဏ်ယူမဆုံးပါဘူး၊ ပြီးတော့... တစ်ခါသာ မဟုတ်ဘဲ တစ်သက်လုံး...၊"

ကိန်လွေမှာ စကားထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်၊

"တစ်သက်လုံး ဘာဖြစ်လဲ၊ ပြောလေ"

"တို...တစ်သက်လုံး အဲ...ယုယုကို ဟို...ချစ်တယ်"

ကိန်လွေက အရဲစွန့်ကာ ပြောလိုက်သည်။

သူမက ဘာမျှပြန်မပြော။ ခေါင်းလေး ငုံ့ထားသည်။

"ဘယ်လိုလဲ ယုယု၊ တို့ပြောတာကို လက်ခံနိုင်မသား"

"အစ်ကိုဟာ ကျွန်မရဲ့ကိုယ်ဆင်းနံ့ကို ပထမဆုံး နမ်းခွင့်ရတဲ့လူပါ၊ ဒီတော့ အစ်ကို့ရဲ့ကမ်းလှမ်းချက်ကို ကျွန်မ လက်ခံရမှာပေါ့"

သူမက ပြန်ပြောပြီး ခေါင်းလေးငုံ့သွား၏။ မျက်နှာတွင် ရှက်သွေးများဖြာကာ နီရဲ၍နေသည်။ သည်လိုဆိုတော့လည်း ပင်လယ်ပြင်တွင် ပါးဖောင်တစ်ခုထက်၌ နေရသော်လည်း ပျော်စရာအတိ ရွှင်စရာအပြည့်ဖြစ်နေ၏။ နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင် စကားများဆိုကာ ပါးဖောင်ကို လှော်ခတ်လာကြသည်။



လင်ယုယုက မိမိ အမည်မရှိသော ကျွန်းကလေးတစ်ခုတွင် စင်ခိုနားခဲ့ကြပုံနှင့် မိမိတို့စီးလာသောသင်္ဘောကို စင်ရေဂိုက်ကျားသစ်တို့က လုယူသွားကြပုံတို့ ပြောပြသည်။

လှိုင်းလေငြိမ်သက်နေသည်မို့ ပင်လယ်ပြင်တွင် ခရီးနှင်ရသည်မှာ တစ်မျိုးပင် ပျော်စရာဖြစ်နေသည်။

"သူများတွေက မိစ္ဆာကျွန်းက ရှိတာတိုင်ရဲ့ ရတနာသိုက်ကိုသာ စိတ်ဝင်စားနေကြတယ်၊ တို့အနေနဲ့ကတော့ အဖိုးမဖြတ်နိုင်တဲ့ အလှရတနာလေးကို မိစ္ဆာကျွန်းမှာတွေ့ပြီး ပိုင်ဆိုင်ခွင့်ရလာတဲ့ အလှရတနာလေးက ရှိတာတိုင်ရတနာသိုက်ထဲက ရတနာပစ္စည်းတွေထက် အများကြီးသာပါတယ်လေ"

ကိန်လွေက သူမကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောသည်။

"တော်ပါ၊ အသားယူပြီး ပြောမနေစမ်းပါနဲ့၊ လူကို သူဖြင့် မပိုင်သေးဘဲနဲ့"

ဆင်ယုယုက ပြုံးစစဖြင့်ပြန်ပြော၏။

"အခု တို့ ဘယ်ကိုသွားရင် ကောင်းမလဲ"

ကိန်လွေက မျက်နှာပိုးသတ်ပြီးပြောသည်။

"ညာက မုန်တိုင်း အကြီးအကျယ်တိုက်တာ ဆိုတော့ စင်ရေဂိုက်ကျားချုပ်ရဲ့သင်္ဘောလဲ မုန်တိုင်းဒဏ်ခံရမှာပဲ၊ သူ့သင်္ဘောက ပါးဖောင်လို မပေါ့ပါးဘူးဆိုတော့ မုန်တိုင်းမိပြီး နစ်ချင်နစ်သွားမယ်၊ ဒါမှ မဟုတ် သူတို့တွေ တိုအမည်မသိ ကျွန်းလေးပေါ်ကို တက်ပြီး ခိုလှုံကြမလား

မပြောတတ်ဘူး။ ဒီတော့ အဲဒီ ကျွန်းလေးဘက်ကိုပဲသွားပြီး အကဲခတ်ကြည့်ရအောင်၊ ခရီးကလဲ သိပ်မဝေးပါဘူး၊ နေ့လယ်လောက်ဆို ရောက်သွားနိုင်ပါတယ်''

ဤသို့ဖြင့် လင်ယုယုတို့ ခေတ္တဝင်နားခဲ့သည့် အမည်မဲ့ကျွန်းလေးဘက်သို့ ဦးတည်ကာ လာခဲ့ကြသည်။

''တိုလူတွေကို မိစ္ဆာကျွန်းပေါ်မှာ ထားရစ်ခဲ့ရတာကို တို့ စိတ်မကောင်းပါဘူး ယုယုရယ်''

''အစ်ကိုက ဘာ့ကြောင့် စိတ်မကောင်းဖြစ်နေရတာလဲ''

''ရှန်ကျင့်တို့ကိုသတ်သွားတဲ့ လူသတ်သမားဟာ မိစ္ဆာကျွန်းကို တိတ်တဆိတ်ပြန်ရောက်လာနိုင်တယ်၊ အဲဒီလူ ဘယ်သူလဲဆိုတာကို မခန့်မှန်းနိုင်ပေမယ့် မိစ္ဆာကျွန်းရဲ့ အနေအထားကို အတော် ကျွမ်းကျင်ထားတဲ့လူဖြစ်ဖို့များတယ်၊ သူ မိစ္ဆာကျွန်းကို တိတ်တဆိတ်ပြန်ရောက်လာရင် ကျွန်းပေါ် ကျန်နေခဲ့တဲ့လူတွေအတွက် အန္တရာယ်အများကြီးရှိနိုင်တယ်''

''ဒါကတော့ ဒါပေါ့လေ၊ ဒါပေမယ့် သူတို့က အစ်ကို့ကိုမှ မယုံဘဲ၊ လူသတ်သမားလို့စွပ်စွဲနေတော့ ဘယ်လိုလုပ်ပြီး သူတို့ကို အကူအညီပေးနိုင်မှာလဲ''

''အင်းလေ...အခြေအနေကတော့ အတော်ကို ဘေးကျပ်နံကျပ်ဖြစ်နေတာပဲ၊ သူတို့ကို မိစ္ဆာကျွန်းမှာ ဒီအတိုင်းပစ်ထားလို့မဖြစ်ဘူး၊ တစ်ခုခု ကြံဆပြီး လုပ်ဆောင်ရမယ်''



''အစ်ကို...တို့မှာကြည့်စမ်း၊ ဘာကြီးလဲ''

ကိန်လွှေ စကားပြောနေဆဲ၌ လင်ယုယုက ပင်လယ်ပြင် တစ်နေရာကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။ ကိန်လွှေကလည်း လင်ယုယုညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ပင်လယ်ပြင်တွင် ခပ်ခုံးခုံးအရာတစ်ခု မျောနေသည်ကို တွေ့ရသည်။ ထိုအရာကိုဖက်တွယ်ထားသော လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကိုပါ မြင်ရသည်။

''ဟာ... သင်္ဘောနစ်ပြီး ပင်လယ်ထဲမျောနေတဲ့ လူပါလား''

ကိန်လွှေက ဤသို့ပြောပြီး ထိုနေရာသို့ ဝါးဖောင်ကို ဦးတည်ကာ လှော်ခတ်လာသည်။ နီးကပ်လာသည့်အတွက် ပို၍ထင်ထင်ရှားရှား မြင်လာရသည်။

ခပ် ခုံး ခုံး အ ရာ မှာ ပင်လယ်ပြင်ထဲဇယ် ဇောက်ထိုးမှောက်ခုံဖြစ်ကာ နစ်မြုပ်နေသော သင်္ဘောတစ်ခု၏ ရေဖြစ်သည်။ ပက်လက်လန်နေသော သင်္ဘောရေကို ဖက်တွယ်ထားသည့် အမျိုးသမီးတစ်ယောက်ကိုလည်း တွေ့ရသည်။

ထိုအမျိုးသမီးမှာ အဖြူရောင် ပိုးသားဝတ်စုံကို ဝတ်ထားသည်။ ရေစိုနေသည့်အတွက် ဝတ်စုံကအသားနှင့်ကပ်နေရာ အမျိုးသမီး၏ တောင့်တင်းပြေပြစ်သော ကိုယ်ခန္ဓာကို မြင်နိုင်သည်။

ကိုယ်ခန္ဓာ အချိုးအဆစ်မှာ အလွန်လှပသည်။ အမျိုးသမီးမှာ အလွန်မောဟိုက် နွမ်းနယ်နေသည့် အသွင်မျိုး

www.burmeseclassic.com



ရှိသည်။ ခေါင်းငိုက်စိုက်ကျကာ သခော့ခမ်းကို လက်ဖြင့် ကုတ်တွယ်ထားသည်။

"ဟာ...အမျိုးသမီး တစ်ယောက်ပါလား၊ အသက်မှ ရှိသေးရဲ့လား"

ကိန်လွှေက ရေရွတ်လိုက်သည်။

ကိန်လွှေအသံကို ကြားသွားဟန်တူသော အမျိုးသမီးက ခေါင်းကို မော့ကာ ကိန်လွှေဘက်သို့ ကြည့်သည်။

"ကျွန်မ မသေသေးပါဘူးရှင်၊ မြန်မြန် လာကယ်ပါ"

အားနည်းဖျော့တော့သော အသံဖြင့်လည်း အကူအညီ တောင်းသည်။ ထိုအမျိုးသမီးမျက်နှာကို တွေ့ရသည်တွင် ကိန်လွှေနှင့် လင်ယုယုတို့မှာ အထိတ်တလန့် ဖြစ်သွားကြ သည်။

ထိုအမျိုးသမီး၏မျက်နှာမှာ အလွန်အကြည့်ရ အရုပ်ဆိုး လှသည်။ မျက်နှာမှာ အရေပြားများလန်ကာ ရွတ်တွသော အမာရွတ်များနှင့် ပြည့်နှက်နေသည်။ အကြောများ ပြတ် နေသည့်ဟန်ဖြင့် မျက်စိ၊ နှာ ခေါင်း နှင့် ဖါးစပ်တို့မှာ အနေအထားမမှန်ဘဲ လွဲစောင်းနေသည်။

မျက်နှာကို မီးသောင်ခံထားရသည့် အသွင်ဇင်၊ လှပ တောင့်တင်းသော ကိုယ်ခန္ဓာနှင့်မလိုက်အောင် မျက်နှာမှာ သရဲတစ္ဆေရုပ်ပမာ အလွန်အကြည့်ရ ဆိုးလှသည်။

"အမယ်လေး...ဘုရားဘုရား၊ မင်လယ်ထဲမှာ တစ္ဆေ ခြောက်ခံနေရတာများလား"



လင်ယုယုက အလန့်တကြား ရေရွတ်လိုက်သည်။

"ကျွန်မ တစ္ဆေမဟုတ်ပါဘူးရှင်၊ လူပါ၊ ဒုက္ခရောက် နေတဲ့ လူပါ၊ မြန်မြန်ကယ်ပါရှင်"

အမျိုးသမီးက ပြန်ပြောသည်။

ကိန်လွှေက ဝါးဖောင်ကို မှောက်ခုံဖြစ်သော သင်္ဘော အနားသို့ ကပ်ပေးရန် ဟန်ပြင်လိုက်သည်။

"နေဦးလေ၊ အစ်ကိုအရမ်းမလုပ်နဲ့၊ အရမ်းမကပ်နဲ့"

လင်ယုယုက တစ်စုံတစ်ရာကို စဉ်းစားမိသည့်အသွင်ဖြင့် တားလိုက်သည်။

"ဘာဖြစ်လို့လဲ ယုယု"

ကိန်လွှေက တအံ့တသြ ပြန်မေးသည်။

"သူဘယ်သူလဲဆိုတာ သေသေချာချာ မေးကြည့်ပြီး ကယ်သင့်မှ ကယ်ရမယ်၊ သူဟာ စင်ရော်ဂိုဏ်းချုပ်ဖြစ်မယ် လို့ ကျွန်မထင်တယ်"

လင်ယုယုက လေသံဖြင့်နှစ်ယောက်ကြား ပြောလိုက်သည်။

ကိန်လွှေက ဝါးဖောင်ကို သင်္ဘော မှောက်နေရာသို့ မကပ်သေးဘဲ ခပ်ခွာခွာထားကာ အသံ ကျယ်ကျယ်ဖြင့် လှမ်းမေးသည်။

"ဗျို့... အမျိုးသမီး၊ ခင်ဗျားဟာ စင်ရော်ဂိုဏ်းချုပ် မဟုတ်လား"

"ဟာ... မဟုတ်ပါဘူး၊ ကျွန်မဟာ သာမန်အရပ်သူ လေးပါ၊ နာမည်က ချောင်ကူးလို့ခေါ်ပါတယ်၊ ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မှန်တိုင်းမိပြီး သင်္ဘောမှောက်သွားလို့ 'ဒုက္ခရောက် နေတာပေါ့'

ထိုအမျိုးသမီးက ပျာပျာသလဲ ပြန်ပြောသည်။

"ရှင်မညာပါနဲ့၊ အမှန်အတိုင်းပြောပါ"

လင်ယုယုက ဝင်ပြောသည်။

"ညာတာမဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောတာပါ"

ကိန်လွှေကလည်း ဝါးဖောင်ကို အဝေးကိုလှော်ခတ် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ကျွန်မကိုပစ်မထားပါနဲ့ ကိန်လွှေရယ်၊ ရှင်ဟာ စိတ်ကောင်း စေတနာကောင်းရှိလို့ ချစ်လှလင်ရယ်လို့ တင်စား အခေါ်ခံရတာ မဟုတ်လား၊ ကျွန်မလို ပင်လယ်ပြင်မှာ မျောပါပြီး ဒုက္ခရောက်နေတဲ့လူတွေ ကျောခိုင်းထားခဲ့ ရက်သလားရှင်"

ထိုအမျိုးသမီးအ တောင်းပန်စကား ဆိုသည်။

"မင်းတို့၊ ခင်ဗျားကိုယ်ရဲ့ဘော်ဒီ ရွှေဆံထိုးသယ့်တစ်ဖော်နဲ့ အဆိပ်မိကျောင်းစိမ်းကုံးတို့ လူစုကော သေကုန် ကြပြီလား"

"မုန်တိုင်းမိပြီး သင်္ဘောမှောက်တဲ့အခါမှာ သူတို့အားလုံး ပင်လယ်ထဲကို ကျကုန်ကြပါတယ်"

"ခင်ဗျား တစ်ယောက်တည်း အသက်ရှင် ကျန်ခဲ့တယ် ဆိုပါတော့"



"ဟုတ်ပါတယ်...ကျွန်မက မှောက်သွားတဲ့ သင်္ဘောရေကို ဖက်တွယ်ထားနိုင်ခဲ့လို့ အသက်ရှင်ကျန်ခဲ့တာပေါ့"

"နဂါးလေး စမ်းကွမ်းယဲ့ရော"

သစ္စာဖောက် တစ်ယောက်ဖြစ်သည့် နဂါးလေး စမ်းကွမ်းယဲ့ကို မုန်းတီးစိတ်နာနေသော လင်ယုယုက မေးလိုက်သည်။

"သူလဲ ပင်လယ်အောက်ကို ရောက်သွားပါပြီ"

"ရတနာသိုက်ရှိနေတဲ့ မိစ္ဆာကျွန်းကိုတော့ ရှင်သွားချင်သေးလား"

"အခု အခြေအနေမျိုးမှာတော့ ဘာကိုမှ မမက်မောတော့ပါဘူး၊ အသက်ရှင်ပြီး နေနိုင်ဖို့က ရတနာပစ္စည်းတွေထက် ပိုအရေးကြီးပါတယ်"

ဤတွင်ကိန်လွှေက ဝင်ပြောပြန်သည်။

"ခင်ဗျားသိရအောင် တစ်ခုပြောဦးမယ်၊ ငမန်းကျွန်းပေါ်မှာ ရှိနေတဲ့ ခင်ဗျားရဲ့ဌာနချုပ်စခန်းကို ကျွန်ုပ်တို့ မီးတိုက် ဖျက်ဆီးပစ်လိုက်ပြီးပြီ၊ ငမန်းကျွန်းပေါ်မှာ ရှိနေတဲ့ ခင်ဗျားရဲ့ဂိုဏ်းဝင်တွေကိုလဲ သက်ဆိုင်ရာ လက်အပ်လိုက်ပြီ၊ အခုဆိုရင် စင်ရေခ်ဂိုဏ်းမှာ ခင်ဗျား တစ်ယောက်တည်းပဲ ကျန်တော့တယ်"

"အင်း...ကျွန်မလဲ မိုက်မှား မိခဲ့တာတွေကို နောင်တရပါပြီ၊ စင်ရေခ်ဂိုဏ်းကို ပြန်ထူထောင်ဖို့ စိတ်မကူးတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟို—အရင်က စင်ရော်ဂိုဏ်းချုပ်က ရှင်နဲ့ဘာတော်ဆာလဲ"

လင်ယုယုက ဝင်မေးသည်။

"ကျွန်မရဲ့ အဘွားပေါ့"

"ရှင့်မျက်နှာက ဘာလို့ အခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရတာလဲ"

"သုံးနှစ်အမီးလောက်က မျက်နှာကို ရေနွေးပူလောင်ပြီး အခုလို ဖြစ်ခဲ့ရတာပေါ့၊ ကျွန်မက ရုပ်ပျက် ဆင်းပျက် ဖြစ်နေတာ ဆိုတော့ လူ့ပတ်ဝန်းကျင်မှာ ဝင်မဆံ့နိုင်ပါဘူး၊ ဒါကြောင့် အားလုံးက ကျွန်မကို လေးစားကြောက်ရွံ့ရအောင် သိုင်းပညာကြိုးစားလေ့ကျင့်ပြီး စင်ရော်ဂိုဏ်းကို ပြန်ထူထောင်ဖို့ ကြံခဲ့တာပေါ့"

"ဟာ—ဒီလိုစိတ်ထားမျိုးရှိရင် မှားမှာပေါ့၊ ခင်ဗျားဟာ အရုပ်ဆိုးနေပေမယ့် စိတ်ကောင်း စေတနာကောင်းထားရင် အများက ခင်ဗျားကို ချစ်ခင်ကြင်နာကြမှာပေါ့၊ လူတွေဟာ အကြင်နာတရားရှိပါတယ်၊ တစ်ဦးပေါ် တစ်ဦး ခင်မင်ပြီး မေတ္တာစေတနာ ရှေ့ထားပြီး ဆက်ဆံပေါင်းသင်းကြတဲ့ လောကအလယ်မှာ ခင်ဗျား အနေနဲ့ မျက်နှာမငယ်နိုင်ပါဘူး....

"သိုင်းပညာကို အလွဲသုံးစားလုပ်ပြီး ဒုစရိုက်လုပ်ခန်းတွေ ကျူးလွန်ရင်တော့ ပြည်သူလူထုရဲ့ရန်သူအဖြစ် ဝိုင်းအပယ်ခံရလိမ့်မယ်၊ ဒီတော့ ခင်ဗျား တတ်နိုင်တဲ့ ဘက်က



နေပြီး အများ အကျိုးကို ဆောင်ရွက်ပေးပါ၊ အဲဒီ အခါမှာ ခင်ဗျားကိုလဲ ခင်မင်စေတနာထားတဲ့ လူတွေနဲ့ တွေ့လာရပါလိမ့်မယ်"

ကိန်လွေက စင်ရော်ဂိုဏ်းချုပ်ကို တရားချ ပြောဆိုပြီးနောက် ဝါးဖောင်ကို သင်္ဘောပျက်ရှိရာသို့ ကပ်ဖေးလိုက်သည်။

"အစ်ကို သူ့ကို တယ်မလို့လား"

လင်ယုယုက မေးသည်။

"အင်းလေ"

"သူက အန္တရာယ်မပေးနိုင်တယ်နော်၊ စဉ်းစဉ်းစားစား လုပ်ပါဦး"

"သူ့ကို ကြည့်ရတာ နောင်တရပုံရပါတယ်၊ ပြီးတော့ ဟောဒီပင်လယ်ပြင်ထဲမှာ တို့ကို သူက အကောက် ကြံရင် သူ့အတွက် ဘာမှ အကျိုးမရှိပါဘူး၊ဒါကို သူနားလည်ပါလိမ့်မယ်၊ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကယ်တင်တာကောင်းပါတယ်ကွယ်"

ထိုအချိန်တွင် ဝါးဖောင်မှာ သင်္ဘောပျက်အေးသို့ကပ်သွားပြီ ဖြစ်သည်။

"ကဲ...ဒီအပေါ် တက်လာခဲ့ပါဗျာ"

ကိန်လွေက လှမ်းပြောသည်။

စင်ရော်ဂိုဏ်းချုပ် မိန်းမပျိုလည်း ဝါးဖောင်ပေါ်သို့ လှမ်းတက်လာသည်။ လင်ယုယုကဆီး၍ ဖေးမဆွဲတင်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည်။ စင်ရော်ဂိုဏ်းချုပ်မိန်းမပျိုက ဝါးဖောင်ပေါ် ဝင်အနီးဝယ် ကျုံ့ကျုံ့လေးထိုင်နေသည်။

"ရှင့်နာမည်က ထကယ်ပဲ ချောင်ကူးလို့ ခေါ်တာလား"

လင်ယုယုက မေးသည်။

"မှတ်ပါတယ်...အဲဒါကျွန်မရဲ့ နာမည်ရင်းပါ၊ ကျွန်မကို ပဝါတစ်ထည်လောက်ရှိရင် ပေးကြပါ၊ ကျွန်မမျက်နှာကို ဖုံးထားချင်လို့ပါ"

ချောင်ကူးမှာ အရုပ်ဆိုးလှသော မျက်နှာကို အလွန်စိတ်ပျက်နေပုံရသည်။ မဝေါ့တဝေါ်ဖြစ်နေသော ကိုယ်ခန္ဓာကို ဖုံးကွယ်ရန်သတိမရဘဲ မျက်နှာကို အုပ်ထားရန်သာ အရေးထားနေသည်။

လင်ယုယုက ပဝါတစ်ထည် ထုတ်ပေးလိုက်၏။ ထို့ပြင် ငါးခြောက်ပြားတစ်ပြားနှင့် ရေတစ်ခွက်လည်း ကမ်းပေးလိုက်သည်။

ချောင်ကူးက အားရပါးရစား၏။

"ခင်ဗျားတို့ ဘယ်နေရာပို့ပေးရမလဲ"

"ပြည်မကမ်းခြေတစ်နေရာရာကိုရောက်ရင် တော်ပါပြီ။ ကျွန်မ တောရွာတစ်ရွာရွာမှာ သွားပြီး ဇာတ်မြှုပ်ပြီး အေးအေးဆေးဆေးနေပါတော့မယ်"

* * *



၄-ရက်ခန့်ကြာတွင်ပြည်မကမ်းခြေတစ်နေရာရှိ မြို့လေးတစ်မြို့နှင့် မနီးမဝေးတွင် ဝါးဖောင်ဆိုက်ကပ်မိသည်။

သူတို့ ၃-ယောက် ဝါးဖောင်ပေါ်မှဆင်းကာ ကမ်းပေါ် တက်လာခဲ့၏။

"ရော့...ယမ်းစရိတ်အတွက် ဟောဒီပုလဲနှစ်လုံးကိုယူသွား၊ ဒါဟာ ရိတဇဟိုင်ရဲ့ရတနာသိုက်ထဲက ပုလဲတွေပဲ၊ ကျွန်မတော် သူ့ကို အစားအသောက်တွေရောင်းပြီးယူထားလိုက်တာ၊ ခင်ဗျားအနေနဲ့ ရတနာသိုက်ထဲက ပုလဲနှစ်လုံးလောက်ရတယ်ဆိုတော့ ဖြေသာသေးတာပေါ့"

ကိန်လွှေက ပုလဲ ၂-လုံးထုတ်ယူကာ ချောင်ကူးကိုပေးသည်။

ချောင်ကူးလည်း ကျေးဇူးတင်စကားဆိုကာ ကိန်လွှေနှင့် လင်ယုယုတို့ကိုနှုတ်ဆက်လျက် ထွက်ခွာသွားသည်။

"အင်း... စင်ရော်ဂိုဏ်းတော့ စခန်းသိမ်းသွားပြီ...၊ ကဲ...ကျွန်မတို့ ဘာလုပ်ကြမလဲ"

ချောင်ကူး ထွက်သွားပြီးသောအခါ လင်ယုယုက ကိန်လွှေကို မေးလိုက်သည်။

"မြို့ထဲကိုသွားပြီး ကျန်နေသေးတဲ့ ပုလဲတွေထိုရောင်းမယ်၊ အစားကောင်း အသောက်ကောင်းတွေ စားသောက်မယ်၊ ပြီးတော့ သင်္ဘောတစ်စီးငှားပြီး မိစ္ဆာကျွန်းကို ပြန်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိန်ရွှေက ပြန်ဖြေသည်။

"မိစ္ဆာကျွန်းတို့ ဘာကိစ္စပြန်သွားဦးမှာလဲ"

"ကျွန်းပေါ်မှာ ကျန်နေခဲ့တဲ့ ရောင်းရင်းတွေကို သွားကယ်တင်ရမယ်လေ"

"ဟာ...မဟုတ်တာတွေ လုပ်မနေစမ်းပါနဲ့၊ ကျွန်မတို့ ဝါးဖောင်စီးပြီး ပြည်မတမ်းခြေကိုရောက်အောင် လာနိုင်သေးတာ၊ သူတို့လဲ မိစ္ဆာကျွန်းတနေ စွန့်ခွာလာချင်တယ်ဆိုရင် အလွယ်လေးပါ၊ သူတို့တစ်တွေက ရတနာသိုက်ကို မက်မောပြီး မိစ္ဆာကျွန်းမှာ ကျန်နေခဲ့ကြတဲ့ဥစ္စာ၊ သူတို့ ထိုက်နဲ့သူတို့ကံရှိကြပါစေ"

"ဒီလို လျစ်လျူရှုလို့ ဘယ်ဖြစ်မှာလဲ၊ လှို့ဝှက်လူသတ်သမားရဲ့ အန္တရာယ်ကရှိသေးတယ်၊ လှို့ဝှက်လူသတ်သမားက သူတို့တစ်တွေကို တစ်ယောက်ပြီးတစ်ယောက် တိတ်တိတ်ချောင်းသတ်ပစ်ကြမှာပေါ့၊ အဲဒီ လှို့ဝှက်လူသတ်သမားတ ရှန်ကျင့်နဲ့ရောင်ပင်းကို အသေတောင်သတ်နိုင်တဲ့နောက် ကျန်လူတွေကိုလဲ သတ်နိုင်မှာပဲ"

"ရတနာမက်လို့သေကြရတာပဲ၊ သေစမ်းပါစေ"

"ဟာ...ဒီလိုမပြောနဲ့လေ၊ ကျန်ခဲ့တဲ့ ရောင်းရင်းတွေအားလုံးဟာ ရတနာသိုက်ကိုမက်မောကြပြီး လောဘဇောတိုက်နေကြတဲ့လူတွေမဟုတ်ပါဘူး၊ ဒါကို ယုယုလဲ သိပါတယ်လေ"



"ကောင်းပြီလေ၊ ကျွန်မတစ်ခုပြောမယ်၊ ပင်ဆေယ်ထဲမှာ အစ်ကိုက ချစ်ရေးဆိုတယ်၊ ကျွန်မက လက်ခံခဲ့တယ်၊ အခု ကျွန်မတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းလိုက်ကြမယ်၊ ဒါမှ ကျွန်မလဲ အစ်ကိုနဲ့အတူ မိစ္ဆာကျွန်းကိုလိုက်ခဲ့မယ်"

"ဟာ...ခုအချိန်မှာ စေ့စပ်ကြောင်းလမ်းလို့ မဖြစ်သေးဘူး"

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

"ကံကြမ္မာဆိုတာ ခန့်မှန်းရခက်တယ်၊ ဒီနေ့ ယုယုနဲ့ စေ့စပ်ကြောင်းလမ်းလိုက်ပြီး မကြာခင်မှာပဲ တို့ဟာ ကံကြမ္မာဆိုးကြုံတွေ့ပြီးသေသွားရင် ယုယုအတွက်အလကားသက်သက် နာမည်ပျက်စရာဖြစ်မနေဘူးလား"

"ဟာ...ဒီပါးစပ်က နိမိတ်မရှိတာတွေ ပြောမနေစမ်းပါနဲ့၊ ကဲပါ ကျွန်မတို့ မစေ့စပ်ဘူးဆိုရင် ရှင့်ကို တစ်ခါတည်း သေခန်းဖြတ်လိုက်တော့မယ်၊ ရှင်နဲ့လဲ မလိုက်နိုင်တော့ဘူး၊ ကျွန်မဘာသာ ကျွန်မ သိုင်းလောက ထဲမှာ လျှောက်လေလွင့်နေတော့မယ်၊ ရှင်လဲ ကျွန်မကို လိုက်ရှာမနေနဲ့တော့"

"ဒီလိုလဲ မလုပ်နဲ့လေ၊ အခုအချိန်မှာဆိုရင် ယုယုဟာ တို့ရဲ့ချစ်သူရည်းစားပဲ ရှိနေသေးတယ်၊ စေ့စပ်ကြောင်းလမ်းလိုက်တယ်ဆိုရင် ယုယုဟာ တို့ရဲ့ ဇနီးလောင်း ဖြစ်သွားမယ်၊ တကယ်လို့သာ မိစ္ဆာကျွန်းမှာအန္တရာယ်တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့ပြီးသေဆုံးသွားရင် ယုယုအဖို့ သတ်သတ်မဲ့ နာမည်ပျက်စရာဖြစ်မနေဘူးလား''

''ကျွန်မ ဒါတွေ နားမလည်ဘူး၊ အစ်ကို ကျွန်မကို တကယ်ချစ်တယ် ဆိုရင် ကျွန်မတို့ စေ့စပ် ကြောင်းလမ်းကြရမယ်၊ ဒါပဲ''

''ယုယုကလဲကွယ်... ဇွတ်မလုပ်ပါနဲ့''

''မိစ္ဆာကျွန်းပေါ်မှာ ရတနာသိုက် ရှိမရှိ အလောင်းအစားလုပ်ခဲ့တာအစကို မှတ်မိသေးလား''

''အင်း....မှတ်မိပါတယ်''

''အခုအလောင်းအစား လုပ်ထားတဲ့သက်တမ်းခြောက်လမပြည့်သေးဘူး၊ ကျွန်မပြောတာကို အစ်ကိုလိုက်နာရမယ်''

လင်ယုယုက အပိုင်ကိုင်၍ ပြောလာပေရာ ကိုနီလွင်တာမျှမတတ်နိုင်တော့။

''ကောင်းပါပြီ၊ ယုယုနဲ့တို့နဲ့ စေ့စပ်ကြောင်းလမ်းကြပါတော့မယ်''

''ဒီလိုမှပေါ့''

လင်ယုယုက အားရဝမ်းသာ ပြောကာ ကိုနီလွင်ကို တအားသိုင်းဖက်လိုက်သည်။ ကိုနီလွင်ကလည်း လင်ယုယုကို အားရပါးရပင် ဖက်ပွေ့ထားလိုက်သည်။

★

# အခန်း (၁၂)

တိမ်မည်းညိုများက တလိပ်လိပ်တက်လာသည်။

ထို့နောက် မိုးက သဲလဲမဲမဲရွာချသည်။

လေပြင်းကလည်း ခပ်ကြမ်းကြမ်း တိုက်ခတ်နေသည်။

နေ့လယ်ပိုင်းအချိန်ဖြစ်သော်လည်း ကောင်းကင် တစ်ခုလုံး တိမ်မည်းညိုများ ဖုံးအုပ်ထားသည် ဖြစ်သောကြောင့် မိစ္ဆာကျွန်းပေါ်ဝယ် အမောင်းရောင် အလွန် နည်းနေလေသည်။

လှူဝယ်သိုင်းသမား (၂၁) ယောက်နှင့် ရိုလျံအုပ်စုသည် ရတနာသိုက်ရှိရာ လိုဏ်ဂူထဲသို့ ဝင်တာ ခေတ္တမိုးခိုနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်ဂူမှာ မိုးလုံလေလုံ ဖြစ်သော်လည်း လူများလွန်းသောကြောင့် ကျပ်ပိတ်ကာနေထိုင်ရသည်မှာ အိုက်စပ်စပ်ဖြစ်နေသည်။

“ဟိုလူလေးယောက်လဲ ပြန်မလာကြသေးပါလား၊ ဒီလောက် မိုးသည်းပြီး လေတိုက်နေတာ ဒီကိုပြန်လာကြဖို့ ကောင်းတယ်”

သဲသဲမဲမဲရွာနေသော မိုးသီးမိုးပေါက် များကို လှမ်းကြည့်ရင်း ကျားဖြူရှန်အိုင်က ပြောလိုက်သည်။

ကျားဖြူရှန်အိုင်ပြောသော ‘ဟိုလူလေးယောက်’ ဆိုသည်မှာ ကျွန်း၏ အနောက်ဘက် ကမ်းခြေ အလွန်တွင် ပင်လယ်ပြင်ဝယ် ပုစွန်သွားဖမ်းသော ကြယ်ပျံယုဟုံ၊ယကျွလိုဖိန်၊ တေးလူလင်ပဲနန်နှင့် ဖန်းလူလင်စီဖုံးတို့ကို ဆိုလိုခြင်းဖြစ်သည်။

“သူတို့လေးယောက်က ရေကြောင်း ကျွမ်းကျင်ကြပါတယ်၊ စိုးရိမ်စရာမလိုပါဘူး”

မလွှလုလင် ဝင်ထန်းက ပြန်ပြောသည်။

“မိုးတွေ လေတွေ ဒီလောက်ထန်နေတာ ဒီကိုပြန်လာပြီး မိုးခိုနေဖို့တော့ကောင်းပါတယ်”

ရှန်အိုင်က ထပ်ဆင့်ပြောသည်။

“လူငယ် သိုင်းသမားတွေဟာ ပျော့ပျော့ညံ့ညံ့တွေ မဟုတ်ပါဘူး၊ ဒီလောက်မိုးဒဏ်လေဒဏ်ကို တော့ ခံနိုင်ပါတယ်ဗျာ”



“ရှင်ဟာလေ ကိုယ့်အချင်းချင်း ညှာတာရမှန်း ရိုင်းစိုင်းရမှန်းမသိဘူး၊ စကားများဖို့ပဲ တတ်တယ်”

ဆင်းရဲသူဇာရှောင်လှက မကျေနပ်ဆည့် အသွင်ဖြင့် ဝင်ပြောသည်။

“ခင်ဗျားက ဘာမကျေမနပ်ဖြစ်နေတာလဲ၊ကျွန်တော်က အကောင်းပြောနေတာ”

ဝင်ထန်းက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

“အင်းပါ....အခုကိစ္စမှာ ရှင်ကအကောင်းပြောတယ်ပဲထားပါ၊ ကိန်လွေနဲ့လင်ယုယုတို့ကို ဒီကျွန်းက ထွက်သွားအောင် လုပ်ပစ်လိုက်တာကတော့ အတော်ကို မတရားတာပဲ”

ရှောင်လှက ပြန်ပြောသည်။

“ကိန်လွေကရှန်ကျင့်တို့ကို သတ်ခဲ့တဲ့အပြင် ရိုတနာတွေကိုအပိုင်စီးဖို့လဲ ကြံခဲ့သေးတာပဲ၊ သူ့ကို ဒီကျွန်းက ထွက်သွားခွင့်ပေးတာ အများကြီး သက်ညှာတယ်လို့ မှတ်ပေါ့၊ ကျွန်တော်နဲ့ သဘောဆိုရင် သူ့ကိုသေဒဏ်တောင် ပေးချင်တယ်”

“ကိန်လွေဟာ လူသတ်ကောင်ဖြစ်တယ် ဆိုတာ ရှင့်အပြောပဲ ရှိတာပဲ၊ဘယ်မှာလဲ အထောက်အထား”

“ခင်ဗျားက တယ်ဆိုးတာကိုး၊ အခု ကိန်လွေ ဒီကျွန်းကထွက်သွားတာ နှစ်ရက်ရှိနေပြီ၊နောက်ထပ်ဘယ်သူ ထပ်

www.burmeseclassic.com



အသတ် ခံရတော့လို့လဲ၊ ဒါကိုတောက်ထားပြီး စဉ်းစား ကြည့်ရင် ကိုန်လေ့ဟာ လူသတ်သမား ဖြစ်နိုင်တယ် ဆို တာ ထင်ရှားနေတယ်''

ထိုအချိန်မှာပင် ယက်ခွတုတ်လှိုဖိန်၏ အလန့်တကြား အော်ပြောသံပေါ်လာသည်။

''ရောင်းရင်းတို့၊ ဒီမှာ လာကြည့်ကြစမ်းပါဦး''

ပြောလိုက်သံမှာ အလောတကြီး နိုင်လှသောကြောင့် ပြဿနာ တစ်စုံတစ်ရာ တွေ့လာခဲ့မှန်း သိသာနိုင်သည်။

ထို့ကြောင့်သူတို့အားလုံး လိုဏ်ဂူထဲမှ အပြေးအလွှား ထွက်လာခဲ့ကြသည်။

လိုဏ်ဂူအပြင်ဘက်တွင် ယက်ခွတုတ်လှိုဖိန်နှင့်တေးလှုလင် ပဲနန်တို့ မတ်တတ်ရပ်နေကြသည်။ သူတို့၏ ခြေရင်းဝယ် ပန်းလှုလင် စီဖုံးနှင့် ကြယ်ပျံ ယုဏ္ဍတို့ နှစ်ယောက်၏ အလောင်းများရှိနေသည်။

သူတို့နှစ်ယောက်မှာ ပုစွန်ဆင်းဖမ်းရင်း အသတ်ခံကြ ရဟန်တူသည်။ ဘောင်းဘီတိုလေးများတို့သာ ဝတ်ဆင် ထားကြသည်။နှစ်ယောက်စလုံး၏ ရင်များမှာ ဓားဒဏ်ရာ ကြောင့် ဟင်းလင်းပွင့်နေသည်။

''ဒါဘယ်လို ဖြစ်ကြတာလဲ''

''သူတို့နှစ်ယောက် ပုစွန်ဆင်းငုပ်နေကြရာက နေပြီး ရေပေါ်ကို ရှေ့ဆင့်နောက်ဆင့် ဆိုသလို ပြန်ပေါ်လာကြ



တယ်၊ အခြေအနေထူးထယ်လို့ အကဲခတ်မိတာနဲ့ ကျွန်တော် တို့နှစ်ယောက် ကမ်းပေါ်ဆွဲတင် လာခဲ့ကြတာပါ၊ သူတို့ဒီလို ဖြစ်ပြီး အသက်ပျောက်နေတာကိုတွေ့ရတာပါပဲ''

ယက်ခွတုတ် လှိုဖိန်က ရှင်းပြသည်။ လူသတ်သမားက ရေငုပ်ကာ အလစ်ဖမ်း၍ လုပ်ကြံသတ်ဖြတ်သွားခြင်း ဖြစ် ကြောင်း အားလုံးက နားလည်လိုက်ကြသည်။

''ဘယ်သူ့ လက်ချက်လဲ''

ပန်းလှုလင် ဝင်ထန်းက မေးသည်။

''အဲဒါကိုတော့ ကျွန်တော်တို့မသိဘူး''

တေးလှုလင် ပဲနန်က ပြန်ပြောသည်။

''ဒီအတိုင်းဆိုရင် လျှို့ဝှက်လူသတ်သမားဟာ ကျွန်း ပေါ်မှာ ပုန်းနေပြီး ကျွန်မတို့ကို တစ်ယောက်ပြီး တစ် ယောက် သုတ်သင်သတ်ပစ်ဖို့ ကြံနေတာ ဖြစ်ရမယ်၊ အခု ကိုန်လေ့ဟာ လူသတ်သမား မဖြစ်နိုင်ဘူးဆိုတာ သိသာ နေပြီ''

ဆင်းရဲသူဇာ ရှောင်လှုက ဤသို့ပြောပြီး ပလေ့လှုလင် ဝင်ထန်းကို လှမ်းကြည့်သည်။

''အို... ဒီလိုနဲ့တော့ ကိုန်လေ့ဟာ အပြစ်ကင်းတယ်လို့ ဘယ်ပြောနိုင်မှာလဲ''

ဝင်ထန်းက ပြန်ပြောသည်။

''အခု ကိန်လေ့က ဒီကျွန်းမှာမှမရှိဘဲ၊ လူနှစ်ယောက် အသတ်ခံရပြန်ပြီ၊ ဒီတော့ ကိန်လေ့ဟာ ဘယ်လိုလုပ်ပြီး လူသတ်ကောင် ဖြစ်နိုင်တော့မှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အလကားသက်သက် စွပ်စွဲနေတာ မဟုတ်ပါဘူး၊ ကျွန်တော်က အကျိုးအကြောင်း ဆက်စပ်စဉ်းစားပြီး ပြောနေတာပါ။ တကယ်လို့ ကိန်လွှေဟာ အပြစ်ကင်းကြောင်း ခင်ဗျားအနေနဲ့ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ပြနိုင်ရင် ကျွန်တော်ရဲ့စွပ်စွဲချက်တို့ ချက်ချင်း ပြန်ရုပ်သိမ်းမယ်ဗျာ"

"ကောင်းပြီ၊ ကျွန်မ အခု လျှို့ဝှက်လူသတ်သမားကို တွေ့အောင် သွားရှာမယ်"

ဆင်းရဲသူဇာရှောင်လူက ဤသို့ပြောကာ မိုးရေထဲဝယ် ပြေးလွှားကာ ထွက်သွားသည်။

"ဟော့...ရှောင်လူ...ရှောင်လူ၊ မသွားနဲ့၊ တစ်ယောက်တည်း မသွားနဲ့၊ အန္တရာယ်ရှိတယ်"

ကျားဖြူ ရှန်အိုင်က လှမ်းအော်ကာ တားဆီးသည်။ မရ။ ရှောင်လူက နောက်သို့လှည့်၍ပင်မကြည့်ဘဲ တစ်ကြိုးတည်း ထွက်သွားသည်။

ကိုယ်ဖော့ပညာသုံးကာ ထွက်ပြေးသွားသောကြောင့် တစ်ခဏအတွင်းမှာ အဝေးသို့ရောက်ရှိသွားသည်။

"ဟာ...သူတစ်ယောက်တည်း လွှတ်လိုက်လို့မဖြစ်ဘူး။ ကျွန်တော် လိုက်သွားမယ်"

ကျားဖြူ ရှန်အိုင်က ဤသို့ ပြောကာ ဆင်းရဲသူဇာ ရှောင်လူ၏နောက်သို့ အပြေးပင်လိုက်သွားသည်။

*　*　*



ရှောင်လူသည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

သူ၏စိတ်ထဲဝယ် အတော်ပင် မကျေမနပ် ဖြစ်နေသည်။

ကိန်လွှေတစ်ယောက် မတရားသက်သက် လူသတ်သမားအဖြစ် တစ်ဖက်သတ်စွပ်စွဲခံနေရခြင်းကို ရှောင်လူက လက်မခံနိုင်။

ထို့ကြောင့် လျှို့ဝှက်လူသတ်သမားကို မတွေ့တွေ့အောင် ရှာမည်ဟု ရှောင်လူ ဆုံးဖြတ်ထားသည်။ လျှို့ဝှက်လူသတ်သမားက စီဖုံးနှင့် ယုဟုံတို့ကို လက်တလော သတ်ဖြတ်သွားသည်ဖြစ်ရာ ယခုအချိန်တွင် ဤကျွန်းပေါ်တွင်ပင် ရှိနေရဦးမည်ဟုလည်း ရှောင်လူက တွက်ဆထားသည်။

ကိုယ်ဖော့ပညာသုံးကာ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့သော ရှောင်လူသည် အချိန်အနည်းငယ်အတွင်းမှာပင် မိစ္ဆာကျွန်း၏ အနောက်ပိုင်းသို့ ရောက်လာခဲ့သည်။

ကျောက်ဆောင် ကျောက်တုံးများကြားဝယ် လှည့်ပတ်ကာ လိုက်လံရှာဖွေကြည့်ရှုသည်။ မိုးက သဲသဲမဲမဲရွာနေဆဲ။ လေကလည်း ပြင်းပြင်းတိုက်ခတ်နေဆဲ။

ကျောက်ဆောင်တစ်ခုကြားမှ ထွက်လာခဲ့သော ရှောင်လူသည် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တိုးမိသည်။

ပထမတွင်တော့ လျှို့ဝှက် လူသတ်သမားများလားဟု ထင်မှတ်ကာ ရှောင်လူက ခေါင်းရှည်ကိုခင်း၍ အသင့်ပြင်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူငယ် သို်င်း သမား တစ်ယောက် ဖြစ်နေကြောင်း တွေ့ရသည့်အတွက် အသင့်ဖြင်ထားရာမှ အသာပြန်၍ ဖြေလျှော့လိုက်သည်။

''ဘယ်သူများလဲလို့၊ လက်စသတ်တော့ ရှင်ကြီး၊ ဘယ်လို့လုပ်ပြီး ခိုကိုရောက်နေတာလဲ''

ရှောင်လုက လှမ်းပြောသည်။

ထိုအခိုက်မှာပင် ထိုလူက ညာလက်ကို ရုတ်တရက် လှုပ်ရှားလိုက်သည်။ ဓားတစ်လက်က ရှောင်လု၏ လည်ပင်းတည့်တည့်သို့ ဝင်လာသည်။

မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ရှောင်လုမှာမည်သို့မျှ တိမ်းရှောင်ခြင်းမပြုနိုင်။

ဓားချက်ထိမိကာ ခွေလျက်သား လဲကျသွားသည်။

''ရှောင်လုရေ၊ ဟော—ရှောင်လု၊ တစ်ယောက်တည်း အရမ်းသွားမနေနဲ့၊ အန္တရာယ်သိပ်များတယ်''

ခပ်ဝေးဝေးဆီမှ ကျားဖြူ ရှန်အိုင်၏ အော်ခေါ်သံ ပေါ်လာသည်။

ရှောင်လုကို သုတ်သင်ပစ်လိုက်သူက ခေါင်းတစ်ချက်ညိတ်ကာ ဓားရှည်ကို ပြန်သိမ်းပြီး ကျောက်ဆောင်တစ်ခု၏နောက်သို့ လျင်မြန်စွာ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

မကြာမီမှာပင် ထိုနေရာသို့ ရှန်အိုင်ရောက်ရှိလာသည်။ လည်ပင်း ပြတ်လုတဲတဲဖြစ်ကာ သေဆုံးနေသော ရှောင်လု၏ အလောင်းကို မြင်ရသည်တွင် ရှန်အိုင်မှာ အလွန့်အလွန် ထိတ်လန့်အံ့ဩသွားသည်။



''ဖြစ်မှ ဖြစ်ရလေ ရှောင်လုရယ်၊ တားနေတဲ့ကြားထဲက အရမ်းထွက်သွားတာကို''

ကျားဖြူရှန်အိုင်က မချိတင်ကဲပြောကာ ရှောင်လု၏ အလောင်းဘေးဝယ် ဒူးထောက်ကာ ထိုင်ချ လိုက်လေသည်။

* * *

မိုးလည်း စဲသွားပြီ။

လေကတော့ တိုက်ခတ်နေဆဲ။ ပြင်းပြင်းထန်ထန်တော့မဟုတ်၊ တသုန်သုန် သုတ်ဖြူးကာ တိုက်ခတ်နေခြင်းဖြစ်သည်။

တောက်ပသော နေရောင်ခြည်က မိစ္ဆာကျွန်းကို ပက်ဖျန်းထားသည်။ မိုးသက်လေကစသည်း ရှင်းရှင်းအနံ့သင်းရှိသည်။

သို့ရာတွင်—

မိစ္ဆာကျွန်းပေါ်တွင် ရောက်နေကြသော လူငယ်သိုင်းသမားတို့မှာမူ စိတ်ဝန်းကျင် အလှအပနှင့် သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းတို့ကို အလေးမထားနိုင်။

www.burmeseclassic.com

www.burmeseclassic.com



အသစ်စက်စက် မြုပ်နှံထားသော သချိုင်းဂူ သုံးခု၏ ရှေ့ဝယ် စိတ်မချမ်းသာစွာ စုရုံးရောက်ရှိ နေကြသည်။

ရိုလ့်ကျင်မှာလည်း လူငယ်သိုင်းသမားဆယ့်ရှစ်ယောက် တို့၏ အနောက်နားတွင် ခပ်ကုပ်ကုပ်လေး ရပ်နေသည်။

လျှို့ဝှက်လူသတ်သမား မည်သူဖြစ်မည်ဆိုခြင်းမှာ အဖြေ ရှာမရနိုင်သော ပဟေဠိအဖွယ် ဖြစ်နေသည်။

စင်ထန်းနှင့် ဟသ်ာမယ် ငါးဖေဇ်တို့ကမူ ကိုန်လွှေသာ လျှင် လူသတ်သမားဖြစ်ရမည်ဟု အခိုင်အမာ စွပ်စွဲပြောဆို နေကြဆဲ ဖြစ်သည်။

ကျန်လူငယ်သိုင်းသမားဆယ့်နှစ်ဦးကမူကိုန်လွှေ့အပေါ် ယုံသယ မဖြစ်ကြတော့ပေ။

သို့ရာတွင် တခြားမသင်္ကာစရာလူ တစ်စုံတစ်ယောက် ကိုမျှလည်း သူတို့စဉ်းစား၍မရ။

ဤကိစ္စများသည် စင်ရော်ဂိုဏ်းချုပ်၏လက်ချက်လည်း မဟုတ်နိုင်ဟု အားလုံးက ယုံကြည်ထားသည်။

အကယ်၍ စင်ရေစ်ဂိုဏ်းချုပ်သာ မိစ္ဆာကျွန်းတည်နေ ရာကို သိနေပါက ယခုလို အစီယောက်ချင်းခြေတော လုပ် ကြံ သတ်ဖြတ်နေမည် မဟုတ်ပေ။ အင်အားအလုံးအရင်း နှင့် ဝင်ရောက်တိုက်ခိုက်မည်သာ ဖြစ်သည်။

''လျှို့ဝှက် လူသတ်သမားကို မိအောင်ဖမ်းနိုင်မှ ဖြစ် တော့မယ်၊ မဟုတ်ရင် နောက်ထပ် အသေအပျောက်တွေ



ရှိနေဦးမှာပဲ၊ ဒီလိုသာ အသတ်ခံနေရင် ကျွန်မတော်တို့ အစုလုံး တစ်ယောက်မှ အသက်ရှင် ကျန်နေမှာ မဟုတ် တော့ဘူး''

ကျားဖြူရှန်အိုင်က တိတ်ဆိတ်ခြင်းကိုဖြိုခွဲကာ စကား ဆိုလိုက်သည်။

''ဟုတ်ပါတယ်၊ လျှို့ဝှက်လူသတ်သမားကို မတွေ့တွေ့ အောင် ရှာဖွေဖော်ထုတ်ရမှာကတော့ အမှန်ပါပဲ၊ ဒီတော့ ဘယ်လို လုပ်ကြရမယ်ဆိုတာကို ခင်ဗျားကပဲ ကြီးကြပ်ပြီး စီမံပေးပါ''

ယက္ခတုဇ် လိုဖိန်က ပြောလိုက်သည်။ ကျန်လူများက လည်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။

''တောဒီမိစ္ဆာကျွန်းဟာ သိပ်မကျယ်ဝါဘူး၊ ကျွန်တော် တို့ လူစုခွဲပြီး စနစ်တကျရှာရင် ပုန်းနေတဲ့လူကို တွေ့ကို တွေ့ရမယ်၊ ကျွန်းပေါ်မှာရှာတဲ့အပြင် ကျွန်းပတ်လည်မှာ ရှိတဲ့ ကျောက်ဆောင် ကျောက်တုံး တွေကြား ထဲ တွေ့လဲ ဖောင်နဲ့ လှည့်ပတ်ပြီး လိုက်ရှာရမယ်''

''ကောင်းပါတယ်၊ ဘယ်လိုလူစုခွဲ ရှာမယ်ဆိုတာ ခင် ဗျားပဲ သတ်မှတ်ပါ''

စိန်ကျားသစ်က ပြောသည်။

''အခုဒီမှာ ရိုလ့်ကျင်မပါဘူးဆိုရင် ယောက်ျား ရှစ် ယောက်နဲ့ အမျိုးသမီးဆယ်ယောက် ရှိနေတယ်၊ ဒီတော့ ယောက်ျား လေးယောက်နဲ့ အမျိုးသမီး ငါးယောက်ဆီ ပါတဲ့ အုပ်စုနှစ်စု ဖွဲ့ရမယ်၊ ပထမအစုက ကျွန်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မြေလှန်ရှာရမယ်၊ ဒုတိယအုပ်စုက ဝါးဖောင်တွေနဲ့ ကျွန်းပတ်ပတ်လည် ရေပြင်ကိုဖြတ်ပြီး ရေထဲ ထိုးထွက်နေ တဲ့ ကျောက်ဆောင် ကျောက်စွယ်တွေကြားမှာ လျှို့ဝှက် လူသတ်သမား ပုန်းနေ မှုနေ လိုက်ရှာကြရမယ်''

ကျားဖြူ ရှန်အိုင်က အုပ်စုနှစ်စုတွင် ပါဝင်ကြရမည့် လူများကိုလည်း ဆက်ပြောပြသည်။ ကျွန်းပေါ်တွင် လိုက်ရှာရမည့် အုပ်စုကို ကျားဖြူ ရှန်အိုင်ကိုယ်တိုင် ခေါင်းဆောင်သည်။

ကျွန်းပတ်လည် ရေပြင်ဝယ် လှည့်လည် ရှာဖွေရမည့် အုပ်စုကိုမူ ယကျွတုတ် လိုဖိန်က ဦးစီးသည်။

''အဖွဲ့နှစ်ဖွဲ့စလုံး ပြိုင်တူလှုပ်ရှားပြီး လိုက်ရှာကြမယ်။ အကြောင်းထူးတာတွေ့ရင် မီးခိုးနဲ့အချက်ပေး ဆက်သွယ်မယ်။ အကြောင်းမထူးရင်လဲ နေမဝင်ခင် ဟောဒီနေရာကို ပြန်လာပြီး စုရုံးကြမယ်''

ကျားဖြူရှန်အိုင်က ဆက်လက်ပြောဆိုသည်။ ထို့နောက် အုပ်စုအသီးသီးတို့ ထွက်ခွာလာခဲ့ကြသည်။ ရိလျှံကျင်မှာမူ ထိုနေရာဝယ် ကျန်နေခဲ့သည်။

ကျားဖြူ ရှန် အိုင် ဦးစီးသော အုပ်စုက ကျွန်းအနှံ့ မြေလှန်ကာ စေ့စေ့ စပ်စပ် စနစ်တကျ ရှာဖွေကြသည်။

ယကျွတုတ်လိုဖိန်တို့ အုပ်စုကလည်း သစ်ဖောင် ဝါးစီးဖြင့် ကျွန်းပတ်ပတ်လည် ရေပြင်တွင်လှည့်လည်ကာ ရေထဲ



ထိုးထွက်နေသော ကျောက်ဆောင် ကျောက်တုံးများကြားစယ် နေရာလွတ်မရှိအောင် စေ့စေ့စပ်စပ်ပင် ရှာဖွေကြသည်။

တစ်ကျွန်းလုံးသာ နှံ့သွားသည်။

ဘာမျှ မသင်္ကာစရာ မတွေ့။

ကျားဖြူ ရှန်အိုင်တို့သည် ပိုဆိုစိပ်တိုက်ကာ စေ့စေ့ စပ်စပ် ရှာဖွေလာခဲ့ကြရာ နောက်ဆုံးတွင် ကျွန်း၏ အနောက်ဘက်ကမ်းစပ်သို့ ရောက်လာကြသည်။

''ဘယ်လိုလဲ၊ တစ်ကျွန်းလုံးနှံ့နေပြီ၊ ဘယ်မှာမှ လိုက်ရှာလို့ မတွေ့ပါလား''

ကျွန်းပေါ်တွင် လိုက်ရှာသည့် အုပ်စု၌ပါဝင်သူ တစ်ယောက်ဖြစ်သော ငွေကျားသစ်စေ့ချိမင်းက ပြောလိုက်သည်။

''ရေပြင်မှာလိုက်ရှာတဲ့ လူတွေဆီကလဲ ဘာအချက်ပြမှု မရသေးဘူး၊ ဒီအတိုင်းဆိုရင် လျှို့ဝှက်လူသတ်သမားဟာ ပင်လယ်ပြင်ထဲမှာ လှေနဲ့ဖြစ်ဖြစ်၊ သင်္ဘောနဲ့ဖြစ်ဖြစ် လှည့်လည်ပုန်းအောင်းနေပြီး တစ်ခါတလေမှ အလစ်ဖမ်းပြီး မိစ္ဆာကျွန်းပေါ်ကို တက်လာတာဖြစ်လိမ့်မယ်''

ကျားဖြူရှန်အိုင်က စဉ်းစဉ်းစားစားဖြင့် ပြောသည်။

''အခုလောလောဆယ်မှာ သူက လူသုံးယောက် ကိုသတ်ပြီးခါစဆိုတော့ ကျွန်းနဲ့ဝေးဝေးမှာ သွားရှောင်

www.burmeseclassic.com

www.burmeseclassic.com



နေမှာပဲ၊ ဒီတော့ ဒီနေ့အဖို့ သူ့ကိုရှာလို့တွေ့နိုင်မယ်မထင်ဘူး၊ ကျွန်းပေါ်မှာကင်းပုန်းဝပ်ပြီး စောင့်မြောင်းဖမ်းဆီးရင် တော့ကောင်းမယ်ထင်တယ်''

ဒေါင်းသူဇာ့တိုပိက ပြောသည်။

''ဟောဟိုမှာကြည့်စမ်း၊ သင်္ဘောတစ်စီးမဟုတ်လား''

ခရေသူဇာချင်းမေက ပင်လယ်ပြင်တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

လူအားလုံး ချင်းမေ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသည်။

''ဟုတ်တယ်''

ပင်လယ်ပြင်ထဲဝယ် သင်္ဘောတစ်စီးကို လှမ်းမြင်ကြရသည်။ သင်္ဘောက မိစ္ဆာကျွန်းရှိရာသို့ ဦးတည်ကာ ခုတ်မောင်းလာသည်။

''ဟာ...အဲဒါလျှို့ဝှက်လူသတ်သမားစီးလာတဲ့ သင်္ဘောဖြစ်မယ် ထင်တယ်''

ကျားဖြူရှန်အိုင်က ပြောသည်။

''ဒါဆိုရင် ကျွန်တော်တို့ပုန်းနေကြရအောင်၊ သူကျွန်းပေါ်ကို တက်လာတာနဲ့ ဝိုင်းဖမ်းကြမယ်''

ပင်လွှလုလင် ခင်ထန်းက ပြောသည်။

''ကောင်းပြီ၊ အားလုံး ကျောက်ဆောင်တွေကြားမှာပုန်းနေမယ်၊ စေ့ချိမင်းက ဝါးဖောင်နဲ့ ကျွန်းလှိုမတ်ရှ



နေတဲ့ လူတွေကို သွားအကြောင်းကြားလိုက်ပါ၊ ကျွန်းကို ဦးတည်လာနေတဲ့ သင်္ဘောကို နောက်ပိုင်းကနေပြီး မိတ်ဖမ်းထားပေးပါလို့လဲ ပြောလိုက်ပါ''

ကျားဖြူရှန်အိုင်က ညွှန်ကြားပြောဆိုလိုက်သည်။

ငွေကျားသစ် စေ့ချိမင်း အမြန်ထွက်သွားသည်။ ကျန်လူများလည်း ကျောက်ဆောင်များ၊ ကျောက်တုံးများကြားဝယ် ဝင်ရောက် ပုန်းအောင်းနေလိုက်ကြသည်။

မကြာမီ သင်္ဘောက ကျွန်း၏အနောက်ဘက်ကမ်းခြေတစ်နေရာဝယ် ဝင်ရောက်ဆိုက်ကပ်လာသည်။ သင်္ဘောမှာ ရွက်တိုင်နှစ်တိုင်ပါရှိပြီး အတော်ကြီးမားသည်။

ကျားဖြူရှန်အိုင်က ကျောက်တုံး တစ်ခု၏ နောက်တွင် ကွယ်ကာ ပုန်းအောင်းနေပြီး သင်္ဘောကို ကြည့်ရှု အကဲခတ်နေသည်။

သင်္ဘောပေါ်ဝယ် လူရှစ်ယောက်ပါလာသည်။

နှစ်ဦးမှာ ကိန်လေ့နှင့် လင်ယွှုယွှုတို့ ဖြစ်ကြသည်။ ကျန်ခြောက်ဦးမှာ သင်္ဘောသားများ ဖြစ်ကြသည်။

''ဟာ...ကိန်လေ့နဲ့လင်ယွှုယွှုတို့ပါလား၊ သူတို့က ဘာကြောင့် ဒီကျွန်းကိုပြန်လာကြရတာလဲ''

ရှန်အိုင်က စိတ်ထဲဝယ်တွေးတောလိုက်မိသည်။

သင်္ဘောဆိုက်ကပ်သောအခါ ကိန်လေ့နှင့်လင်ယွှုယွှုတို့က သင်္ဘောသားများကို တီးတိုးမှာကြားပြီးနောက် ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကျွန်းပေါ်သို့ တက်မိသည်နှင့် ကျား ဖြူရှန်အိုင်တို့အဖွဲ့က ပုန်းအောင်းနေရာမှ ထွက်လာကြပြီး ဗတ်ပတ်လည် ဝိုင်းထားလိုက်ကြသည်။

"ဟင်...ဒါ ဘာလုပ်ကြတာလဲဗျ"

မိမိတို့ကို လက်နက်တိုယ်စီဖြင့် ဝိုင်းရံထားလိုက်ကြသည်ကို မြင်ရသောအခါ ကိန်လွေက တအံ့တသြ ပြောလိုက်သည်။

"ကျွန်တော်တို့က လျှို့ဝှက်လူသတ်သမားတွေ လိုက်ရှာနေတုန်း ခင်ဗျားတို့က ဆိုထဲဆိုက်မြိုက်မြိုက် ရောက်လာကြတာကိုး၊ ဒါကြောင့် ခင်ဗျားတို့ကို မသင်္ကာလို့ ဝိုင်းထားတာပဲ၊ ခင်ဗျားတို့က ဘာကိစ္စနဲ့ ဒီကျွန်းကို ပြန်လာကြတာလဲ"

ကျားဖြူရှန်အိုင်က ပြောလိုက်သည်။

"ဒီတစ်ခါတော့ ဘာမှ ငြင်းချက် ထုတ်မနေနဲ့တော့၊ ခင်ဗျားဟာ လူသတ်သမားဆိုတာ ထင်ရှားနေပြီ"

မလွေလုဆင် ဝင်ထန်းကာ စွပ်စွဲပြောဆိုပြန်သည်။

"ဟာ...ခင်ဗျားက စွပ်စွဲပြန်ပြီလား"

"အခု လောလောဆယ်မှာပဲ ရောင်းရင်းသုံးယောက် အသတ်ခံလိုက်ကြရတယ်၊ ကျွန်တော်တို့ လူသတ်သမားကို မြေလှန်ရှာကြတယ်၊ ဘယ်မှာမှရှာမတွေ့ရဘူး၊ဒါကြောင့် လူသတ်သမားဟာ ပင်လယ်ပြင်ထဲမှာ သင်္ဘောနဲ့ ဖြစ်ဖြစ် လှေနဲ့ဖြစ်ဖြစ် လှည့်လည် ပုန်းရှောင်နေပြီး မိစ္ဆာကျွန်းကို အလစ်မှာမှ ဝင်လာရမယ်လို့ တွေးမိကြတာဗျ၊ အခု ခင်



ဗျားတို့က ဒီကျွန်းကို တိတ်တိတ်လေး ပြန်လာကြတာ ဆိုတော့ ခင်ဗျားတို့ကို လူသတ်သမားလို့ မစွပ်စွဲရင် ဘယ်သူ့ကိုသွားစွပ်စွဲရမှာလဲ"

ဝင်ထန်းက လေသံမာမာဖြင့် ပြောသည်။

"ဟာ...ခင်ဗျားအထင်လွဲနေပြီ၊ ကျွန်တော်တို့က ခင်ဗျားတို့အားလုံးကို ကယ်တင်ပေးနိုင်အောင်လို့ သင်္ဘော ငှားပြီး စေတနာနဲ့လာခေါ်တာပါဗျ"

ကိန်လွေက ပြန်ရှင်းပြသည်။

"သင်္ဘောငှားပြီး လူ့ကယ်ပါလို့ ခင်ဗျားကို ဘယ်သူ ကမှာလိုက်လို့လဲ၊ ကျွန်တော်တို့မှာ ဝါးဖောင်တွေ ရှိတာပဲ၊ ဒီကျွန်းက ထွက်သွားချင်ရင် လွယ်လွယ်လေးရယ်၊ မြောင်း လိမ်ဖို့ စိတ်မကူးပါနဲ့"

ကျွန်းကမ်းခြေပေါ်ဝယ်အခြေအနေမှာ အခံ့တစ်တင်း တင်းမာမာ ဖြစ်နေသည်။

ဤတွင် သင်္ဘောသားခြောက်ယောက်တို့မှာ ထိတ်လန့် လာကြပြီး ကျောက်ဆူးရှိဆင်ကာ သင်္ဘောကို ပြန်လှည့် ၍ ထွက်သွားကြသည်။

"ဟော...ဟော ဟိုမှာ ထွက်ပြေးကုန်ကြပြီ၊ခင်ဗျားတို့ သွေးရိုးသားရိုးနဲ့ လာကြတာမှန်တယ်ဆိုရင် အဲဒီသင်္ဘော သားတွေဟာ ဘာကြောင့်ထွက်ပြေးရတာလဲ"

ဝင်ထန်းက ကမ်းခြေမှ ခွာကာ ပြန်လှည့် ထွက်သွား သော သင်္ဘောကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

www.burmeseclassic.com



"ဒီကျွန်းဟာ မိစ္ဆာကျွန်း ဆိုတာ ခင်ဗျား မေ့နေပြီ ထင်တယ်၊ မိစ္ဆာကျွန်းကို အယ်ဆဘော်သားမှ မလိုက်ချင်ကြဘူး။ သူတို့ကို အခကြေးငွေပိုပေးပြီး ချော့မော့ခေါ်ခဲ့ရတာ၊ အခုခင်ဗျားတို့က တုတ်တပြက် ဓားတပြက်နဲ့ လျှမ်းနေတော့ သူတို့လန့်ပြီး ပြန်ပြေးသွားကြတာပေါ့"

သင်္ဘောမှာ သိပ်ဝေးဝေးမသွားနိုင်။ မကြာမီမှာပင် ယက္ခတုတ် လိုဖိန်ဦးဆောင်သောအုပ်စု၏ ဓါးဖောင်များက သင်္ဘောကို ဝိုင်းဝန်းကာ လက်ရ ဖမ်းဆီးလိုက်ကြသည်။

သင်္ဘောမှာ မိစ္ဆာကျွန်းဘက်သို့ ပြန်လှည့်လာရသည်။ သင်္ဘောသား ခြောက်ဦးလည်း အဖမ်း ခံလိုက်ကြရလေသည်။

"ခင်ဗျားလူတွေကော ခင်ဗျားရဲ့သင်္ဘောကော အဖမ်းခံလိုက်ရပြီ၊ ဒီတော့ ခင်ဗျားဟာ လူသတ်သမား ပါလို့ အေးအေးဆေးဆေးဝန်ခံလိုက်ရင်ကောင်းမယ်"

ယက္ခတုတ်လိုဖိန်တို့က သင်္ဘောကို လက်ရ ဖမ်းဆီးမိသွားသည်ကို တွေ့ရသည်တွင် ဝင်ထန်းက ကိန်လေ့ကို ပြောလိုက်သည်။

"အို...ကျွန်တော်မှ လူသတ်သမား မဟုတ်တာ၊ ဘာကြောင့်ဝန်ခံရမှာလဲ"

ကိန်လေ့ကလည်း ခပ်တင်းတင်းမာမာ ပြန်အဖြေပေးသည်။



"ရောင်းရင်းတို့... အထောက်အထား အချက်အလက်တွေ အခိုင်အမာ ရှိနေတာတောင် ကိန်လေ့က အတင်းငြင်းဆန်နေတုန်းပဲ၊ ဒီတော့ သူဟာ လျှို့ဝှက် လူသတ်သမား ဟုတ်မဟုတ် သိအောင်လုပ်ဖို့က နည်းတစ်ခုပဲ ရှိတော့တယ်၊ အဲဒါက ကိန်လေ့ကို ကျွန်းပေါ်က သင့်တော်တဲ့ နေရာတစ်နေရာမှာ ကြိုးနဲ့ သွားတုပ်ထားလိုက်မယ်၊ သူ့ကို အဲဒီလိုကြိုးနဲ့တုပ်ထားရဲ့သားနဲ့ နောက်ထပ် တစ်ယောက်ယောက် အသတ်ခံရတယ်ဆိုရင်တော့ ကိန်လေ့ဟာ လူသတ်သမား မဟုတ်နိုင်တော့ဘူး"

ဝင်ထန်းက အားလုံးကြားလောက်အောင် အော်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

"အဲဒီနည်းက အကောင်းဆုံးပဲ"

ယခုအခါဝယ် သင်္ဘောမှာလည်း ကမ်းခြေသို့ ဆပ်ပြီဖြစ်ရာ သင်္ဘောကို ဝိုင်းဖမ်းဆီးရာတွင် ပါဝင်ကြသူများဖြစ်သည့်ဟသ်ာမယ်ငါးဖော်တို့ကလည်း ဝိုင်းဝန်းအော်ဟစ်ကာ ထောက်ခံလိုက်ကြသည်။

"တကယ်လို့ လူသတ်သမားက ကိန်လေ့ကို လာသတ်သွားရင်ကော၊ သူ့မှာ ကြိုးနဲ့အတုပ်ခံထားရရင် ဘယ်လိုမှ မခုခံနိုင်ဘဲ ငုတ်တုတ် အသေခံလိုက်ဖို့ပဲ ရှိတော့မှာပေါ့"

ကျားဖြူရှန်အိုင်အာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူ့ထိုက်နဲ့ သူ့ကံပေါ့၊ သူဟာ လူသတ်သမား ဖြစ်နိုင်စရာအကြောင်း အများဆုံးရှိနေတဲ့ လူဆိုတော့ သူ့ကျိုဒီအတိုင်း လွတ်လွတ်တော့ မထားနိုင်ဘူး၊ ကြိုးနဲ့တုပ်ပြီး ထားရမယ်"

ဝင်ထန်းကလည်း ဇွတ်အတင်း ပြောနေသည်။ ဟသ်ာမယ် ငါးခိုးကအော်ဟစ်ကာ ဝင်ထန်း၏အစီအစဉ်အတိုင်း လုပ်ရန် ထောက်ခံပြောကြားကြသည်။

ကျားဖြူရှန်အိုင်မှာ မတားဆီးသာတော့။

"ကြိုးနဲ့တုပ်ထားမယ်ဆိုရင်ကိုနိလွှေတစ်ယောက်တည်း ထိုပဲ မထားပါနဲ့၊ ကျွန်မကိုလဲ သူနဲ့အတူတူ သူ့ဘေးနားမှာ ကြိုးတုပ်ထားပေးပါ"

လင်ယုယုက ဝင်ရောက်ပြောဆိုသည်။

"ဟာ...ဒီကိစ္စ ယုယုနဲ့ဘာမှမဆိုင်ဘူး၊ ယုယုဝင်ပါစရာ မလိုပါဘူး"

ကိုနိလွှေက ကန့်ကွက်ပြောကြားသည်။

"အို... မဆိုင်ဘူးလို့ ဘယ်သူကပြောသလဲ၊ ကျွန်မက အစ်ကို့ရဲ့ ဇနီးလောင်းပဲ၊ သေအတူရှင်မကွာ ရှိရမှာ ပေါ့"

လင်ယုယုက ပြန်ပြောသည်။

"ခြော်... ခင်ဗျားတို့ နှစ်ယောက်က တိတ်တိတ်ပုန်း ညားပြီးကြပြီလား"

ပလွေလွှလင်ဝင်ထန်းက ရှုတ်ချသောလေသံဖြင့် ပြောသည်။



"တိတ်တိတ်ပုန်းညားတာ မဟုတ်ဘူးရှင့်၊ အစီအလင်း စေ့စပ်ခဲ့ကြတာ"

လင်ယုယုက ပြန်ပြောသည်။

"ကိုနိလွှေကို ဘာကြောင့် လက်ထပ်ဖို့ လက်ခံလိုက်ရတာလဲ"

ဝင်ထန်းက ပြောသည်။

"သူ့လိုလူကိုမရွေးရင် တခြားဘယ်သူ့ကို သွားရွေးရမှာလဲ"

"ဇမ္ဗူတစ်ခွင်မှာ ရိုးသားပြီး အစွမ်းအစရှိတဲ့ ယောကျ်ားမရှားပါဘူး၊ ဘာကြောင့် လူသတ်သမားကိုမှ ခင်ပွန်းတော်ဖို့ လက်ခံလိုက်ရတာလဲ ယုယုရယ်"

"ဒါကတော့ ကျွန်မက သူ့ကိုပဲ သဘောကျတာကိုး"

"အင်း....ဒါပေမယ့် သူဟာ လူသတ်သမားတစ်ယောက် ဆိုတော့ မကြာခင်ပဲ သေဒဏ်အစီရင် ခံရတော့မှာပါ"

"သူ သေသွားတော့လဲ ကျွန်မက နောက်ထပ် တစ်ယောက် ယူရုံပေါ့၊ ကျွန်မဟာ ရှင့်လို အဆင့်ခြင်ဉာဏ်ကင်းမဲ့ပြီး တဇောက်ကန်း လုပ်တတ်တဲ့ လူမျိုးကလွဲလို့ တခြားဘယ်သူ့ကိုဖြစ်ဖြစ် ခင်ပွန်းအဖြစ် လက်ခံနိုင်တယ်"

လင်ယုယုက အပြောပိုင်ပိုင်နှင့် ပြောလိုက်သည့်အတွက် ဝင်ထန်းမှာ မျက်နှာကြီး ရဲခနဲဖြစ်သွားသည်။

"ကဲ....ပြောနေကြာတယ်၊ ကိုနိလွှေကို သစ်ပင်တစ်ပင်မှာ သွားပြီးကြိုးနဲ့ချည်မယ်၊ လင်ယုယုလဲ အတူတူပါချင်ရင် သူ့ဆီပို့ချည်ထားမယ်၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



စင်ထန်းက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒီအတိုင်းပဲ လုပ်ရမယ်"

ကျားဖြူရှန်အိုင်က စင်ပြောလိုက်သည်။ တကယ်တော့ စင်ထန်း၏အစီအစဉ်ကို ကျားဖြူရှန်အိုင်အနေဖြင့်သဘော မကျပေ။

သို့သော် အခြေအနေမှာ တားမြစ်ရနိုင်မည် မဟုတ်ကြောင်း နားလည်သည့်အတွက် ကိန်လွေတို့ သက်သာရာ သက်သာကြောင်း လုပ်ပေးနိုင်ရန် စင်ထန်းအား ထောက်ခံ လိုက်ခြင်း ဖြစ်သည်။

ဝင်ထန်းကာမူ မိမိဘက်မှကျားဖြူရှန်အိုင်မင် ဝင်ရောက် ထောက်ခံလာမြင့် အလွန်ကျေနပ် အားရသွားသည်။

ထို့နောက် ကိန်လွေနှင့် လင်ယုယုတို့၏ လက်နက်များ ရှိ သိမ်းဆည်းကာ ကျွန်း၏အလယ်ပိုင်းသို့ ခေါ်လာကြ သည်။

ကျွန်းအလယ်ပိုင်းရှိ မြေကွက် လပ် လေး တစ် ခု ဝယ် ထီးထီးမားမား ပေါက်နေသည့် သစ်ပင်နှစ်ပင်တွင် ကိန် လွေနှင့် လင်ယုယုတို့ကို ကျားဖြူ ရှန်အိုင်ကိုယ်တိုင် ကြိုး များဖြင့် တုပ်နှောင်လိုက်သည်။

အကယ်၍ အန္တရာယ်ကြုံက အနှောင်အဖွဲ့မှ အလွယ် တကူ ရုန်းထွက်နိုင်စေရန်အတွက် ကျားဖြူ ရှန်အိုင်က ကြိုးများကို ခပ်လျော့လျော့ ချည်ပေးထားခဲ့သည်။

ထို့နောက် ကိန်လွေတို့ကိုထားခဲ့ကာ သူတို့အားလုံး ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။



"ကိန်လွေကို ဒီအတိုင်း ထားခဲ့တာထက် ကင်းပုန်းချ ထားပြီး စောင့်ကြည့်နေရင် ကောင်းမယ်"

ကျားဖြူရှန်အိုင်က အကြံပေးသည်။

"ဟုတ်တယ်၊ တကယ်လို့ ကိန်လွေဟာ လူသတ်သမား မဟုတ်ဘူးဆိုရင် သူ့ကိုအကာအကွယ်ပေးတဲ့သဘော ဖြစ် တာပေါ့၊ ပြီးတော့ လူသတ်သမားက ကြိုးတုပ်ခံထား ရတဲ့ ကိန်လွေတို့ကို လာသတ်ဖို့ကြံရင်လဲ ကင်းပုန်းချ ထားတဲ့ လူတွေက စောင့်ဖမ်းနိုင်တယ်"

ဓာမေလူလင် စိန်ကျားက ထောက်ခံသည်။

"ဒီလိုဆိုရင် လေးယောက်တစ်လှည့် ကင်းပုန်းချထား မယ်၊ ကင်းအလှည့် တစ်လှည့်ကို နှစ်နာရီ စောင့်ရမယ်၊ ပထမကင်းလှည့်မှာ ငွေကျားဆစ်ဝေ ချီခင်းရယ်၊ ရွှေလှို ရှင် ဟန်လူရယ်၊ တိမ်လွှာသူဇာ ချွေရင်းရယ်၊ ရေလှိုင်း သူဇာ ကျွန်းစမ့်ရယ် ပါဝင်မယ်၊ ဒုတိယကင်းအလှည့်မှာ တော့..."

ကျားဖြူရှန်အိုင်က တာဝန်ထမ်းဆောင်ရမည့် သူများ ကို ဆက်လက် သတ်မှတ်ပေးသည်။

"ကဲ...ပထမ ကင်းလှည့်ကျတဲ့လူတွေ ဒီမှာချန်နေခဲ့ကြ၊ ကိန်လွေတို့ ရှိနေတဲ့နေရာရဲ့ လေးဖက်လေးတန်က နေပြီး တိတ်တိတ်လေး ပုန်းအောင်းပြီး စောင့်ကြည့်ကြပါ၊ ပြီး တော့ ကိုယ်တိုင် အငိုက်အမိမခံရအောင်လဲ သတိထား ကြဦး"

www.burmeseclassic.com

www.burmeseclassic.com



ရှန်အိုင်က ဤသို့ပြောကြားပြီးနောက် တစ်ဦးစီ ကင်းပုန်းဝပ်ကာ စောင့်ကြည့်ရမည့် နေရာများကိုပါ ရွေးချယ်သတ်မှတ်ပေးလိုက်သည်။

* * *

မိုးချုပ်နေပြီ။

ဝင်ထန်း၊ ယက္ခတုတ်လိုဖိန်၊ ဟာသ်ာစိမ်း လျံစိမ်း၊ ဟာသ်ာနက်မှင်းကျုးတို့ ကင်းစောင့် ထမ်းဆောင်ရမည့် အချိန်မှို သူတို့ခေတ္တစခန်းချနေထိုင်နေသည့် ရတနာလိုဏ်ဂူမှထွက်၍ ကိန်လေ့တို့ကို ချည်နှောင် ထားရာသို့ လေးယောက်သား ထွက်လာကြသည်။

"ကျွန်ုပ်တော်တို့တစ်တွေ သတိရှိရှိနဲ့စောင့်ကြဖို့လိုတယ်၊ လျှို့ဝှက် လူသတ်ကောင် ရောက်လာပြီး ကိန်လေ့ တို့ကို သတ်သွားရင် ခက်နေမယ်"

လျှောက်လှမ်း လာကြရင်း ယက္ခတုတ်လိုဖိန်က ပြောသည်။

"အာလဲ၊ ခင်ဗျားကကိန်လေ့ဟာ လူသတ်သမားမဟုတ်နိုင်ဘူးလို့ ထင်နေတာလား"

ဝင်ထန်းက မေးသည်။

"သူသာလူသတ်သမားဆိုရင် ဆက်ပြီးပုန်းအောင်းနေမှာပေါ့၊ ဘာကြောင့် မြင်မြင်ထင်ထင် အတွေ့ခံမှာလဲ"



"ခင်ဗျား အတွေးချော်သွားပြီ၊ သူကမြင်မြင်ထင်ထင်လာအတွေ့ခံတာ မဟုတ်ဘူး၊ ကျွန်းပေါ်ကို တိတ်တိတ်ခိုးတက်မယ် လုပ်တုန်း ကျွန်တော်တို့က ဖမ်းမိလိုက်တာပေါ့"

"ဘယ်လိုပဲ ဖြစ်ဖြစ် ကိန်လေ့ဟာ လူသတ်သမားလို့ ကျွန်တော်ဆင်ကို မထင်ဘူးဗျာ၊ ဒီလူဟာ ဒီလောက် ရက်စက်ယုတ်မာမှာ မဟုတ်ဘူး"

ထိုသို့ပြောဆိုနေကြဆဲဝယ် ကိန်လေ့တို့ရှိနေသည့်နေရာအနီးသို့ ရောက်လာကြသောကြောင့် စကားစ ပြတ်သွားကြသည်။

ကင်း တာဝန်များ လဲယူကြပြီးနောက် သူတို့ လေးယောက်သားလည်း အရပ်လေးမျက်နှာဝယ် တစ်ယောက်စီ တာဝန်ခွဲကာ ကင်းပုန်းစောင့်နေလိုက်ကြသည်။

အတန်ကြာသော အခါ ယက္ခတုတ် လိုဖိန် ကင်းပုန်းစောင့်နေသော နေရာသို့ဝင်လှလုလင်ဝင်ထန်း ရုတ်တရက် ရောက်ရှိလာသည်။

"ဝင်ထန်း၊ ဘာကိစ္စ ဒီဘက်လှည့်လာတာလဲ"

ယက္ခတုတ်လိုဖိန်က တအံ့တဩ မေးလိုက်သည်။

"သိပ် ထူးဆန်းတဲ့ ကိစ္စတစ်ခု တွေ့လာလို့"

ဝင်ထန်းက အလွန် အရေးကြီးဟန်ဖြင့် လေသံနှိမ့်ကာ ပြောသည်။

"ဘာ ထူးခြားတာလဲ"

"ဒီနားတိုးစမ်းပါ၊ ဒီကိစ္စကို အကျယ်ကြီး ပြောလို့ဖြစ်ဘူး"

www.burmeseclassic.com



ယက္ခတုတ်လှိုဖိန်က ဝင်ထန်း၏ အနီးသို့ကပ်လိုက်လေသည်။

ဝင်ထန်း၏ ညာလက် ဆတ်ခနဲ လှုပ်ရှားသွားသည်။

ခေါးရောင်တစ်ချက် လက်ပြီးနောက် ယက္ခတုတ်လှိုဖိန်၏ လည်မင်း ပြတ်သွားကာ တွယ်ခန္ဓာမှာလည်း ယိမ်းယိုင်လဲကျသွားသည်။

ဝင်ထန်းက သွေးစက်မထိရအောင် နောက်သို့ အသာခုန်ကာရှောင်လိုက်သည်။

ဓားတွင် စွန်းနေသော သွေးများ ကိုလည်း လှိုဖိန်၏ အဝတ်နှင့်သုတ်ပစ်လိုက်သည်။

ထို့နောက် မြောက်ဘက်တွင် ကင်းပုန်း ဝပ်နေသော ဟာသ်ာစိမ်းလျှံစိမ်းရှိရာသို့ ဝင်ထန်း ထွက်လာခဲ့ပြန်သည်။

ဝင်ထန်း၏ အလစ်ဖမ်းသတ်ဖြတ်မှုကြောင့် ဟာသ်ာစိမ်းလျှံစိမ်းလည်း အသက် ပျောက်သွားရပြန်သည်။

ထိုနည်းတူ အနောက်ဘက်တွင် ကင်းပုန်းဝပ်နေသော ဟာသ်ာနက်မင်းကျူးမှာလည်း ဝင်ထန်း၏ဓားချက်မိသွားပြန်သည်။

ဝင်ထန်းသည် ကင်းသမား သုံးယောက်ကို သုတ်သင်ပြီးနောက် ကြိုးတုပ်ခံထားရသော ကိန်လွေ့တို့ရှိရာသို့ချဉ်းကပ်လာခဲ့ပြန်သည်။

"ဘယ်လိုလဲ ဝင်ထန်း၊ ဘာလာလုပ်တာလဲ"

ကိန်လွေ့က ဆီးမေးသည်။ လင်ယူယုကမူ ဝင်ထန်းကို အကဲခတ်ကြည့်နေသည်။



"ရှူး...တိုးတိုး၊ အသံမထွက်နဲ့၊ ခင်ဗျားတို့ကို ကျွန်တော်လာကယ်တာ"

ဤသို့ ပြောပြီး ဝင်ထန်းက ကိန်လွေ့အနီးသို့ တိုးကပ်လာသည်။

ဝင်ထန်း၏ မျက်စိအကြည့်မှာ ခက်ထန်ကာ ရက်စက်သည့်အရိပ်အယောင်တွေ ပြည့်လျှမ်းနေကြောင်း ကိန်လွေ့ အကဲခတ်မိလိုက်သည်။

ဝင်ထန်းသည် ကိန်လွေ့အနီးသို့ တိုးကပ် မိသည်နှင့် ကိုင်ထားသော ဓားကို ထုတ်ကာ ကိန်လွေ့၏ လည်ပင်းကို လှမ်းပိုင်းလိုက်သည်။

ကိန်လွေ့ကဘေးသို့တိမ်းရှောင်ကာညာခြေထောက်ဖြင့် ဝင်ထန်းကို ဆီးကန်ထည့်လိုက်သည်။

ဝင်ထန်းက ကိန်လွေ့မှာ ကြိုးများဖြင့် အတုပ်ခံထားရသည့်အတွက် လှုပ်လည်း မလှုပ်နိုင်၊ တုံ့ပြန် တိုက်ခိုက်မှုလည်းမပြုနိုင်ဟု ထင်ထားခဲ့သည်။

ကျားဖြူရှန်အိုင်က ကြိုးများကို ခပ်လျော့လျော့ ချည်ထားပေးခဲ့ကြောင်းကိုကား ဝင်ထန်းမသိ။

ယခု ကိန်လွေ့က ခပ်လျော့လျော့ တုပ်နှောင်ထားသော ကြိုးများကို အလွယ်တကူ ရုန်းထွက်ကာ တုံ့ပြန်တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ ဝင်ထန်းအငိုက်မိသွားသည်။

ကိန်လွေ့၏ ခြေကန်ချက်ထိမိကာ မြေကြီးပေါ် လက်လန်လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လင်ယုယုကလည်း ကြိုးများဖြင့် ချည်နှောင်ထားခြင်းမှ ရုန်းထွက်လာကာ ဝင်ထန်း၏ ပျော့ခွေကြောတို့ အပိုင်အနိုင်ပင်ပိတ်လိုက်သည်။

ဝင်ထန်းမလှုပ်နိုင်တော့။

"ဟော ဒီဇော်မြန်မြန်လာကြပါ၊လူသတ်သမားကိုမိထားပြီ"

လင်ယုယုက အသံကုန်အော်လိုက်သည်။

* * *

မကြာမီပင် ထိုနေရာသို့ ကျားဖြူရှန်အိုင် ဦးဆောင်သောလူငယ်သိုင်းသမား(၁၄)ဦးနှင့် ရီလျှုကျင်တို့ရောက်လာကြသည်။

"ဟာ...ဒါက ဘယ်လိုဖြစ်ကုန်ကြတာလဲ"

သွေးကြောပိတ်ခံရတာ မြေကြီးပေါ် ခွေခွေလေးလဲနေသော ဝင်ထန်း၏ဘေးတွင် မားမားမတ်မတ် ရပ်နေကြသော ကိန်လွေနှင့်လင်ယုယုတို့ကို တွေ့ရသည်တွင် ရှန်အိုင်က တအံ့တဩပြောလိုက်သည်။

"ဝင်ထန်းဟာ လူသတ်သမား အစစ်ပါ၊သူကကျွန်မနဲ့ ကိန်လွေကို သတ်တော့မလို့၊ ကျားဖြူရှန်အိုင်က ကျွန်မတို့ကို ကြိုးခပ်လျော့လျော့တုပ်ထားခဲ့လို့ကျွန်မတို့က အလွတ်ရုန်းပြီး သူ့ကိုအမိဖမ်းထားတာပါ"



လင်ယုယုက ပြန်ပြောလိုက်သည်။

"ဟာ...ဟုတ်ပါ့မလား၊ ဝင်ထန်းက ဘယ်လိုလုပ်ပြီး လူသတ်သမား ဖြစ်နိုင်မလဲ"

ရှန်အိုင်က ခေါင်းခါယမ်းကာပြောသည်။

ထို့နောက် ကျန်ကင်းသမားများထို သတိရသောကြောင့် ရှန်အိုင်က အော်ခေါ်လိုက်၏။

"လိုဖိန်၊ လျှိစိမ်း၊ မင်းကျူး ထွက်လာခဲ့ကြလေ"

ရှန်အိုင်ကအော်ခေါ်သော်လည်း လိုဖိန်တို့ ၃-ယောက်၏ထူးသံကို မကြားရ။

"ဟာ...သူတို့ ဘယ်လိုဖြစ်ကုန်ပြီလဲ၊ သွားကြည့်ဦးမှ ဖြစ်မယ်"

ရှန်အိုင်က ဤသို့ပြောပြီး ငွေကျားသစ် စေ့ချိမင်း၊ တာပေလူထင်စိန်ကျားနှင့် ဟယ်ဖြူပိုင်ရန်တို့ကို ကင်းပုန်းချထားသူ ၃-ယောက်အား သွားကြည့်ရန် စေလွှတ်လိုက်သည်။

မကြာမီမှာပင် ထိုလူ ၃-ယောက်သည် လိုဖိန်၊ လျှိစိမ်းနှင့် မင်းကျူးတို့၏ အလောင်းများကို သယ်ဆောင်ကာ ပြန်ရောက်လာကြ၏။

"ဝင်ထန်း၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ရှန်အိုင်က ဝင်ထန်းကို ဒေါသတကြီးစိုက်ကြည့်ရင်း ပြောသည်။

"ခင်ဗျားတို့ ကျွန်တော့်တို့သာ သတ်ဖစ်လိုက်ပါတော့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထန်းက အလွန် စိတ်ပျက်အားလျော့သော လေသံဖြင့် ပြောသည်။

"တောက်...လက်စသတ်တော့ လူသတ်သမားအစစ်က ဒီကောင်တို့း"

ငွေလုံရှင်ဟန်လှက ဝင်ပြောသည်။

"သူဟာ လီဖိန်တို့သုံးယောက်ကိုသာ သတ်ခဲ့တာပါ၊ ပထမသေသွားကြတဲ့ ရှန်ကျင့်တို့ကိုတော့ သူသတ်တာ မဟုတ်ပါဘူး"

စာပေလူလင်စိန်ကျားက အလေးအနက် စဉ်းစားပြီး ပြောသည်။

"ဒါဆို ဝင်ထန်းဟာ လျှို့ဝှက်လူသတ်သမား မဟုတ်ဘူးပေါ့"

"သူဟာ လျှို့ဝှက်လူသတ်သမား မဟုတ်ပါဘူး၊ ရှန်ကျင့်၊ ရောင်ပင်း၊ ရီတာဟိုင်၊ ယူဟွာ၊ စီဖုံးနဲ့ မင်းကျူးတို့ တစ်တွေ အသတ်ခံရတဲ့အခါတုန်းက ဝင်ထန်းဟာ ခင်ဗျားတို့ ကျွန်တော်တို့နဲ့အတူတူရှိနေတာပဲမဟုတ်လား"

စာပေလုလင်စိန်ကျားက ရှင်းပြလိုက်မှပင် သူတို့ အားလုံး နားလည်သွားကြတော့သည်။

"ဝင်ထန်းဟာ လျှို့ဝှက်လူသတ်သမားမဟုတ်ပေမယ့် လျှို့ဝှက်လူသတ်သမားနဲ့ အချိတ်အဆက် ရှိချင်ရှိနိုင်တယ်၊ ကဲ—မှန်မှန်ပြောစမ်း ဝင်ထန်း၊ လျှို့ဝှက်လူသတ်သမား ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

ရှန်အိုင်က ဝင်ထန်းကို စစ်မေးလိုက်သည်။



"မသိပါဘူး၊ ကျွန်တော်ဟာ ရတနာသိုက်ထဲက ရွှေငွေ ပစ္စည်းတွေကို မက်မောလို့ ရောင်တော်ဖြန်နဲ့ ရောသွတ်ပြီး အခုလို လုပ်ကြံမိတာပါ၊ ဒါမှ ဒီသတ်ဖြတ်မှုတွေဟာ လျှို့ဝှက်လူသတ်သမားရဲ့ လက်ချက်ဆိုပြီး ကျွန်တော့်အပေါ် သံသယကင်းကြမှာပါ၊ ဒီလိုနဲ့ တစ်ယောက်ပြီး တစ်ယောက် သုတ်သင်ပစ်ပြီး ရတနာပစ္စည်းတွေကို အပိုင်စီးဖို့ ကြံမိတာပါ၊ လျှို့ဝှက် လူသတ်သမားနဲ့ အဆက်အသွယ် မရှိပါဘူး"

ဝင်ထန်းက ပြန်ပြောသည်။

"ဝင်ထန်း အပြစ်ကျူးလွန်တာတော့ လက်ပူးလက်ကြပ်ကိုမိနေပြီ၊ သူ့ကို ဘယ်လို စီရင်ရင်ကောင်းမလဲ"

ရှန်အိုင်က အများဆန္ဒကိုတောင်းလိုက်သည်။

အားလုံးက ဝင်ထန်းကို သေဒဏ်စီရင်ရန် ပြောကြ၏။ အများ ဆန္ဒနှင့်အညီ ဝင်ထန်းကို စီရင်လိုက်သည်။

"ရှင်တို့နှစ်ယောက်အပေါ် အထင်အမြင် လွဲခဲ့မိတဲ့ အတွက် တောင်းပန်ပါတယ်၊ ဒီရတနာပစ္စည်းတွေကြောင့် အခုလို မဖြစ်တာတွေဖြစ်ရတာပါ၊ ဒီတော့ ဒီရတနာ ပစ္စည်းတွေကို သက်ဆိုင်ရာလက်ထဲကို အပ်လိုက်ကြရင် ကောင်းပါလိမ့်မယ်၊ ဒီကျွန်းပေါ်မှာ ရတနာသိုက်ရှိရင် သိပ်အန္တရာယ်များပါတယ်"

ဟယ်ဖြူ ပိုင်ရန်ကပြောသည်။

"ရတနာတွေကို သက်ဆိုင်ရာလက်အပ်တာဟာ အသင့်တော်ဆုံးပါပဲ၊ ဒါပေမယ့် ဒီလိုလုပ်လိုက်ရင်လူသတ်သမား

www.burmeseclassic.com



တို့ ဖော်ထုတ်နိုင်ဖို့ အခွင့်အလမ်းနည်းသွားလိမ့်မယ်၊ ဒါကြောင့် ဒီရတနာတွေဟာ ဒီကျွန်းပေါ်မှာ ခေတ္တထားပြီး လူသတ်သမားကိုဖော်ထုတ်ရမယ်၊ လူသတ်သမားကို ထုတ်ဖော်ပြီးမှ ရတနာတွေကို သက်ဆိုင်ရာလက် အပ်ကြတာပေါ့''

လင်ယုယုက ပြောသည်။

''လျှို့ဝှက်လူသတ်သမားကို ဖော်ထုတ်နိုင်မယ့် နည်းလမ်းကို လင်ယုယု စဉ်းစားမိပြီထင်တယ်''

ရှန်အိုင်က မေးသည်။

''ဟုတ်ကဲ့၊ စဉ်းစားမိပြီးပါပြီ၊ ကျွန်မပြောတဲ့အတိုင်း အားလုံး လိုက်နာကြမယ်ဆိုရင် လျှို့ဝှက် လူသတ်သမားကို မကြာခင်မှာပဲ ဖော်ထုတ်နိုင်ကြပါလိမ့်မယ်''

''ကောင်းပါပြီ၊ လိုက်နာပါမယ်၊ ဘာတွေလုပ်ရမှာလဲ''

''ကျွန်မတို့အားလုံး တစ်ယောက်မကျန် ဒီမိစ္ဆာကျွန်းကနေ ထွက်ခွာသွားကြဖို့ပါပဲ''

လင်ယုယုပြောသောအကြံကို အားလုံးက လက်ခံကြသည်။

ထိုနေ့ ညနေပိုင်းမှာပင် ကိုန်လေ့တို့၏သင်္ဘောဖြင့်သူတို့ အားလုံး မိစ္ဆာကျွန်းမှ ထွက်ခွာလာခဲ့ကြသည်။

★

အခန်း (၁၃)

သင်္ဘောသုံးစီးက မိစ္ဆာကျွန်း၏ အနောက်ဘက် ကမ်းခြေတွင် ဆိုက်ကပ်လာကြသည်။

သင်္ဘောများပေါ်မှ လူသုံးဆယ့်နှစ်ဦး ဆင်းလာကြသည်။

ဦးစီးခေါင်းဆောင် လာသူများမှာ အဘိုးအို တစ်ယောက်နှင့် လူရွယ်တစ်ယောက်တို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်၏ လမ်းပြညွှန်ကြားမှုဖြင့် လူပေါင်းသုံးဆယ်တို့သည် ရတနာသိုက်ထဲမှ ရတနာသေတ္တာများကို တစ်လုံးပြီးတစ်လုံး ထုတ်ယူကာ သင်္ဘောများပေါ်သို့ တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်နှစ်နာရီခန့် ကြာသောအခါ ရတနာသေတ္တာအားလုံး သင်္ဘောများပေါ်သို့ တင်ပြီး ဖြစ်သွားသည်။

ထို့နောက် သင်္ဘောသုံးစီးသည် မိစ္ဆာကျွန်းမှခွာ၍ ထွက်လာခဲ့ကြသည်။

သုံးရက်ခန့်ကြာသောအခါ ပြည်မကမ်းခြေတစ်နေရာရှိ လူသူကင်းဝေးသည့်ကမ်းစပ်ဝယ် သင်္ဘောသုံးစီးဆိုက်ကပ်လာသည်။

အဘိုးကြီးနှင့် လူရွယ်တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်္ဘောသားသုံးဆယ်တို့က သင်္ဘောပေါ်မှ ရတနာသေတ္တာများကို မြေပေါ်သို့ ဆယ်ချကြရသည်။

ထိုကုန်းမြေပေါ်တွင် ကြိုတင်တူးထားသော ကျင်းကြီးတစ်ခုရှိသည်။ ရတနာသေတ္တာများကို ကျင်းကြီးထဲဝယ် ထည့်ကာ မြေဖို့မြှုပ်နှံလိုက်ကြသည်။

"ကဲ…ကိစ္စတွေတော့ပြီးပြီ၊ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ စားကြသောက်ကြတာပေါ့ကွာ"

အဘိုးကြီးက ပြောလိုက်သည်။

ထို့နောက် အသင့်စီစဉ်ထားသော အရက်၊ ထမင်း၊ ဟင်းလျာများကိုထုတ်ကာ စားကြသောက်ကြသည်။ အဘိုးအိုနှင့် လူရွယ်ကမူ တစ်နေရာသို့ ထွက်သွားကြသည်။

စားသောက်နေကြဆဲမှာပင် သင်္ဘောသားသုံးဆယ်တို့သည် ဝမ်းဗိုက်ကိုနှိပ်ကာ ဗိုက်နာသည်ဟု ညည်းညူရင်း တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်ကြသည်။



ထိုလူအားလုံး သေဆုံးသွားသောအခါမှ အဘိုးအိုနှင့် လူရွယ်တို့ ထိုနေရာသို့ ပြန်ရောက်လာကြသည်။

"ဘယ်လိုလဲ ငါ့သား၊ ဖေဖေစီစဉ်လိုက်တာ ပိုင်တယ် မဟုတ်လား၊ အခုဆိုရင် ဒီရတနာတွေအားလုံး ဖေဖေတို့သားအဖပိုင်ပြီ"

အဘိုးကြီးက အားရဝမ်းသာပင် ပြောလိုက်သည်။

"ရတနာတွေကို အပိုင်ရတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကိန်လှေတို့လူစု အသက်ရှင်နေသေးတာကတော့ သားတို့အတွက် အန္တရာယ်အများကြီးရှိတယ်၊ သူတို့တစ်တွေ ရှိနေသေးလို့ သားဟာ ကိုယ့်မျက်နှာကို အမြဲရုပ်ဖျက်ပြီး နေနေရတယ် မဟုတ်လား"

"စိတ်ချပါ သားရယ်၊ ကိန်လှေတို့တစ်တွေကို ရှာဖွေသုတ်သင်ဖို့ ကြေးစားသိုင်းသမားတွေ ဖေဖေရှာပေးပါ့မယ်ကွယ်"

"ခင်ဗျားတို့မှာ ဒီလိုလုပ်နိုင်မယ့်အခွင့်အရေး မရှိနိုင်တော့ပါဘူး၊ ပြီးတော့ ဒီရတနာတွေကိုလဲ ခင်ဗျားတို့ မရနိုင်ပါဘူး"

အေးစက်သောစကားသံ ပေါ်လာသည်။

သူတို့သားအဖ အလွန်ထိတ်လန့်သွားကာ အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

လူခြောက်ယောက် ရပ်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်လှလှင်ကိုန်လေး၊ ဂန္ဓမာသူဇာလင်ယုယု၊ ကျားဖြူ ရှန်အိုင်၊ စာမေလှလှင် စိန်ကျား၊ ဟသာဖြူ ပိုင်ရန်နှင့် ခရေသူဇာ ချင်းမေတို့ပင် ဖြစ်ကြသည်။

အဘိုးကြီးနှင့်လူရွယ်တို့မှာ အလွန်တုန်လှုပ်ချောက်ချား သွားကြသည်။ ကြက်သေသေကာ ဘာလုပ်ရမည်မသိ ဖြစ်နေကြသည်။

ထိုအခိုက်တွင် လူငယ်သိုင်းသမား ခြောက်ဦးတို့က ရှေ့သို့ လှမ်းခနဲခုန်တက်လာကာ သူတို့နှစ်ယောက်တို့အကြော ပိတ်ကာ အမိဖမ်းလိုက်ကြသည်။

အဘိုးကြီးနှင့် လူရွယ်တို့၏ မျက်နှာတွင် ဖုံးထားသော မျက်နှာဖုံးများကို ဆွဲချွတ်လိုက်ကြသည်။

"လက်စသတ်တော့ ခင်ဗျားတို့"

လူရွယ်၏မျက်နှာမှ မျက်နှာဖုံးကျွတ်သွားပြီး ရုပ်ရည်သွင်ပြင်ကို ထင်ထင်ရှားရှား မြင်လိုက်ရသည်တွင် ကိုန်လေးက ပြောလိုက်သည်။

ထိုလူရွယ်မှာ သန်းကြွယ်လှလှင်ရောင်ပင်းပင် ဖြစ်သည်။

ရောင်ပင်းမှာ စမ်းဗိုက်တွင် ဓားထိုးခံရဟန်ဆောင်ကာ ကိုန်လေးကို လှည့်စားခဲ့သည်။ ထို့နောက် ရွက်လှေ ရှိ မောင်းပြေးကာ မိစ္ဆာကျွန်း၏ ပတ်ဝန်းကျင် ရေပြင်ဝယ် လှည့်လည်သွားလာရင်း ခြေရာဖျောက်နေခဲ့သည်။

အခါအခွင့်သင့်တိုင်း မိစ္ဆာကျွန်းပေါ်သို့တက်ကာ လူငယ် သိုင်းသမားများကို သုတ်သင်ခဲ့သည်။



နောက်ဆုံးတွင် မိစ္ဆာကျွန်းရှိ လူငယ်သိုင်းသမားများ စွန့်ခွာသွားသော အခါတွင်မှ ဖခင်နှင့်အတူ ရတနာသိုက်ထဲမှ ပစ္စည်းများကို အရယူလာခဲ့ခြင်း ဖြစ်သည်။

ကိုန်လေးတို့က လင်ယုယု၏အစီအစဉ်အတိုင်း မိစ္ဆာကျွန်း အနီးတစ်ဝိုက်ဝယ် တံငါလှေတစ်စီးဖြင့် တံငါသည်များ အသွင် ရုပ်ဖျက်ကာ လှည့်လည်သွားလာ စောင့်ဆိုင်းနေသည့်အတွက် ရောင်ပင်းတို့ကို ခြေရာခံကာ အမိဖမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုန်လေးတို့သည် ရောင်ပင်းတို့ သားအဖသို့ ဖမ်းဆီးခေါ်ဆောင်ပြီး လာခဲ့သည်။

ရောင်ပင်းတို့ကို သက်ဆိုင်ရာများလက်သို့ အပ်နှံရန်နှင့် ရောင်ပင်းတို့ ကွယ်ဝှက်ထားသော ရတနာပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် အပ်နှံရမည့်တာဝန်များ ရှိနေသေးသည် မဟုတ်ပါလား။

ကိုန်လေးအဖို့မူ မိစ္ဆာကျွန်းမှရလာခဲ့သည့် အလှရတနာ ဖြစ်သော လင်ယုယုတစ်ယောက် မိမိဘေးနားဝယ် အမြဲရှိနေပြီမို့ အထူးပင် ကျေနပ်ပျော်ရွှင်၍နေပေတော့သည်။

ပြီး ၈၅ ပြီး။

ဆုန်းကြွယ်